**ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်း ဒါတွေကိုသိသင့်ပါပြီ**

- အမျိုးသမီးထမီမှ ရဟန်းနေရာထိုင်အခင်း ဖြစ်ကောင်းပါသလား?
- သံဃာတော်များ ကြွလာတာကို ဒကာမကြီးများ ဆံပင်ဖြန့်ခင်းပြီး ပူဇော်တာ အပြစ်ရှိပါသလား?
- ရဟန်းထိုင်နေတဲ့ ခုံတန်းလျားမှာ မာတုဂါမလာထိုင်ရင် အာပတ်သင့်နိုင်ပါသလား?
- ရဟန်းသိက္ခာချပြီး ဆံပင်ရိတ်ဖို့ လိုသေးသလား?
- ရဟန်းခံနေစဉ်မှာ သိမ်နယ်နမိတ်ထဲကို ဒကာ ဒကာမများ ဝင်ခွင့်ရှိပါသလား?
- လူဒါယကာ ဒါယိကာမများ ကျောင်းဝင်းထဲ ဖိနပ်စီးကောင်းပါသလား?
- အလှူခံပုဂ္ဂိုလ်ကို ဘယ်လိုအင်္ဂါတွေနဲ့ စိစစ်ပြီးရွေးချယ်ရမလဲ?
- မာတုဂါမ မောင်းတဲ့ကားစီးရင် ရဟန်းမှာ အာပတ်သင့်နိုင်ပါသလား?
- သံဃာတော်များကို ကပ်ပြီးသားဆွမ်း ဆွမ်းသပိတ် ဆွမ်းဟင်းခွက်တို့ကို ကိုင်ကောင်း ထိကောင်းပါသလား?
- စားပွဲကို 'မ' ပြီး ကပ်ရတာက ဘာကြောင့်ပါလဲ?
- ရဟန်းသံဃာတော်များ အကပ်မခံဘဲ သုံးဆောင်ကောင်းတဲ့အရာ ရှိပါသလား?
- မာတုဂါမများအနေနဲ့ ရဟန်းသံဃာတော်များရဲ့သင်္ကန်း နေရာထိုင်အခင်း မျက်နှာသုတ်ပုဝါတွေကို လျှော်ကောင်းပါသလား?

ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့် လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်းများ (အပိုင်း-၁) ● အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်

ရန်ကင်းတောင်စာစဉ် (၁၂)

# ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့် လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်းများ

(အပိုင်း-၁)

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)

သပြေပင်

ဆဋ္ဌမအကြိမ်

# ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်း
# သိသင့်သည့်
# လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်းများ

(အပိုင်း-၁)

ဆဋ္ဌမအကြိမ်


အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)၊ သပြေပင်

Email : ven.khemananda.brahmana@gmail.com

**ရန်ကင်းတောင်စာစဉ် အမှတ် (၁၂)**

**အဖုံးနှင့်အတွင်းပုံနှိပ်** = ရွှေနိုင်ငံ (၀၅၇၄၅) အမှတ်(၉၀)စီ၊
ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။

**ထုတ်ဝေသူ** = ဦးမောင်မောင်လှ (ရွှေနိုင်ငံ-၀၄၁၉၃)

**ဖြန့်ချိရေး** = **ရန်ကင်းတောင်စာစဉ်**
**နေပြည်တော်**
ဖုန်း-၀၉-၄၃၀ ၇၅၇၀၄ ၊
၀၉-၄၂၀ ၇၁၂၇၅၈၊ ၀၆၇-၃၀၃၉၇
**ရန်ကုန်**
ဖုန်း-၀၉-၅၁၇၀ ၉၇၉၊ ၀၉-၇၃၀ ၇၀၇၈၁၊
၀၁-၆၄၅ ၈၉၄
**သစ္စာမဏ္ဍိုင်ပိဋကစာပေ**
(ရွှေတိဂုံဘုရားတောင်ဖက်မုခ်)
ဖုန်း -၀၉-၇၃၀ ၉၆၈၉၈၊ ၀၁-၃၈၇၈၄၉

**တန်ဖိုး** = ၁၅၀၀ ကျပ်

**ထုတ်ဝေသည့်အကြိမ်** = ပထမအကြိမ် ၂၀၀၅ အုပ်ရေ (၁၀၀၀)
ဒုတိယအကြိမ် ၂၀၀၆ အုပ်ရေ (၃၀၀၀)
တတိယအကြိမ် ၂၀၀၉ အုပ်ရေ (၁၀၀၀)
စတုတ္ထအကြိမ် ၂၀၁၁ အုပ်ရေ (၂၀၀၀)
ပဉ္စမအကြိမ် ၂၀၁၃ အုပ်ရေ (၃၀၀၀)
ဆဋ္ဌမအကြိမ် ၂၀၁၇ အုပ်ရေ (၃၀၀၀)

**'ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း'** (CIP)

၂၄၉. ၃
ခေမာနန္ဒ၊ အရှင်၊ ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့်
လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်းများ (အပိုင်း-၁)/
အရှင်ခေမာနန္ဒ (ရန်ကင်းတောရ)၊ သပြေပင်။
-ရန်ကုန်၊ ရွှေနိုင်ငံစာပေ (ဆဋ္ဌမအကြိမ်)၊ ၂၀၁၇။
၁၅၈-စာ၊ ၁၀. ၉၂ x ၂၀. ၈၃ စင်တီ။
(၁) ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်းသိသင့်သည့်
လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်းများ (အပိုင်း-၁)

## အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတသက်တော်ရှည် ရွှေကျင်မြောက်ကျောင်းဆရာတော်ဘုရားကြီး၏ အာသီသဆုတောင်း

ခေမာနန္ဒော သီလဝန္တော
ဓိတိမာ ဓမ္မမာမကော၊
ပါတိမောက္ခံ ဝိသောဓေန္တော
ဟောတု ဒီဃာယုကော သုခီ။
ခေမံ အာနန္ဒစိတ္တေန
ခေမာနန္ဒေန ဘိက္ခုနာ၊
ဗဟူနံ ဝတ အတ္ထာယ
အယံ ဂန္ထော ဝိဓာယတော။

သီလနှင့်ပြည့်စုံသော တည်ကြည်သော စိတ်ဓါတ်ရှိသော တရားကိုသာ မြတ်နိုးတတ်သော ပါတိမောက်သီလတော်ကို သန့်ရှင်းစင်ကြယ်အောင် သုတ်သင်တတ်သော အရှင်ခေမာနန္ဒ မည်သောရဟန်းတော်သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာလျက် အသက်ရာကျော်ရှည်သူဖြစ်ပါစေ -

ဘေးရန်ခပ်သိမ်း အေးငြိမ်းရာ နိဗ္ဗာန်ကို နှစ်သက်တောင့်တ သောစိတ်ရှိသော အရှင်ခေမာနန္ဒမည်သော ရဟန်းတော်သည် အမှန် စင်စစ်အားဖြင့် လူများစွာတို့၏ အကျိုးစီးပွား ဖြစ်ထွန်း ဖို့ရာ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့် လူတို့နှင့် သက်ဆိုင်သော ရဟန်း ဝိနည်းကျမ်းစာကို စီရင်အပ်ပါပေသည်။

## ရွှေဥမင်ဆရာတော်ဘုရားကြီး၏ ဩဝါဒ

ဣန္ဒြိယသံဝရသီလ မပြည့်စုံရင် ပါတိမောက္ခသံဝရသီလ ပစ္စယ သန္နိဿိတသီလ အာဇီဝပါရိသုဒ္ဓိသီလတွေ ပြည့်စုံဖို့ ခဲယဉ်းလိမ့်မယ်။

စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေနှင့် မနိန္ဒြေ တို့ကို အပ္ပမာဒသတိတံခါးနှင့် ပိတ်ထားနိုင်ရင်တော့ စတုပါရိသုဒ္ဓိသီလ ပြည့်စုံဖို့ အထောက်အပံ့ကောင်းကို ရပါပြီ။

၁၃၆၃ခု၊ ဒုတိယ ဝါဆိုလပြည့်ကျော် ( ၆ ) ရက်

( ၁၀၊ ၀၈၊ ၀၁ ) သောကြာနေ့သည

ဓမ္မသုခရိပ်သာဥမိန့်ကြားတော်မူသည့် ဩဝါဒဖြစ်ပါသည်။



ရွှေဥမင်ဆရာတော်ဘုရားကြီး

## နဘုုးကျောင်းဆရာတော်ဘုရားကြီး၏ ဩဝါဒ

**ယထာ နဒီ'တိဝိတ္ထာရံ၊ ယော တိဏ္ဏောပိ’ တိခုဒ္ဒကေ။**
**သရေ စေပိ နိမုဇ္ဇေယျ၊ န ထုတော သော ဟိ နိန္ဒိတော။**
**ဧဝမေဝ မဟာကာမေ ၊ ပဇဟန္တောပိ ယော ယတိ။**
**ပရေဟိ ဒိန္နဘဏ္ဍေသု ၊ လဂ္ဂေယျ သော’ တိနိန္ဒိတော။**

အကြင်ယောကျ်ား ရေကူးသမားသည် အလွန်ကျယ်သော ဧရာဝတီမြစ်လို မြစ်ပြင်ကျယ်ကို ကူးနိုင်ပါလျက် အလွန်ငယ်သော ရေအိုင်၌ မကူးနိုင်ဘဲ နစ်မြုပ်ငြားအံ့၊ ထိုယောကျ်ားကို မချီးမွမ်းရုံမက ကဲ့ရဲ့အပ်၏။

ဤနည်းအတူပင် အကြင်ရဟန်းသည် မာတုဂါမအာရုံ မေထုန်ကာမဂုဏ်ကြီးတို့ကို ပယ်စွန့်နိုင်ပါလျက် သူတစ်ပါးတို့က လှူဒါန်းပေးကမ်းအပ်သော ကာမဂုဏ်အငယ်စား ဘဏ္ဍာများ၌ ငြိကပ် တွယ်တာတပ်မက်ငြားအံ့၊ ထိုရဟန်းကို အလွန်ကဲ့ရဲ့အပ်ပေ၏။

သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ ဂဏဝါစက၊ အရညဝါသီ
ကျေးဇူးတော်ရှင်နဘူးကျောင်းဆရာတော်ဘုရားကြီး၏
ဓမ္မသံယုတ္တဂါထာခေါ် တရားနှင့်ယှဉ်နေစေချင်စာအုပ် (နှာ - ၁၂)



နဘူးကျောင်းဆရာတော်ဘုရားကြီး

ဤကောင်းမှု ကုသိုလ်ကြောင့်

ကမ္ဘာပေါ်တွင် မြတ်ဗုဒ္ဓသာသနာတော်

အဓွန့်ရှည်ကြာ တည်တံ့၍

ကမ္ဘာသူ ကမ္ဘာသားများ

ဝိမုတ္တိသုခကို

ရရှိခံစားနိုင်ကြပါစေသော် ...

**အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်**

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မန္တလေးရွှေကျင်မြောက်ကျောင်းဆရာတော်ဘုရားကြီး၏ | |
| | ဆုတောင်းပတ္ထနာ ဂါထာတော် | |
| | ရွှေဥမင်ဆရာတော်ဘုရားကြီး၏ ဩဝါဒ | |
| | နဘူးကျင်းဆရာတော်ဘုရားကြီး၏ဩဝါဒ | |
| | ဤကောင်းမှုဆုတောင်း | |
| ၁ | တိုက်သစ်ပဋ္ဌာနတာရုံ ဆရာတော်ဘဒ္ဒန္တဂုဏိဿရ | ၁ |
| ၂ | စစ်တောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ<br>နတ်ကန်ချောင်းတောရ ၊ ဝမ်းတွင်းမြို့ | ၂ |
| ၃ | ပေါက်မြိုင်ဆရာတော် ဘဒ္ဒန္တဇနိန္ဒ<br>နေပြည်တော် လယ်ဝေးမြို့ | ၃ |
| ၄ | အုတ်ဖိုဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ<br>အုတ်ဖိုသုံးထပ်ကျောင်း၊ အုတ်ဖိုမြို့ | ၅ |
| ၅ | ဂန္ဓာရုံဘုံကျော်ဆရာတော် ဘဒ္ဒန္တဓမ္မဝိလာသ<br>ဂန္ဓာရုံဘုံကျော်ကျောင်း၊ ဆတ်သွား | ၇ |
| ၆ | ဓမ္မဘေရီ အရှင်ဝီရိယ ( တောင်စွန်း ) | ၉ |
| ၇ | ဘဒ္ဒန္တသုဇာနာဘိဝံသ<br>မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့။ | ၁၃ |
| ၈ | ဘဒ္ဒန္တဝိမလ ကျန်စစ်သားဥမင်ကျောင်းဆရာတော်<br>ညောင်ဦးမြို့။ | ၁၅ |
| ၉ | မြစကြာပဓာနနာယကဆရာတော်ဘဒ္ဒန္တကုန္တကာဘိဝံသ၊<br>မြစကြာကျောင်းတိုက် ၊ စစ်ကိုင်းတောင်ရိုး ၊ စစ်ကိုင်းမြို့ | ၁၆ |
| ၁၀ | ကျေးဇူးတော်ရှင်ဆရာတော်ကြီးများ၏ ဩဝါဒစကားများ | ၁၈ |
| ၁၁ | ဒေါက်တာ စိုင်းကျော်နိုင်ဦး (Ph.D, ဒုညွှန်ကြားရေးမှူး)<br>၏ အမှာစာ | ၂၀ |
| ၁၂ | ဒေါက်တာထွန်းထွန်းမိုး (Ph.D, ဒုညွှန်ကြားရေးမှူး)<br>၏ အမှာစာ | ၂၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၃ | ဒေါက်တာအောင်ကျော်မျိုး (Ph.D,လက်ထောက်ညွှန်ကြားရေးမှူး)၏အမှာစာ | ၂၃ |
| ၁၄ | နိဒါန်း | ၂၄ |
| ၁၅ | လူဝတ်လဲပြီးမှ ပါရာဇိကကျတယ်ဆိုတာ ဖြစ်တတ်ပါသလား။ | ၂၉ |
| ၁၆ | ရဟန်းသံဃာကို မာတုဂါမက ထိရင် (ဝါ) ကိုင်ရင် (ဝါ) တို့ရင် ဘယ်လို အာပတ်သင့်နိုင်ပါသလဲ။ | ၃၂ |
| ၁၇ | အမျိုးသမီး ထမီမှ ရဟန်းနေရာထိုင် အခင်းဖြစ် ကောင်းပါသလား။ | ၃၈ |
| ၁၈ | သံဃာတော်များ ကြွလာတာကို ဒကာမကြီးများ ဆံပင်ဖြန့်ခင်းပြီး ပူဇော်တာ အပြစ်ရှိပါသလား။ | ၄၀ |
| ၁၉ | ဂိလာန ရဟန်းသံဃာတော်များကို အမျိုးသမီးဆရာဝန်၊ အမျိုးသမီးသူနာပြုတို့က ဘယ်လိုဆက်ဆံရပါမလဲ။ | ၄၁ |
| ၂၀ | ရဟန်းနှင့် မာတုဂါမ တစ်မိုးတစ်ရံတည်း အောက်မှာ ညကျိန်းမိရင် အာပတ်သင့်တတ်ပါသလား။ | ၄၃ |
| ၂၁ | ရဟန်းပစ္စည်း မိဘများကို ပေးကောင်းပါသလား | ၅၂ |
| ၂၂ | ကျောင်းပိုင်ပစ္စည်းများ၊ ရဟန်းပိုင်ပစ္စည်းများ ဒကာ၊ ဒကာမတွေကို ပေးခွင့်ရှိပါသလား။ | ၅၃ |
| ၂၃ | ရဟန်းထိုင်နေတဲ့ ခုံတန်းလျားမှာ မာတုဂါမ လာထိုင်ရင် အာပတ်သင့်နိုင်ပါသလား။ | ၆၁ |
| ၂၄ | မာတုဂါမ မောင်းတဲ့ကားစီးရင် ရဟန်းမှာ အာပတ်သင့်နိုင်ပါသလား။ | ၆၂ |
| ၂၅ | ရဟန်းက ကုသိုလ်ရချင်လို့ မြက်ရှင်းတာ၊ မြောင်းဖော်တာ အာပတ်သင့်တတ်ပါသလား။ | ၆၃ |
| ၂၆ | ရဟန်းဘဝ အာပတ်သင့်ပြီး လူထွက်ရင် အာပတ်အလိုလို ပြေငြိမ်းပါသလား။ | ၆၅ |
| ၂၇ | ရဟန်းအာပတ် ဒေသနာကြားရင် အပြစ်အားလုံး ပြေလွတ်ပြီလား။ | ၆၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈ | ပါရာဇိက ကျတယ်လို့ သံသယရှိနေတဲ့ ရဟန်းကို လှူဒါန်းရင် လှူမှာ ဘယ်လိုအပြစ်ရှိပါသလဲ။ | ၆၇ |
| ၂၉ | ရဟန်းသိက္ခာချပြီး ဆံပင်ရိတ်ဖို့ လိုသေးသလား။ | ၆၇ |
| ၃၀ | ရဟန်းသံဃာများ ရွှေငွေခံယူမှုအကြောင်း သိချင်ပါတယ်။ | ၆၉ |
| ၃၁ | ရဟန်းသံဃာများ မကိုင်ကောင်း မထိကောင်းတဲ့အရာ ဆိုတာ ဘာတွေပါလဲ။ | ၈၁ |
| ၃၂ | အကပ်မခံရသေးတဲ့ ဆွမ်း ဆွမ်းသပိတ်ကို ရဟန်းက ထိမိ ကိုင်မိရင် ဘယ်လိုအပြစ်ဖြစ်ပါသလဲ။ | ၈၂ |
| ၃၃ | ရှင်ဘုရင်ဆွမ်းပင့်တာနဲ့ ဆင်းရဲသား ဆွမ်းပင့်တာ ဦးစားပေး ထူးခြားပါသလား။ | ၈၅ |
| ၃၄ | အသေးငယ်ဆုံး ဖုံမှုန့် ဆွမ်းသပိတ်ထဲကျရင် အကပ်ပျက်တယ်ဆိုတာ ဟုတ်ပါသလား။ | ၈၆ |
| ၃၅ | ရဟန်းက နေ့ဖို့ညစာသိုမှီးရင် အာပတ်သင့်တယ်ဆိုတာ ဟုတ်ပါသလား။ | ၈၈ |
| ၃၆ | ဂိလာနရဟန်းများ ညစာ ဘုဉ်းပေးကောင်းပါသလား။ | ၉၁ |
| ၃၇ | မာတုဂါမများကြောင့် ရဟန်းသံဃာတော်တို့မှာ ဘယ်လို အာပတ်များသင့်တတ်ပါသလဲ။ | ၉၃ |
| ၃၈ | ရဟန်းသံဃာတော်တို့အား မလှူဒါန်းကောင်းတဲ့ ဒါန ( ၁၀ ) ပါးဆိုတာ ဘာတွေပါလဲ။ | ၉၅ |
| ၃၉ | ရဟန်းသံဃာတော်များ မဘုဉ်းပေးကောင်းတဲ့ အသားကြီး ( ၁၀ ) မျိုးဆိုတာ ဘာလဲ။ | ၉၇ |
| ၄၀ | သက်သတ်လွတ် ကိစ္စသိချင်ပါတယ်။ | ၉၈ |
| ၄၁ | ကြက်ဥ ဘဲဥက မြင်သား ကြားသား ယုံမှားသား ဖြစ်နိုင်ပါသလား။ | ၁၀၀ |
| ၄၂ | သံဃာတော်များကို ကပ်ပြီးသားဆွမ်း ဆွမ်းသပိတ် ဆွမ်းဟင်းခွက်တို့ကို ကိုင်ကောင်း ထိကောင်းပါသလား။ | ၁၀၃ |
| ၄၃ | စားပွဲကို ‘မ’ ပြီး ကပ်ရတာက ဘာကြောင့်ပါလဲ။ | ၁၀၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၄၄ | ရဟန်းသံဃာတော်များ အကပ်မခံဘဲ သုံးဆောင်ကောင်းတဲ့အရာရှိပါသလား။ | ၁၀၅ |
| ၄၅ | ဒကာကပ္ပစ္စည်းလေးပါးလျှောက်ထားရင် အလိုရှိသလောက် အလှူခံလို့ ရပြီလား။ | ၁၀၆ |
| ၄၆ | အလှူရှင်ရဲ့ သဒ္ဓါတရားနဲ့ အလှူပစ္စည်းတို့ ဆက်စပ်မှုကို အလှူခံပုဂ္ဂိုလ်က ဆန်းစစ်ဖို့ လိုပါသေးလား။ | ၁၀၉ |
| ၄၇ | မာတုဂါမများအနေနဲ့ ရဟန်းသံဃာတော်များရဲ့သင်္ကန်း နေရာထိုင်အခင်း မျက်နှာသုတ်ပုဝါတွေကိုလှူ်ကောင်းပါသလား။ | ၁၁၂ |
| ၄၈ | ရဟန်းသံဃာတော်တို့အာပတ်နှင့် လူတို့ရဲ့ ဉပုသ်ဟာ အရုဏ်တက်ချိန်နှင့် ဘယ်လိုဆက်စပ်ပါသလဲ။ | ၁၁၃ |
| ၄၉ | ရဟန်းသံဃာတော်တို့ကို သူငယ်ချင်းပေါင်း မပေါင်းရဘူးဆိုတာ ဘာကြောင့်လဲ။ | ၁၂၄ |
| ၅၀ | ရဟန်းခံနေစဉ်မှာ သိမ်နယ်နိမိတ်ထဲကိုဒကာဒကာမများ ဝင်ခွင့်ရှိပါသလား။ | ၁၂၈ |
| ၅၁ | ဆွေ ( ၇ )ဆက် မျိုး ( ၇ )ဆက်ဆိုတာ သိချင်ပါတယ်။ | ၁၂၉ |
| ၅၂ | နှစ်တောင့်တစ်ထွာ ဟတ္ထပါသ်ကို ဘယ်လိုတိုင်းရပါသလဲ။ | ၁၃၀ |
| ၅၃ | လူဒါယကာ ဒါယိကာမများ ကျောင်းဝင်းထဲဖိနပ်စီးကောင်းပါသလား။ | ၁၃၁ |
| ၅၄ | အလှူခံပုဂ္ဂိုလ်ကို ဘယ်လိုအင်္ဂါတွေနဲ့ စိစစ်ပြီး ရွေးချယ်ရမလဲ။ | ၁၃၅ |
| ၅၅ | ကျောင်းဆရာဆရာမများနဲ့ တပည့်ကိုရင်တို့ ဘယ်လိုဆက်ဆံသင့်ပါသလဲ။ | ၁၃၇ |
| ၅၆ | စာဖတ်သူထံမှ ပေးစာများ | ၁၃၉ |
| ၅၇ | ကျမ်းညွှန်းများ | ၁၄၇ |
| ၅၈ | ကိုးကားမှီငြမ်းပြုကျမ်းများ | ၁၅၇ |

## အဂ္ဂမဟာပဏ္ဍိတ ကျေးရှုးရှင် တိုက်သစ်ပဋ္ဌာနတာရုံ ဆရာတော်ဘုရား၏ ဩဝါဒ

သို့

အရှင်ခေမာနန္ဒ

ရန်ကင်းတောရ ၊ သပြေပင်

လေးစားစွာဖြင့် ပြန်ကြားရေးသားအပ်ပါတယ်။ ပို့လိုက်တဲ့စာနှင့် စာမူကြမ်းရပါတယ်။ ဝိနည်းအကြောင်း ပြောဆိုမှု ဆွေးနွေးမှု၊ ရေးသားမှုတွေဆိုတာ သာသနာတော်အတွက်ကောင်းသောအလုပ်ဖြစ်ပါတယ်။ စာမူမှာ ချို့ယွင်းမှု အတန်ငယ်ကို ပြင်ပေးလိုက်ပါတယ်။ အရှင်၏ ကြိုးစားမှု အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်။ သာသနာတော်ရဲ့ အခြေအနေဟာ အတော်ပင် ရင်လေးစရာ ဖြစ်နေပါပြီ၊ ဓမ္မစက်ကို ဓမ္မစက်မှန်း မသိကြတော့၊ သိသော်လည်း အလေးဂရုမပြုကြတော့တဲ့ အခြေအနေရောက်နေပါပြီ။

တပည့်တော်တို့ မမွေးမီ ရှေးတစ်ခေတ်က ဝိနည်းကို လေးစားတော်မူခဲ့ကြတဲ့ မထေရ်မြတ်တို့၏ စိတ်ဓာတ်တိုးတက်မှု တည်ငြိမ်မှု ရင့်ကျက်မှု အခြေအနေတွေကို ယခုခေတ်ရဲ့ရုပ်ဓာတ်တိုးတက်မှုတို့က ဝါးမျိုဖျက်ဆီးနေတာကို တွေ့မြင်နေကြရပါတယ်။ အတော်တောင့်ထားနိုင်မှ တော်ကာကျပါမည်။

ကျန်းမာချမ်းသာပါစေ။

ဘဒ္ဒန္တဂုဏာဿရ

တိုက်သစ် ပဋ္ဌာနတာရုံတိုက် မြောင်းမြမြို့။

## ကျေးဇူးရှင် စစ်တောင်းဆရာတော်ဘုရားကြီး၏ ဩဝါဒ

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) ရေးသားတော်မူသည့် ဤစာအုပ်သည် သာသနာ့ဒါယကာ ဒါယိကာမများ အနေဖြင့် ရဟန်းတော်များ၏ ဝိနည်းသိက္ခာပုဒ်များကို နားလည်၍ သာသနာတော်ကို ချီးမြှောက်ထောက်ပံ့နိုင်ခြင်းဖြင့် ဗုဒ္ဓဘာသာသနာတော် ကမ္ဘာပေါ်၌ ကာလကြာမြင့်စွာ တည်တံ့နိုင်ရေးအတွက် အဓိက အမှန်တကယ် လိုအပ်နေသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

သာသနာ့တာဝန်ကို ထမ်းဆောင်နေကြသည့် ဆရာတော် သံဃာတော်များနှင့် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးကို ချီးမြှောက် ထောက်ပံ့ လှူဒါန်းနေကြသည့် ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမတို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်းသိသင့်သည့် လူတို့နှင့် သက်ဆိုင်သောရဟန်းဝိနည်းများစာအုပ်ကို လေ့လာမှတ်သား ကျင့်ကြံကြမည်ဆိုပါလျှင် သာသနာတော်သည် ကမ္ဘာပေါ်၌ ကာလကြာမြင့်စွာ တည်ရှိနေမည်မှာ ဧကန်မုချပင် ဖြစ်ပါသည်။

ယခုအခါ ထေရ်အရှင်မြတ်၏ ထက်မြက်စူးရှသော အကြံဉာဏ်မှ ဖြစ်ပေါ်လာသော အကြံလိုအင်ဆန္ဒ ထေရ်အရှင်မြတ်၏ ဉာဏ်လုံ့လဝီရိယတို့ဖြင့် အားထုတ်ရေးသား ပြုစုထားသည့် ဤစာအုပ်ကို လေ့လာမှတ်သားကျင့်ကြံကာ သာသနာတော်ကို ကမ္ဘာပေါ်၌ ကာလကြာရှည်တည်တံ့လေအောင် မြှင့်တင်ကြပါစို့။

စစ်တောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ
နတ်ကန်ချောင်းတောရ

**အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ**
**သာသနဓဇဓမ္မာစရိယ**
**ကျေးရှူးရှင် ပေါက်မြိုင်ဆရာတော်ဘုရားကြီး၏ ဩဝါဒ**

သို့
အရှင်ခေမာနန္ဒ
ရန်ကင်းတောရကျောင်း
သပြေပင်။

စာရေးပြန်ကြားပါသည်။ ကြည့်ရှုရန်ပေးပို့သော စာမူကြမ်းကိုရပါသည်။ နေ့စဉ် နံနက်စာဝါ (၂) ကြိမ်နှင့် နေ့လည်စာဝါ (၂) ကြိမ်ရှိပါသည်။ ရဟန်းသာမဏေ (၁၀၀) ကျော်နှင့် အတူနေရ၍ အထွေထွေကိစ္စလည်းများပါသည်။ ဗဟုကိစ္စများကြားမှ ကြည့်ရှုသည့် စာမူကြမ်းက စာမျက်နှာပြည့်သည့်အပြင် စာမျက်နှာလည်းများပါသည်။

သီတင်းကျွတ်လပြည့်နေ့ နံနက်ကစ၍ လွှတ်-ဧရက် အထိစာဝါနား၍ တပည့်များပြန်ကြမှသာ စာကြည့်ချိန်ရပါသည်။

“နေမင်း လမင်းတို့ ပွင့်လင်းထင်ရှားမှသာ ကောင်းမြတ်တင့်တယ်ပါသည်။ ထို့အတူ ဗုဒ္ဓတရားတော်များ ပွင့်လင်းထင်ရှားမှသာ ကောင်းမြတ်တင့်တယ်ပါသည်” ဟု ပရိဝါပါဠိတော်မှာ မြတ်စွာဘုရား ဟောကြားတော်မူပါသည်။ “ပွင့်လင်းထင်ရှားသည်” အဓိပ္ပါယ်မှာ သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတရားများ သင်ကြားလေ့ကျက်လိုက်နာကျင့်သုံးခြင်းဖြစ်ပါသည်။

ဝိနည်းတရားသည် ကိုယ်၊ နှုတ်နှစ်ပါးကို ဆုံးမသောတရားဖြစ်သဖြင့် လိုက်နာသူတို့ မည်သို့နေထိုင် သွားလာ စားသောက်ဝတ်ဆင်ရမည်ကို ညွှန်ပြပေး၍ အပြောအဆို အနေအထိုင် အချိုးကြပါမည်။

ဝိနည်း- ၂ မျိုး ရှိပါသည်။

( ၁ ) လူတို့အတွက် အာစာရဝိနည်း၊ လူ့ဝိနည်း

( ၂ ) ရဟန်းတော်များအတွက် ပညတ်အပ်သော

သိက္ခာပဒဝိနည်းတို့ ဖြစ်ပါသည်။ အကုသိုလ် ကမ္မပထတရား ၁၀ ပါးကို လိုက်နာရှောင်ကြဉ်၍ ကုသိုလ်ကမ္မပထတရား ၁၀ ပါးကို လိုက်နာကျင့်သုံးခြင်းသည် လူ့ဝိနည်း ဖြည့်ကျင့်ခြင်းပေတည်း။

သိင်္ဂါလောဝါဒသုတ် ဝသလသုတ် ပရာဘဝသုတ်တို့၌ တူသောပျက်စီးကြောင်း ကြီးပွားကြောင်း လူ့ကျင့်ဝတ် အာစာရဝိနည်းများကို မပြုမနေပြုကျင့်တတ်အောင် ဟောကြားရေးသားပေးပါက လူယဉ်ကျေးဖြစ်လာပါမည်။ ရဟန်းတော်များ သင်ကြားအပ်သော ကျင့်သုံးအပ်သော ဝိနည်းတော်များကို ပွင့်လင်း ထင်ရှားအောင် သင်ကြားပို့ချရေးသား ဟောပြောထားပါက လူဖြစ်စေ၊ ရှင်ဖြစ်စေ အကျိုးတရား ၂ ပါး တိုးပွားစေနိုင်ပါသည်။ ထို့ကြောင့် ဝိနည်းတရားတော်များကို ပွင့်လင်းထင်ရှားအောင် ကြိုးစားလေ့လာ သင်ယူကျင့်သုံးထိုက်ပါကြောင်း . . . . ။

ဘဒ္ဒန္တဇနိန္ဒ
ပဓာနနာယကဆရာတော်
ပေါက်မြိုင်စာသင်တိုက်
နေပြည်တော် လယ်ဝေးမြို့။

## ကျေးရွာရှင် အုတ်ဖိုဆရာတော်ဘုရားကြီး၏ ဩဝါဒ

မြန်မာစကားပုံတွင် တိုင်းယက်သည့်ပက္ကလာ မိုးရွာသည်နှင့် အဆင့်သင့် ဆိုသကဲ့သို့လည်းကောင်း၊ ရေငတ်တုန်း ရေတွင်းထဲကျ ဆိုသကဲ့သို့လည်းကောင်း ၊ ဤထေရဝါဒသာသနာ သန့်ရှင်းတည်တံ့ ပြန့်ပွားရေးတွင် မနှိုင်းသာအောင် အထောက်အကူပြုမည့် ဤစာအုပ် အချိန်မှီထွက်ပေါ်လာခြင်းအတွက် လွန်စွာမှ ကြည်နူးဝမ်းမြောက်ရပါပေသည်။

## ဝိနည်းကြိုသိသင့်

ဝိနည်းဆိုတာ လူတွေနှင့်မဆိုင် လူတွေသိဖို့မလိုဟူသောမှားယွင်းသည့် အယူအဆမှာ လွန်စွာကြာရှည်ခဲ့လှပေပြီ။ အမှန်မှာ မိမိက ကိုးကွယ်ရမည့် (အကိုးအကွယ်ခံရမည့်) သံဃာတော် (ရဟန်းသာမဏေ) များအတွက် ဘာတွေကျင့်ပြီး ဘာတွေလိုက်နာရမည်ကို ကိုးကွယ်သည့် ဒကာဒကာမများမှ သိထားသင့်သည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ပရဝဇ္ဇာနူပသိသ. . . သဒ္ဓါပါး ပညာများပြီး မိမိကိုးကွယ်ရာ သံဃာ၏အပြစ်ကိုသာ (သဒ္ဓါစိတ် မထားပါဘဲ) ကြည့်ဖို့ကား လုံးဝမသင့်။ ပုထုဇဉ်များဖြစ်၍ အပြစ်ဖြစ်ကြပေမည်။

သဒ္ဓါထက်ဖို့ ပညာစွက်ဖို့အတွက် ဤစာအုပ်က လွန်စွာအကျိုးပြုမည်ဟု မုချ ယုံကြည်ပါသည်။ သဒ္ဓါလွန်ကဲ ပညာနည်းဟူသော ဗုဒ္ဓဘာသာ (မိရိုးဖလာဗုဒ္ဓဘာသာ) ဝင်များမှာ ဖြစ်တတ်ပြီး၊ ပညာလွန်ကဲ သဒ္ဓါမွဲဟူသော ခေတ်ပညာတတ်ပြီး ခေတ်မျက်စိဖြင့်သာ ဒေါက်ထောက်ကြည့်မှုမျိုးကို လွန်စွာ သက်သာရာရပြီး သဒ္ဓါနှင့်ပညာမျှတပေးနိုင်မည့် စာအုပ်ကောင်း ဖြစ်ပေသည်။

## လိုရင်းတိုရှင်း

ဆရာဒကာနှစ်ဦးနှစ်ဖက် လက်တွဲအားထုတ်ရမည့် ဤသာသနာအတွက် ရေးသားပုံမှာ ထင်းကနဲ လင်းကနဲ ဉာဏ်ပွင့်စေပြီး "သြော် ဒီလိုပါလား . . ." ဟု သာသနာတော်နှင့် စပ်၍ အသိဉာဏ်တွေ များသထက်များ ပွားသထက်ပွား၍ သဒ္ဓါရော ပညာပါညီမျှဘို့ရန် ရှေးရှေးက ရေးထားသော စာများထက် အကြံတူ နောင်လူသာစမြဲ သဘာဝအရ ပို၍ရှင်းလင်း ခေတ်မှီပြီး အမေး အဖြေပုံစံဖြင့် ရေးသားမှုအပြင် ယခုခေတ်ဝယ် အားလုံးက တန်ဖိုးထားလေးစားရသည့် ဒေါက်တာနှင့်ဘွဲ့ရပြီး ခေတ်ပညာ တတ်သည့် အားကြီးသော သဒ္ဓါရှင်တို့က မေးဖြေပြုရေးထားပါသဖြင့် စာအုပ်ကို ဖတ်သည်နှင့် တစ်ခုပြီးတစ်ခု သိလိုစိတ်က ဆွဲဆွဲခေါ်သွားသဖြင့် ထိုင်ရာမထ အပြီးတိုင်ဖတ်ချင်စိတ် ပြင်းပြအောင် ကောင်းမွန်သော စာအုပ်ကောင်းဟူ၍ အကောင်းကြိုက်သူများအား လက်တို့အသိပေး လိုက်ရပါပေသည်။

ဘဒ္ဒန္တစန္ဒောဘာသ
အုတ်ဖိုသုံးထပ်ကျောင်း

## ကျေးရှူးရှင် ဂန္ဓာရုံ ဘုံကျော်ဆရာတော်ဘုရား၏ ဩဝါဒ

အရှင်ခေမာနန္ဒ၊ ရန်ကင်းတောရထံ တပည့်တော် စာပြန်လိုက်ပါတယ်။ အရှင်ဘုရား ပေးပို့လိုက်တဲ့ အရှင်ဘုရားရဲ့ ပေးစာနဲ့ ‘ထေရဝါဒ ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့် လူတို့နှင့် သက်ဆိုင်သောရဟန်းဝိနည်းများ’စာမူကို ကောင်းစွာလက်ခံရရှိပါတယ်။

ရလျှင်ရချင်းပဲ အရှင်ဘုရားရဲ့စာမူကို စိတ်ဝင်တစားဖတ်ရှုကြည့်ပါတယ်။ စာမူကို ဖတ်ခွင့်ရတဲ့အခါ အရှင်ဘုရားစာပေလေ့လာဖတ်ရှုအားကောင်းတာ တွေ့ရပါတယ်။ ‘ဂရုကလဟုကေသု ဂရုကေ ဌာတဗ္ဗံ၊ အလေးအပေါ့နှစ်မျိုးတို့တွင် အလေးဘက်မှာ ရပ်တည်သင့်တယ်’ ဆိုတဲ့ ဝိနယသင်္ဂဟ အဋ္ဌကထာလာတဲ့အတိုင်း အလေးဘက်မှာ အရှင်ဘုရားရပ်တည်ပြီး ရေးထားတာ သတိပြုမိပါတယ်။ အရှင်ဘုရားရဲ့စာမူထဲမှာ သာသနာတော်ကို အားပေးထောက်ပံ့နေကြတဲ့ ဒကာဒကာမတွေဘုရား ဥပဒေကို နားလည်စေချင်တဲ့ စေတနာမေတ္တာကိုလည်း မြင်ရပါတယ်။ အရှင်ဘုရားရဲ့ သာသနာချစ်မြတ်နိုးစိတ်ကိုလည်း သတိပြုမိပါတယ်။ ဗုဒ္ဓသာသနာတော်ကို လှူဒါန်းထောက်ပံ့နေကြတဲ့ ဒကာဒကာမတွေ ဝိနည်းစည်းကမ်းကို နားလည်ထားပြီး ရှင်တော်မြတ်ဘုရား အလိုတော်ကျအောင် သာသနာကို အားပေးတတ်ကြမယ်ဆိုရင် ဗုဒ္ဓသားတော် ရဟန်းသံဃာတော်များမှာလည်း သာသနာပြုရာမှာ ပိုပြီးအဆင်ပြေ နိုင်တယ်ဆိုတဲ့ သဘောကို ကောင်းစွာမြင်ထားလို့လည်း အရှင်ဘုရား နေထိုင် မကောင်းရက်နှင့်ဘဲ ဒီစာမူကို ကြိုးစားပြုစုထားတယ်လို့ တပည့်တော်နားလည်မိပါတယ်။

တပည့်တော်ရဲ့အမြင်အရ ဒီစာအုပ်ဟာ မြတ်စွာဘုရားသာသနာတော်ကို ဘုရားအလိုတော်ကျအောင် အားပေးချင်တဲ့

ဒကာ ဒကာမတွေ ဖတ်ရှုသင့်သလို 'သာသနာပြုချင် ဝိနည်းသင်' ဆိုတဲ့အတိုင်း သာသနာတော်ကို ရှေ့ဆောင်လိုတဲ့ ရှင်ရဟန်းများလည်း ဖတ်သင့် လေ့လာသင့်တယ်လို့ ထင်မြင်မိပါတယ်။

အရှင်ဘုရားရဲ့ စာမူထဲမှာပါရှိတဲ့ ညောင်လေးပင် ဆရာတော်၊ သပြေကန်ဆရာတော်၊ ဘုန်းတော်ကြီး ဦးသီလ၊ မြောင်းမြဆရာတော်နဲ့ နဘူးကျောင်း ဆရာတော်ကြီးများရဲ့ သူတော်ကောင်းစိတ်ဓာတ်နှင့် သူတော်ကောင်း အလေ့အကျင့်တွေကို လေ့လာဖတ်ရှုရခြင်းဖြင့် သူတော်ကောင်းဓာတ် တရားမြတ်တွေလည်း ဖတ်ရှုသူတို့ရဲ့ သန္တာန်မှာ အတိုင်းအတာတခုအထိ ဓာတ်ကူးလာနိုင်ပါတယ်။

'ထေရဝါဒ ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့် လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်းများ' စာမူဟာ သာသနာတော်ကို ဗုဒ္ဓအလိုတော်ကျအောင် အားပေးထောက်ပံ့လိုကြတဲ့ ဒကာဒကာမတွေရဲ့ လိုအပ်ချက်ကို တစ်ထောင့်တစ်နေရာက ဖြည့်ဆည်းပေးလိုက်တယ်လို့ ခံယူမိပါတယ်။

မေတ္တာဖြင့် - အရှင်ဓမ္မဝိလာသ
ဂန္ဓာရုံဘုံကျော်တောရ

## ကျေးရှူးရှင် ဓမ္မဘေရီ (တောင်စွန်း) ဆရာတော်၏ ဩဝါဒ ရည်ရွယ်ချက်ကောင်းနဲ့ သိထားသင့်တဲ့ ရဟန်းဝိနည်းများ

'ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့် လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်းများ' စာမူကို ကြည့်လိုက်တဲ့အခါ မိမိတောင့်တတဲ့ စာအုပ်တစ်အုပ်ဖြစ်နေတဲ့အတွက် သာခုခေါ် မိပါတယ်။

ဒီစာရဲ့ ခေါင်းစီးမှာ 'ရည်ရွယ်ချက်ကောင်းနဲ့' ဆိုတဲ့ အထူးပြုစကားပိုဒ်ကလေးကို ထည့်လိုက်ရတာကတော့ 'ရဟန်း ဝိနည်းများကို လေ့လာသိရှိထားခြင်းဟာ ရဟန်းတော်များနဲ့ ပတ်သက်ပြီး ပြုဖွယ်ကိစ္စကြုံလာတဲ့အခါ ဆရာဒကာနှစ်ဦးနှစ်ဖက် အပြစ်ကင်းအောင် ဆောင်ရွက်တတ်ဖို့နဲ့ ဝိနည်းသိက္ခာများကို သိရှိရတဲ့အတွက် ရဟန်းတော်များရဲ့ သီလသိက္ခာကို အာရုံပြု ကြည်ညိုတတ်ဖို့' ဆိုတဲ့ ရည်ရွယ်ချက်ကောင်းလေး ရှိစေချင်လို့ပါ။ ဒီလိုစေတနာကောင်းနဲ့ လေ့လာ သင်ယူသူမှသာ မြတ်စွာဘုရား ရှင် ချီးကျူးတော်မူတဲ့ 'နိဿရဏတ္ထ = ဝဋ်ဆင်းရဲ လွတ်မြောက်ရေး ရည်ရွယ်ချက်နဲ့ သင်ယူသူ' ဖြစ်နိုင်မှာပါ။

ဟုတ်တယ်၊ တချို့က ရဟန်းဝိနည်းလေး မတောက် တခေါက်ကြားဖူးနားဝနဲ့ ရဟန်းတော်တို့ကို ဝေဖန်ပြစ်တင်ချင် တတ်ကြတယ်။ ဒီလိုစိတ်ထားမျိုးနဲ့ သင်ယူလေ့လာသူများကို ဘုရားရှင်က 'မြွေဖမ်းသူများ = အလဂဒ္ဒူပမ' လို့ သတ်မှတ်တော် မူပြီး မြွေကိုက်ခံရသလို အပြစ်တွေများမယ်လို့ လဲ မှတ်ချက်ချတော် မူပါတယ်။ ( အလဂဒ္ဒူပမသုတ် )

ဒီလိုပုဂ္ဂိုလ်မျိုးနဲ့ ပတ်သက်လို့ မစိုးရိမ်ဆရာတော် ဘုရား ကြီး ဆုံးမတော်မူပုံကလည်း နည်းယူမှတ်သားစရာပါ . . .

မစိုးရိမ်တိုက်မှာ ဒုလ္လဘရဟန်းဝတ်ခဲ့ဖူးတဲ့ ဦးဘအုန်း ဆိုတဲ့ ဒကာကြီးက တစ်နေ့မှာ ဆရာတော်ကြီးကို လာရောက်ကန် တော့ရင်း 'ဆရာတော် . . တပည့်တော်တော့ ဘောလုံးပွဲ ကြည့်တဲ့ ဘုန်းကြီးတို့၊ အငြိမ့်ဇာတ်၊ ရုပ်ရှင်ကြည့်တဲ့ ဘုန်းကြီးတို့ကို မကြည်

ညိုဘူးဘုရား’လို့ လျှောက်ထားတဲ့အခါ ဆရာတော်ကြီးက. .

‘ဘအုန်း . . . မင်းဝါဝင် ဝါကျွတ်မှာ ငါ့ကို မကန်တော့နဲ့၊ ပွဲကြည့်တဲ့ ဘုန်းကြီးတွေကိုကန်တော့၊ မင်း . . ငါ့အပေါ် ပြစ်မှားတာ ဘာမှမရှိဘူး ၊ ပွဲကြည့်တဲ့ ဘုန်းကြီးတွေ အပေါ်မှာသာ ပြစ်မှားတဲ့ အကုသိုလ်ကံတွေရှိနေတာ၊ ငါ့ကို မကန်တော့လို့ ကုသိုလ်မရရုံဘဲရှိမယ်၊ ဘာမှအပြစ်မရှိဘူး။ ပွဲကြည့်တဲ့ ဘုန်းကြီးတွေကို မကန်တော့ရင် မင်းမှာအပြစ်ကြီးမယ်။ ဇာတ်တော်မှာကွာ. . . ဆဒ္ဒန်ဆင်မင်းတို့များ သင်္ကန်းအစလေး မြင်တာနဲ့ သူ့ကို မြှားနဲ့ သေအောင်ပစ်တဲ့မုဆိုးကို ဘာမှမလုပ်ဘူး၊ မင်းက ဆင်လောက်မှ မလိမ္မာသေးပဲကိုးကွ’ လို့ မိန့်ကြားတော်မူပါတယ်။

အဲဒီအချိန်ကစပြီး ဦးဘအုန်းဟာ နံနက်ပိုင်းမှာ အစအဆုံးတွေ့ရတဲ့ ဆွမ်းခံသံဃာကို အနည်းဆုံး အကြော်တစ်ခုဖြစ်စေ လောင်းလှူပြီး ‘တပည့်တော် အရှင်ဘုရားတို့အပေါ် ပြစ်မှားမိတာများကို သည်းခံတော်မူပါဘုရား’ ဆိုပြီး ကန်တော့ခဲ့တာ၊ လေးငါးခြောက်နှစ်လောက်ရှိတဲ့အခါ ဦးဘအုန်းမကန်တော့ဘူးတဲ့ သံဃာဆိုလို့ မရှိသလောက်ဖြစ်သွားတယ်။ သံဃာတော်များကလည်း မသင့်တော်တဲ့နေရာမှာ ဦးဘအုန်းနှင့်တွေ့ရင် ပုန်းကွယ်သွားကြတော့တယ်။

တစ်နေ့မှာ ဒကာကြီးဦးဘအုန်း ဆရာတော်ထံ ရောက်လာပြီး ‘ဘအုန်းကြီး လိမ္မာလာပါပြီဘုရား’ လို့ လျှောက်ထားတဲ့အခါ ဆရာတော်ကြီးက ‘မင်း . . လိမ္မာလာရင် မင်းရဲ့ အကန်တော့ကိုခံရတဲ့ သံဃာများလည်း လိမ္မာလာကြရောပေါ့ကွ’ လို့ မိန့်တော်မူပါသတဲ့၊ ( မစိုးရိမ်ထေရုပ္ပတ္တိ နှာ - ၁၉၉ )

သာသနာတော်နဲ့ ကြုံတုန်းကြုံခိုက်ခဏလေးမှာ ကုသိုလ်ဖြစ်ရေးကိုသာ အဓိကထားတဲ့နေရာမှာ မစိုးရိမ် ဆရာတော်များနဲ့ သူတို့ကို ကိုးကွယ်တဲ့ ကျောင်းဒကာ ဒကာမများဟာ တစ်စိတ်တည်း တစ်ဝမ်းတည်းလို့ ဆိုလောက်အောင် စိတ်ထားတူညီကြပါတယ်။

တစ်ခါက ဂိုဏ်းပေါင်းစုံဆရာတော်ကြီးများ ပါဝင်တဲ့

ပထမပြန်နာယကအဖွဲ့ အစည်းအဝေးအပြီးမှာ စပ်မိစပ်ရာပြောဆိုကြရင်း ရဟန်းသံဃာကိုးကွယ်ကြတဲ့ ဒကာ ဒကာမများအကြောင်း ရောက်သွားကြတော့ မစိုးရိမ်ဆရာတော်ကြီးက. . .

‘တပည့်တော်တို့ မြန်မာပြည်မှာ ရဟန်းသံဃာ ကိုးကွယ်ကြတာ ဒကာ ဒကာမ နှစ်မျိုးတွေ့ရတယ်၊ တစ်မျိုးက ဂိုဏ်းဂဏမရွေး သံဃာမှန်သမျှ ဘုန်းကြီးမှန်သမျှ ကိုးကွယ်တဲ့ ဒကာ ဒကာမရယ်၊ နောက်တစ်မျိုးက ဂိုဏ်းဂဏရွေးပြီး ကိုယ့်ဂိုဏ်းသံဃာမှ ကိုးကွယ်တဲ့ ဒကာ ဒကာမရယ်၊ အဲဒီနှစ်မျိုးအနက် ဂိုဏ်းဂဏမရွေး ကိုးကွယ်တဲ့ ဒကာ ဒကာမတွေကတော့ သံသရာမှာ အထက်တန်းက နေရမှာပဲ’ လို့ လျှောက်ထားတော့ . . . ဆရာတော်တစ်ပါးက ‘ဘာဖြစ်လို့လဲ ဆရာတော်’ တဲ့။

မစိုးရိမ်ဆရာတော်က ‘ဂိုဏ်းဂဏမရွေးတဲ့သူက ဘုန်းကြီးမှန်ရင် ဘယ်ဘုန်းကြီးပဲ ဖြစ်ဖြစ်ဝတ်ချမှာပဲ၊ လှူစရာရှိလဲ လှူမှာပဲ၊ ဒီတော့သူက ဘုန်းကြီးနဲ့တွေ့တိုင်း ကုသိုလ်ဖြစ်တာပေါ့။ ဂိုဏ်းဂဏရွေးချယ်တဲ့သူက ကိုယ့်ဂိုဏ်းက ဘုန်းကြီးမှ၊ လှူချင် လှူမှာ၊ သူများဂိုဏ်းကဘုန်းကြီးဆိုရင် ဝတ်ချချင်မှချမှာ၊ လှူချင်မှ လှူမှာ၊ ဒီတော့ တခြားဂိုဏ်းက ဘုန်းကြီးတွေ့ရင် သူ့မှာ ကုသိုလ် ဖြစ်မှာမဟုတ်ဘူး’ ဆိုတော့ . . .

‘ဝိစေယျ ဒါနံ ဒါတဗ္ဗံ = ပုဂ္ဂိုလ်ကို ရွေးချယ်ပြီး လှူရမယ်’ လို့ ရှိတယ်မဟုတ်လား ဆရာတော်’ လို့ ထပ်ပြီးလျှောက်ပါတယ်။

မစိုးရိမ်ဆရာတော်က ‘ရှိပါတယ် ၊ အဲဒါက ဉာဏ်နုသူများအတွက် ဟောထားတဲ့တရားပဲ၊ ဉာဏ်ရင့်သူတွေဆိုတာ လယ်လုပ်တတ်သူနှင့်တူတယ် လယ်လုပ်တတ်သူက မြေသြဇာကောင်းတဲ့နေရာစိုက်စိုက်၊ မြေသြဇာမကောင်းတဲ့ နေရာစိုက်စိုက်၊ နောက်ဆုံးတောင်ထိပ်တက်ပြီး လယ်လုပ်ဦး အသီးအနှံထွက်တာပဲ၊ ဒါကြောင့် လယ်လုပ်တတ်သူအဖို့ မြေနေရာရွေးဖို့ မလိုဘူး၊ ဉာဏ်နုသူတွေကတော့ လယ်မလုပ်တတ်သူနဲ့ တူတယ်၊ လယ်မလုပ်တတ်သူဟာ မြေသြဇာကောင်းတဲ့ နေရာကို ရွေးချယ်ပြီးလုပ်မှ အသီးအနှံရတယ်၊ ဒါကြောင့် ‘ဝိစေယျ ဒါနံ ဒါတဗ္ဗံ’ ကို ဟောတာပဲ။

တပည့်တော်တို့ မစိုးရိမ်ကျောင်းဒကာကြီး ဦးကျော် လျှောက်ထားတဲ့ စကားကို ဆရာတော်များ လျှောက်ထားရဦးမယ်။ ကျောင်းဒကာကြီး ဦးကျော်ဟာ တစ်နေ့ ရထားနဲ့ရန်ကုန်ကို ခရီးထွက်သွားတယ်၊ ရထားပေါ်မှာ ဘုန်းကြီးတစ်ပါးနဲ့ဆုံမိသတဲ့၊ အဲဒီဘုန်းကြီးက မစိုးရိမ် ကျောင်းဒကာကြီးမှန်းသိတာနဲ့ သူရေးတဲ့ စာအုပ်လေးကို လက်ဆောင်ပေးပြီး 'ဒကာကြီး ဒီစာအုပ်ဖတ်ကြည့် ဘုန်းကြီးအကောင်းအဆိုး ရွေးချယ်တတ်ပြီး ဒကာကြီး လှူတတ်သွားမယ်' လို့ ပြောသတဲ့၊ ဒီတော့ ကျောင်းဒကာကြီးဦးကျော်က ' ဒီလိုဆို အရှင်ဘုရားစာအုပ် ပြန်ယူတော်မူပါ၊ တပည့်တော်တို့က ဘုန်းကြီးအကောင်းအဆိုး ရွေးချယ်နေဖို့ မဟုတ်ပါဘူးဘုရား၊ ဘုန်းကြီးမှန်ရင် လှူဖို့ အရိုအသေပေးဖို့ပါပဲ၊ အရှင်ဘုရား စာအုပ်ဖတ်ပြီးမှ ဘုန်းကြီး အကောင်း အဆိုးရွေးချယ်တတ်ပြီး ဘုန်းကြီးတွေ့တိုင်း အကောင်းလား အဆိုးလား ရွေးချယ်နေရင် တပည့်တော်အဖို့ အပြစ်သာများဖို့ ရှိပါတယ် ဘုရား' လို့ လျှောက်ထားပြီး စာအုပ်ကို ပြန်ပေးခဲ့ပါသတဲ့။ (မစိုးရိမ်ထေရုပ္ပတ္တိ ၊ နှာ - ၁၁၅)

အတုယူစရာ၊ သတိထားစရာ၊ အသိပွားစရာကလေးတွေပါ။ အခုဒီစာအုပ်ထဲက အကြောင်းအရာများဟာလဲ သိသင့်သိထိုက်တဲ့ အချက်အလက်တော်တော်လေး စုံလင်တာတွေ့ ရပါတယ်။ ရည်ရွယ်ချက်ကောင်းနဲ့ လေ့လာအသုံးချသူတိုင်း အတွက် ဗုဒ္ဓဘာသာဝင်များပီပီ ရဟန်းသံဃာတော်များနဲ့ ပတ်သက်လို့ ပြောဆို၊ နေထိုင်၊ ဆက်ဆံတတ်သလို အပြစ်ကင်းပြီး သာသနာတွင် ကုသိုလ်စစ်များ တိုးပွားရေးအတွက် လိုအပ်ချက် တစ်ခုကို ဖြည့်ဆည်းပေးတဲ့ စာအုပ်တစ်အုပ်ပါ။

'ဖတ်ပါ၊ မှတ်ပါ၊ ပြီးတော့ ရည်ရွယ်ချက်ကောင်းနဲ့ အသုံးပြုကြပါ ' လို့သာ တိုက်တွန်းလိုပါတယ်။

အကုသိုလ်ပါး၊ ကုသိုလ်ပွား ၊ စိတ်ထားကြီးမြင့်ပါစေ။

ဓမ္မဘေရီ-အရှင်ဝီရိယ (တောင်စွန်း)

## အမရပူရ၊ မဟာဂန္ဓာရုံ ကျောင်းတိုက်မှ ကျေးဇူးရှင် ဘဒ္ဒန္တသုဇနာဘိဝံသ ဂဏဝါစက သာမဏေကျော် အလင်္ကာရ သ.စ.အ ဓမ္မာစရိယ၏ ဩဝါဒ

### အမှာစကား

စည်းကမ်းမရှိလျှင် စည်းကမ်းရှိသော်လည်း လိုက်နာကျင့်သုံးမှုမရှိလျှင် အဖွဲ့အစည်းတစ်ခု ကြာရှည်မတည်တံ့နိုင်ပါ။ စည်းကမ်းနှင့်အညီ ပြောဆိုဆုံးမမှုသာ အဖွဲ့စည်းအတွင်း အချင်းချင်း ပြောဆိုဆုံးမမှုကို လက်ခံလေ့ရှိ၏။ ထို့အဖွဲ့ဝင် ပုဂ္ဂိုလ်များလည်း ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့မှုရ၏။ ဘေးရန်အန္တရာယ်များကိုလည်း တားဆီးနိုင်၏။ ကြည်ညိုဖွယ်အသွင်ကိုလည်း ဆောင်နိုင်၏။ သို့မှသာ အဆုံးအမ တရားတော်များ ကြာရှည်တည်နိုင်၏။ ဗုဒ္ဓမြတ်စွာသည် ဤအကျိုးများကို မြင်တော်မူ၍ လိုက်နာကျင့်သုံးဖွယ် ဝိနည်းဥပဒေတော်ကို ပညတ်တော်မူခဲ့၏။

ဗုဒ္ဓမြတ်စွာ သာသနာတော်၏ စည်းကမ်းသည် ဝိနည်းတရားတော်များပင်ဖြစ်သည်။ ထိုဝိနည်းတရားတော်များကို သာသနာ့ဝန်ထမ်း ရှင်ရဟန်းများသာ သိသင့်သည်မဟုတ်၊ သာသနာတော်ကို ကြည်ညိုဆည်းကပ်ကြသော ဒကာ ဒကာမများ အနေဖြင့်လည်း အထိုက်အလျောက် သိနားလည်ထားသင့်၏။ ထိုသို့ သိနားလည်ထားလျှင် ပစ္စည်းလေးပါး လှူဒါန်းမှုကိစ္စ၌ ရဟန်းသံဃာများလည်း အပြစ်ကင်းလွတ်၍ မိမိလည်း သာသနာပြု ကုသိုလ်စစ် ဖြစ်နိုင်၏။

ဥပမာ ယခုခေတ်အလှူများ၌ အလှုဆင်ထားသော ပန်းခြင်းထဲသို့ ပစ္စည်းမျိုးစုံထည့်၍ လှူဒါန်းဆက်ကပ်တတ်ကြ၏။ ထိုခြင်းထဲတွင် အကပ်ခံသင့်သော ပစ္စည်းများ ပါသကဲ့သို့ အကပ်

မခံသင့်သော ပစ္စည်းများလည်း ပါတတ်၏။ အကပ်မခံသင့်သော ပစ္စည်းများကို အချိန်အခါမဟုတ်ဘဲ အကပ်ခံမိလျှင် ရဟန်းတော်များမှာ အပြစ်သင့်၏။ ခွေးကိုကျွေးလျှင်သော်မှ ကုသိုလ်ရသည့်အတွက် အလှူရှင်များအနေဖြင့် သာမန်ကုသိုလ်ကားဖြစ်ပါ၏။ သို့သော် သာသနာပြု ကုသိုလ်ကားမဖြစ်၊ သာသနာနှင့် တွေ့ကြုံပြီး သာသနာ့ဝန်ထမ်း ရဟန်းသံဃာများကို လှူဒါန်းနေရပါလျက် သာသနာပြု ကုသိုလ်မဖြစ်ခြင်းမှာ အရှုံးပေါ်ခြင်းပင်ဖြစ်၏။

အကယ်၍ ဝိနည်းကို အထိုက်အလျောက် သိနားလည်ထားမည်ဆိုလျှင် ထိုကိစ္စမျိုး၌ အလှူခံရဟန်းတော်များလည်း အပြစ်ကင်းလွတ်၍ မိမိလည်း သာသနာပြု ကုသိုလ်ဖြစ်ပြီး အလွန်အကျိုးများမည်ဖြစ်၏။

ဤအရှင်၏ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့် လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်းစာအုပ်သည် သာသနာတော်ကိုကြည်ညိုဆည်းကပ်ကြသော ဒကာ ဒကာမများအတွက် သိသင့် သိထိုက်သည်များကို ရေးသားထားသဖြင့် သာသနာပြု ကုသိုလ်စစ်စစ်ဖြစ်ရန် အထောက်အကူဖြစ်မည်ဟု ဆိုချင်ပါသည်။

ဘဒ္ဒန္တသုဇာနာဘိဝံသ
မဟာဂန္ဓာရုံကျောင်းတိုက်
အမရပူရမြို့။

## ကျေးဇူးရှင် ကျန်စစ်သားဥမင် (ပုဂံညောင်ဦး) ဆရာတော်ဘုရား၏ ဩဝါဒ

ဘုန်းကြီးဦးခေမာနန္ဒသို့ အလုပ်အနည်းငယ်များနေ၍ စာပြန်နောက်ကျသည်ကို ခွင့်လွှတ်ပါရန် တောင်းပန်ပါသည်။ စာမူကို ဖတ်ပြီး၍ အလွန်အားရကျေနပ်ပြီး အလွန့်အလွန်လည်း ကျေးဇူးတင်နေမိပါသည်။

တပည့်တော်ကိုယ်တိုင်ပင် အားမလိုအားမရ ဖြစ်မိတိုင်း ဤစာအုပ်မျိုးရေးနိုင်လျှင် ကောင်းလေစွဟု မကြာခဏပုံဖော်စဉ်းစားခဲ့သည်မှာ ကြာပါပြီ၊ ထို့ကြောင့် အလွန်ဝမ်းမြောက်ကျေးဇူးတင်ရခြင်းပါ။ ရှင်မဟာကဿပမထေရ်မြတ်ကြီး မိန့်တော်မူသလို၊ ဝိနယဝါဒီတို့ဘက်က အားနည်းနေသည်မှာ အမှန်ပင်ဖြစ်သဖြင့် အတိုင်းအတာတစ်ခုထိ အကျိုးရှိလျှင်ပင် ဝမ်းသာရမည်ဖြစ်ပါသည်။ ကျန်းမာရေးကို စွမ်းသမျှ ဉာဏ်ယှဉ်ပြုပြင်ပြီး၊ မပျံလွန်မီ အချိန်ရသရွေ့ ကြိုးစားပါဦးဟု တိုက်တွန်းလိုက်ရပါသည်။

သာသနာကို အကျိုးပြုကာ ကျန်းမာသက်ရှည်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည် အရှင်ဘုရား . . . ။

ဘဒ္ဒန္တဝိမလ
ကျန်စစ်သားဥမင်
(ပရိယတ်ပဋိပတ်) စာသင်တိုက်
အနော်ရထာလမ်း ၊ ပုဂံညောင်ဦးမြို့။

## ကျေးရှူးရှင် မြစကြာကျောင်းတိုက် နာယက ဆရာတော် ဘုရားကြီး၏ ဩဝါဒ

ထေရဝါဒ ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့် လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်းများစာအုပ်ကို လေ့လာ ဖတ်ရှုခွင့် ရတဲ့ ဒကာ ဒကာမများအနေနဲ့ ရဟန်းတော်များရဲ့ ကိုယ်ကျင့်သီလ ဆိုင်ရာမှာ ဗဟုသုတများစွာ တိုးပွားလာနိုင်ပြီး ရဟန်းတော်များ ဝိနည်းသီလကို လုံခြုံစောင့်ထိန်းရေးမှာလည်း အကူအညီများစွာ ပေးနိုင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဒီစာအုပ်ကို လေ့လာဖတ်ရှုခြင်းအားဖြင့် ဗုဒ္ဓဘာသာ ဝင် ဒကာ ဒကာမများစွာ တစ်သက်လုံး မှားယွင်းစွာ ကျင့်သုံးလာတဲ့ အယူအဆအဟောင်းတွေကို လွယ်ကူရှင်းလင်းစွာ ပယ်ဖျောက်နိုင် ကြပါလိမ့်မယ်။ ဥပမာအားဖြင့်

* အမျိုးသမီးထမီများကို ရဟန်းသာမဏေ အသုံးအဆောင် နေရာထိုင်အဖြစ် မလှူကောင်းဘူး ဆိုတာတွေ
* ဒုလ္လဘရဟန်းဝတ်ပြီး လူထွက်ရင် (ရှင်ရဟန်း ဘဝက ဆံပင်တွေ အိမ်မှာ မပါကောင်းဘူးလို့ အယူရှိတဲ့ အတွက်) ခေါင်းရိတ်ခဲ့ရမယ်ဆိုတာတွေ။
* ရဟန်းသာမဏေများ ဂိလာနဖြစ်ရင် ညစာ စားကောင်း တယ် ဆိုတာတွေ။
* ရဟန်းတော်များထံ ကပ်ပြီးခဲဘွယ်ဘောဇဉ်ကို လူတွေ မထိကိုင်ကောင်းဘူး ဆိုတာတွေ။
* ရဟန်းခံ ကိစ္စဆောင်ရွက်နေစဉ် ဒကာ ဒကာမတွေ သိမ်ထဲဝင်ပြီး မကြည့်ညိုကောင်းဘူးဆိုတဲ့ အယူအဆ တွေပါပဲ။

ဒီအယူအဆဟောင်းတွေကို ပယ်ရှားနိုင်ဖို့ အရှင်ဘုရား

ရဲ့ကျမ်းစာက တာဝန်ကျေစွာ ထမ်းဆောင်နိုင်မယ်ဆိုတာ တပည့်တော် ယုံကြည်ပါတယ်ဘုရား။

ဆက်ပြီး တပည့်တော် လျှောက်ထားလိုပါသေးတယ်။ ဘုရားရှင်ရဲ့ သာသနာတော်မှာ အာပတ်မသင့်ပေမယ့် (အကုသိုလ် ကိလေသာဖြစ်စေနိုင်တဲ့အတွက်) မပြုကျင့်ကောင်းတာတွေ အများကြီးရှိနေပါတယ်။ ဒီအကြောင်းအရာတွေကိုလည်း အရှင်ဘုရားရဲ့ ကျမ်းစာက မီးမောင်းထိုးပြထားပါတယ်။ အားရကျေနပ်စရာပါ။ (ဥပမာအားဖြင့် စာမျက်နှာ (၆၆) အမေးအဖြေ)။

အချုပ်အားဖြင့် လျှောက်ထားရလျှင် အရှင်ဘုရား စာအုပ်ဟာ သာသနာတော်ကြီး ဂုဏ်သရေရှိစွာ တည်တံ့နိုင်ရေးအတွက် အကောင်းဆုံး ကျေးဇူးပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါကြောင်း ရိုးသားစွာ ရေးသားလိုက်ပါတယ်ဘုရား။

အရှင်ဘုရားနှင့်တကွ အားလုံး
ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာနဲ့
သာသနာအကျိုး လောကအကျိုးကို
ဆက်လက်ဆောင်ရွက်နိုင်ပါစေ။

အရှင်ဣန္ဒကာဘိဝံသ
မြစကြာကျောင်းတိုက်
စစ်ကိုင်းမြို့။

## ကျေးဇူးရှင်ဆရာတော်ကြီးများ၏ ဩဝါဒစကားများ

ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့် လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်းစာမူကြမ်းကို သာသနာ့တာဝန်များပြားစွာ ထမ်းရွက်တော်မူနေရသည့်ကြားမှပင် အပင်ပန်းခံကာ စိတ်ရှည်စွာဖြင့် ဖတ်ရှုပြင်ဆင်ပေးတော်မူသည့် သက်တော်ရှည် ဝိဇ္ဇောတာရုံဆရာတော်ဘုရားကြီးမှ "ဤစာအုပ်ကို အမြန် ထုတ်ဝေသင့်ကြောင်း ဒုလ္လဘရဟန်းများသော နွေအမျိ ထုတ်နိုင်လျှင် ရဟန်းလောင်းများနှင့် ဒကာ ဒကာမများသိသင့်သည်များ ကြိုသိမည်ဖြစ်သဖြင့် ကျေးဇူးများမည်ဖြစ်ကြောင်း" ဩဝါဒပြုတော်မူပါသည်။

သက်တော်ရှည် မဟာဝိဇိတာရုံဆရာတော်ဘုရားကြီး (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ) မှ "ရွှေငွေနှင့် သက်ဆိုင်တဲ့ ရူပိယသိက္ခာပုဒ်ဆိုင်ရာ ရေးသားချက်ကို စာမူကြမ်းမှာ ဖတ်လို့အားမရကြောင်း ထပ်ပြီးချဲ့ရေးစေချင်ကြောင်း" ဩဝါဒပြုတော်မူခဲ့ပါသည်။

နဘူးကျောင်းတောရ(ရန်ကုန်ဆရာတော်) ဘဒ္ဒန္တဇာဂရိယ မထေရ်မြတ်မှ "ဦးခေမာအခုလို စာရေးနိုင်သေးတာကို အားပေးပါတယ်၊ ဝမ်းလည်းဝမ်းမြောက်ပါတယ်" ဟု ဩဝါဒ ပြုချီးမြှင့်တော်မူသည့် အပြင်စာမူနှင့်စပ်လျဉ်းပြီး အကောင်းဆုံး စာမူဖြစ်လာနိုင်ရန် အကြံဉာဏ်ကောင်းများ ချီးမြှင့်ပေးသနားတော်မူပါသည်။

မှန်တောင်ဆရာတော်ဘုရားကြီးမှလည်း သာသနာ့တာဝန်အလွန်များပြားနေသည့်ကြားကပင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ဖြင့် စာမူကြမ်းကို အချိန်ယူတိုက်ဆုံစစ်ဆေးကာ တည်းဖြတ် ပြင်ဆင်ပေးတော်မူခဲ့သည့်အပြင် အမှားအယွင်းကင်းစင်ကာ ပြေပြစ် ချောမွတ်သော စာမူဖြစ်ရန် အထူးလိုအပ်

ကြောင်း သြဝါဒပြုပေးတော်မူခဲ့ပါသည်။

ကျေးဇူးရှင် ဥပဇ္ဈာယ်ဆရာ စာရေးသူ၏ ငယ်ဆရာ ဖြစ်တော်မူသည့် ထန်းတပင်တောရ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကေဝလ အရှင်သူမြတ်မှာလည်း အချက်အလက်ပြည့်စုံ မှန်ကန်ဖို့အပြင် ကျမ်းကိုးအထောက်အထား ခိုင်မာပြီး ထေရဝါဒ သာသနာတော်အတွက် အထောက်အကူပြုနိုင်မည့် စာအုပ် ကောင်းတစ်အုပ်ဖြစ်လာစေရန် အဖက်ဖက်မှ ရှု့မြင်သုံးသပ် ဆင်ခြင်ကာ သြဝါဒပြုပေးတော်မူခဲ့ပါသည်။

တိပိဋကမဟာဂန္ထာရုံ ( ရွှေနံ့သာ ) စာချဆရာတော် ဦးဉာဏဓဇမှလည်း စာမူကြမ်းကို သုတ်သင်တည်းဖြတ် ပြင်ဆင် ပေးတော်မူသည့်အပြင် ရွှေငွေနှင့် စပ်လျဉ်းသည့် ရူပိယသိက္ခာပုဒ် အကြောင်း စာမူကြမ်း၌ ဖော်ပြထားသည်မှာ မပြည့်စုံသဖြင့် ပြည့်စုံစွာ ဖြည့်စွက်ရေးရန် ကျမ်းညွှန်များနှင့်တကွ သြဝါဒ ပြုပေးတော်မူခဲ့ပါသည်။

မှော်ဘီသာသနဝ္ဝန်ဆောင်ကျောင်းတိုက်မှ စာချ ဆရာတော် အရှင်ပညာဝံသ(ပန်းတောင်း) ဓမ္မာစရိယ၊ ဝိနယပါဠိ ပါရဂူမှလည်း စာရေးသူ အရှင်၏ရေးခဲ့သမျှ စာမူကြမ်းတို့ကို သုတ်သင်ပြင်ဆင်ပေးနေကြဖြစ်သည့်နည်းတူ လူတို့နှင့် သက်ဆိုင် သော ရဟန်းဝိနည်းများ စာမူကြမ်းကိုလည်း အစအဆုံး၊ စေ့စေ့ငငဖတ်ရှုတော်မူကာ စာအယူအဆများ၊ ကျမ်းညွှန်းများပါဝင် စာလုံး ပေါင်းသတ်ပုံထိ ပြင်ဆင်တည်းဖြတ်ကာ ပြည့်စုံခိုင်မာ တိကျသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပေါ်လာနိုင်ရန် သြဝါဒပြု ချီးမြှောက် တော်မူပါသည်။

## ဒေါက်တာစိုင်းကျော်နိုင်ဦး ( Ph.D ) ဒုဉ္ဇန်ကြားရေးမှူး၏ အမှာစာ

ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့် လူတို့နှင့် သက်ဆိုင်သော ရဟန်းဝိနည်းများ စာမူကြမ်းကို ဖတ်ရှုကြည့်မိသောအခါ မိမိဘဝတွင် မထင်မှတ်၊ မတွေးမိ၊ မသိရသော အချက်အလက်များကို သိလိုက်ရပါသည်။ အချို့ကို ကြားဖူးနားဝရှိပါသော်လည်း မသိသည်ကပို၍များပါ၏။ စာမူကြမ်း ဖတ်ရှုခွင့်ရရှိပါသဖြင့် ကျေးဇူး အထူးတင်မိပါသည်။

အချက်အလက်တိုင်းကို ကျမ်းကိုးကျမ်းကား၊ ကျမ်းမှီများဖြင့် ဖော်ပြထားသဖြင့်လည်း ထေရဝါဒဗုဒ္ဓဘာသာအား သုတေသန ပြုချင်သူများအတွက်လည်း ၎င်းကျမ်းညွှန်းများကို ဆက်လက် လေ့လာနိုင်မည်ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင် အများစုတို့သည် မိရိုးဖလာကိုးကွယ်ယုံကြည်မှုတို့နှင့် ပတ်ဝန်းကျင်ပြောဆိုမှတ်သားချက်များကို အခြေခံ၍ ယုံကြည်လာကြသည်ကများပါသည်။ ထေရဝါဒ ဗုဒ္ဓဘာသာဝင် တစ်ဦးအဖြစ် ပီပီပြင်ပြင်ခံယူမည်ဆိုပါက အရှင်ခေမာနန္ဒ၏ "ထေရဝါဒ ဗုဒ္ဓဘာသာတိုင်း သိသင့်သည့် လူတို့နှင့်သက်ဆိုင်သော ရဟန်း ဝိနည်းများ" စာအုပ်အား လေ့လာသင့်သည်ဟု ယူဆပါသည်။ ယင်းစာအုပ်ကို လေ့လာပြီးပါက ကျယ်ပြန့်၊ နက်နဲခက်ခဲသော ဝိနည်းများအတိုင်း ကျင့်ကြံကြကုန်သော ရဟန်းတော်တို့အား ပိုမို၍ ရိုသေလေးစားနိုင်မည်ဖြစ်ပြီး သံဃာ့ဂုဏ်ကိုလည်း ပိုမိုနက်ရှိုင်းစွာ နားလည် သဘောပေါက်လာပါမည်။ ရဟန်းနှင့် လူပုဂ္ဂိုလ်တို့၏ ဆက်ဆံပြောဆိုမှုများကိုလည်း ဗုဒ္ဓ၏ဝိနည်းဘောင်အတွင်းမှ ပိုမို၍သိရှိ နားလည်လာနိုင်တော့မည်ဖြစ်ပါသည်။

ဒေါက်တာစိုင်းကျော်နိုင်ဦး (Ph.D)
ဒု - ညွှန်ကြားရေးမှူး

## ဒေါက်တာထွန်းထွန်းမိုး ( Ph.D ) ဒုညွှန်ကြားရေးမှူး၏ အမှာစာ

စာအုပ်တစ်အုပ်အတွက် ပထမဆုံးအကြိမ် အမှာစာရေးရမှာဖြစ်တာက တစ်ကြောင်း၊ နက်နဲကျယ်ပြန့်လှတဲ့ ဗုဒ္ဓဘာသာဆိုင်ရာ ဗဟုသုတ မပြည့်စုံတာက တစ်ကြောင်း၊ စာပေအရေးအသား မကျွမ်းကျင်တာကတစ်ကြောင်းစတဲ့ အကြောင်းတွေကြောင့် ထိတ်လန့်ခဲ့မိသော်လည်း စာရေးသူဆရာတော်ဘုရားရဲ့ စာအုပ်ကို ဖတ်ပြီးသွားချိန်မှာတော့ ဆရာတော်ဘုရားရဲ့ လူသားတွေနှင့် ရဟန်းသံဃာတော်တွေ ထိတွေ့ဆက်ဆံရာမှာ မမှားသင့်တာတွေ မမှားရအောင်ဆိုတဲ့ စေတနာနှင့် ကြိုးစားရေးသားထားတာကို လေးစားကြည်ညိုမိတာကြောင့် မိမိလည်းကြိုးစားပြီး ဒီစာကိုရေးဖြစ်ခဲ့ပါတယ်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များဟာ ခဏတာဖြစ်စေ ရဟန်းဝတ်ကြတယ်။ တချို့ မိဘတွေက သားယောကျ်ားလေးဖြစ်လို့ အသက် ( ၂၀ ) ပြည့်ရင် ပဉ္စင်းတက်စေချင်ကြတယ်။ တချို့ ကိုယ်ကိုယ်တိုင် ရဟန်းဝတ်လိုကြတယ်။ အမြဲတမ်းမဟုတ်စေကာမူ အခါကြီး ရက်ကြီးအချိန်မှာ ဒုလ္လဘရဟန်းဖြစ်စေ ဝတ်လိုကြတယ်။

ကျွန်တော်လည်း ရဟန်းတစ်ကြိမ်ဝတ်ခဲ့ဖူးပါတယ်။ သို့သော် ထိုအချိန်ကာလက ဝိနည်းဆိုတာ မသိခဲ့ဘူးပါ။ ခဏတာလေးပဲ ရဟန်းဝတ်ခဲ့ရတဲ့အတွက် ဝိနည်းကို ကျွန်တော်လေ့လာမှုလည်း မရှိခဲ့ပါ။ တရားတစ်ပုဒ် နာကြားပြီးသည့်အချိန်မှ ခဏတာရက်ပိုင်းပဲဖြစ်ဖြစ် အမြဲတမ်းပဲဖြစ်ဖြစ် ရဟန်းဘောင်အတွင်းနေထိုင်လိုလျှင် ရဟန်းဝိနည်းတော်ကို လေ့လာလိုက်နာနိုင်မှ သာလျှင် ကျေးဇူးများတယ်လို့ နားလည်သဘောပေါက်မိပါတယ်။ အကယ်၍ ဝိနည်းကိုမသိဘဲ ရဟန်းဝတ်ခဲ့မယ်ဆိုလျှင် အာပတ်များစွာ သင့်နိုင်တာကိုလည်း သိရှိလာရပါတယ်။

ထေရဝါဒ ဗုဒ္ဓဘာသာဝင်တိုင်းရဲ့ ဘဝတာမှာသံဃာတော်များနှင့် ကင်းကွာပြီး နေထိုင်မရတဲ့အတွက် ဝိနည်းတော်ကို လေးစားလိုက်နာနေကြတဲ့ ရဟန်းသံဃာတော်များကို အနှောင့်အယှက် မဖြစ်စေရန် လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်းများကို ဗုဒ္ဓဘာသာဝင်တိုင်း လေ့လာသင့်ပါတယ်။

ဒီစာအုပ်ကို ထေရဝါဒ ဗုဒ္ဓဘာသာဝင်တိုင်း ဖတ်ရှု့လေ့လာပြီး ရဟန်းတော်များ ဝိနည်းလိုက်နာနိုင်ရန် အထောက်အကူ ရရှိစေမှာဖြစ်လို့ အမြဲတမ်း လက်ဝယ်ဆောင်ထားသင့်တဲ့ စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါတယ်။

စာရေးသူ ဆရာတော်ဘုရား၏ စေတနာကို လေးစားဂုဏ်ယူမိပါတယ်။ ဆရာတော်ဘုရား သာသနာအကျိုးကို ပို၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းရင်း ရှိခိုးဦးခိုက် ပူဇော်ပါတယ်ဘုရား။

ဒေါက်တာထွန်းထွန်းမိုး(Ph.D)
၃ - ညွန့်ကြားရေမှူး

## ဒေါက်တာအောင်ကျော်မျိုး ( Ph.D )
## လက်ထောက်ညွှန်ကြားရေးမှူး၏ အမှာစာ

♣ နေမင်းသည် နေ့အခါ၌သာ တောက်ပ၏။
♣ လမင်းသည် ညအခါ၌သာ တောက်ပ၏။
♣ ရှင်ဘုရင်သည် မင်းမြောက်တန်ဆာ ဆင်ယင်ထားမှသာ တောက်ပ၏။
♣ ရဟန္တာသည် စျာန်ဝင်စားနေမှသာ တောက်ပ၏။
♣ မြတ်စွာဘုရားရှင်သည်ကား နေ့ရောညပါ အခါခပ်သိမ်း တန်ခိုးတော်အမျိုးမျိုးဖြင့် အချိန်တိုင်း တောက်ပ၏။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များ၏ အထွဋ်အမြတ်ထားရာ ဖြစ်သော မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးမှာ "အာနန္ဒာ၊ ငါဘုရား ဟောကြားပညတ်ထားသော ဓမ္မနှင့်ဝိနယသည် ငါဘုရားပရိနိဗ္ဗာန် ပြုပြီးသည့်အခါ၌ သင်တို့၏ ဆရာ ( ဘုရား )ပင်ဖြစ်လေ၏" ဟု မိန့်တော်မူခဲ့ပါသည်။ ကုဋေကိုးထောင့်တစ်ရာရှစ်ဆယ်နှင့် ငါးသန်း သုံးသောင်း ခြောက်ထောင်ရှိသော ဝိနည်းတရားတော်များကို ဘုရား၏ သာသနာ့တာဝန် ထမ်းဆောင်မည့် ရဟန်းသံဃာများ အတွက်ထားရှိခဲ့ပါသည်။ ထိုကုဋေပေါင်းများစွာသော ဝိနည်းတော် များကို လိုက်နာ နေကြသည့် ရဟန်းသံဃာများနှင့် ထိတွေ့ဆက်ဆံ နေကြသော ဥပါသကာ၊ ဥပါသိကာမများမှာလည်း ထိုဝိနည်းတော် ဆိုင်ရာ ဗဟုသုတရှိထားမှသာလျှင် မြတ်စွာဘုရား၏ သာသနာ တော် ရောင်ဝါထွန်းလင်းပြီး ကမ္ဘာပေါ်တွင် အစွန့်ရှည်ကြာ တည်တံ့နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓသာသနာတော်ရောင်ဝါကို မိမိကြောင့် မငြိုးနွမ်းရအောင် ဘုရားဟော ဝိနည်းဒေသနာတော်များကို လေ့လာရ မည်ဖြစ်ပါသည်။ ဘုရားဟောဝိနည်းနှင့်အညီ နေထိုင် ပြုကျင့်တော်မူကြသည့် ရဟန်းသံဃာတော်များနှင့် ဥပါသကာ ကောင်း၊ ဥပါသိကာမကောင်းများ ဖြစ်လာအောင် ဤစာအုပ်သည် တစ်ထောင့် တစ်နေရာမှ အကျိုးကျေးဇူးကြီးမားစွာ ပါဝင်ပါသည်။

ဒေါက်တာအောင်ကျော်မျိုး (Ph.D)
လ/ထ ညွှန်ကြားရေးမှူး

## နိဒါန်း

ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု။
ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ။*၁

ဝိနည်းပိဋကတ်တော်ဟာ သာသနာတော်ရဲ့ အသက်ဖြစ်ပါတယ်။ ဒါကြောင့်ဝိနည်း ပိဋကတ်တော်ကြီး သံဃာတော်များရဲ့ နှလုံးသားမှာ တည်မှသာလျှင် သာသနာတော် မကွယ်ပျောက်ဘဲ ခိုင်မြဲတည်တံ့နေမယ်လို့ ရှေးရှေးအဋ္ဌကထာဆရာတော်ကြီးများက မိန့်တော်မူပါတယ်။

ရဟန်းသံဃာတော်များရဲ့ သန္တာန်မှာ သာသနာ့အသက်ဝိနည်းတည်ဖို့အတွက် အိမ်ရာထူထောင်ပြီးနေတဲ့ ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်းမှာလည်း တာဝန်ရှိနေပါတယ်။ အဲဒီတာဝန်တွေက ဘာတာဝန်ပါလဲ အဲဒီတာဝန်ကို ဘယ်လိုထမ်းရွက်ရပါမလဲစတဲ့ မေးခွန်းတွေကို ဒီစာအုပ်ကဖြေဆိုမှာ ဖြစ်ပါတယ်။ ဒါကြောင့်ဒီစာအုပ်ကို ဖတ်ရှုမိတဲ့ ဗုဒ္ဓဘာသာဝင် ဥပါသကာ တစ်ဦးအနေနှင့်ဝိနည်းသာသနာတော်တည်ဖို့အတွက် မိမိ ဘယ်ကဏ္ဍမှာ ပါဝင်ပြီးဆောင်ရွက်သင့်တယ်ဆိုတာကို သိရှိလာမှာ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ရှည်ကြာကာလ ဝိနည်းသာသနာတော် တည်တံ့ဖို့ ဆောင်ရွက်နေတဲ့ ဗုဒ္ဓဘာသာဝင် ဥပါသကာတစ်ဦးရဲ့ ဆောင်ရွက်မှုတွေဟာ သာသနာပြုနေတာပဲ ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံခါနီးမှာ ငါဘုရားမရှိတော့တဲ့ နောက်ပိုင်းမှာ အားမငယ်ကြပါနဲ့။ (ဓမ္မ၊ ဝိနယ) တရားတော်နှင့် ဝိနည်းတော်တွေဟာ သင်တို့ရဲ့ ဆရာပါပဲလို့ မဟာပရိနိဗ္ဗာနသုတ်မှာ ခုလိုပါရှိပါတယ်။ 'အာနန္ဒာ ဆရာဘုရားမှ ကင်းကွာခဲ့လေပြီ။ ငါတို့၏ ဆရာ (ဘုရား)သည်မရှိတော့ပြီဟု သင်တို့အား ဤသို့သောထင်မှတ် ခြင်းဖြစ်သော်လည်း ဖြစ်ရာ၏။ အာနန္ဒာ ဤအရာ

---

*၁- ပဉ္စမမဟာသင်္ဂီတိကထာ၊ နိဒါနကထာ၊ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ (နှာ-၁၂)
ပဉ္စမမဟာသင်္ဂီတိကထာ၊ ဗာဟိရနိဒါနကထာ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ(နှာ-၁၀)။

ကို ဤသို့ မထင်မှတ်အပ်။ အာနန္ဒာ ငါဘုရား ဟောကြား ပညတ်ထားသော (ဓမ္မနှင့်ဝိနယ) တရားတော်နှင့် ဝိနည်းတော်သည် ငါပရိနိဗ္ဗာန်စံပြီးသောအခါ၌ သင်တို့၏ဆရာ (ဘုရား)ပင် ဖြစ်လေ၏’ လို့ မြတ်စွာဘုရားရှင်မှ မိန့်တော်မူပါတယ်။*၁

မြတ်စွာဘုရားဟောတော်မူခဲ့တဲ့ တရားတော်တွေဟာ အတိုင်းမသိ ကျယ်ပြန့်တယ်၊ အတိုင်းမသိ နက်နဲတယ်၊ အတိုင်းမသိခက်ခဲတယ်၊ အတိုင်းမသိ သိမ်မွေ့တယ်။ အဲဒီလို ကျယ်ပြန့်၊ နက်နဲ၊ ခက်ခဲ၊ သိမ်မွေ့လှတဲ့ တရားတော်များကို အိမ်ရာ ထူထောင်နေကြတဲ့ လူသားများအနေနဲ့ လေ့လာဖို့အချိန်တွေ ရှားပါးကြတယ်။ အခွင့်အရေးတွေလည်း နည်းပါးကြတယ်။ အထူးသဖြင့် ကုဋေ ကိုးထောင်တစ်ရာရှစ်ဆယ်နှင့် ငါးသိန်း သုံးသောင်းခြောက်ထောင်ရှိတဲ့ ဝိနည်းတော်ကို ရဟန်းတော်များကပင် အချိန်ကာလများစွာ ယူပြီး ဂရုတစိုက် လေ့လာဆည်းပူး မှတ်သားရပါတယ်။ ဒါကြောင့် ဒါလောက်နက်နဲ၊ ခက်ခဲ၊ သိမ်မွေ့တဲ့ ဝိနည်းတော်များကို ကိစ္စများမြောင်လူတို့ဘောင်မှာနေကြတဲ့ ဗုဒ္ဓဘာသာဝင်တွေ သိဖို့ဆိုတာက လွယ်လွယ်ကူကူ မဖြစ်နိုင်ကောင်းပါဘူး။

သို့သော် ဗုဒ္ဓဘာသာဝင်များအဖို့ မွေးဖွားတဲ့အချိန်ကစလို့ ကွယ်လွန်တဲ့အချိန်အထိ သံဃာတော်များနှင့် ကင်းကွာပြီးတော့နေလို့မရပါဘူး။ အိမ်ရာမထူထောင်ကြတဲ့ ရဟန်းတော်များဟာ အိမ်ရာထူထောင်ကြတဲ့ လူများကို အမှီသဟဲပြုပြီးတော့မှ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး အထောက်ပံ့တွေ ရပြီးသူတော်ကောင်းတရားကို ကျင့်ကြံအားထုတ်ကြရသလို အိမ်ရာထူထောင်နေကြတဲ့လူတို့ကလည်း အိမ်ရာမထူထောင်ကြတဲ့ ရဟန်းသံဃာတော်များကို အမှီသဟဲပြုပြီး သာသနာရဲ့ အဆုံးအမများကို ရကြပါတယ်။ ဒါနပြုခွင့်ရကြပါတယ်။ သီလဆောက်တည်ခွင့်ရကြပါတယ်။ သမထဝိပဿနာတရားများကို

*၁-တထာဂတပစ္ဆိမဝါစာ၊ မဟာပရိနိဗ္ဗာနသုတ္တ၊ မဟာဝဂ္ဂပါဠိ (နှာ-၁၂၆-၁၂၇)

ကျင့်ကြံအားထုတ်ခွင့် ရကြပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်မှာ အခုလိုပဲ ဆရာဒကာ အချင်းချင်း အမှီသဟဲပြုကာ မိမိတို့ဆိုင်ရာဆိုင်ရာ အကျိုးစီးပွားတွေကို ရွက်ဆောင်သယ်ပိုးကြရပါတယ်ဆိုတာ ဣတိဝုတ္တကပါဠိတော်မှာလာရှိပါတယ်။

သာဂါရာ အနဂါရာ စ၊ ဥဘော အညောညနိဿိတာ။

အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမံ အနုတ္တရံ။[*၁]

ဒါကြောင့်လူတို့နှင့်သက်ဆိုင်တဲ့ ရဟန်းဝိနည်း အနည်းငယ်မျှကိုဖြစ်စေ လူတိုင်းသိရင်ကောင်းမှာပဲ၊ ဒါမှသာလျှင် သံဃာတော်များ ဝိနည်းအာပတ်ကင်းကင်းရှင်းရှင်းနှင့် ဝိပဿနာဓုရ၊ ဂန္ထဓုရ တာဝန်နှစ်ဖြာကို ချမ်းချမ်းသာသာ ထမ်းရွက်နိုင်မှာပဲလို့ စိတ်ကူးဖြစ် မိပါတယ်။ ဒါပေမယ့် စိတ်ကူးပုံဖော်ဖို့ တွန်းအားတစ်ခုခု လိုအပ်နေချိန်မှာပဲ ရန်ကုန်တိုင်း၊ မှော်ဘီမြို့၊ သာသနာ့ဝန်ဆောင် ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ စန္ဒသိရီမှ လူသားတို့နှင့်သက်ဆိုင်တဲ့ ရဟန်းဝိနည်းကို မြန်မာစာတတ်ရုံနဲ့ နားလည်နိုင်အောင်ရေးသားမယ်ဆိုရင် သာသနာတော်ကိုမြတ်နိုးတဲ့ ဗုဒ္ဓဘာသာဝင်များအတွက် ကျေးဇူးများမယ်”လို့ မိန့်တော်မူခိုက် ရုတ်တရက် ဘာမျှပြန်လည် ဖြေကြားလျှောက်ထားနိုင်ခြင်း မရှိခဲ့ပါသော်လည်း ရင်ဝယ်လေးနက်တဲ့ ဩဝါဒပမာ ခံယူမိပြီး ရန်ကင်းတောင်ကို ပြန်ခဲ့ပါတယ်။

အကောင်အထည်ဖော်နိုင်ဖို့အတွက် ကျမ်းကိုးကျမ်းကားအထောက်အထားများအပါအဝင် နက်နဲတဲ့ဘာသာရပ်ကို လူတိုင်းနားလည်မည့် စာရေးသားပုံနည်းဟန်စနစ်တွေကို ပြင်ဆင်ရင်းကျန်းမာရေး အခြေအနေကိုပြုပြင်ရင်း၊ မိုးမှဆောင်းကူးခါ ဆောင်းမှ နွေကူးလာခဲ့ပြန်ပါတယ်။

ယခုနှစ် နွေရာသီကျောင်းပိတ်ရက်မှာတော့ ဆရာ၊ ဆရာမ၊ ကျောင်းသား ၊ ကျောင်းသူအပါအဝင် ဥပါသကာတို့ကို

---

*၁-ဗဟုကာရသုတ္တ၊ စတုက္ကနိပါတ၊ ဣတိဝုတ္တကပါဠိ (နှာ-၂၇၀)

ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့် "လူတို့နှင့်သက်ဆိုင်သော ရဟန်း ဝိနည်းများ" ဆိုတဲ့ ဘာသာရပ်ကို ပို့ချရာမှ သင်တန်းရဲ့ သင်ကြားပို့ချချက်တွေကပဲ စာဖတ်သူရှေ့မှောက် စာအုပ်အဖြစ် ယခုရောက်ရှိ လာပါတယ်။ ပါဠိစာပေတတ်ကျွမ်းတော်မူကြတဲ့ ရဟန်းပညာရှိများအတွက်မူ ဓမ္မဂမ္ဘီရ၊ အတ္ထဂမ္ဘီရဖြစ်တဲ့ ပါဠိတော်ကို ရှေးရှေးဆရာတော်ကြီးများက ဝိနည်းအဋ္ဌကထာကျမ်း၊ ဝိနည်းနိဿယကျမ်း၊ ဝိနည်းဋီကာကျမ်း၊ ဝိနည်းဂဏ္ဌိကျမ်းစတဲ့ ကျမ်းတွေနဲ့ဆင့်ကာ ဆင့်ကာ ဖွင့်ဆိုရေးသားခဲ့ကြတာရှိပြီး ဖြစ်ပါတယ်။

သို့သော် အဲဒီအဖွင့်ကျမ်းမှာက ပါဠိတော်နဲ့ရေးသားထားတဲ့အတွက်ကြောင့် ပါဠိဘာသာနဲ့ အလှမ်းဝေးကြတဲ့ ဗုဒ္ဓဘာသာဝင်များအဖို့ သိရှိနားလည်ဖို့ရာ အလွန်ပဲဝေးကွာလျှက် ရှိခဲ့ပါတယ်။ ဒါကြောင့် သိနားလည်ဖို့ခက်ခဲတဲ့ ဝိနည်းတရားတော်တွေကို ထေရဝါဒဗုဒ္ဓဘာသာဝင်ကောင်းတိုင်း သိရှိနားလည်ပြီး သာသနာ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပြီး မြန်မာစာတတ်ရုံနဲ့ နားလည်နိုင်တဲ့အရေးအသားနဲ့ လူတို့နဲ့သက်ဆိုင်တဲ့ ရဟန်းဝိနည်း တစ်စိတ်တစ်ဒေသကိုသာ နက်နဲလှတဲ့ ဝိနယ ပိဋကကျမ်းများမှ ထုတ်နုတ်ပြီး ဗဟုသုတမိတ်ဆက်အဖြစ် ရေးသားထားခြင်းမျှသာ ဖြစ်ပါတယ်။

ပညာရှင်များအမြင်မှာ ဖော်ပြပုံချို့ယွင်းမှု၊ တင်ပြပုံမပြေပြစ်မှု၊ အချက်အလက်မပြည့်စုံမှု တစ်စုံတစ်ရာတွေ့ရှိပါက ကရုဏာရှေ့ထား သွန်သင်ညွှန်ကြားပြသပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်

၁၂.၅.၂၀၀၈

MA ကျောင်းသားမောင်သီဟကျော် ရဟန်းဖြစ်လာခဲ့သည်မှာ နှစ်လခန့်ရှိပြီး ဖြစ်ပါသည်။ သူသည် ရဟန်းဝတ်ဖြင့် တစ်သက်လုံး နေနိုင် မနေနိုင်ကို စမ်းသပ်၍ ဝတ်ကြည့်နေခြင်း ဖြစ်ကြောင်း ဖခင်ဖြစ်သူ Dr.အောင်သူက လျှောက်ထားပါသည်။ တက္ကသိုလ်ကျောင်းသား လူငယ်တစ်ဦးအနေဖြင့် များပြားလှစွာသော ရဟန်း၏ သီလသိက္ခာများကို စောင့်ထိန်းနိုင်ခြင်း ရှိ-မရှိ လက်တွေ့ ရဟန်းဝတ်၍ စမ်းသပ်လိုခြင်း ဖြစ်ပေလိမ့်မည်။

သို့သော် လွန်ခဲ့သော သုံးရက်ခန့် ဆွမ်းခံအပြန်လမ်းတွင်မှ သူ၏မယ်တော်ကြီးက ဘွဲ့နှင်းသဘင်အခမ်းအနားကို ကိုယ်တိုင်တက်ရောက်ကာ ဘွဲ့ယူရန်အတွက် လျှောက်ထားလာကြောင်း သိရပါသည်။ သူသည် မယ်တော်ကြီး၏ဆန္ဒကိုလိုက်လျော၍ လူဝတ်လဲလိုခြင်းကား မရှိပေ။ ထို့ကြောင့် ဆွမ်းခံသွားရာတွင် သူ၏မယ်တော်၊ ခမည်းတော်များ၏ လမ်းကိုမကွဲဘဲ ထိုလမ်းမှ သုံးလမ်းကျော်ကို ဆွမ်းခံကြွလေ့ရှိပါသည်။ ယမန်နေ့ မနက်ဆွမ်းခံအပြန်တွင် မယ်တော်ကြီးက လမ်းထိပ်တစ်နေရာမှ စောင့်၍ နေရာထိုင်ခင်း လျှုဒါန်းပြီး အင်္ကျီပုဆိုးများ ဘယ်နေ့ ယူလာရမည်ကို မေးမြန်းလျှောက်ထားခဲ့ကြောင်းသိရပါသည်။

သူသည်ရဟန်းသိက္ခာဖြင့် ဆက်လက်၍ နေဖြစ်မည် (ဝါ)ခမည်းတော် Dr.အောင်သူ၏ ဆန္ဒမပါသော်လည်း မယ်တော်၏ဆန္ဒအရ ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ရန် လူဝတ်လဲမည်ကို ကြိုတင်ပြောမရသေးပါ။ ဦးဇင်း MA သည် ဆွမ်းခံပြန်ရောက်ပြီး ခြေထောက်ရေဆေးကာ ဆွမ်းသပိတ်ကို ဘုရား လှူဒါန်းပြီးနောက် သင်္ကန်းလက်ကတော့ထိုး၍ မိမိရှေ့သို့ ရောက်ရှိ လာပါသည်။

မှတ်ချက် ။ ။ MA ကျောင်းသား မောင်သီဟကျော်မှ ရဟန်းဖြစ်လာသောကြောင့် ရဟန်း၏ဘွဲ့အမည်ကို ရေးသားဖော်ပြနေလျှင် စာဖတ်ရာ၌ မှတ်မိရန် အခက်အခဲဖြစ်မည်ကို စိုးရိမ်သဖြင့် ရင်းနှီးနေပြီး ဖြစ်သည့် ဦးဇင်း MA ဟူသော အမည်ကိုပင် သုံးနှုန်းထားပါသည်။

## ၁။ လူဝတ်လဲပြီးမှ ပါရာဇိကကျတယ်ဆိုတာ ဖြစ်တတ်ပါသလား

ဦးဇင်း MA ။ ။ မယ်တော်ကြီးက ဘွဲ့နှင်းသဘင် အခမ်းအနား တက်ဖို့အတွက် ခဏခဏ လျှောက်လာတယ်ဘုရား။ ဘွဲ့နှင်းသဘင်အခမ်းအနားပြီးလို့ရှိရင် ပြန်ဝတ်လိုက ဝတ်ပါလို့လည်း လျှောက်ထားပြန်တယ်။ အဲဒါ သိက္ခာချရတယ်ဆိုတာ ဘယ်လိုပါလဲဘုရား။

ဦးဇင်း ။ ။ ရဟန်းဆိုတာ အကျဉ်း ၂၂၇ သွယ်၊ အကျယ်ကုဋေကိုးထောင်ကျော် သိက္ခာများကို သိမ်မှာတုန်းက ဥပဇ္ဈာယ်ဆရာတို့က ကမ္မဝါစာနဲ့ တင်ထားပေးခဲ့ပြီ။ 'အဲဒီ သိက္ခာပုဒ်တွေကို ဘုရားတပည့်တော် မကျင့်နိုင်တော့ပါဘူးဘုရား' လို့ ပြောတာဟာ သိက္ခာချတာပါပဲ။

ဦးဇင်း MA ။ ။ တပည့်တော်ကျင့်ချင်သေးတယ်ဘုရား။

ဦးဇင်း ။ ။ အင်း . . ကျင့်ချင်သေးတယ်ဆိုရင်တော့ သိက္ခာမကျဘူး၊ အဲဒါ အထူးသတိထားဖို့လိုပါတယ်။

ဦးဇင်း MA ။ ။ တပည့်တော်သိက္ခာချတာကို နားမလည်သေးပါဘူးဘုရား။

ဦးဇင်း ။ ။ ကောင်းပြီ၊ ဒါဆိုနားထောင်ကြည့်ပါ ဦးဇင်း။ ရဟန်းသိက္ခာတင်တယ် (ဝါ) ရဟန်းဖြစ်တယ်ဆိုတဲ့နေရာမှာ အချက် (၅) ချက်ပြည့်စုံရပါမယ်။

ဦးဇင်း MA ။ ။ အဲဒီအချက် ( ၅ ) ချက်ပြည့်စုံလို့ ဘုရားတပည့်တော်ရဟန်းဖြစ်နေတာပေါ့နော်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ် ဦးဇင်း။ အဲဒီအချက် (၅) ချက်က ၁-ရဟန်းလောင်းက လူသား ယောကျ်ားစစ်စစ်ဖြစ်ရမယ်။ ယောကျ်ားလျာ၊ မိန်းမလျာတွေ မဖြစ်ရဘူးပေါ့။

၂-နောက်တစ်ခုက အင်္ဂါပြည့်စုံပြီး သန့်ရှင်းစင်ကြယ်တဲ့ သိမ်ဖြစ်ရမယ်။ ၃-သီလစင်ကြယ်တဲ့ ရဟန်းကောင်း

အနည်းဆုံး ငါးပါးရှိရမယ်။ ၄-ဥတ်ဖတ်တဲ့အခါမှာ ဌာန်ကရိုဏ်း တိကျမှန်ကန် ရမယ်။ ၅-ကမ္မဝါစာသုံးကြိမ် မှန်ကန်စွာဖတ်ရမယ်။ အဲဒါဆိုလို့ရှိရင် ရဟန်းဖြစ်ပြီ။*၁

ရဟန်းဖြစ်ပြီးသား ပုဂ္ဂိုလ်တစ်ဦးကို သိက္ခာချတဲ့အခါ ကျတော့ အင်္ဂါ (၆)ချက် ပြည့်စုံရပါမယ်။ (၁)စိတ်၊ (၂)ခေတ်၊ (၃)ကာလ၊ (၄)ပယောဂ၊ (၅)ပုဂ္ဂလ၊ (၆) ဝိဇာနန*၂ တဲ့ ဦးဇင်း။

ဦးဇင်း MA ။ ။ တပည့်တော် အကျဉ်းကို နားမလည်သေးပါဘူး ဘုရား။ ဒါကဘုရားတပည့်တော်အတွက် အရေးကြီးလို့ အကျယ်ကို အမိန့်ရှိပေးပါဘုရား။

ဦးဇင်း ။ ။ သိက္ခာတင်ပဉ္စင်္ဂ၊ သိက္ခာချဆဋ္ဌင်္ဂါတဲ့။

(၁) သိက္ခာချလိုတဲ့စိတ်ရှိရမယ်။

(၂) သိက္ခာချ စကားလုံးမှန်ကန်ရမယ်။

(၃) ပစ္စုပ္ပန်ကာလမှာ ပြောဆိုရမယ်။

(၄) နှုတ်နဲ့ပီသစွာပြောပြီး သိက္ခာချရမယ်။ ဆိုလိုတာက လက်ဟန်ပြတာတွေ စာနဲ့ရေးပြပြီးတော့ သိက္ခာချတာတွေက သိက္ခာမကျဘူး။

(၅) သိက္ခာချပေးသူဟာ လူသားစစ်စစ် ဖြစ်ရပါမယ်။ နောက်ဆုံးတစ်ချက်က -

(၆) နားထောင်တဲ့သူ ချက်ချင်း နားလည်ရမယ်။ အဲဒီ အချက်တွေပြည့်စုံမှ သိက္ခာကျတယ်။*၂

ဦးဇင်း MA ။ ။ အဲဒီလို ပြည့်ပြည့်စုံစုံ သိက္ခာမချဘဲနဲ့ အကျီပုဆိုး ဝတ်ပြီး အိမ်ပြန်မိရင်ကောဘုရား။

ဦးဇင်း ။ ။ အင်း . အဲဒါဟာ ဒီခေတ်မှာ အလွန်ပဲ ပြဿနာ များတယ် ဦးဇင်း။

---

*၁-မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိ။ ( နှာ-၁၁၉ - ၁၂၆ )
ပဒဘာဇနီယဝဏ္ဏနာ၊ ပဌမပါရာဇိက၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ။ ( နှာ - ၂၀၈ )
ဉုနဝီသတိဝဿသိက္ခာပဒ၊ သုဒ္ဓပါစိတ်၊ ပါတိမောက်ဘာသာဋီကာ။ ( နှာ - ၃၂၄ )
*၂-သန္ထတဘာဏဝါရ၊ ပဌမပါရာဇိက၊ ပါရာဇိကပါဠိ။ ( နှာ - ၂၉ - ၃၄ )
ပထမပါရာဇိကအခန်း၊ ပါတိမောက်သာသာဋီကာ၊ ( နှာ - ၃၈ )

ဦးဇင်း MA ။ ။ ဒီခေတ်မှာမှ ဘာဖြစ်လို့ အဲဒီလိုပြဿနာများရတာလဲဘုရား။

ဦးဇင်း ။ ။ အင်း ဒီခေတ်မှာက သဒ္ဓါတရားရှိတဲ့လူများစွာက ဒုလ္လဘရဟန်းတွေ ဝတ်ကြတယ်လေ။ တချို့က ဇနီးမယား တန်းလန်းရှိထားတော့ လူထွက်ကြတယ်။ အိမ်ပြန်ချင်ဇောကြီးနေကြတော့ ဆရာသမားတွေက သိက္ခာချတဲ့ အခါမှာ ကျကျနန ချမပေးလိုက်မိဘဲနဲ့ အကျႌ၊ ပုဆိုးဝတ်လိုက်ရင် သိက္ခာမကျဘဲနဲ့ အိမ်ရောက်တယ်။ ဇနီးမယားနဲ့ နေလိုက်တော့ ပါရာဇိကကျပါရောဘုရား။

ဦးဇင်း MA ။ ။ လူဝတ်လဲထားပြီး ပုဆိုးဝတ်တာလည်း ပါရာဇိကကျနိုင်ပါသလား ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်၊ ပုဆိုးပဲ လဲရသေးတယ်လေ။ ခုနကအင်္ဂါ (၆) ပါးနဲ့ မညီညွတ်သေးဘူး၊ ဒါကြောင့် သိက္ခာမကျဘဲနဲ့ ပါရာဇိကကျသွားရင် နောက်နောင် ဒုလ္လဘရဟန်းလည်း မပြုကောင်းတော့ဘူး၊ ရဟန်းလည်း မဖြစ်တော့ဘူး၊ သာမဏေ ဖိုးသူတော်ပဲ ဖြစ်ကောင်းတော့တယ်ဘုရား။

ဦးဇင်းMA ။ ။ ဟာ တော်တော်ဝန်လေးတဲ့ကိစ္စပါလားဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်၊ တာဝန်တော့်တော့ကိုလေးတာ။ ဒါကြောင့် သိက္ခာချတဲ့အခါမှာ သက်န်းမလဲသေးပဲနဲ့ "တပည့်တော်ကို သာမဏေလို့မှတ်ပါဘုရား"၊ "တပည့်တော်ကိုသာမဏေလို့ မှတ်ပါဘုရား" လို့ လျှောက်ထားသင့်တယ်။ နားထောင်သူကလည်း 'သာမဏေလို့မှတ်ပါပြီ' ဆိုမှ သိက္ခာကျတာ။ ဒါပေမယ့် ကျေးဇူးတော်ရှင် တောင်မြို့ဆရာတော် ဘုရားကြီးက ဒီထက်သေချာအောင်လို့ လူဝတ်လဲခိုင်းပြီးနောက် "ဘုရားတပည့်တော်ကို လူဝတ်ကြောင်လို့ မှတ်ယူတော်မူပါဘုရား၊ ဘုရားတပည့်တော်ကို ဥပါသကာလို့ မှတ်ယူပေးတော်မူပါဘုရား" လို့ ထပ်ပြီးတော့ လျှောက်ထားပြီးမှ အိမ်ပြန်တာကောင်းတယ်လို့

မိန့်တော်မူပါတယ်။*၁

ဦးဇင်း MA ။ ။ အလွန်ပဲမှတ်သားစရာ ကောင်းတာပါလား ဘုရား။ ဒါကို သေသေချာချာမသိလို့ရှိရင်ရဟန်း ဝတ်နဲ့မဟုတ်ဘဲ လူဝတ်နဲ့လည်း ပါရာဇိကကျနိုင်တာပေါ့ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်၊ အဲဒါသိဖို့ အလွန်အရေးကြီးတယ် ဦးဇင်း။

## ၂။ ရဟန်းသံဃာကို မာတုဂါမကထိရင် (ဝါ) ကိုင်ရင် (ဝါ) တို့ရင် ဘယ်လို အာပတ်သင့်နိုင်ပါသလဲ။

ဦးဇင်း MA ။ ။ မနေ့ကဆွမ်းခံလမ်းမှာ နေရာထိုင်ခင်းလှူရင်းနဲ့ မယ်တော်ကြီးက တပည့်တော်ရဲ့ ခြေထောက် ရွံ့ပေနေတာကို ကြည့်နေတယ်။ သူ့လက်နဲ့ ရွံ့တွေ ခါပေးပြီးတော့ သူ့ပုခုံးပေါ်က တဘက်နဲ့ သုတ်မှာထင်တယ်ဘုရား။ တပည့်တော်က အာပတ်သင့်မှာစိုးလို့ နောက်ဆုတ်လိုက်တယ်။ ဒါမျိုးလဲအာ ပတ်သင့်တယ်လို့ ကြားဖူးထားတာ ဇဝေဇဝါ ဖြစ်နေပြန်ပါတယ် ဘုရား။

ဦးဇင်း ။ ။ အင်း ဝိနည်းက ကိုယ်တွေ့ကြုံလေ မှတ်မိလေပဲ ဘုရား။ ဒီကိစ္စကို စာမှာတော့ ကြ္တတ္ထိသညာတဲ့။ မိန်းမဆိုတဲ့ အမှတ်သညာရှိရင် အာပတ်သင့်ဖို့ အလားအလာ ရှိတာပေါ့။ ဒါပေမယ့် မတော်တဆ ထိမိရင်တော့ အာပတ်မသင့် ပါဘူး။ နောက်တစ်ချက် သိရမှာက ကာယသံသဂ္ဂရာဂ ရှိရမယ်တဲ့၊ ကာယသံသဂ္ဂရာဂဆိုတာကတော့ ကိုင်တာ၊ ဆွဲတာ၊ ဆိတ်တာ၊ တို့တာ၊ နမ်းတာစတဲ့ လောက လူသားတွေရဲ့ အပြုအမူတွေ အကုန် လုံးအကျုံးဝင်တယ်။*၂

---

*၁-ပါရာဇိကနိဒ္ဒေသ၊ ခုဒ္ဒသိက္ခာဘာသာဋီကာ။ ( နှာ - ၁၁ )

*၂- ပဒဘာဇနီယ၊ ကာယသံသဂ္ဂသိက္ခာပဒ၊ သံဃာဒိသေသကဏ္ဍ၊ ပါရာဇိကပါဠိ။ (နှာ-၁၇၄)

ဦးဇင်းMA ॥ ॥ ဒါဆိုလို့ရှိရင် မာတုဂါမကို ဘုန်းကြီးက ထိရင်၊ ကိုင်ရင်၊ တို့ရင်၊ ဆိတ်ရင် အာပတ်သင့်နိုင်တာ ပေါ့နော်ဘုရား။

ဦးဇင်း ॥ ॥ မှန်ပါတယ်။ ဒီနေရာမှာ အင်္ဂါ(၅)ပါး ပြည့်စုံဖို့ လိုပြန်ပါတယ်။

ဦးဇင်းMA ॥ ॥ အဲဒီအင်္ဂါ (၅)ပါး ပြည်စုံရင်ဘာအာပတ်သင့် မှာလဲဘုရား။

ဦးဇင်း ॥ ॥ အဲဒီ အင်္ဂါ (၅) ပါးပြည့်စုံရင် သံဃာဒိသိသ် အာပတ်သင့်နိုင်တယ်။

ဦးဇင်းMA ॥ ॥ ဟာ ဒါဆိုရင် အရေးကြီးတာပါလားဘုရား။ တပည့်တော် ပြည့်ပြည့်စုံစုံသိပါရစေဘုရား။

ဦးဇင်း ॥ ॥ အဲဒီအင်္ဂါ ( ၅ ) ပါးကတော့-၁-မနုဿိတ္ထိ (လူ မိန်းမဖြစ်ခြင်း) ၂-ဣတ္ထိသညီ (လူမိန်းမ ဖြစ်မှန်း သိခြင်း) ၃-ကာယသံသဂ္ဂရာဂေါ (ကိုင်တာ၊ ဆွဲတာ၊ ထိတာ၊ နမ်းတာ၊ ကိုယ်လက်နှီးနှောတာ၊ လောကအပြုအမူအားလုံး၌ သာယာသော ရာဂရှိခြင်း) ၄-တေန ရာဂေန ဝါယောမော (ထိုရာဂဖြင့် ထိမိအောင် လုံ့လပြုခြင်း) နှင့် ၅-ဟတ္ထဂ္ဂါဟာဒိသမာပဇ္ဇနံ (လက်စသည်တို့ကို ကိုင်ခြင်း) လို့ စာမှာပြပါတယ် ဦးဇင်း။ *၁

ဦးဇင်းMA ॥ ॥ ဒါဆိုလို့ရှိရင် ကာယသံသဂ္ဂရာဂ မရှိဘဲ ထိတာ ဆိုရင်ကောဘုရား။

ဦးဇင်း ॥ ॥ အင်း. . ဒီကိစ္စမှာတော့ မိခင်ကို မိခင်အချစ်နဲ့ သွားပြီး ကိုင်တာထိတာမျိုးကတော့ သံဃာ့ ဒိသိသ်အာပတ် မသင့်ပါဘူး။ ဒါပေမယ့် မသုံးသပ်ကောင်း၊ မကိုင်ကောင်းတဲ့ဝတ္ထုကို ကိုင်တွယ်သုံးသပ်တဲ့အတွက် ဒုက္ကဋ်အာပတ်တော့သင့်တယ်။*၂

ဦးဇင်းMA ॥ ॥ ဒါဆို မာတုဂါမကပဲ ရဟန်းကို အတင်းထိရင်

*၁-ကာယသံသဂ္ဂသိက္ခာပဒဝဏ္ဏနာ၊ သံဃာဒိသေသကဏ္ဍ၊ ကင်္ခါဝိတရဏီအဋ္ဌကထာ (နှာ-၁၂၉)

*၂-ဝိနီတဝတ္ထု၊ ကာယသံသဂ္ဂသိက္ခာပဒ၊ သံဃာဒိသေသကဏ္ဍ၊ ပါရာဇိကပါဠိ။ (နှာ-၁၈၄)

ကိုင်ရင် ဘယ်လိုလုပ်ရပါ့မလဲ ဘုရား?။

ဦးဇင်း ॥ ॥ ဒါကို မသာယာရဘူး။ သာယာရင်လည်းပဲ မလှုပ်မယှက် ငြိမ်ငြိမ်သက်သက်နေလို့ရှိရင် အာပတ်မသင့်ဘူး။ အဲဒီလို မှတ်သားရမယ်။*၁

ဦးဇင်း MA ॥ ॥ မှန်ပါဘုရား။ တစ်ခါတလေ ဆရာတော်ဘုရားကြီးများကို ဒကာမတွေက ကြည်ညိုပြီး ခြေသလုံးကိုထိပြီး ကန်တော့တာ တွေ့ဖူးတယ်ဘုရား။

ဦးဇင်း ॥ ॥ အဲဒါ တာဝန်လေးတဲ့ကိစ္စဘဲ၊ စာမှာက ဝန္ဒနဝတ္ထုသ္မိံ ဣတ္ထိ ပါဒေ အနာပတ္တိ*၂ ဒါယိကာမတွေက ရဟန်းရဲ့ ခြေကို ဆုပ်ကိုင်ရှိခိုးလာရင် တားမြစ်ရမယ်။ ခြေကိုသော်လည်း သက်န်းနှင့်ဖုံးထားရမယ်၊ ဆုပ်ကိုင်ထိတွေ့ ရှိခိုးနေရင် မလှုပ်မရှား၊ မတုန်မလှုပ်သော်လည်း နေရမယ်တဲ့။ ဒါကို မာတုဂါမတွေက နားမလည်ကြလို့ပါ။ အဲဒီလိုမပြုတာ ပိုကောင်းပါတယ်။ ဘာကြောင့်လဲဆိုရင် သံဃာတော်တွေမှာကြီးလေးတဲ့ အာပတ်သင့်ဖို့ နီးစွာသောအကြောင်း ဖြစ်နေလို့ပါပဲ။

ဦးဇင်းMA ॥ ॥ မာတုဂါမတွေမှာ ကုသိုလ်မရလို့လားဘုရား။

ဦးဇင်း ॥ ॥ မာတုဂါမမှာ ကုသိုလ်တော့ရသင့်သလောက်ရပါတယ်။ ဒါပေမယ့် ဆရာတော် သံဃာတော်များမှာ တာဝန်လေးလှတယ် သာယာတဲ့စိတ်နဲ့ လှုပ်ရှားမိရင် အာပတ်သင့်နိုင်တယ်။ ဒါကြောင့် ဒါယိကာမများဘက်က ဆင်ခြင်သင့်တယ်။ ကာယသံသဂ္ဂ သာဓကေ တစ်ခုကို ပြောပြပါဦးမယ်။

ဦးဇင်းMA ॥ ॥ သာဓကေနဲ့ဆိုရင် ဝိနည်းကပိုပြီး မှတ်မိပါတယ်ဘုရား။ နို့မဟုတ်ရင်တော့ လွန်ကျူးပြီးတော့မှပဲ သိနေရသလို ဖြစ်နေတယ်ဘုရား။

ဦးဇင်း ॥ ॥ ဦးဇင်းတို့နှင့် သီတင်းသုံးဖော် သီဟိုဠ်ကျွန်းက ဆရာတော်တစ်ပါး မနှစ်က မြန်မာပြည်ကို

*၁-ကာယသံသဂ္ဂသိက္ခာပဒ၊ သံဃာဒိသေသကဏ္ဍ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ-ဒု (နှာ-၁၃၂)

*၂-ကာယသံသဂ္ဂသိက္ခာပဒ၊ သံဃာဒိသေသကဏ္ဍ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ-ဒု (နှာ-၁၃၂)

ကြွလာတယ်၊ ဒါပေမယ့် ပြည်ဝင်ခွင့်ကိစ္စမှာ တစ်ခုခု အဆင်မပြေ ဖြစ်ပြီး ရက်ကနည်းနည်းပဲ နေခွင့်ရသွားတယ်။

ဦးဇင်း MA ။ ။ Visit ကြွလာတာလားဘုရား။

ဦးဇင်း ။ ။ Gratis Visa လျှောက်ထားတယ် ထင်တယ်၊ Visit မဟုတ်ပါဘူး၊ ဒီကျောင်းကို ဝိနည်းကိစ္စ တစ်ခု ဆောင်ရွက်ဖို့ ကြွလာတာပါ၊ ရက်ကနည်းပါတယ်။

ဦးဇင်းMA ။ ။ ရက်နည်းတော့ ဘာဖြစ်လို့လဲဘုရား။

ဦးဇင်း ။ ။ သူက ဝိနည်းမှာ သံသယရှိနေတယ်လေ။

ဦးဇင်းMA ။ ။ သံသယကိစ္စကို ကုစားနိုင်ဖို့ ကြွလာတာလား ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ် ဦးဇင်း။

ဦးဇင်းMA ။ ။ အဲဒီ သံသယကိစ္စ ကုစားနိုင်ဖို့ရာက ရက်တွေ အများကြီးလိုတာလားဘုရား။

ဦးဇင်း ။ ။ ဆရာတော်ရဲ့ သံသယက မာတုဂါမတွေ မဆင်ခြင်လို့ ဖြစ်ရရှာတာ။ ဒါကြောင့် ဒီကိစ္စက ရက်နည်းလို့မရဘူး ရက်ကာလ လုံလုံလောက်လောက်ရှိမှရမယ်။

ဦးဇင်းMA ။ ။ မာတုဂါမက ဘယ်လိုများ မဆင်ခြင်ရတာလဲ ဘုရား။

ဦးဇင်း ။ ။ ဒကာမကြီး တစ်ယောက်က ဆရာတော့် သပိတ်ထဲ ဆွမ်းလောင်းနေစဉ်မှာ အသက်(၂၀) ကျော်လောက်ရှိတဲ့ ဒကာမငယ်လေးတစ်ယောက်က ဆရာတော်ဘုရားကြီးရဲ့ညာဘက်နောက်နားလေးမှာ ကပ်ကပ်ကလေး ရပ်နေသတဲ့။

ဦးဇင်းMA ။ ။ ဒါကို ဆရာတော်ဘုရားကြီး မသိဘူးလားဘုရား။

ဦးဇင်း ။ ။ နောက်ကျောဘက်ဆိုတော့ ဆရာတော်ဘုရားကြီး မသိရှာဘူး။

ဦးဇင်းMA ။ ။ ဒကာမငယ်ရပ်နေတာနဲ့ ဆရာတော်မှာ အာပတ်သင့်တာကို နားမလည်ဘူးဘုရား။

ဦးဇင်း ။ ။ ဆရာတော်ဘုရားကြီးက ဆွမ်းခံပြီး သပိတ်ဖုံး ပိတ်ရင်း ညာဘက်ကို လှည့်လိုက်တာ ဒကာမရဲ့ ရင်ဘတ်ကို ဆရာတော်ကြီး တံတောင်ဆစ်က ပယ်ပယ်နှယ်နှယ်ကို ထိခိုက်သွားတယ်။ အဲဒီလိုထိပြီး အကျီနဲ့ တံတောင်ဆစ်ငြိလို့နဲ့ တူပါတယ်၊ ကြယ်သီးတစ်လုံး ပြုတ်ထွက်သွားတယ်တဲ့။ ဒကာမ လည်း နာသွားဟန်တူပါတယ်။

ဦးဇင်းကြီး ။ ။ ဒကာမက ဘာဖြစ်လို့ မမြင်ကွယ်ရာမှာ ကပ်ကပ် ပြီး ရပ်နေရတာပါလဲ ဘုရား။

ဦးဇင်း ။ ။ မသိလို့နေမှာပေ့ါ၊ ပြဿနာက မြန်မာပြည်မှာ ဖြစ်တာမဟုတ်ဘူး။ နိုင်ငံခြားမှာဖြစ်တာ။

ဦးဇင်းMA ။ ။ ခုလိုဖြစ်တော့ သံဃာဒိသိသ် အာပတ်သင့်ပါ သလားဘုရား။

ဦးဇင်း ။ ။ ရာဂစိတ်နှင့် တမင်တကာ ဆတ်ဆော့ပြီးထိတာ မဟုတ်ပဲ မတော်တဆ ဖြစ်တာဆိုတော့ တပည့် တော်တို့ အမြင်မှာက အာပတ်မသင့်ဘူးလို့ဘဲ ယူချင်ပါတယ်။

ဦးဇင်းMA ။ ။ ဒါဆိုရင် အာပတ်မသင့်ဘူးပေ့ါဘုရား။

ဦးဇင်း ။ ။ ဆရာတော်ဘုရားကြီး နိုင်ငံခြားကနေ ရန်ကင်း တောင်ကို ကြွလာတုန်းက ဝိနည်းပါဠိတော် အဋ္ဌ ကထာများ အထောက်အထားပြုပြီး တပည့်တော် သေသေချာချာ အင်္ဂလိပ်လို လျှောက်ထားပါသေးတယ်။

ဦးဇင်းMA ။ ။ ဆရာတော်ဘုရားကြီးက လက်မခံဘူးလား ဘုရား။

ဦးဇင်း ။ ။ အဲဒီ ဝိနည်းကျမ်း၊ အဋ္ဌကထာကျမ်းများကို သူအားလုံးဖတ်ပြီးပြီ၊ စဉ်းစားဆင်ခြင်သုံးသပ် ပြီးပြီတဲ့။ ‘ရာဂစိတ် ဆိုတာလဲ ပုထုဇဉ်သန္တာန်မှာက ဖြစ်လွယ်သား ဘုရား’ လို့ လျှောက်ထားတယ်။

ဦးဇင်းMA ။ ။ ဝိနည်းသီလကို မြတ်နိုးတော်မူတာ ကြည်ညို

လေးစားစရာပါပဲ ဘုရား။

ဦးဇင်း ။ ။ ဟုတ်ပါတယ်။ ဆရာတော်မှာက သံသယရှိနေဆဲပဲလို့ လျှောက်ထားတယ်။ 'တရားရှုမှတ်လို့ကောင်းပြီဆိုရင် ဒါကစိတ်ထဲ ပေါ်ပေါ်လာပြီး ဒုက္ခပေးပေးနေတယ်တဲ့၊ ဒါကြောင့် ဘုရားဥပဒေအတိုင်း ကုစားချင်ပါတယ်' လို့ပဲ လျှောက်ထားပြန်ပါတယ်။ ဆရာတော်ရဲ့ ရင်ထဲက သံသယဆိုတော့လည်း ခက်သားပဲလေ ဦးဇင်း။ ဒါက သူ့ကိစ္စကိုး။

ဦးဇင်းMA ။ ။ ဒါနဲ့ ဆရာတော်ဘုရားကြီး ဘာလုပ်ရပါသလဲဘုရား။

ဦးဇင်း ။ ။ ဒီအာပတ်ကိုကုစားဖို့ ရက်လုံလုံလောက်လောက်ယူပြီး ဒီကိုကြွလာသော်လည်း ရက်ကမလုံလောက်သွားရှာဘူး။

ဦးဇင်းMA ။ ။ စိတ်မကောင်းစရာပါပဲလား ဘုရား။ ဘယ်တော့မြန်မာပြည်ကို ပြန်ကြွလာမှာလဲ ဘုရား။

ဦးဇင်း ။ ။ ဒီနှစ်ကုန်ရင် ကြွလာပြီး ဒါကို မြန်မာပြည်မှာပဲကုစားချင်တယ်လို့ မိန့်ဖူးတယ်။

ဦးဇင်းMA ။ ။ ဝိနည်းလေးစားတဲ့ ရဟန်းသံဃာတွေမှာ ဝန်လေးစရာ ကိစ္စပါလားဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်ဦးဇင်း၊ မာတုဂါမတွေ ရဟန်း သံဃာများနှင့် ဆက်ဆံတဲ့အခါမှာ အထူးပဲအလေးဂရုပြု ဆင်ခြင်သင့်တယ်။ ရဟန်းသံဃာတွေရဲ့ သီလကိစ္စတွေမှာမိမိကြောင့် သံသယ မဖြစ်အောင် နေထိုင်ပြုမူသင့်ပါတယ်။

ဦးဇင်းMA ။ ။ ဒါကို မာတုဂါမတွေ သိကြရင် သိပ်ကောင်းမှာပဲ။

## ၃။အမျိုးသမီးထမီမှ ရဟန်းနေရာထိုင်အခင်း ဖြစ်ကောင်းပါသလား

ဦးဇင်း MA ။ ။ မယ်တော်ကြီးက ဘွဲ့နှင်းသဘင် အခမ်းအနား တက်ဖို့ဆွမ်းခံလမ်းမှာ လျှောက်ထားပြန်တယ် ဘုရား။ တပည့်တော်လည်း ဒီသက်န်းကို မြတ်နိုးနေပါတယ်။ ဒါကြောင့် ဆုံးဖြတ်ရခက်နေပါတယ်ဘုရား။

ဦးဇင်း ။ ။ အင်း. . အရှင်ဘုရားမှာလည်း ခက်သားပဲ။

ဦးဇင်းMA ။ ။ ပြီးတော့ အန်တီလေးဆုံးတာ တော်တော်ကြာ သွားပြီဘုရား။ သူ့ရဲ့အဝတ်တွေကို နေရာထိုင် အခင်းချုပ်ပြီးတော့မှ ဆွမ်းခံအပြန်လမ်းမှာပဲ ဆရာတော်ဘုရား အတွက် လှူလိုက်သေးတယ် ဘုရား။ ကျောင်းရောက်ပြီး ဖြန့်ကြည့် တော့မှ ထမီစတွေ ဖြစ်နေပါတယ်။ သေသွားတဲ့ ဒကာမရဲ့ ထမီ အဟောင်းတွေနဲ့တူတယ် ဘုရား။ (ဟုလျှောက်ရင်း ထမီမှ ဖြစ်ပေါ် လာသော နေရာထိုင်အခင်းနှစ်ခုနှင့် ခန်းဆီးငယ် တစ်ခုကို ဖြန့်၍ ပြပါသည်)။

ဦးဇင်း ။ ။ ထမီအခင်းတွေ ဆိုပေမယ့် ဘေးအနားကွပ် က လေးက သက်န်းရောင်ဆိုတော့ သပ်ရပ်သားပဲ။

ဦးဇင်းMA ။ ။ မဟုတ်ဘူးဘုရား။ အမျိုးသမီးထမီဆိုတော့ ရဟန်းအနေနှင့် သုံးကောင်းပါ့မလား ဘုရား။

ဦးဇင်း ။ ။ ဒကာမရဲ့ထမီမဟုတ်တော့ဘူးလေ။ ပိုင်ရှင်ကွယ် လွန်သွားပြီပဲ။ သူပိုင်ဆိုင်တာမှမဟုတ်တော့တာ။

ဦးဇင်းMA ။ ။ ပိုင်ရှင်ဒကာမကြီး ကွယ်လွန်သွားရင်တော့ ရဟန်းက သုံးကောင်းတာလား ဘုရား။

ဦးဇင်း ။ ။ ကွယ်လွန်မှ မဟုတ်ပါဘူး ဦးဇင်း၊ မကွယ်လွန် ခင်လည်းပဲ သူပိုင်ထမီကို သက်န်းအလို့ငှာ လှူဒါန်းလာလို့ရှိရင် ဝိနည်းနဲ့ ညီညွတ်အောင်ချုပ်ပြီး သုံးကောင်း တာပါပဲ။

ဦးဇင်းMA ။ ။ ဒါဆိုရင် အမျိုးသမီးရဲ့ အသုံးအဆောင်တွေကို

ရဟန်းက ကိုင်တွယ်လို့ရှိရင် အာပတ်သင့်တယ်ဆိုတာ ရှိတယ် မဟုတ်လားဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ အာပတ်သင့်တယ်ဆိုတာရှိပါတယ်။ အဲဒါက သူပိုင်ပစ္စည်းအနေနဲ့ပါ။ ဒါက သူပိုင် အသုံးအဆောင်တန်ဆာမဟုတ်တော့ဘူးလေ။ ပိုင်ရှင် ကွယ်လွန်သွားလို့ လှူဒါန်းလိုက်တာလေ။ ကျန်ရှိတဲ့ ဒကာ၊ ဒကာမတွေက ရဟန်းကို လှူဒါန်းလိုက်တာပဲ။ အမှိုက်ပုံတွေမှာ သုသာန်၊ သချိုင်းတွေမှာ စွန့်ပစ်ထားတဲ့ထမီကိုတောင်မှ ပံသုကူကောက်ပြီးတော့ သက်န်းချုပ်ပြီး သုံးကောင်းသားပဲ။*၁

ဦးဇင်းMA ။ ။ ဒါဆိုလို့ရှိရင် ဒီထမီကို နေရာထိုင် အခင်းချုပ်ပြီးတော့မှ အလှူခံတဲ့နေရာမှာ လှူဒါန်းတဲ့ အလှူရှင်ကော အလှူခံသူရဟန်းပါ အပြစ်မရှိဘူးပေါ့နော်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ဘယ်သူမှ အပြစ်မရှိပါဘူး ဦးဇင်း။

ဦးဇင်း MA ။ ။ ဒါဆိုလို့ရှိရင် အချို့ဒါယိကာမတွေက ထမီကို ခေါင်းအုံးဖုံးတွေ၊ ခန်းဆီးတွေ၊ အိပ်ရာခင်းတွေ အဖြစ်နဲ့ လှူဒါန်းတာလည်းပဲ လှူဒါန်းကောင်းတာပေါ့နော် ဘုရား။

ဦးဇင်း ။ ။ လှူကောင်းပါတယ်။ ဘာမှအပြစ် မဖြစ်ပါဘူး။ အမျိုးသမီးအသုံးအဆောင်အနေနဲ့သာလျှင် ရဟန်းက မထိကောင်း မကိုင်ကောင်းတာပါ။ အဲဒီလို ထိလို့ကိုင်လို့ ရှိရင် ဒုက္ကဋ်အာပတ်သင့်တယ်လေ မေ့သွားပြီလား။ *၂

ဦးဇင်းMA ။ ။ မမေ့ပါဘူးဘုရား၊ ဒါပေမယ့် ဇဝေဇဝါ ဖြစ်သွားလို့ပါ။

ဦးဇင်း ။ ။ ကောင်းပြီ၊ ကောင်းပြီ၊ ဝိနည်းအရာမှာ ဇဝေဇဝါက မကောင်းပါဘူး။ ရှင်းရှင်းလင်းလင်း၊ သေသေချာချာ သဘောပေါက်တာပဲ ကောင်းပါတယ်ဘုရား။

*၁-စတ္တာရော နိဿယာ၊ မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ-၁၃၃)
ပံသုကူလိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ - ၁ (နှာ-၆၀)

*၂-ပကိဏ္ဏကနိဒ္ဒေသ၊ ခုဒ္ဒသိက္ခာဘာသာဋီကာ။ (နှာ-၄၂၅)

## ၄။ သံဃာတော်များ ကြွလာတာကို ဒကာမကြီးများ ဆံပင်ဖြန့်ခင်းပြီး ပူဇော်တာအပြစ်ရှိပါသလား

ဦးဇင်းMA ။ ။ တချို့မြို့တွေကို ဆရာတော် သံဃာတော်များ ကြွလာတဲ့အခါမှာ ဒကာမကြီးတွေက ဆံပင် ဖြန့်ခင်းပြီးတော့မှ ကြိုဆိုတာမျိုး တွေ့ဖူးပါတယ်ဘုရား။ အဲဒါရော ကုသိုလ်ဖြစ်နိုင်ပါသလားဘုရား။ အာပတ်များ သင့်နေမလား ဘုရား။

ဦးဇင်း ။ ။ ဦးခေါင်းမှ အထွဋ်အမြတ်ထားတဲ့ ဆံပင်တွေကိုမှ ဖြန့်ခင်းပြီးကြိုဆိုတာကတော့ ဒကာမတွေမှာ ကုသိုလ်ဖြစ်သင့်သလောက် ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဆရာတော် သံဃာတော်တွေမှာက တာဝန်လေးပါတယ်။ အာပတ်တွေ သင့်နိုင်တယ်ဦးဇင်း။

ဦးဇင်းMA ။ ။ ဒါလည်း ခင်းထားတဲ့ ဆံပင်ကို ထိလိုက်တာနဲ့ အာပတ်သင့်တာလားဘုရား?

ဦးဇင်း ။ ။ အမျိုးသမီးတို့ရဲ့ ဆံပင်ကို ထိပြီးတော့မှ သာယာမိရင် အာပတ်သင့်နိုင်တာပေါ့။ စောစောက အင်္ဂါ (၅) ချက်နဲ့ ပြန်ချိန်ကြည့်ရမှာပဲလေ ဦးဇင်း။*၁

ဦးဇင်းMA ။ ။ မှန်လှပါဘုရား သဘောပေါက်ပါတယ် ဘုရား။

ယနေ့နံနက် Dr.အောင်သူသည် ကျောင်းသို့လာ၍ ဆွမ်းဘုဉ်းပေးပြီးချိန်၌ ကော်ဖီနှင့်မုန့်များ ဆက်ကပ်လှူဒါန်းပါသည်။ ထို့နောက် သားရဟန်းထံ လျှောက်ထားစရာများ လျှောက်ထားအပြီး၌ သူ့ဆေးရုံ၊ ဆေးခန်း အတွေ့အကြုံများကို မေးလျှောက်ပါသည်။

*၁-ကာယသံသဂ္ဂသိက္ခာပဒဝဏ္ဏနာ၊ သံဃာဒိသေသကဏ္ဍ၊ ကင်္ခါဝိတရဏီအဋ္ဌကထာ။ (နှာ-၁၂၉)

## ၅။ ဂိလာနရဟန်းသံဃာတော်များကို အမျိုးသမီးဆရာဝန်၊ အမျိုးသမီး သူနာပြုတို့က ဘယ်လိုဆက်ဆံရပါမလဲ

Dr.အောင်သူ ။ ။ ဂိလာနရဟန်းများနဲ့ စပ်လျဉ်းပြီး ဘုရားတပည့်တော်သိချင်တာလေး မေးလျှောက်ခွင့်ပြုပါဘုရား။

ဦးဇင်း ။ ။ သံသယရှိရင် မေးလျှောက်နိုင်ပါတယ်။

Dr.အောင်သူ ။ ။ ဘုရားတပည့်တော် ဆေးရုံဆေးခန်းတွေမှာ ရဟန်းသံဃာတော်တွေ အမြဲတမ်းအဝင်အထွက်ရှိကြပါတယ် ဘုရား။ ဆေးခန်းတွေမှာက သွေးပေါင်ချိန်တာ ဆေးထိုးတာတွေက အမျိုးသမီးသူနာပြုတွေကပဲ ဆောင်ရွက်ကြတာများပါတယ်ဘုရား။ တပည့်တော်စိတ်ထဲ မရှင်းလင်းတာက လုပ်ငန်း သဘောအရ သံဃာတော်များကို ထိရကိုင်ရတဲ့ အပိုင်းတွေရှိတော့ ဘယ်လိုဆင်ခြင်ရမလဲ။ အပြစ်က ဘယ်လိုရှိတာလဲဆိုတာ သိချင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ ရဟန်းသံဃာနဲ့ ပတ်သက်လာရင်တော့ အမျိုးသားသူနာပြု Male Nurse ကပိုပြီးသင့်တော်တာပေါ့။

Dr.အောင်သူ ။ ။ Male Nurse ကနည်းပြီး အမျိုးသမီး သူနာပြု Female Nurse ကပဲ များပါတယ်ဘုရား။

ဦးဇင်း ။ ။ အင်း. . . . . အဲဒီ အမျိုးသမီးသူနာပြုနဲ့ဆိုရင်တော့ သွေးပေါင်ချိန်တာတွေ အဖျားတိုင်းတာတွေ၊ ဆေးထိုးတာတွေမှာ ရဟန်းသံဃာရဲ့ ကိုယ်အင်္ဂါကို မထိဘဲ ဆောင်ရွက်နိုင်ရင် ပိုကောင်းတာပေါ့။

Dr.အောင်သူ ။ ။ စမ်းသပ်ရင်း ထိမိတတ်တာပဲဘုရား။

ဦးဇင်း ။ ။ အင်း ဦးဇင်းရဲ့ သီတင်းသုံးဖော် ဩစတြေးလျနိုင်ငံက ဆရာတော်တစ်ပါးနဲ့ တစ်နှစ်တုန်းက ဆေးခန်းတစ်ခုကို သွားကြရတယ်။ တီဗွီဓါတ်မှန် Ultra Sound ရိုက်ဖို့ရှိလာတော့ အမျိုးသမီး ဆရာဝန်မက ရိုက်ပေးမှာ။ ဒါနဲ့

ဆရာတော်က အင်္ဂလိပ်လို 'Don't touch my skin' (ဘုန်းကြီး အသားကိုမထိနဲ့) လို့ အမိန့်ရှိလိုက်တော့ အဲဒီ ဒကာမကြီးက ဒေါသထွက်တာ မျက်လုံးကြီးပြူးပြီး မျက်နှာတော်တော်တင်းမာ ခက်ထန်သွားတယ်။

Dr.အောင်သူ ။ ။ 'Don't touch my skin' မိန့်မှတော့ ဆရာဝန်မ က စိတ်ဆိုးပြီပေါ့ဘုရား။

ဦးဇင်း ။ ။ ဟုတ်လိမ့်မယ်။ ဒါပေမဲ့ ကပ္ပိယက သေသေ ချာချာ ရှင်းပြပေးတယ်။ ဝိနည်းလေးစားတဲ့ သံဃာတော်များဖြစ်တဲ့အတွက်ကြောင့် ကိုယ်အင်္ဂါကို မထိဘဲနဲ့ ဆောင်ရွက်ပေးနိုင်ရင် ပိုကောင်းပါတယ်။ တကယ်လို့ အဲဒီလိုမှ ဆောင်ရွက်ပေးနိုင်ခြင်း မရှိရင်တော့ အမျိုးသားဆရာဝန်ရှိတဲ့ အခါမှပဲလာပြီး Ultra Sound ရိုက်ဖို့ စီစဉ်ရပါလိမ့်မယ်လို့ ရဟန်း ရဲ့ ဝိနည်းသဘောကို ရှင်းပြလိုက်တယ်။

Dr.အောင်သူ ။ ။ ဆရာတော့်မှာ ဘေးက ကပ္ပိယလည်း ရှိနေ တော့ Ultra Sound က အသားကိုမထိဘဲ ရိုက်ပေးလို့ ရနိုင်ပါလိမ့်မယ်ဘုရား။

ဦးဇင်း ။ ။ ဟုတ်ပါလိမ့်မယ်။ သူကသဘောပေါက်သွား တယ်။ ဒါဆိုလို့ရှိရင် အခက်အခဲမရှိပါဘူးတဲ့။ မထိအောင်သူ့မှာ ဆောင်ရွက်ပေးနိုင်ပါတယ်လို့ အင်္ဂလိပ်လို လက်အုပ်ချီ လျှောက်ထားပြီးမှ လေးလေးစားစားဆောင်ရွက် ပေးခဲ့ပါတယ်။

Dr.အောင်သူ ။ ။ ဝိနည်းလေးစားတဲ့ သံဃာတော်မှာ အဲဒီလို လိမ္မာပါးနပ်တဲ့ ကပ္ပိယရှိဖို့လည်း လိုတာပဲ ဘုရား။ ပြီးတော့ ဒါတွေက တပည့်တော်တို့ ဆေးဝန်ထမ်းတွေ သိရမယ့် ကိစ္စပဲဘုရား။ ဒါတွေသိမှပဲ ဝိနည်းလေးစားတဲ့ ရဟန်း သံဃာတော်များကို စောင့်ရှောက်ပေးနိုင်မှာပေါ့ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ဒါတွေကို ဒကာကြီးတို့က လိုက် နာပေးမှသာလျှင် ဆရာတော် သံဃာတော်များ အာပတ်မသင့်ဘဲ

ချမ်းချမ်းသာသာ ဆေးဝါးကုသမှု ခံယူနိုင် ကြတော့မှာပါ။
Dr.အောင်သူ ။ ။ မသိလို့ပါဘုရား။ သိရင်လိုက်နာဖို့တာဝန် မလေးလှပါဘူးဘုရား။

## ၆။ ရဟန်းနှင့် မာတုဂါမ တစ်မိုး တစ်ရံထဲမှာ ညကျိန်းမိရင် အာပတ်သင့်တတ်ပါသလား

Dr.အောင်သူ ။ ။ ဘုရားတပည့်တော် မနေ့က ဦးဇင်းလေးနဲ့ ဆေးခန်းကအပြန်မှာ တပည့်တော်ရဲ့ တပည့် လက်ထောက် ဆရာဝန်မက ကားမောင်းပို့ပေးပါတယ်ဘုရား။ အာပတ်များ သင့်သလားလို့ ဦးဇင်းလေးက သံသယရှိတဲ့ အကြောင်း မိန့်တယ်ဘုရား။ အဲဒါမျိုးလည်း အာပတ်သင့်တတ် ပါသလားဘုရား။

ဦးဇင်း ။ ။ အာပတ်သင့်တာလည်းရှိတယ်။ မသင့်တာ လည်းရှိတယ်။

Dr.အောင်သူ ။ ။ မှန်ပါဘုရား။ အာပတ်သင့်တာ မသင့်တာကို သိမှသာလျှင် တပည့်တော်တို့ ဆင်ခြင်နိုင်မှာပါ ဘုရား။

ဦးဇင်း ။ ။ ပထမဦးဆုံးသိသင့်တာက လူယောကျ်ားနဲ့ ဖြစ်စေ သာမဏေတွေနဲ့ဖြစ်စေ တစ်မိုးတစ်ရံ ထဲမှာအိပ်ရင် အာပတ်သင့်တတ်တာရှိတယ်။

ဦးဇင်းMA ။ ။ လူယောကျ်ားတွေနဲ့ အိပ်တာလည်းပဲ အာပတ် သင့်တာပဲလားဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ တစ်မိုးတစ်ရံထဲမှာ လူသာမဏေ တွေနဲ့ အလွန်ဆုံး သုံးညပဲ အိပ်ခွင့်ရှိတယ်။ သုံးညထက်လွန်ပြီး အိပ်မိလို့ရှိရင် ပါစိတ်အာပတ်သင့်တယ်။*၁

*၁-သဟသေယျသိက္ခာပဒ မုသာဝါဒဝဂ်၊ ပါစိတ္တိယပါဠိ။ ( နှာ - ၂၇ )

ဦးဇင်း MA ။ ။သုံးည မပြည့်ရင်ကောဘုရား။
ဦးဇင်း ။ ။သုံးည မပြည့်ရင် အာပတ်မသင့်ဘူး။ သုံးည ရှိသော်လည်း အရုဏ်မတက်ခင် ထလို့ရှိရင် အာပတ်မသင့်ပါဘူး။ ဒါကြောင့် အာပတ်သင့်တာလည်း ရှိတယ်။ မသင့်တာလည်း ရှိပါတယ်။
ဦးဇင်း MA ။ ။မှန်ပါဘုရား။
Dr.အောင်သူ ။ ။ဒီကိစ္စလည်း အရုဏ် (Dawn Time) နဲ့ ဆုံးဖြတ်ရတာပါလားဘုရား။
ဦးဇင်း ။ ။မှန်ပါတယ်။ (Dawn Time)နဲ့ ဆုံးဖြတ်ရပါတယ်။
Dr.အောင်သူ ။ ။တပည့်တော် လျှောက်ထားတာထက် ပိုတောင်နက်နဲသွားပြီဘုရား။ တပည့်တော် လျှောက်ထားတာက ဒကာမနဲ့ ပတ်သက်ပြီး လျှောက်တာဘုရား။ အခုဟာက ဒကာတွေနဲ့လည်းပဲ အာပတ်သင့်တာကို တွေ့ရတယ် ဘုရား။
ဦးဇင်း ။ ။ဒကာတွေတင် မကသေးဘူ ကိုရင်၊ သာမဏေတွေလည်းပါတယ်။
ဦးဇင်း MA ။ ။မှန်ပါဘုရား။ ။
ဦးဇင်း ။ ။ကိုရင်သာမဏေတင် မကသေးဘူး ပါရာဇိကကျလောက်တဲ့ တိရစ္ဆာန်မတွေနဲ့လည်းပဲ တစ်မိုးတစ်ရံထဲ အိပ်မိလို့ရှိရင်လည်း အာပတ်သင့်ပါသေးတယ်။
Dr.အောင်သူ ။ ။ပါရာဇိကကျလောက်တဲ့ တိရစ္ဆာန်မ ဆိုတာက ဘာကိုဆိုလိုတာလည်း ဘုရား။
ဦးဇင်း ။ ။ပါရာဇိကကျလောက်တဲ့ တိရစ္ဆာန်ဆိုတာ ဦးဇင်း မေ့သွားပြီလား။
ဦးဇင်း MA ။ ။တပည့်တော် မှတ်မိပါတယ် ဘုရား။
ဦးဇင်း ။ ။ဝိနည်းကတော့ တစ်ခါကြားဖူး လေ့လာထားရင် မမေ့တာ အကောင်းဆုံးပဲ။
ဦးဇင်း MA ။ ။မှန်ပါ့ဘုရား။ တပည့်တော် ရဟန်းဝတ်နဲ့ တစ်

သက်လုံးနေဖို့ ရည်ရွယ်ချက်ရှိတော့ တပည့်တော် မမေ့အောင် ဆောင်ထားပါတယ်ဘုရား။ ပါရာဇိကကျ လောက်တဲ့ အငယ်ဆုံး သတ္တဝါထဲ ခြေလေးချောင်းမှာ အငယ်ဆုံး ကြောင်မ ခြေနှစ်ချောင်း ရှိတဲ့ အငယ်ဆုံးသတ္တဝါက ကြက်မ၊ ခြေမရှိတဲ့ သတ္တဝါမှာ အငယ်ဆုံးမြွေမနဲ့ ငါးတို့က ပါရာဇိက အာပတ်သင့်ရန် လုံလောက်တဲ့ အပိုင်းအခြားရှိတယ်လို့ တပည့်တော်မှတ်သားထားဖူးပါတယ် ဘုရား။*၁

Dr.အောင်သူ ။ ။ ဘုရားရဲ့ ဥပဒေတော်တွေက အတော်အံ့ဩ စရာကောင်းအောင် တိကျလွန်းတာပဲဘုရား။

ဘုရားရဲ့ တပည့်သား ရဟန်းတွေကို သာသနာမှာ မွေ့လျော်အောင် စောင့်ရှောက်တော်မူတဲ့ ဘုရားရှင်ရဲ့ ကရုဏာတော်ကြီးကို အံ့ဩ ကြည်ညိုမိပါတယ် ဘုရား။ ဘုရားတပည့်တော် မာတုဂါမနဲ့ ပတ်သက်တဲ့ အကြောင်းကို သိချင်ပါသေးတယ်ဘုရား။

ဦးဇင်း ။ ။ ကောင်းပါပြီ။ ဒီမှာလည်းပဲ တစ်မိုးတစ်ရံနှင့်ပဲ ယူရပါတယ်။

Dr. အောင်သူ။ ။ အရုဏ် (Dawn Time) နဲ့ မယူတော့ဘူးလား ဘုရား။

ဦးဇင်း ။ ။ မယူတော့ဘူး။ ဒီမှာတော့ တစ်မိုးတစ်ရံထဲ အိပ်မိလို့ရှိရင် အာပတ်သင့်တယ်။*၂

ဦးဇင်း MA ။ ။ တစ်မိုးတစ်ရံဆိုတာကို တပည့်တော် နည်းနည်း လေး မရှင်းသေးဘူးဘုရား။

ဦးဇင်း ။ ။ အမိုးလည်းအတူတူ၊ အကာလည်း အတူတူကို ဆိုလိုတာပါ။ ဒီနေရာမှာ မှတ်သားစရာ ကောင်းတာလေး တစ်ခုရှိသေးတယ်။ ဝိနည်းလေးစားတော်မူကြတဲ့ ဆရာတော် သံဃာတော်များအနေနဲ့ ကျောင်းတွေကို စီမံတဲ့အခါ မှာ အထူးအားဖြင့် လှေခါးကို အပြင်မှာ တပ်လေ့တပ်ထရှိတယ်။

---

*၁-ပဉ္စမပါရာဇိက၊ ပဒဘာဇနီယဝဏ္ဏနာ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ။ ( နှာ - ၂၂၄ )
*၂-ပါစိတ္တိယကဏ္ဍ၊ မုသာဝါဒဝဂ္ဂ၊ ပရိဝါပါဠိ။ ( နှာ - ၆၂ )

ဦးဇင်း MA ။ ။ တပည့်တော် မြင်ဖူးတယ်ဘုရား။ တောထဲက တစ်ပါးနေကျောင်းမှာ လှေခါးအပြင်မှာ တပ်ထားပါတယ်ဘုရား။

ဦးဇင်း ။ ။ အပြင်မှာ လှေခါးတပ်တာလည်း ရှိပါတယ်။ ဆိုလိုရင်းကတော့ အဲဒီလှေခါးက နေတက်ပြီး အပေါ်ထပ်ကို ရောက်လို့ရှိရင် အောက်ထပ်ကို ဝင်လို့ မရတော့ဘူး။ အောက်ထပ်ဝင်ရင် အပေါ်ထပ်ကို မရောက်တော့ဘူး။ အဆက်အစပ် မရှိအောင် စီမံထားတဲ့ သဘောပါပဲ။

Dr.အောင်သူ ။ ။ တပည့်တော်နားလည်ပါပြီဘုရား။ တပည့်တော် သဘောပေါက်ပါပြီဘုရား။ ဒါဆိုလို့ရှိရင် တည်းခိုခန်းတွေ၊ မီးရထားတွဲတွေ၊ သင်္ဘောတွေ လေယာဉ်ပျံတွေ ဆိုလို့ရှိရင် တစ်မိုးတစ်ရံပဲ ဖြစ်သွားတာပေါ့ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ် တစ်မိုးတစ်ရံပဲ ဖြစ်သွားတယ်။

Dr.အောင်သူ ။ ။ အလွှာတိုက်တွေကော ဘုရား။

ဦးဇင်း ။ ။ ဝင်ပေါက်က တစ်ပေါက်တည်း ဖြစ်တယ်လေ။ အလွှာတိုက်တွေကလည်းပဲ သီးခြားလှေခါးမှ မဟုတ်တာကိုး။ ဝင်ပေါက်တစ်ခုတည်းနဲ့ ဝင်ရတာဆိုတော့ သူလည်း တစ်မိုးတစ်ရံထည်းမှာပဲ အကျုံးဝင်ပါတယ်။

ဦးဇင်း MA ။ ။ ဒါဆို သံဃာတော်များအတွက် အတော်ပဲ အနေကျပ်တာပေါ့ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်။ ဒါကြောင့် ဆရာတော်ကြီးတွေက "အပြင်ကို မကြွနဲ့ကိုယ်တော် အပြင်ကို ကြွရင် အာပတ်သင့်တတ်တယ်"လို့ တပည့်တော်တို့ကို ရဟန်းဖြစ်စက အကြိမ်ကြိမ် သတိပေးတော်မူခဲ့ဖူးပါတယ် ဘုရား။

ဦးဇင်း MA ။ ။ မှန်ပါဘုရား။ ဆရာတော်ဘုရားများ ဆေးရုံ တက်ရင်ကော ဘုရား။

ဦးဇင်း ။ ။ သပြေကန်ဆရာတော်ဘုရားကြီး ရန်ကုန် စစ်ဆေးရုံမှာ ဆေးကုသမှု ခံယူတဲ့အခါကာလက

အတွေ့အကြုံလေးတစ်ခု ရှိတယ်။

Dr. အောင်သူ ။ ။ ဘယ်လို ဖြစ်စဉ်ပါလဲ ဘုရား။ နာယူမှတ်သား ချင်ပါတယ် ဘုရား။

ဦးဇင်း ။ ။ ဆရာတော်ဘုရားကြီးက စစ်ဆေးရုံမှာ နေရတာ သံသယရှိတော်မူတဲ့အတွက် မိမိကျောင်းကိုပဲ ပြန်ကြွလိုကြောင်း သိရတဲ့အခါမှာတော့ ဂိလာန စောင့်ရှောက်တော်မူတဲ့ ရဟန်းက "ဆရာတော်ဘုရား ဒီဆေးရုံမှာ စစ်သားတွေပဲ ဆေးကုသမှု ခံနေကြပါတယ်ဘုရား။ ဒီအဆောင်မှာ အမျိုးသမီးမရှိလို့ အာပတ်သင့်ရန် အကြောင်းမရှိပါဘူးဘုရား" လို့ လျှောက်ထားတော့ ဝိနည်းသီလအရာမှာ အလေးဂရုပြုတော်မူတဲ့ ဆရာတော်ဘုရားကြီးက "ဘယ်လိုအထောက်အထားနဲ့ ဦးဇင်းပြောနိုင်သလဲ" လို့ မေးတော်မူပါတယ်။

ဦးဇင်း MA ။ ။ အထောက်အထားဆိုတာ ဘာကိုဆိုလိုတာလဲ ဘုရား။

ဦးဇင်း ။ ။ အမျိုးသမီးလူနာမရှိဦးတော့ အမျိုးသမီး ဆရာဝန်တွေ၊ အမျိုးသမီး စစ်သူနာပြုတွေက ရှိနေတာကိုး . . .။

Dr.အောင်သူ ။ ။ သြော် အဲဒါတော့ ရှိရပါတယ် ဘုရား။

ဦးဇင်း MA ။ ။ အဲဒီ အမျိုးသမီးဆရာဝန်တွေ အမျိုးသမီး သူနာပြုတွေ အိပ်တဲ့အချိန်မှာ မိမိလည်း လဲလျောင်းမိပြီဆိုရင် အာပတ်သင့်တာပေါ့နော် ဘုရား။

ဦးဇင်း ။ ။ မှန်တယ်။ ဟုတ်တယ်။ ဒါကြောင့် ဆရာတော်ဘုရားကြီးက သံသယရှိနေတာ အဲဒီအချိန်မှာပဲ စစ်သူနာပြု အမျိုးသမီးတွေ အခန်းထဲရောက်လာတော့ ဦးဇင်းတစ်ပါးက "စစ်သူနာပြု ဒကာမတို့က တာဝန်နဲ့ဆိုတော့ တစ်ညလုံး အိပ်ရမှာ မဟုတ်ဘူးပေါ့နော်" လို့ မေးမြန်းစုံစမ်းတော်မူတယ်။ "အရှင်ဘုရား ဒီဆေးရုံက စည်းကမ်းအလွန်ကြီးပါတယ် ဘုရား။ တာဝန်ထမ်းဆောင်နေသူတို့က တာဝန်ကျေကျေဆောင်ရွက်တယ်

မဆောင်ရွက်ဘူးဆိုတာကို အကြီးအကဲများက နည်းမျိုးစုံနဲ့ စစ်ဆေးပါတယ်ဘုရား။ ဒါကြောင့် အိပ်လို့မရပါဘူး ဘုရား။ တပည့်တော်တို့ တာဝန်ကျတဲ့အခါ မပြတ်လှည့်လည်ကြည့်ရှုနေရ ပါတယ်ဘုရား။ မနက် သုံးနာရီလောက်မှာပဲ ခဏတဖြုတ်ကလေး ကျောချပြီး မှေးအိပ်တယ်ဘုရား" လို့ လျှောက်သတဲ့။ ဆရာတော် ဘုရားကြီးက ဝိနည်းရှုထောင့်နဲ့ ကြည့်လိုက်တဲ့ အခါမှာ သုံးနာရီ ကျော်ရင် တစ်မိုးတစ်ကာထဲမှာ မာတုဂါမနဲ့ အတူတကွ ကျိန်း စက်မိပြီး အာပတ်သင့်မှာကို လိုလားတော် မမူပါဘူး။ ဒါကြောင့် ဆရာဝန်သူနာပြုမတို့ အိပ်တဲ့အချိန်ကို ဆရာတော်ဘုရားကြီးက ငြိမ်ငြိမ်သက်သက် ဘာဝနာပွားလျှက် ထိုင်နေတော်မူလေ့ရှိပါ တယ်။ မကျိန်းစက်ဘဲနေရင် နှလုံးရောဂါက ပိုဆိုးလာတာမို့ ဂိလာန စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်များကော၊ ဆရာဝန်များကော စိုးရိမ်နေကြသော်လည်း မလျှောက်ဝံ့ကြပါဘူး။

ဦးဇင်း MA ။ ။ကြည်ညိုစရာ ကောင်းလိုက်တာဘုရား။ သာ သနာတော်မှာ အခုလို ဆရာတော်များ ရှိတာ ကို ဘုရားတပည့်တော် ဂုဏ်ယူပါတယ်ဘုရား။

Dr.အောင်သူ ။ ။သီလကို အသက်ပေးပြီးလဲမယ့် ဆရာတော် တစ်ပါးပါပဲ ဘုရား။

ဦးဇင်း ။ ။မှန်ပါတယ်။ သီလနှင့် အသက်ကို ရွေးစရာ ကြုံရင် သီလကို အကျိုးအပျက် မခံဘူးဆိုတဲ့ သဘောပါပဲ။ ဒါနှင့်တစ်ညမှာ ဆရာတော်ဘုရားကြီးက လဲ လျောင်းပြီး မေတ္တာအကြောင်းကို မိန့်ကြားတော်မူနေလိုက်တာ အမှတ်မထင် မနက်သုံးနာရီ ထိုးပါတော့တယ်။ ဒါနှင့် ဆရာတော် ဘုရားကြီးက "ဘယ်နှစ်နာရီရှိပြီလဲကွယ့်" လို့ မေးတော်မူတော့ "သုံးနာရီထိုးပါပြီ ဘုရားလို့" လည်း လျှောက်လိုက်တော့ "ဟယ် . . . . . ဟုတ်လား" လို့ဆိုပြီး ဆရာတော်ကြီးက အတင်း ထထိုင် ဖို့ ကြိုးစားတော်မူတာပဲ။ "ဆရာတော်ဘုရား မလှုပ်ရှားရဘူး ဘုရား၊ မထပါနဲ့ ဘုရား၊ နှလုံးရောဂါက လှုပ်ရှားလို့ရှိရင် မသင့်

တော်ပါဘူးဘုရား” လို့ လျှောက်လိုက်တော့။ “မင်းတို့ ဘာသိလို့ တုန်း” လို့ မိန့်တော်မူပြီး ကြိုးစားထလိုက်တဲ့ အခါမှာတော့ ဆရာတော်ဘုရားကြီးရဲ့ ဦးခေါင်းဟာ ငိုက်စိုက်ကျသွားတယ်။*၁ ဆရာတော်ဟာ သီလကို မိမိအသက်ပင် မငဲ့ကွက်ဘဲနဲ့ ကျင့်သုံးသွားပါတယ်။ ဆရာဝန်ကြီးတွေကတော့ ဆရာတော်ဘုရားကြီးရဲ့ နှလုံးပြန်ခုန်လာဖို့ အစွမ်းကုန်ကြိုးစားပြီး အသက်ကို လုပါသော်လည်း မရတော့ပါဘူး။

ဦးဇင်းMA ။ ။ ဆရာတော်ဘုရားကြီး သီလကို အသက်နဲ့ လဲသွားတဲ့ဖြစ်စဉ်ကို ကြားသိရတာ အားကျဂုဏ်ယူစရာ ကောင်းလှပါတယ်ဘုရား။ အတုယူစရာ ကောင်းပါတယ်ဘုရား။

Dr. အောင်သူ။ ။ ဗုဒ္ဓသာသနာတော်မှာ အခုကဲ့သို့ သာသနာ့အာဇာနည် ဆရာတော် သံဃာတော်များ ရှိနေသေးတယ်ဆိုတာကို တပည့်တော် အရင်က မသိခဲ့ပါဘူးဘုရား။

ဦးဇင်းMA ။ ။ ဒကာကြီး မလေ့လာလို့နေမှာပါ။

Dr.အောင်သူ ။ ။ မှန်ပါဦးဇင်း။ ဘုရားတပည့်တော် ဆေးပညာကိုပဲ အပတ်တကုတ်လေ့လာခဲ့ပါတယ်။ အခုမှပဲ ကျောင်းအဝင် အထွက်များပြီး သာသနာရေးဆိုင်ရာ ဗဟုသုတတွေကို ကြားနာရတာ ဝမ်းမြောက်ပါတယ်ဘုရား။

ဦးဇင်း ။ ။ သာသနာရှိနေတယ်လေ ဒါကြောင့် သာဓကတွေတော့အများကြီးရှိတာပေါ့။ ပြောလို့ဘယ်ကုန်လိမ့်မလဲ။ ကြည်ညိုချင်သေးတယ်ဆိုရင်တော့ တစ်နိုင်ငံလုံးသာမက ကမ္ဘာကပါ ကြည်ညိုလေးစားတဲ့ တောင်မြို့ဆရာတော်ဘုရားကြီးရဲ့ အကြောင်းကို နားထောင်ကြည့်ဦးပေါ့။

ဦးဇင်းMA ။ ။ တောင်မြို့မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးကိုတပည့်တော် အလွန်ကြည်ညိုပါတယ်ဘုရား။

ဦးဇင်း ။ ။ ကြည်ညိုလေးစား အားကျအတုယူစရာကောင်း

*၁-ဒေါက်တာမင်းတင်မွန်၏ သပြေကန်ဆရာတော်ဘုရားကြီး (နှာ-၂၄၅)။ ၁၉၉၉မြန်မာ့ရတနာစာပေ

လုပါတယ်ဦးဇင်း။

ဦးဇင်းMA ။ ။ဒါဆို ဝိနည်းလေးစားတဲ့ ဆရာတော်များ ဆေးရုံတက်တဲ့အခါမှာ ဘယ်လိုလုပ်ရပါသလဲ ဘုရား။

ဦးဇင်း ။ ။အဲဒါပြောပြဦးမယ်လေ။ တောင်မြို့ဆရာတော် ဘုရားကြီးက မာတုဂါမနှင့် တစ်မိုးတစ်ရုံထဲ ညအိပ်ညနေ နေရတဲ့ဆေးရုံ ဆေးတိုက်ဆိုရင် အပို့မခံဘူး အသေခံပါ့မယ်လို့ မိန့်တော်မူဖူးတာ ရှိတယ်။

Dr.အောင်သူ ။ ။အကယ်၍ ဆရာတော်ကြီး နေမကောင်းဖြစ်ပြီး သတိမေ့နေတဲ့အခါ တပည့်တွေက ဆေးရုံ တင်ကြရင်ကောဘုရား။

ဦးဇင်း ။ ။ဆရာတော်ဘုရားကြီး အနေနဲ့က ဒါကိုဘယ်လို အမိန့်ရှိသလဲဆိုရင် "သတိမရတုန်း ဆေးရုံပို့ရင်လည်းပဲ သတိရတဲ့အခါ စိတ်ကောင်းမှာ မဟုတ်ဘူးတဲ့။ အာပတ်နဲ့ သေရင်တော့ ပြိတ္တာဖြစ်ဖို့ သေချာတယ်တဲ့ ကြိုတင်ပြီးတော့မှပဲ တပည့်ကြီးတွေကို မှာကြားထားတယ်တဲ့။ အဲသလိုမျိုး အဖြစ်မျိုးကို မရောက်အောင် တပည့်တွေကလည်း တားရမယ်" တဲ့။*၁

Dr. အောင်သူ ။ ။သီလကို အသက်နဲ့လဲမယ့် သာဓကေပါပဲဘုရား။

ဦးဇင်း ။ ။မှန်ပါတယ်။ ဒီသာဓကေတွေ သာသနာမှာ အများကြီးရှိပါသေးတယ်။ ကြည့်တတ်ရင်တော့ မြင်ရမှာပါ၊ နားထောင်တတ်ရင်တော့ ကြားရမှာပါ။

Dr. အောင်သူ။ ။ဘုရားတပည့်တော် အခုမှ ရေးရေးလေး ပေါ်လာတယ် ဘုရား။

ဦးဇင်းMA ။ ။ဘာများ ပေါ်လာတာလဲ ဒကာကြီး။

Dr. အောင်သူ။ ။ဒီလိုပါဘုရား။ တပည့်တော် ဆရာဝန်ဖြစ်ခါ စကဘုရား၊ ဧရာဝတီတိုင်းဘက်မှာ တာဝန်ကျတော့ ရန်ကုန်ကို အစိုးရအလုပ်တာဝန်နဲ့ လာတဲ့အခါမှာ သင်္ဘော

---

*၁-တောင်မြို့မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏တစ်ဘဝသံသရာ

စီးရတယ်ဘုရား။ ကျွန်းပတ်သဘော်မျိုးပေါ့ ဘုရား။ ပုသိမ်ကနေ ထွက် မြောင်းမြတို့၊ ဝါးခယ်မတို့၊ မအူပင်တို့ ဆိုက်တယ်။ တစ်ည လုံး မောင်းလာတာဘုရား။ မနက်မိုးစင်စင်လင်းမှပဲ ရန်ကုန် ရောက်တာပါဘုရား။

ဦးဇင်း ။ ။ဟုတ်တယ်။ အဲဒီတုန်းက သဘော်တွေက အဲဒီလိုပါပဲ။

Dr. အောင်သူ ။ ။ဒါနဲ့ တပည့်တော် သဘော်ပေါ်ရောက်လာတဲ့ အခါမှာတော့ ဘေးမှာ ဘုန်းတော်ကြီးတစ်ပါး ရှိနေတယ် ဘုရား။ ခါတိုင်းလည်း ဘုန်းကြီးတွေ ကြုံနေကျဆိုတော့ အမှတ်မထားမိပါဘူးဘုရား။ ညဉ့်နက်လာတဲ့ အခါမှာတော့ တပည့်တော် အခင်းပေါ်မှာလှဲပြီး အိပ်လိုက်တယ်။ ဘုန်းကြီးက ထိုင်လျှက်ပဲ ဘုရား၊ တစ်ရေးနိုးလို့ ကြည့်တော့လည်း ဘုန်းကြီးက ငုတ်တုတ်ထိုင်လျက်ပဲ တွေ့ရတယ်။ ရန်ကုန်နားနီးလာပြီး မိုးလင်း ခါနီးလို့ တပည့်တော်အိပ်ရာက ထတော့လည်းပဲ ဘုန်းကြီးက ငုတ် တုတ် ထိုင်လျှက်ပဲတွေ့ရတယ်။ ဒါနဲ့တပည့်တော်က မေးစမ်းမိ တယ်။ "အရှင်ဘုရား တစ်ညလုံး မကျိန်းဘူးလား ဘုရား" ဆိုတော့ "ဘုန်းကြီးဆိုတာ တစ်မိုးတစ်ရံအောက်ထဲမှာ ဒကာမများနဲ့ ည ကျိန်းမိရင် ဝိနည်းနဲ့မညီဘူး အာပတ်သင့်တတ်တယ်"လို့ မိန့်တော် မူတယ်။

ဦးဇင်း ။ ။မှန်တယ်။ အဲဒါ ဘုရားဟောနဲ့အညီပဲ။ ဘုရား ဥပဒေနဲ့ အညီပဲ။

Dr. အောင်သူ။ ။မှန်ပါဘုရား၊ တပည့်တော်လည်း အဲဒီလို ကြား လိုက်ရတဲ့အခါမှာ အတော်ကို အံ့သြပြီး တုန် လှုပ်သွားတယ်။ ဆရာတော်ကိုလည်း ကြည်ညိုမိတယ် ဘုရား။ ကျောင်းနာမည်လေးတောင် မလျှောက်လိုက်မိလို့ နောင်တရ မိတယ်ဘုရား။

ဦးဇင်း ။ ။ဘွဲ့အမည်ကျောင်းအမည်က အရေးမကြီးဘူး။ အခုလို သာသနာကို ကြည်ညိုတတ်တဲ့ စိတ်က

သာ ပဓာန အရေးကြီးပါတယ်။

Dr. အောင်သူ။ ။ ဒါကို လူတော်တော်များများ မသိကြဘူးဘုရား။ ဗုဒ္ဓဘာသာဝင်တိုင်း သိထားသင့် လိုက်နာသင့်၊ ရှောင်ကျဉ်သင့်တဲ့ ကိစ္စပါပဲ။

ဦးဇင်း ။ ။ မှန်ပါတယ်။

## ၇။ ရဟန်းပစ္စည်း မိဘများကို ပေးကောင်းပါသလား

ဦးဇင်းMA။ ။ ဆရာတော်ဘုရား၊ တပည့်တော်ဒီနေ့ ဆွမ်းခံရလာတဲ့ လိမ္မော်သီးအထုပ်ကို မယ်တော်ကြီး ပေးလိုက်မိတယ်ဘုရား။ အာပတ်သင့်သလားမသိဘူးဘုရား။

ဦးဇင်း ။ ။ ပေးတယ်ဆိုတဲ့နေရာမှာ အကြောင်းတွေအများကြီးရှိပါတယ်။ မိဘအရင်းတွေကိုတော့ ပေးကောင်းပါတယ်။*၁ ပေးကောင်းတဲ့သူကိုပေးလို့ အာပတ်မသင့်ပါဘူး။ ဒါပေမယ့် ပေးကောင်းတဲ့သူမဟုတ်ဘဲ ပေးလိုက်မိရင်တော့ ဒီမှာလည်း အာပတ်ရှိတယ်။

ဦးဇင်း MA ။ ။ ဘယ်လိုအာပတ်လဲဘုရား။

ဦးဇင်း ။ ။ ဒကာ၊ ဒကာမတွေက သဒ္ဓါတရားနဲ့ လှူဒါန်းထားတဲ့ပစ္စည်းကို ဖရိုဖရဲပြုတယ်ဆိုတဲ့သဘောသက်ရောက်တဲ့အတွက်ကြောင့်မို့ အာပတ်သင့်တယ် သဒ္ဓါဒေယျဝိနိပါတ ဒုက္ကဋ်အာပတ်သင့်ပါတယ်။*၂ ဒါကြောင့် ဒကာ၊ ဒကာမတွေ လှူဒါန်းလို့ မိမိလက်ဝယ်မှာ ရရှိထားတဲ့ပစ္စည်းကို မပေးကောင်းတဲ့သူတွေကို ပေးမိရင်လည်းပဲ အာပတ်သင့်တယ်လို့ မှတ်ယူထားရမယ်။

ဦးဇင်းMA ။ ။ ဒါဆို ဒကာ၊ ဒကာမတွေက တောင်းရင်ကောဘုရား။

*၁-ကုလဒူသကသိက္ခာပဒဝဏ္ဏနာ၊ သံဃာဒိသေသကဏ္ဍ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ(နှာ-၂၀၉)
*၂-ပဌမိမဝိကပ္ပနုပဂစီဝရာဒိကထာ၊ စီဝရက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ-၄၁၂)

ဦးဇင်း ။ ။ တောင်းလာရင်လဲပဲ မပေးကောင်းတဲ့သူကို မပေးရဘူး ဦးဇင်း။
ဦးဇင်းMA ။ ။ တောင်းတဲ့ဒကာ၊ ဒကာမတွေက "ဒီဘုန်းကြီး ကပ်စေးနှဲလိုက်တာ"ပြောလာရင်ကော အရှင်ဘုရား။
ဦးဇင်း ။ ။ သူမသိလို့ပြောတာ ပြောပါစေလေ။
ဦးဇင်းMA ။ ။ ဒါဆို ဒကာ၊ ဒကာမတွေ ရဟန်းဝိနည်းကို နဲနဲဖြစ်ဖြစ် လေ့လာသင့်ပြီနော်ဘုရား။
ဦးဇင်း ။ ။ မှန်တယ်၊ လေ့လာသင့်တယ်၊ သိသင့်တယ်၊ ဒါမှ ဘုရားရှင်အလိုကျ သံဃာတော်များကို ဆည်းကပ်ကိုးကွယ် လှူဒါန်းတတ်ကြမယ်။

## ၈။ ကျောင်းပိုင်ပစ္စည်းများ၊ ရဟန်းပိုင်ပစ္စည်းများ ဒကာ၊ ဒကာမတွေကို ပေးခွင့်ရှိပါသလား

သိမ်သမုတ်ကိစ္စတစ်ခုကြောင့် ခရီးသွားရာမှ ပြန်ခဲ့ရာတွင် ကျောင်းအဝင်လမ်း၌ ကျေးရွာမှ လူကြီးနှစ်ဦးနှင့်တွေ့ဆုံခဲ့ပါသည်။ ကျောင်းဝင်းတောထဲ သစ်ပင်ခိုးခုတ်သောကြောင့် လာ၍ချောင်းသည်ဟု လျှောက်ကြသည်။ 'ကျောင်းမှာ ဘယ်သူတွေရှိသလဲ' ဟုမေးရာ 'ဆရာဝန်ကြီး ရှိပါတယ်ဘုရား' ဟု လျှောက်ကြပါသည်။ ဆရာဝန်ကြီးဟူသည်မှာ ဦးဇင်းMA ၏ ခမည်းတော် ဒေါက်တာ အောင်သူကို ဆိုလိုခြင်းဖြစ်ဟန်တူပါသည်။

ဦးဇင်းMA လည်းဘွဲ့နှင်းသဘင်အခမ်းအနားကို မိခင်၏ ဆန္ဒအရတက်ရောက်ရန် ဆုံးဖြတ်ပြီးသွားပါသော်လည်း ဆံပင်ရိတ်ခြင်းကိစ္စအတွက် သံသယရှင်းသွားသဖြင့် အခမ်းအနား ကပ်၍ လူထွက်မည်ဖြစ်ကြောင်း လျှောက်ထားပါသည်။

ကပ္ပိယနှင့်အတူ ကျောင်းကိုရောက်သောအခါတွင်

ဦးဇင်းMA၊ ဒေါက်တာအောင်သူနှင့် ဒေါက်တာအောင်သူ၏တူ ကွန်ပျူတာတက္ကသိုလ်ကျောင်းသားတို့ကို တွေ့ရပါသည်။ သူတို့သည် သပိတ်၊ သင်္ကန်းယူ ခရီးဦးကြိုဆိုကြပြီးနောက် ဝတ်ပြုအပြီး၌

ဦးဇင်းMA ။ ။ ဆရာတော်မရှိတဲ့နေ့ကမှ ကျောင်းမှာထင်းခိုး ခုတ်တဲ့ပြဿနာ ဖြစ်တယ်ဘုရား။

ကွန်ပျူတာ ။ ။ ထင်းခိုးခုတ်ရုံတင်မကဘူး ဘုရား။ ဝါးတောင်းတဲ့ ပြဿနာလည်း ရှိပြန်တယ် ဘုရား။

ဦးဇင်းMA ။ ။ တင်ပါ့ဘုရား၊ တပည့်တော် မေ့နေလို့ပါဘုရား၊ ရပ်ကွက်ထဲက လူသုံးယောက်က မီးချိတ်၊ မီးကပ်လုပ်ဖို့ ဝါး(၆)လုံး လာတောင်းတယ်ဘုရား။ ပြီးတော့ ဆွမ်းခံရွာက ဒကာမကြီး တစ်ယောက်ကလည်း တီဗွီတိုင် ထောင်မလို့ဆိုပြီး ဝါးတစ်လုံး လာတောင်းသေးတယ်ဘုရား။

ဦးဇင်း ။ ။ အဲဒါ ဘယ်လိုဖြေရှင်းလိုက်ကြသလဲ။

ဦးဇင်းMA ။ ။ ကျောင်းကပစ္စည်း မပေးကောင်းဘူးလို့ သိထားတော့ ဘာလုပ်ရမှန်းမသိ ဖြစ်သွားတယ်ဘုရား။ ထင်းကတော့ လာခိုးတာပါဘုရား။ ဝါးကတောင်းတာပါ ဘုရား။

Dr.အောင်သူ ။ ။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က သိမ်ဒကာရဲ့မြေးကလေး ကံ့ကော်ပင်ပေါက် တူးပြီးတော့မှ ဖက်နဲ့ထုပ်ပြီး ယူသွားတာကို ဆရာတော်ဘုရား ငေါက်ခဲ့ဖူးတာ သတိရမိတယ်ဘုရား။

ဦးဇင်းMA ။ ။ မန္တယ်ရဲ့ညီမ မဟုတ်ဘူးလား ဒကာကြီး။

Dr.အောင်သူ ။ ။ ဟုတ်တယ် ဘုရား၊ ကံ့ကော်ပင်ပေါက်ကလေးတွေ မြေကြီးအလိုက်တူးယူပြီး ဖက်နဲ့ထုပ်သွားတာကို ငေါက်ခံလိုက်ရတော့ သိမ်ဒကာမကြီးကလည်း ကျေနပ်ဟန်မတူဘူး။ ဆရာတော်ဘုရားကို နောက်နှစ်ရက်လောက်နေတော့ လာလျှောက်တယ်။ 'အရှင်ဘုရား၊ ကလေးတွေ ကံ့ကော်ပင်ပေါက်စနလေးတွေ ဆော့ကစားရင်းယူသွားတာ ယူပါစေလားဘုရား။ ကြောင့်ကြမဲ့နေတော်မူပါဘုရား' လို့ လျှောက်

တာကို တပည့်တော် မှတ်မိသေးတယ်ဘုရား။

ဦးဇင်း ။ ။ အင်း. . . မှတ်မိရင်လျှောက်ပါဦး။

Drအောင်သူ ။ ။ 'ကံ့ကော်ပင်ပေါက်တွေကို နှမြောလို့ မဟုတ်ဘူး ဒကာမကြီး၊ ကံ့ကော်ပင်ပေါက်လည်း နှမြောစရာ မရှိဘူး။ ကံကော်ပင်ကြီးလည်း နှမြောစရာမရှိဘူး။ ဒါပေမယ့် ဒကာမကြီးတို့ အိမ်ဝင်းထဲကို ကျောင်းမြေ သံဃိကမြေတွေ ရောက်သွားပြီးတော့မှ တစ်သက် ဆင်းရဲမွဲတေမှာစိုးလို့ တားမြစ်လိုက်ရတာ' ဆိုတာကို တပည့်တော် တစ်သက် မမေ့ပါဘူးဘုရား။ မှတ်သားစရာလည်း ကောင်းလှပါတယ်ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်၊ မပေးကောင်းတဲ့ သူတွေကို ပေးမိလို့ရှိရင်လည်း သူကကုလဒူသနဆိုတဲ့ သိက္ခာပုဒ် ရှိသေးတယ်။

ဦးဇင်းMA ။ ။ မပေးကောင်းတဲ့သူကို ပေးရင်အာပတ်သင့်တာပေါ့ဘုရားနော်။

ဦးဇင်း ။ ။ မှန်ပါတယ်။

ဦးဇင်းMA ။ ။ ဒါဆို တပည့်တော်တို့ သစ်တွေဝါးတွေမပေးလိုက်တာ မမှားဘူးပေါ့နော် ဘုရား။

ဦးဇင်း ။ ။ မမှားပါဘူး၊ ဒါပေးလို့မှမဖြစ်ဘဲ။

ဦးဇင်းMA ။ ။ ပေးရင်ဘယ်လိုမျိုး အာပတ်အပြစ်ရှိပါသလဲဘုရား။

ဦးဇင်း ။ ။ ကျောင်းဝင်းထဲက သစ်ပင်တွေက သူခိုးတွေခုတ်ပြီးသွားပြီလား။

ဦးဇင်းMA ။ ။ သူခိုးမဟုတ်ဘူး ဘုရား။ ရွာထဲက လူတွေပါ။

ဦးဇင်း ။ ။ ကျောင်းပစ္စည်း ခိုးခုတ်လှဲကြတဲ့သူတွေကို သူခိုးလို့ပဲယူပါဘုရား။ သူခိုးခါးပြလက်ထဲကို ရောက်သွားပြီးတဲ့ပစ္စည်းဟာ ဘုန်းကြီးပစ္စည်းမဟုတ်တော့ဘူးလေ။ သူတို့ပိုင်ပစ္စည်း ဖြစ်သွားပြီ။

Dr.အောင်သူ ။ ။ ဟာ. . . ဥပဒေက အဲဒီလိုလား ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်. . ကိုယ့်ပစ္စည်းမဟုတ်တော့ဘူး။ သူ့ပစ္စည်းဖြစ်သွားပြီ။ ဒါကြောင့်သူ့ ပစ္စည်းကို ရဟန်းကနေပြီးတော့မှ ပြန်တောင်းလို့ ဘယ်ရတော့မလဲ။

ကွန်ပျူတာ ။ ။ ဒါ စဉ်းစားစရာဖြစ်သွားပြီဘုရား။ ပစ္စည်းလေးပါး လျှောက်မထားရင် တောင်းလို့မရဘူးပေါ့ဘုရား။

ဦးဇင်း ။ ။ ကျောင်းကပစ္စည်းတောင် လာခိုးနေမှတော့ ပစ္စည်းလေးပါး ဘယ်လျှောက်တော့မလဲ။ ပစ္စည်းလေးပါး ဒကာက ကျောင်းပစ္စည်းလာခိုးပဲ့မလဲ။

ဦးဇင်းMA ။ ။ တပည့်တော် အဲဒါတစ်ခါမှ မတွေးဖူးဘူးဘုရား။

ဦးဇင်း ။ ။ ဒါကလူတွေနဲ့ မဆိုင်ဘူးလေ။ လူတွေကတော့ သူခိုး ခိုးရင် ရဲစခန်းတိုင်မှာပေါ့။ ရဟန်းက အဲဒီလို လုပ်လို့မရဘူး။ သူခိုးလက်ထဲရောက်သွားရင် သူခိုးပိုင်ပစ္စည်း ဖြစ်သွားပြီလို့ မှတ်ရမယ်။*၁

Dr.အောင်သူ ။ ။ ဟာ. . သူတော်ကောင်းတွေရဲ့ အကျင့်ဟာ တော်တော်အံ့ဩစရာ ကောင်းတာပါပဲ ဘုရား။

ဦးဇင်း ။ ။ သာဓကတစ်ခု ပြောပြဦးမယ်။ နဘူးကျင်း ဆရာတော်ဘုရားကြီးထံတော်ပါးနေတဲ့အခါမှာ နွားကျောင်းသားတစ်ယောက်က ဆရာတော်ဘုရားကြီးရဲ့ စားပွဲတင် နာရီသေးသေးလေးကို ခိုးသွားတယ်။ ရှေးခေတ်က ဆိုတော့ နာရီတွေလည်း ရှားတယ်လေ။ အိမ်တိုင်း အိမ်တိုင်း နာရီမရှိကြဘဲကိုး။ ဒါနဲ့ ရွာရောက်တော့ အိမ်ကလူတွေက နွားကျောင်းသား လက်ထဲမှာ နာရီကိုမြင်လိုက်ရတော့ 'ဟာ ဒီနာရီ ဆရာတော် ဘုရားကြီးရဲ့ နာရီနဲ့တူတယ်လို့' ထင်ပြီး နွားကျောင်းသားကိုမေးတော့ ဝန်မခံဘူး။ နောက်ရက် ကျောင်းမှာလာပြီး စုံစမ်းကြတော့ ဆရာတော်ဘုရားကြီးမှာ နာရီမရှိတော့တာ

*၁-ပကိဏ္ဏကဝိနိစ္ဆယကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ။ (နှာ-၄၃၃)

သိလိုက်ရတယ်။ နွားကျောင်းသားလက်ထဲ ဆရာတော်ဘုရားကြီး နာရီတွေ့ကြောင်း နွားကျောင်းသား ခိုးကြောင်း စကားတွေက ကျယ်ကျယ်သွားတော့ ဆရာတော်ဘုရားကြီးက 'အဲဒီနာရီ ဒို့နာရီ မဟုတ်တော့ဘူး နွားကျောင်းသား ဒကာရဲ့ ပစ္စည်းဖြစ်သွားပြီ'။

Dr.အောင်သူ ။ ။ ပစ္စည်းသူခိုးကို လက်ပူးလက်ကြပ် မိနေသော်လည်းပဲ ဘုရားဥပဒေတော်နဲ့က ဆရာတော် ပစ္စည်းမဟုတ်တော့ဘူး။ သူခိုးပစ္စည်းဖြစ်သွားပြီပေါ့နော်။ ဘုရားဥပဒေက အံ့သြစရာပါပဲ ဘုရား။

ကွန်ပျူတာ ။ ။ လောကနဲ့တော့ ဆန့်ကျင်ဘက်ကြီးဘုရား။ လောကမှာတော့ အဲဒီလို သူခိုးမိလို့ရှိရင် ရိုက်နှက်ထုထောင်းပြီးတဲ့အခါကျတော့ အဲဒီပစ္စည်းကိုပြန်ယူ။ အဲဒါ လုပ်ရိုးလုပ်စဉ်ပဲဘုရား။

ဦးဇင်း ။ ။ အေး . . သူတော်ကောင်း လမ်းစဉ်နဲ့တော့ ကွာတာပေါ့။ အဲဒါနဲ့နောက်တော့ ရွာက ဝိနည်းနားလည်တဲ့ ကပ္ပိယတစ်ယောက်က ဆရာတော်ကြီးဆီကို နွားကျောင်းသား မိဘများနှင့် အတူတူလာပြီး နွားကျောင်းသားက ကြောက်ပြီး မလာရဲတော့ဘူး။ ကလေးက ငိုနေရှာတာ။

Dr.အောင်သူ ။ ။ မိဘတွေက ရိုက်မယ်ထင်လို့ ကြောက်ပြီး ငိုနေတာဖြစ်မှာပေါ့ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်။ ရိုက်မယ်ထင်လို့ ငိုနေရှာတာ။ အဲဒါနဲ့ ကပ္ပိယကြီးကပဲ နာရီကို ကလေး ကိုယ်တိုင် ဆရာတော်ကြီး လက်ထဲကို လှူလိုက်ဖို့ ပြောတယ်လို့ လျှောက်ထားပြီးမှ နွားကျောင်းသားရဲ့ အဖေက "ဒါဟာ တပည့်တော် နာရီပါဘုရား သာသနာကို ချီးမြှောက်သောအားဖြင့် ဒီနာရီကို အလှူခံပေးတော်မူပါဘုရား" လို့ အဲဒီလို လက်အုပ်ချီပြီးတော့မှ ရိုရိုသေသေ လှူဒါန်းလိုက်တော့မှ ဆရာတော်ကြီး လက်ခံတော်မူတယ်။

Dr.အောင်သူ ။ ။ မှန်လှပါဘုရား မှတ်သားစရာကောင်းပါတယ်။

မနေ့ကလို ကျောင်းကဝါးတွေ ထင်းတွေကို ခိုးခုတ်ထားတဲ့သူဆီက ကျတော့ ယူထားရမှာလား ပေးရမှာလားဘုရား။

ဦးဇင်း ။ ။ သူ့လက်ထဲရောက်သွားရင်တော့ သူ့ပစ္စည်းဖြစ်သွားပြီပေါ့။*၁ ဘယ်လိုလုပ် ယူထားလို့ရတော့မလဲ။ ကပ္ပိယ လိမ္မာရင်တော့ ရတာပေါ့။

ကွန်ပျူတာ ။ ။ ခိုးတာမဟုတ်ဘဲ တောင်းတာဆိုရင်တော့ကော ဘုရား။

ဦးဇင်း ။ ။ တောင်းတိုင်းပေးလို့ မရဘူး မောင်ကျောင်းသား ရဟန်းက ပေးကောင်း၊ တောင်းကောင်းတဲ့ ပုဂ္ဂိုလ်လေးမျိုးရှိတယ်။

Dr.အောင်သူ ။ ။ စိတ်ဝင်စားပါတယ်ဘုရား၊ သိပါရစေ။

ဦးဇင်း ။ ။ ပြောပြမယ်နော် ---။

(၁) တောင်းသာတောင်းကောင်း၊ မပေးကောင်း။

(၂) ပေးသာပေးကောင်း၊ မတောင်းကောင်းတဲ့။

(၃) တောင်းလည်းတောင်းကောင်း၊ ပေးလည်းပေးကောင်းတဲ့ ပြီးတော့ . . .

(၄) မတောင်းလည်း မတောင်းကောင်း၊ ပေးလည်း မပေးကောင်းတဲ့ ပုဂ္ဂိုလ်လေးပါး။*၂

ဦးဇင်းMA ။ ။ တောင်းတယ်ဆိုတာ အလှူခံတာကို ဆိုလိုတာလားဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ် ဦးဇင်း။ ပဝါရိတပုဂ္ဂိုလ်နှင့် ဆွေခုနှစ်ဆက်တော်စပ်တဲ့ ဆီကနေ အလှူခံကောင်းတယ်။ ရဟန်းပိုင်ပစ္စည်းတော့ သူတို့ကို မပေးကောင်းဘူး။

ကွန်ပျူတာ ။ ။ ပဝါရိတ ဆိုတာက ဘာလဲ ဘုရား။

ဦးဇင်း ။ ။ "ဘုရားတပည့်တော်ထံပါး အရှင်ဘုရားအလိုရှိရာကို အလှူခံပါ ဘုရား" လို့ လျှောက်ထား

---

*၁-ဒုတိယပါရာဇိက၊ ပဉ္စဝီသတိအဝဟာရကထာ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ။ (နှာ-၂၆၆)

*၂-တစ်ဘဝသာသနာ၊ အရှင်ဇနကာဘိဝံသ။ (နှာ-၃၈၆)

သူကို ပဝါရိတလို့ ခေါ်ပါတယ်။

Dr.အောင်သူ ။ ။ ရဟန်းက ပစ္စည်းပေးသာ ပေးကောင်းပြီး၊ မတောင်းရတဲ့ ပုဂ္ဂိုလ်ကျတော့ရောဘုရား။

ဦးဇင်း ။ ။ ခိုကိုးရာမဲ့ ဆင်းရဲသားတွေ၊ သူတောင်းစားတွေ၊ စစ်ရှုံးလို့ ကျောင်းကိုပြေးဝင်လာတဲ့ မင်းမှုထမ်းတွေ၊ ရိက္ခာမပါတဲ့ ခရီးသွားတွေ၊ ကျောင်းကို ဖျက်ဆီး ရန်ရှာမဲ့ခားပြ၊ သူပုန်တွေကို ပေးကောင်းတယ်၊ မတောင်းကောင်းဘူး။

ဦးဇင်းMA ။ ။ တောင်းလည်းတောင်းကောင်းတယ်၊ ပေးလည်းပေးကောင်းတာက မိဘတွေဖြစ်မယ် အရှင်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ရဟန်းရဲ့ မိဘတွေကျတော့ ရဟန်းပိုင်ပစ္စည်းပေးလည်း ပေးကောင်းတယ်။ ယူလည်း ယူကောင်းပါတယ်။

Dr.အောင်သူ ။ ။ ပေးလည်းမပေးရ၊ ယူလည်းမယူရတဲ့ ပုဂ္ဂိုလ်က ဘယ်လို ပုဂ္ဂိုလ်လဲဘုရား။

ဦးဇင်း ။ ။ ဆွေမျိုးဉာတိလည်းမဟုတ်၊ ပစ္စည်းလေးပါးဖိတ်ထားတဲ့ ပုဂ္ဂိုလ်လည်းမဟုတ်တဲ့ သူကိုတော့ ရဟန်းပိုင်ပစ္စည်းပေးလည်း မပေးကောင်းဘူး။ ယူလည်း မယူကောင်းဘူး။

ဦးဇင်းMA ။ ။ မဖြစ်မနေ သူ့ဆီက တောင်းရရင်ကောဘုရား။ အာပတ်မသင့်တဲ့ တောင်းနည်းများ ရှိပါသေးသလားဘုရား။

ဦးဇင်း ။ ။ အာပတ်မသင့်တဲ့ တောင်းနည်း ရှိပါတယ်။ ပဝါရိတလည်းမဟုတ် ဉာတိလည်းမဟုတ်တဲ့ လူရဲ့ အိမ်ရှေ့ကို စကားနှင့်မပြောဘဲ ဆွမ်းရပ်သလိုရပ်တော့ "သူကဘာအလိုရှိသလဲဘုရား" မေးခဲ့ရင် အလိုရှိရာ အလှူခံနိုင်ပါတယ်။

Dr.အောင်သူ ။ ။ ခုလို လိုက်နာကြတဲ့ ရဟန်းတွေ သာသနာမှာ ရှိပါသလားဘုရား။

ဦးဇင်း ။ ။ သာသနာတော်ရှိတဲ့အတွက် အများကြီးရှိပါတယ်။
ဦးဇင်းMA ။ ။ ဒါဆို တပည့်တော် မီးချိတ်၊ မီးကပ်လုပ်ဖို့နဲ့ တီဗွီတိုင်ထောင်ဖို့ ဝါးလုံးတွေကို မပေးလိုက်တာ အပြစ်လည်းမဖြစ် အာပတ်လည်း မသင့်ဘူးပေါ့နော်ဘုရား။
ဦးဇင်း ။ ။ မှန်ပါတယ်။ အပြစ်မဖြစ်ပါဘူး။ အာပတ်လည်း မသင့်ပါဘူး။
Dr.အောင်သူ ။ ။ ဒီဘုရားဥပဒေတော်ကို မသိတဲ့လူက “တောမှာနေတဲ့ဘုန်းကြီးတွေကလည်း ကပ်စေးနဲလိုက်တာ၊ နှမြောတွန့်တိုလိုက်တာ လွန်ရောလို့” ပြောကြမယ်ထင်တယ်။
ဦးဇင်း ။ ။ သူတို့ မသိရှာလို့ပါ။ ဗုဒ္ဓဘာသာ မိကောင်းဖခင်သားသမီးတွေပဲ၊ ဘုရားဥပဒေကို မသိလို့ပြောတာပါ။ သိရင်ဘယ်ပြောဝံ့မှာလဲ။
ကွန်ပျူတာ ။ ။ မှန်ပါဘုရား။ ပြောရင်ဝစီကံအပြစ်က ဖြစ်ဦးမှာဘုရား။ ဒါကိုထေရဝါဒ ဗုဒ္ဓဘာသာဝင်ကောင်းတွေ အားလုံးသိကြရင် ကောင်းမယ်ဘုရား။

ယမန်နေ့ ညနေပိုင်း မိုးကြီးရွာချသဖြင့် အပူချိန်လျော့ကာ ယနေ့ရာသီဥတုမျှတနေပါသည်။ ဦးဇင်း MA သည် တရားရှုမှတ်စကြံလျှောက်ကာ ကျောင်းတွင်းပြင် သန့်ရှင်းရေးများပြုလုပ်ကာ ကျက်မှတ်ရမည့် စာများကိုလည်း ကျက်မှတ်အပြီး ညနေပိုင်းလာရောက်ကာ ထိုင်မိသည်နှင့် မေးခွန်းများမေးလျှောက်ပါသည်။

## ၉။ ရဟန်းထိုင်နေတဲ့ ခုံတန်းလျားမှာ မာတုဂါမလာထိုင်ရင် အာပတ်သင့်ပါသလား

ဦးဇင်းMA ။ ။ သံသယဖြစ်နေတာနဲ့ လျှောက်ထားချင်တာ တစ်ခုတော့ ရှိသေးတယ်ဘုရား။

ဦးဇင်း ။ ။ လျှောက်ပါ၊ လျှောက်ပါ သံသယကို မမွေး ကောင်းပါဘူး ဦးဇင်း။

ဦးဇင်းMA ။ ။ လွန်ခဲ့တဲ့ အဖိတ်နေ့က ခမည်းတော်ကြီးနဲ့ မြို့ထဲ ဆေးခန်းပြရင်း ကြွသွားရတယ်ဘုရား။

ဘတ်စ်ကားပေါ်ရောက်တဲ့ အခါမှာတော့ ခုံတန်းလျားမှာ ထိုင်ရပါတယ်ဘုရား။ တပည့်တော်ထိုင်တဲ့ ခုံတန်းလျားအဆုံးမှာ ဒကာမတွေလည်း ဝင်ထိုင်ကြလို့ အာပတ်သင့်သလားလို့ တွေးထင်နေမိတယ်ဘုရား။ ညနေကျောင်းရောက်တော့ တပည့်တော် ဒေသနာကြားပါတယ်ဘုရား။ ဒါကိုတပည့်တော်စိတ်ထဲ နည်းနည်း သံသယဖြစ်နေပါတယ်ဘုရား။

ဦးဇင်း ။ ။ မြတ်စွာဘုရားရှင်က ခုံတန်းလျားရှည် ဒီဃာသနမှာတော့ ပဏ္ဍုတ်ရယ်၊ မိန်းမရယ် ဥဘတောဗျည်း(၃)ယောက်မှတစ်ပါး အားလုံးသော ရဟန်းရှင်လူ ယောကျ်ားတို့နှင့် အတူထိုင်ကောင်းတယ်လို့ ခွင့်ပြုထားတာရှိတယ်။*၁

ဦးဇင်းMA ။ ။ ခုံတန်းလျားရှည်ဆိုတာက ဘယ်လောက် ရှည်တာကိုယူရမလဲဘုရား။

ဦးဇင်း ။ ။ သုံးယောက်လောက် ထိုင်နိုင်တာကို ခုံတန်းလျားရှည် ဒီဃာသနလို့ ခေါ်နိုင်ပါတယ်။

ဦးဇင်းMA ။ ။ ဘတ်စ်ကားတွေမှာတော့ သုံးယောက်ထိုင်မကဘူးဘုရား။ ခုံတန်းလျားရှည်ကြီးတွေပါဘုရား။

ဦးဇင်း ။ ။ အဲဒီကားတွေ၊ ရထားတွေ၊ သင်္ဘောတွေမှာကျတော့ ခုံတန်းလျားတွေက ရွှေ့မရအောင် ကြမ်းပြင်နဲ့အတူ တွဲထားတာရှိတယ်။ ဒါကထိုင်ကောင်းပါတယ်။

---

*၁-တတိယဘာဏဝါရ၊ သေနာသနက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ။ ( နှာ - ၃၂၀ )

ဦးဇင်းMA ။ ။ ဒါဆိုလို့ရှိရင် ဒီကားတွေ၊ ရထားတွေမှာ ရွှေ့မရအောင် တပ်ဆင်ထားတဲ့ ခုံတန်းလျားအရှည်ကြီးတွေမှာတော့ ဒကာမတွေနဲ့ တစ်တန်းတည်း ထိုင်မိရင်လည်း ရတယ်လို့ ယူရမှာလား ဘုရား။

ဦးဇင်း ။ ။ အင်း. . ဒီလိုကြမ်းပြင်နဲ့ အလားတူသဘောမျိုး ရွှေ့မရအောင်လုပ်ထားတဲ့ ထိုင်ခုံမှာတော့ ထိုင်ကောင်းပါတယ်ဘုရား၊ ကြမ်းပြင်မတွဲဘဲ ရွှေပြောင်းနိုင်လို့ရှိရင်တော့ မအပ်ဘူးလို့ ယူရမယ် ဦးဇင်း၊ ဒါပေမယ့် ဒီဃာသန ခုံတန်းရှည်ဖြစ်စေကာမူ ဒကာမနဲ့ကပ်ပြီး ထိုင်ခွင့်မရှိတာကိုတော့ အရှင်ဘုရား သိပြီးသားပါပဲလေ။

ဦးဇင်းMA ။ ။ ကာယသံသဂ္ဂကို မမေ့ပါဘူး ဘုရား။ မာတုဂါမနဲ့ ကပ်ပြီးတော့ မထိုင်ပါဘူးဘုရား။ ခမည်းတော်ကြီးရယ် ဒီဘက်ကလည်း ဒကာတွေနဲ့ တပည့်တော် သတိပြုပြီး ထိုင်တာပါဘုရား။ သတိပဋ္ဌာန်လည်း ရှုပွားလျှက်ပါဘုရား။ အာပတ်လည်းမသင့်အောင် နေပါတယ်ဘုရား။ ဆေးခန်းက အပြန်မှာတော့ ခမည်းတော်ရဲ့ တပည့် ဒါယိကာမတစ်ဦးက သူ့ကားနဲ့ ကျောင်းလိုက်ပို့ပေးတယ်ဘုရား။ အဲဒါကျတော့ ဘယ်လို အာပတ်သင့်နိုင်ပါသေးလဲ ဘုရား။ ဒါယိကာမ အမျိုးသမီးကြီးက ကားကို ကိုယ်တိုင် မောင်းတာပါဘုရား။

## ၁၀။ မာတုဂါမ မောင်းတဲ့ ကားစီးရင် ရဟန်းမှာ အာပတ်သင့်နိုင်ပါသလား

ဦးဇင်း ။ ။ စာထဲမှာတော့ ဂိလာနရဟန်းက နွားမဆွဲတဲ့ လှည်းကို မစီးကောင်းဘူးလို့ပြတယ်။ အဲဒါဟာ အာပတ်သင့်တယ်။ နွားထီးဆွဲတဲ့ လှည်းဖြစ်ရင်တော့ မိန်းမ မောင်းသော်လည်းပဲ စီးကောင်းတယ်တဲ့။ နွားမဆွဲတဲ့လှည်း ဖြစ်စေ

ကာမှု ယောက်ျားမောင်းရင်တော့ ဂိလာနရဟန်းအနေနဲ့ စီးကောင်းတယ်လို့ စာမှာ လာပါသေးတယ်။*၁

ဦးဇင်းMA ။ ။ ကားကော ဘုရား။

ဦးဇင်း ။ ။ ရပါတယ်။ အမျိုးသမီး မောင်းတဲ့ကားလည်း စီးကောင်းပါတယ်။ အပြစ်မရှိပါဘူး။ ကားထဲမှာ အမျိုးသမီးနဲ့ ရဟန်းတစ်ပါးတည်း ဖြစ်နေရင်တော့ ရဟောနိသဇ္ဇ သိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်တယ်။*၂

ဦးဇင်းMA ။ ။ ကားထဲမှာ တပည့်တော် တစ်ပါးတည်း မဟုတ်ပါဘူးဘုရား။ ခမည်းတော်ပါ ပါတယ်ဘုရား။ နွားလှည်းတော့ မစီးဖူးပါဘူးဘုရား။ ဒါက ဂိလာနမှ အပ်တာ မဟုတ်ပါလား ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ဂိလာနရဟန်းဆိုရင်တော့ အပ်ပါတယ်။ ဂိလာနမဟုတ်ရင်တော့ ကျွဲလှည်း၊ နွားလှည်း၊ မြင်းလှည်း၊ ဆိုက်ကားတို့ကို မစီးကောင်းဘူးပေါ့။*၃

ဦးဇင်းMA ။ ။ ဘုရားတပည့်တော် ရိုသေစွာလိုက်နာပါ့မယ် ဘုရား။

ဦးဇင်း ။ ။ ကောင်းပြီ။ သာဓု. . . သာဓု။

## ၁၁။ ရဟန်းက ကုသိုလ်ရချင်လို့မြက်ရှင်းတာ၊ မြောင်းဖော်တာ အာပတ်သင့်တတ်ပါသလား

ဦးဇင်းMA ။ ။ မနေ့က မိုးကြီးရွာချလို့ ကျောင်းရှေ့မှာ ရေတွေ ဝပ်သွားတယ်။ အဲဒါကို မြောင်းဖော်မယ်ဆိုတော့ ဆရာတော်ဘုရား တားမြစ်တော်မူတာ ဘယ်လိုလဲလို့

*၁-ယာနာဒိပဋိက္ခေပကထာ၊ မဟာဝဂ္ဂပါဠိ။ ( နှာ - ၂၈၀ )
ဝိနယမဟာဝဂ္ဂ၊ အဋ္ဌကထာ။ ( နှာ - ၃၆၉ )

*၂-ရဟောနိသဇ္ဇသိက္ခာပဒ၊ အစေလကဝဂ္ဂ၊ ပါစိတ္တိယပါဠိ။ ( နှာ - ၁၃၀ )

*၃-ယာနာဒိပဋိက္ခေပ၊ ဓမ္မက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။ ( နှာ - ၂၈၀ )

တွေးမရပါဘုရား။ ဒီအလုပ်ဟာ ဟိုတုန်းက ကျောင်းလာတဲ့အခါ မှာ ဘုရား တပည့်တော်များ လုပ်နေကျပဲ ဘုရား။ အခု ရေတွေလျှံ နေတာကို မြောင်းသွယ်ပေးလိုက်တော့ ကျောင်းရှေ့သန့်ရှင်းသွား တာပေါ့ဘုရား။ ဝေယျာဝစ္စကုသိုလ်လည်းရမယ်။ ဒါပေမယ့် ဆရာတော် ဘုရားတားမြစ်လိုက်တဲ့အခါမှာတော့ တပည့်တော် အနေနဲ့ အာပတ်များ ရှိလေသလားလို့ တွေးမိပါတယ် ဘုရား။

ဦးဇင်း ။ ။ ရဟန်းကိုယ်တိုင် မြက်တွေခုတ်ရှင်းမယ်၊ ရေတွေဝပ်နေတာကို သုတ်သင်ဖယ်ရှားဖို့ မြေကို တူးဆွမယ်ဆိုလို့ရှိရင် အာပတ်သင့်နိုင်ပါတယ်။

ဦးဇင်းMA ။ ။ မှန်ပါ့ဘုရား။

ဦးဇင်း ။ ။ ဒီမြက်တွေကို ခုတ်ဖြတ်တိုင်း ခုတ်ဖြတ်တိုင်း၊ ဒီမြေတွေကို တူးဆွတိုင်း တူးဆွတိုင်း ပါစိတ် အာပတ်သင့်တာက မရေမတွက်နိုင်အောင်ပါဘဲ။*၁

ဦးဇင်းMA ။ ။ အစကနဦးက ကျောင်းဝင်းသန့်ရှင်းစေလိုတဲ့ ကုသိုလ်စိတ်ကတော့ တပည့်တော်မှာရှိပါတယ် ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ကုသိုလ်ရတဲ့စိတ်ကတော့ ကြွံမိရုံ လေး နည်းနည်းတော့ရှိပါတယ်။ ဒါပေမယ့် လုပ်သမျှ လုပ်သမျှ အားလုံးဟာ အာပတ်သင့်ဖို့တွေချည်းပဲ ဖြစ် တော့တယ်။ အဲဒီ ကုသိုလ်စိတ် အကျိုးပေးဖို့ရာမှာ အလွန်အား ကြီးတဲ့ အာပတ်တွေက အခွင့်မပေးနိုင်လောက်တော့ပါဘူး။ ဒါကြောင့် ရဟန်းအနေနဲ့ မြေကြီးတူးတာ၊ ဆွတာ၊ မြက်တွေ၊ နှုတ်တာ သစ်ပင်တွေ ခုတ်တာတွေ အားလုံးဟာ ဝေယျာဝစ္စနှင့် ကပ္ပိယတွေကို အပ်စပ်အောင် ခိုင်းရင်ခိုင်းဖို့ပဲရှိတယ်။ ကိုယ်ကိုယ် တိုင် ဆောင်ရွက်လို့ ရှိရင်တော့ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အာပတ်ကတော့ သင့်တော့တာပဲဘုရား။*၂

*၁-ပထဝီခဏနသိက္ခာပဒ၊ မုသာဝါဒဝဂ်၊ ပါစိတျာဒိအဋ္ဌကထာ။ ( နှာ - ၂၁ )
*၂-ဝိမတိ ဝိနောဒနီဋီကာ။ သမထက္ခန္ဓကအဖွင့် သာရတ္ထဒီပနီဋီကာ။

## ၁၂။ ရဟန်းဘ၀ အာပတ်သင့်ပြီး လူထွက်ရင် အာပတ်အလိုလို ပြေငြိမ်းပါသလား။

ဦးဇင်းMA ။ ။အရှင်ဘုရား။ အကယ်၍ ရဟန်းဘ၀မှာ အာပတ်ကို မကုစားမိဘဲ သိက္ခာချပြီး လူထွက်ရင်ကော ရဟန်း သိက္ခာကျပါသလား ဘုရား။

ဦးဇင်း ။ ။သိက္ခာကတော့ အစောကပြောခဲ့တဲ့ အကြောင်းတွေနဲ့ ပြည့်စုံရင် ကျပြီးသားပါ။ ဒါပေမဲ့ ပါရာဇိက အာပတ်ဆိုရင် ရဟန်းပြန်မဖြစ်တော့ဘူး။ သံဃာဒိသိသ် အာပတ်ဆိုရင်လည်းပဲ သိက္ခာချပြီးမှ လူထွက်သွားရင် အာပတ်မရှိသော်လည်းပဲ ရဟန်းပြန်ခံလို့ရှိရင် ပထမ ရဟန်းဘ၀က အာပတ်ဟာ ရဟန်းသီလ တည်ပြီးတာနဲ့ တပြိုင်နက် အာပတ်သင့်လျက်ပဲ။*၁ ဒါကြောင့် ရဟန်းပြန်ခံပြီးတဲ့ အခါကျတော့ ဝုဋ္ဌာနကံနဲ့ ကုမှသာလျှင် စင်ကြယ်တယ်။ ဒေသနာဂါမ် အာပတ်ဆိုရင်လည်းပဲ ဒေသနာကြားမှ စင်ကြယ်တယ်။

ဦးဇင်းMA ။ ။အဲဒီလို အာပတ်မျိုးကို ကုစားပြီးရင်တော့ အပြစ်ငြိမ်းပြီပေါ့ ဘုရား။

ဦးဇင်း ။ ။အပြစ်ငြိမ်းတယ်ဆိုတဲ့ နေရာမှာ ဘယ်လို နားလည်စေချင်သလဲဆိုရင် အရိယာကိုပြစ်မှားပြောဆိုမိတဲ့ကံဟာ ဝန်ချတောင်းပန်ကန်တော့မှသာလျှင် ပြေငြိမ်းတယ်။ အဲဒီလိုပဲ ရဟန်းတွေမှာ ဝတ်ဆောက်တည်ခြင်း၊ ဒေသနာကြားခြင်းအားဖြင့် သင့်တဲ့ အာပတ်တွေကတော့ အကျိုးမပေးတော့ပါဘူး။ ပြေငြိမ်းသွားပါတယ်။

## ၁၃။ ရဟန်း အာပတ်ဒေသနာကြားရင် အပြစ်အားလုံး ပြေလွှတ်ပြီလား

ဦးဇင်းMA ။ ။ဒါဆိုရင် တိရစ္ဆာန်တွေကိုသတ်မိပြီး သင့်တဲ့ အာပတ်ကကော ဘုရား။

*၁-မာနတ္တသတ၊ သမုစ္စယကက္ခန္ဒက၊ စူဠဝဂ္ဂပါဠိ။ ( နှာ - ၁၅၉ )

ဦးဇင်း ။ ။တိရစ္ဆာန်တွေကို သတ်လို့သင့်တဲ့ အာပတ်က ပါစိတ်အာပတ်ပါ။ ဒေသနာကြားရင် အာပတ်အပြစ်လွတ်သော်လည်းပဲ ပါဏာတိပါတကံအပြစ်က ပြေငြိမ်းပြီး အဟောသိကံ ဖြစ်တယ်မရှိပါဘူး။ သံသရာမှာ အကျိုးပေးစရာ ရှိရင် ပေးဦးမှာပဲ။*၁

ဦးဇင်းMA ။ ။ဘုရားရှင်ရဲ့ အာဏာပညတ်တော်ကြောင့် ပေါ့နော် ဘုရား။

ဦးဇင်း ။ ။မှန်ပါတယ်။ အာဏာတော်နဲ့ ပညတ်ထားတဲ့ အာပတ်ရဲ့အပြစ်ကတော့ လမ်းစဉ်အတိုင်း ကုစားရင် လွတ်နိုင်သော်လည်းပဲ စောစောက တိရစ္ဆာန်သတ်ထားတဲ့ ပါဏာတိပါတကံ စေတနာလို့ခေါ်တဲ့ ပရမတ္ထ အကုသိုလ်ကံကတော့ မငြိမ်းဘူး။ အာပတ်လို့ခေါ်တဲ့ ပညတ်ဝိနည်းပြစ်ကတော့ ငြိမ်းတယ်လို့ နားလည်ရမယ် ဦးဇင်း။

ဦးဇင်းMA ။ ။ဘာဖြစ်လို့လဲ ဘုရား။

ဦးဇင်း ။ ။မြတ်စွာဘုရားက ဤမည်သော အာပတ်သင့်စေဆိုပြီးတော့ အာဏာတော်နဲ့ ပညတ်ထားတော်မူတာကြောင့်ပါပဲ။

ဦးဇင်းMA ။ ။ဒါဆိုရင် အာဏာပညတ်ကို ကျူးလွန်မိတဲ့ ရဟန်းက သင့်တဲ့အာပတ်ကို ကုစားရင် ငြိမ်းပြီပေါ့ဘုရား။

ဦးဇင်း ။ ။မှန်ပါတယ်။ အာဏာပညတ်တော်ကြောင့် သင့်တဲ့ အာပတ်ကုစားလိုက်ရင် ဈာန်မဂ်ဖိုလ်လည်း ရနိုင်ပါတယ်။ ပါရမီနုသေးရင် နတ်ပြည်ကိုလည်း ရောက်နိုင်ပါတယ်။ ဒါပေမယ့် သတ္တဝါတွေကိုသတ်တဲ့ ကံမှာတော့ သတ္တဝါတွေကြီးရင်ကြီးသလို ပယောဂကြီးလို့ အပြစ်ကြီးတယ်။ သတ္တဝါငယ်ရင်ငယ်သလို ပယောဂသေးတဲ့အတွက်ကြောင့်အပြစ်သေးတယ်။*၂

---

*၁-သာရတ္ထဒီပနီဋီကာ၊ သမထက္ခန္ဓကအဖွင့်။
*၂-ကာယကံသုံးပါး၊ ပါကဋ္ဌာနကံ ( ၄ ) ပါး၊ သင်္ဂြိုဟ်ဘာသာဋီကာ။ ( နှာ - ၃၅၇ )

## ၁၄။ ပါရာဇိကကျတယ်လို့ သံသယရှိနေတဲ့ ရဟန်းကို လှူဒါန်းရင် လှူမှာ ဘယ်လိုအပြစ်ရှိပါသလဲ

ဦးဇင်းMA ။ ။ ပါရာဇိကကျတယ်လို့ ပတ်ဝန်းကျင်က သံသယ ရှိပြီးတော့မှ သာသနာမှာ နေနေတဲ့ ရဟန်း တစ်ပါးကို ဒကာ၊ ဒကာမတွေက ပစ္စည်းလေးပါးထောက်ပံ့ လှူဒါန်းလို့ရှိရင် ဘယ်လိုများ အာပတ်သင့်နိုင်ပါသလဲဘုရား။

ဦးဇင်း ။ ။ လှူဒါန်းတဲ့လူတွေမှာ အာပတ်မရှိဘူး ဦးဇင်း။

ဦးဇင်းMA ။ ။ ဘုရားတပည့်တော် လူတွေကိုပြောတာ မဟုတ် ပါဘုရား။ ရဟန်းတွေကို လှူဒါန်းလို့ရှိရင် ဘယ်လိုကျေးဇူး ဘယ်လိုအပြစ်ရှိပါသလဲလို့ မေးလျှောက်မိတာပါ ဘုရား။

ဦးဇင်း ။ ။ ပါရာဇိကကျနေတဲ့ ရဟန်းဆိုတာကို မသိဘဲနဲ့ ဒကာ၊ ဒကာမတွေ လှူဒါန်းနေလို့ရှိရင် ဒုဿီလ ရဟန်းကို ပေးကမ်းလှူဒါန်းတာလောက်တော့ ကောင်းမှု ကုသိုလ် အကျိုးရပါတယ်။

ဦးဇင်းMA ။ ။ သိလျက်ကြီးနဲ့ လှူဒါန်းရင်ကကော ဘုရား။

ဦးဇင်း ။ ။ ရဟန်းတစ်ပါး ပါရာဇိကကျတယ်ဆိုတာ ပြင်ပ ကလူတွေ သိဖို့က တော်တော်သိမ်မွေ့ပါတယ်။ သို့သော် အဘယ်ကဲ့သို့ပင်ဆိုစေကာမူ ပါရာဇိကကျနေတယ်လို့ သိလျက် အဲဒီရဟန်းကို ချီးမြှောက်မယ်၊ လှူဒါန်းမယ်ဆိုလို့ရှိရင် တော့ သာသနာကို ဖျက်ဆီးတဲ့သဘောမျိုး၊ အဆိပ်ပင်ရေလောင်းတဲ့ သဘောမျိုးပဲဖြစ်ပါတယ်။ ဒါကိုတော့အထူးသတိထားဖို့လိုပါတယ် ဦးဇင်း။

## ၁၅။ ရဟန်းသိက္ခာချပြီး ဆံပင်ကို ဘာလို့ ရိတ်ရတာလဲ

ဦးဇင်းMA ။ ။ ဆွမ်းဘုဉ်းပေးချိန်လည်းနီးပြီ ဘုရား။ ဒါပေမယ့် တပည့်တော်စိတ်ထဲ မရှင်းမလင်း ဖြစ်နေတာ

က ဘွဲ့ဝတ်စုံဝတ်ပြီး ဓါတ်ပုံရိုက်ပေးရမယ်လို့ မယ်တော်ကြီးက လည်း လျှောက်ထားတယ် ဘုရား။ အဲဒါ ဘွဲ့ဝတ်စုံဝတ်ပြီး ဓါတ်ပုံ ရိုက်ဖို့က ဆံပင်လည်းရှိရဦးမယ် ထင်တယ်ဘုရား။ တပည့်တော် သိက္ခာချပြီးတော့မှ အိမ်ပြန်တဲ့အခါကျတော့ ရဟန်းဆံပင်နဲ့ ပြန်လို့ ကောင်းပါ့မလားဘုရား။

ဦးဇင်း ။ ။ ရဟန်းဘဝ သိက္ခာချပြီးတဲ့အခါ လူဖြစ်သွားပြီ ဦးဇင်း။ အဲဒီတော့ လူ့ဘဝမှာ ရဟန်း ဆံပင် ဘယ်လိုလုပ် ရှိတော့မလဲ။ ဆံပင်လက်နှစ်သစ် ရှည်တဲ့အထိထား ရင် ဒါမှမဟုတ်ရင် နှစ်လမရိတ်ဘဲ ထားလို့ရှိရင် အာပတ်မသင့် ပါဘူး*၁ ရဟန်းလူထွက်ပဲဖြစ်ဖြစ်၊ သာမဏေလူထွက်ဘဲ ဖြစ်ဖြစ် သူတို့မှာ ရဟန်းဆံပင် သာမဏေဆံပင်မှ မရှိတော့တာပဲ။ အဲဒီတော့ ဘာလို့များ ရိတ်နေရဦးမှာလဲ။ ပေါ်ရဲ့လားဗျာ။

ဦးဇင်းMA ။ ။ ပေါ်ပါတယ်ဘုရား။ သဘောပေါက်ပါပြီ။ တပည့်တော်က ရဟန်းသိက္ခာချပြီးရင် ဆံပင် ရိတ်ရမယ်လို့ ကြားဖူးနေတာကရှိလို့ပါဘုရား။

ဦးဇင်း ။ ။ အေး. . ကြားဖူးရုံနဲ့လည်း မလုံလောက်ပါဘူး။ စူးစမ်းလေ့လာရဦးမယ်လေ ဦးဇင်း။

ဦးဇင်းMA ။ ။ ဘုရားတပည့်တော် လူမထွက်မချင်း ကောင်း မွန်စွာ ကြိုးစားနေပါ့မယ်ဘုရား။

ဦးဇင်း ။ ။ သင့်တဲ့ အာပတ်ကို ကုစားတာလည်း ကောင်း ပါတယ်။ အာပတ်မသင့်အောင် ကောင်းမွန်စွာ နေတာကလည်း ပိုပြီးကောင်းပါတယ်။

ဦးဇင်းMA ။ ။ မှန်လှပါဘုရား။ တပည့်တော် ဒေသနာဂါမိ အာပတ်ကိုလည်း ဒေသနာကြားပြီး ကုစားပါ့ မယ်ဘုရား။

ဦးဇင်း ။ ။ သာဓုပါဗျာ။ သာဓု။ သာဓု။

*၁-ခုဒ္ဒကဝတ္ထုနိ၊ ခုဒ္ဒကဝတ္ထုက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ။ ( နှာ - ၂၄၂ )

သားရဟန်း ရာသီဥတုအပြောင်းအလဲကြောင့် နေထိုင် မကောင်း ဖြစ်သော်လည်း ဆွမ်းခံခြင်းကိုမူ အပျက်မခံဘဲ ဆွမ်းခံ ထွက်နေ ပါသည်။ ခမည်းတော်ဖြစ်သူ ဒေါက်တာအောင်သူလည်း သူ၏ သားရဟန်းကို ဆေးဝါးကုသမှု ဆောင်ရွက်ပေးလျှက်ရှိပါသည်။

## ၁၆။ ရဟန်းသံဃာများ ရွှေငွေခံယူမှုအကြောင်း သိချင်ပါတယ်

ဦးဇင်းMA ။ ။ ဘုရားတပည့်တော် မယ်တော်ကြီးက အဖိတ်နေ့ မြို့ထဲဆေးခန်းသွားတဲ့အခါမှာ ဝတ္ထု (၅၀၀၀) ကပ်လှူလိုက်တယ်ဘုရား။ တပည့်တော်လည်း ဝတ္ထု မကိုင်ကောင်း ဘူးလို့ပြောတော့ စာအိတ်နဲ့ ထည့်လှူလိုက်တာမို့လို့ ကိုင်ကောင်း ပါတယ်ဆိုပြီး အတင်းလှူလိုက်တယ်ဘုရား။ တပည့်တော်လည်း အာပတ်များသင့်ပြီလားလို့ စိတ်ထဲ ဇဝေဇဝါ ဖြစ်သွားတာနဲ့ ဆေး ခန်း အပြန်မှာတော့ စာအိတ်ကို ခမည်းတော်ကြီးကို စွန့်လိုက် ပါတယ်။ ဘုရားတပည့်တော် အာပတ်သင့်သလားဘုရား။

ဦးဇင်း ။ ။ အာပတ်သင့်ပါတယ်။

Dr. အောင်သူ ။ ။ ဝတ္ထုက တပည့်တော်ဆီမှာပါ ဘုရား။ ဦးဇင်း လေးမှာ ဘယ်လိုအာပတ်သင့်ပါသလဲ ဘုရား?

ဦးဇင်း ။ ။ မြတ်စွာဘုရားက ရွှေငွေနဲ့ပတ်သက်ပြီးတော့-
(၁) ကိုယ်တိုင်လည်း မခံယူရ၊
(၂) သူတပါးကိုလည်း မခံယူစေရ၊
(၃) အနားမှာထားတာကိုလည်း မသာယာ ရဘူးလို့ မိန့်ကြားတော်မူတာ ရှိတယ်။*၁

ဦးဇင်းMA ။ ။ အဲဒီလို ကျူးလွန်မိရင် ဘယ်လို အာပတ်သင့် ပါသလဲဘုရား?

ဦးဇင်း ။ ။ အဲဒါကျူးလွန်ရင် နိဿဂ္ဂိပါစိတ် အာပတ် သင့် တယ်။ အဲဒါကို စွန့်ခြင်းဝိနည်းကံလို့ခေါ်တယ်။

ပြီးတော့ ရဟန်းက ရွှေငွေတွေနဲ့ ရောင်းဝယ်တဲ့ သဘောလည်း

*၁-ရူပိယသံဝေါဟာရသိက္ခာပဒ၊ ကောသိယဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ။ ( နှာ - ၃၄၅ )

မပြုရဘူး။ အဲဒါလည်း အာပတ်ရှိတယ်။*၁

Dr.အောင်သူ ။ ။ ငွေကို ရေလိုသုံးနေတဲ့ခေတ်ကြီးမှာ အဲဒီလို ငွေ မပါဘဲနဲ့ ဘယ်လိုလုပ်ပြီးတော့မှ နေလို့ရမလဲဘုရား။ လောကထဲ မှာနေရတာ အစစအရာရာ အခက်အခဲဖြစ်သွားနိုင်တာပေါ့ ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ အခက်အခဲတွေကတော့ ရှိပါလိမ့် မယ်။ ဒါပေမယ့် လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုက ဆရာတော်ဘုရားကြီးများက ဒါကိုအလွန်ပဲ ဂရုထား တော်မူကြပါတယ်။ မြတ်ဘုရား ဥပဒေတော်ကြီးလေဒကာ။

Dr.အောင်သူ ။ ။ ယနေ့ အချိန်အထိ ငွေမကိုင်ဘဲနဲ့ ဒီဝိနည်းကို လေးစားတဲ့ ဆရာတော် သံဃာတော်များ တပည့်တော်တို့ တိုင်းပြည်မှာ အများကြီးရှိပါသေးသလားဘုရား။

ဦးဇင်း ။ ။ ဒကာကြီး သာသနာတော်ရှိသေးတယ်လေ၊ ဝိနယဂရုက လဇ္ဇီပေသလ သိက္ခာကာမ ပုဂ္ဂိုလ် မြတ်တွေ ဒီနိုင်ငံမှာ အများကြီးရှိတာပေါ့။

Dr.အောင်သူ ။ ။ သြော် ဘုရားတပည့်တော် ဒုတိယသင်္ဂါယနာ တင်ရတာက ရဟန်းတွေ ငွေကိုင်လို့ပြီးတော့မှ အရက်ကို သောက်ခွင့်ရှိတယ်ဆိုတဲ့ အကြောင်းများကြောင့်လို့ ဖတ်ဖူးပါတယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ဒုတိယသင်္ဂါယနာ တင်ခဲ့တဲ့ အကြောင်းရင်းထဲမှာ အဓမ္မဝတ္ထု (၁၀) ပါး ရှိပါ တယ်။ အဲဒီထဲမှာ ရွှေငွေကို ရဟန်းများခံယူတဲ့ကိစ္စက အချက် တစ်ချက်အနေနဲ့ ပါဝင်ပါတယ်။*၂

ဦးဇင်းMA ။ ။ ဒါဆို အခုလို ငွေမကိုင်ဘဲနဲ့ အာပတ်မသင့် အောင် ဘယ်လိုနေကြရပါသလဲဘုရား။

ဦးဇင်း ။ ။ နဘူးကျောင်း ဆရာတော်ဘုရားကြီးထံပါး စာအုပ်

---

*၁-ရူပိယသံဝေါဟာရသိက္ခာပဒ၊ ကောသိယဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ။ ( နှာ - ၃၄၇ )

*၂-ပထမဘာဏဝါရ၊ သတ္တသတိကက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ။ ( နှာ - ၄၉၁ )
ငှင်းအဋ္ဌအထာ။ ( နှာ - ၁၃၄ )

တစ်အုပ် လှူဒါန်းလိုက်လို့ရှိရင် ဆရာတော် ဘုရားကြီးက စာအုပ်ကို အစအဆုံး လှန်ကြည့်လေ့ရှိတယ်။ အဲဒီလို လှန်ကြည့်တာကို မကြာမကြာ မြင်ရဘူးတော့ "ဆရာတော်ဘုရား အဲဒါဘာဖြစ်လို့ ကြည့်ရတာလဲ ဘုရား" လို့ မေးလျှောက်တော့ "ဝတ္ထုပါလာမှာကို စိုးလို့" လို့ အမိန့်ရှိတော်မူတယ်။

Dr.အောင်သူ ။ ။ အဲဒီလို ဝတ္ထုပါလာရင် ဘာဖြစ်သလဲဘုရား။

ဦးဇင်း ။ ။ စာအုပ်ကြားထဲ ဝတ္ထုပါတာကို ရဟန်းက ထိမိကိုင်မိရင်လည်း အာပတ်သင့်ပါတယ် ဒကာ။

Dr.အောင်သူ ။ ။ ဒါဆို ရဟန်းသံဃာများကို ဝတ္ထုနဲ့ပတ်သက်လာရင် ဘယ်လိုဆောင်ရွက်ရပါမလဲ ဘုရား။

ဦးဇင်း ။ ။ ဒကာ ဒကာမများဘက်က ရဟန်းကို ဝိနည်းနဲ့ လျော်ညီအောင်လျှောက်ထားနိုင်တဲ့ နည်းတွေရှိပါတယ်။

Dr.အောင်သူ ။ ။ အဲဒီလို ဝိနည်းနဲ့အညီ လျှောက်ထားနည်းကိုလည်းသိပါရစေဘုရား။

ဦးဇင်း ။ ။ ဘာကိုသိချင်တာလဲ ဒကာကြီး။

Dr.အောင်သူ ။ ။ ဥပမာပေါ့ဘုရား။ တပည့်တော်အနေနဲ့ ဦးဇင်းလေးကို ဆေးဝယ်ဖို့ ဝတ္ထု (၅၀၀၀) လှူဒါန်းချင်တယ်ဆိုရင် ဘယ်လိုလျှောက်ထားဆောင်ရွက်ရမလဲဘုရား။

ဦးဇင်း ။ ။ ဝတ္ထုငွေကြေးတော့ လှူဒါန်းလို့မရဘူး။ ဘုရားခွင့်ပြုတော်မူတဲ့ အပ်စပ်တဲ့ ပစ္စည်းပဲ အလှူခံလို့ရပါတယ်။ ဒါကို ခုလို့လျှောက်တတ်ဖို့တော့ လိုပါတယ်။ "တပည့်တော် အရှင်ဘုရားအတွက် (၅၀၀၀) ကျပ်တန် အပ်စပ်တဲ့ ပစ္စည်းလှူဒါန်းပါ့မယ် လိုအပ်တဲ့အခါ အလှူခံတော်မူပါဘုရား။ ကပ္ပိယ ညွှန်းတော်မူပါ ဘုရား။ လုံခြုံရာအရပ်ကို ညွှန်းတော်မူပါ ဘုရား" လို့ ပြည့်ပြည့်စုံစုံ လျှောက်ရတယ်။

Dr.အောင်သူ ။ ။ ဒါ ရဟန်းကညွှန်းဆိုထားတဲ့ကပ္ပိယ ဒါမှမဟုတ် အပ်နှံလို့လက်ခံထားတဲ့ ကပ္ပိယက သံဃာကို

ခုနကလို လျှောက်ထားရင်တော့ အလှူခံလို့ ရပြီလားဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ရဟန်းက အဲဒီလိုဆိုလို့ရှိရင် အလို ရှိတဲ့အခါမှာ ဆွမ်း သင်္ကန်း ကျောင်း ဆေးကို ကပ္ပိယဆီကနေပြီးတော့မှ ပစ္စည်းအလှူခံလို့ ရပါပြီ။ ရဟန်း ကတော့ ဘယ်လိုပရိယာယ်နဲ့မှ ရွှေငွေကိုမရှာရဘူး။*၁

ဦးဇင်းMA ။ ။ အပ်ထားတဲ့ငွေကို ပြန်ယူရတာ မဟုတ်ပါဘူး နော် အရှင်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ငွေကိုပြန်တောင်းယူရတာ မဟုတ် ပါဘူး။ လျှောက်ထားတာ သတိပြုကြည့်ပါ ဘုရား။ 'အရှင်ဘုရား အလိုရှိတဲ့အခါမှာ (၅၀၀၀) ကျပ် တန်ပစ္စည်း ကို လှူဒါန်းပါမယ်။ အလှူခံတော်မူပါ ဘုရား။ ကပ္ပိယ ညွှန်းတော် မူပါဘုရား' လို့ လျှောက်ထားတယ်လေ။ ငွေ (၅၀၀၀) ကျပ်ကို အလှူခံပါလို့ လျှောက်ထားတာ မဟုတ်ဘူး။ အဲဒါ သတိထား ရမယ်ဘုရား။

Dr.အောင်သူ ။ ။ အလေးဂရုပြု ဆောင်ရွက်ရမယ့်ကိစ္စပဲ ဘုရား။

ဦးဇင်း ။ ။ သာမန်အလေးဂရုပြုရုံတင် မဟုတ်ဘူး ဒကာ။ အထူးအလေးဂရုပြုရပါမယ်။ ဘာဖြစ်လို့လဲ ဆိုရင် ရွှေတွေအပြည့်ထည့်ထားတဲ့ ရွှေအိုးကို ရတဲ့အခါမှာတောင် မုသားမဆိုခဲ့တဲ့ ရဟန်းဟာ လာဘ်လာဘကို စိတ်ဝင်စားလာတဲ့ အခါမှာတော့ ဆန်ကွဲတစ်ဆုပ်ကြောင့်လည်းပဲ လိမ်ညာဖို့ ဝန်မ လေးတော့ဘူးတဲ့ဗျာ။*၂

Dr.အောင်သူ ။ ။ အခုလိုလိုက်နာကြတဲ့ သံဃာများ သာသနာ မှာ တော်တော်များများ ရှိပါသေးလား ဘုရား။

ဦးဇင်း ။ ။ ရှိပါပကော ဒကာ။ ရှိပါပကော။ ဦးဇင်းတို့ ကြည်ညိုလေးစားရတဲ့ တောင်မြို့မဟာဂန္ဓာရုံ

---

*၁-ပဥ္စဂေါရသာဒိအနုဇာနနာ၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။ ( နှာ - ၃၄၂ )
ပဌမဘာဏဝါရ၊ သတ္တသတိကက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ။ ( နှာ - ၄၉၁ )
*၂-သုဝဏ္ဏပါတိသုတ္တ၊ နိဒါနဝဂ္ဂသံယုတ္တပါဠိ။ ( နှာ - ၄၃၀ )
သုဝဏ္ဏပါတိသုတ္တ၊ နိဒါနဝဂ္ဂသံယုတ္တအဋ္ဌကထာ။ ( နှာ - ၁၉၃ )

တိုက်က ပဌာန်းစာချ ဆရာတော်၊ ဂန္ဓာရုံဘုံကျော်ဆရာတော် ဘဒ္ဒန္တဝိလာသ အတွေ့အကြုံတစ်ခုကို ဆရာတော်မှ ဖော်ပြခွင့် ပြုတော်မူလို့ ပြောပြဦးမယ်လေ။

ဦးဇင်းMA ။ ။ကိုယ်တွေ့ကိုကြားနာရရင် တပည့်တော်က ပိုပြီး မှတ်သားမိတယ်ဘုရား။

ဦးဇင်း ။ ။ကောင်းတာပေါ့ ဦးဇင်း။ နားထောင်နော် နေပြည်တော် ပျဉ်းမနားက သိမ်သမုတ်ပွဲ တစ်ခုရဲ့ အတွေ့အကြုံပါ။

Dr.အောင်သူ။ ။ သိမ်သမုတ်ပွဲတွေပြီးရင် လှူဖွယ်ဝတ္ထု ပစ္စည်း လှူဒါန်းကြတယ်ဘုရား။ တပည့်တော်လည်း တစ်လောက နယ်ဆေးရုံ စစ်ဆေးရေး ကိစ္စသွားရင်း သိမ်သမုတ်ပွဲ ကြုံလို့ ဘဏ်ကနေ ငွေစက္ကူအသစ် ချပ်ခွတ်တွေ လဲပြီးတော့ လှူဒါန်းခဲ့သေးတယ်ဘုရား။ နေပြည်တော်ရဲ့ သိမ်သမုတ်ပွဲက ဘယ်လိုဖြစ်ပါသလဲ ဘုရား။

ဦးဇင်း ။ ။နေပြည်တော် ပျဉ်းမနား သိမ်သမုတ်ပွဲပြီးတဲ့ အခါမှာလည်းပဲ ဒကာ၊ ဒကာမတွေ လှူဖွယ် ပစ္စည်းတွေ လှူဒါန်းဖို့ တန်းစီနေကြတာ မနည်းပါဘူးတဲ့။ လှူဖွယ် ပစ္စည်းတွေကတော့ အပ်စပ်တဲ့ပစ္စည်းတွေပါသလို မအပ်စပ်တဲ့ (ငွေစက္ကူ) လည်း ပါလိမ့်မယ် ထင်ပါတယ်တဲ့။ ဆရာတော် သံဃာ တော် အများစုက ဒကာ၊ ဒကာမတွေရဲ့ စေတနာ သဒ္ဓါကို ငဲ့ညှာ သောအားဖြင့် လှူဖွယ်ပစ္စည်းများကို ခံယူတော်မူကြပြီး ဒကာ၊ ဒကာမများကလည်း ဝမ်းမြောက်ရွှင်လန်းစွာ လှူဒါန်းကြပါတယ်တဲ့။

Dr.အောင်သူ ။ ။ဝမ်းမြောက်ကြည်နူးစရာ မြင်ကွင်းပါပဲ ဘုရား။

ဦးဇင်း ။ ။ဟုတ်ပါတယ် ဒကာ။ ကျေးဇူးရှင် ထန်းတပင် တောရ နဘူးကျောင်းဆရာတော်ဘုရားကြီးက ပစ္စည်း ဝတ္ထုများကို လုံးဝ အလှူမခံဘဲ သင့်တော်သောလမ်းကနေ ကြွမြန်းတော်မူပါသတဲ့။ ဆရာတော်ဘုရားကြီးရဲ့နောက်က ပျဉ်းမနား မဟာမြိုင်ဆရာတော်က ကပ်လျက်ကြွချီသွားတော့

ဂန္ဓာရုံဘုံကျော် ဆရာတော်ဘုရားကြီးက ဘယ်လမ်းကိုလိုက်ရရင် ကောင်းမလဲလို့ တွေးမိတဲ့အခါမှာတော့ ဝတ္ထုငွေတွေအလှူခံတာကို ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက နှစ်သက်တော် မမူတာကိုလည်း သတိရမိသတဲ့။ ပဋ္ဌာန်းစာချ ဘုန်းကြီးတစ်ပါး ဝတ္ထုငွေကိုင်မိလို့ မဟာဂန္ဓာရုံကျောင်းတိုက်ကနေ နှင်ထုတ်ခံလိုက်ရတဲ့ ပုံရိပ်ကိုလည်းပြန်လည် မြင်ယောင်လာသတဲ့ဗျာ။

ဦးဇင်းMA ။ ။ကြည်ညိုစရာ အံ့သြစရာကောင်းလိုက်တာ ဘုရား။

ဦးဇင်း ။ ။ဟုတ်တယ်။ ကြည်ညိုစရာပဲ။ ဒါကြောင့် ဘုံကျော်ဆရာတော်ဘုရားက မဟာဂန္ဓာရုံ ဆရာတော်ဘုရားနဲ့ လမ်းစဉ်တူတဲ့ နဘူးကျောင်းဆရာတော် ဘုရားကြီးနှင့် မဟာမြိုင်ဆရာတော်ဘုရားကြီးတို့ရဲ့ နောက်က ကပ်ပြီးတော့မှ လိုက်သွားခဲ့ပါတယ်တဲ့။ ဆရာတော်ဘုရားရဲ့နောက် ကတော့ ဆရာတော် ဦးဉာဏောဒယ လိုက်ပါတယ်တဲ့။

Dr. အောင်သူ ။ ။အသွင်တူရာတူရာ ကွဲနေသလိုပဲ ဘုရား။

ဦးဇင်း ။ ။မှန်ပါတယ်။ ဆက်နားထောင်ကြည့်လေ။ နဘူးကျောင်းတောရဆရာတော်ကို ရဟန္တာလို့ ကြည်ညိုကြတဲ့ ဒကာများက ဆရာတော်ဘုရားကြီးရဲ့ ခြေဖမိုးကို နဖူးနဲ့ အကြိမ်ကြိမ်ဦးတိုက်ပြီး အားရပါးရ ရှိခိုးကြတယ်။ ပြီးတော့ မဟာမြိုင် ဆရာတော်ဘုရားကြီးရဲ့ ခြေဖမိုးကိုလည်း လေးလေးစားစား ဦးတိုက်ကာ မြတ်နိုးစွာကန်တော့ကြပြန်တယ်။ ဆရာတော်ဘုရားကြီးနှစ်ပါးရဲ့ ခြေဖမိုးများမှ လျှံထွက်လာတဲ့ နဖူးများကလည်းပဲ ဘုံကျော် ဆရာတော်နဲ့ ဆရာတော်ဦးဉာဏောဒယတို့ရဲ့ ခြေဖမိုးတို့ကို ကြည်ညိုစွာ ဦးတိုက်ကြပါသတဲ့ဗျာ။*၁

ဦးဇင်းMA ။ ။ဘုရားတပည့်တော်ရဟန်းအပြီးဝတ်တဲ့အခါ မှာ အဲဒီလိုရဟန်းမျိုးဖြစ်အောင် ကျင့်မယ်ဘုရား။

Dr.အောင်သူ ။ ။အခုလို ဆရာတော်၊ သံဃာတော်များလည်း

*၁-ဂန္ဓာရုံဘုံကျော်ဆရာတော် ဘဒ္ဒန္တ ဓမ္မဝိလာသ၏ သုံးပွင့်ဆိုင်မေတ္တာ။ ( နှာ - ၇၉ ) ( ပထမအကြိမ် ၂၀၀၇ ) အပ္ပမာဒစာစဉ်

သာသနာတော်မှာ ရှိကြတာ အခုမှ သတိပြုမိ
တယ်ဘုရား။ ကြည်ညိုစရာပါပဲဘုရား။

ဦးဇင်း ။ ။မှန်ပါတယ်။ ရှိပါသေးတယ်။ မြတ်ဘုရား
သာသနာရှိနေတယ်။ ဒါလေးဆက်နားထောင်
ကြည့်ဦးပေါ့။ နဘူးကျင်း ဆရာတော်ဘုရားကြီးနဲ့ လဲဘူးဆရာ
တော် ဘုရားကြီးတို့ ရန်ကင်းတောရကို ကြွရောက်ချီးမြှောက်တော့
ဒီသိမ် အပေါ်ထပ်မှာပဲ သပြေပင်ရွာက ဒကာဦးစိန်မောင်က
ဩဝါဒစကား ချီးမြှင့်ပေးသနားတော်မူပါရန် လျှောက်ထား
တောင်းပန်ပါတယ်။

Dr.အောင်သူ ။ ။နဘူးကျင်းဆရာတော်ဘုရားကြီးက ရန်ကင်း
တောရကို ဘယ်လိုဩဝါဒများ ပေးတော်မူခဲ့
ဖူးပါသလဲဘုရား။

ဦးဇင်း ။ ။ဆရာတော်ဘုရားကြီး ဩဝါဒက "ရှေးတုန်းက
ရန်ကင်းတောရမှာ သီတင်းသုံးခဲ့ကြတဲ့
ဘုန်းကြီးတွေ ငွေမကိုင်ကြဘူးတဲ့ အခုဘုန်းကြီးတွေလည်း ငွေ
မကိုင်ရင် ရှေးကဘုန်းကြီးနဲ့ အခုဘုန်းကြီး အတူတူဖြစ်သွားပြီတဲ့
ဒါဩဝါဒ စကားပဲ" တဲ့။

ဦးဇင်းMA ။ ။ဘုရားတပည့်တော်လည်း ရှေးရှေးကဘုန်းကြီးနဲ့
တူချင်တယ်ဘုရား။

Dr.အောင်သူ ။ ။ဘွဲ့ယူပြီးမှ စီစဉ်တာပေါ့ ဦးဇင်းရယ်။ ဦးဇင်း
ရဲ့ သာသနာကို ကြည်ညိုတဲ့စိတ်ဓါတ်ကို တန်ဖိုး
ထားပါတယ် ဘုရား။ မယ်တော်ကြီးကိုလည်း ဖြစ်နိုင်ရင် အဝေး
ရောက်ဘွဲ့ယူဖြစ်အောင် နားချနေပါတယ်ဘုရား။ ယနေ့ သာသနာ
တော်ရဲ့ အကြောင်းကို အခုလိုကြားသိခွင့်ရတော့ ကြက်သီးထမိ
ပါတယ်ဘုရား။ ရဟန်းက ရွှေ၊ ငွေကို တန်ဖိုးမထားတာပေါ့နော်
ဘုရား။

ဦးဇင်း ။ ။ရွှေ၊ ငွေကို တန်ဖိုးမထားဘူးဆိုတာထက် ရွှေ
ငွေအပေါ်မှာ မသာယာတာပေါ့။

Dr.အောင်သူ ။ ။ တပည့်တော် မသာယာတာကို သဘောသိပ် မရှင်းဘူးဘုရား။

ဦးဇင်း ။ ။ သာဓကတစ်ခု ပြောဦးမယ်လေ။ ကျေးဇူးတော်ရှင် ရွှေဥမင်ဆရာတော်ဘုရားကြီးထံမှာ ဒကာ တစ်ယောက်က အနာမာသဝတ္ထု တစ်သိန်းကျပ်ကို စနစ်တကျ လျှောက်ထားပြီး ကပ္ပိယထံ အပ်နှံပါတယ်။ ကပ္ပိယကလည်း ဆရာ တော်ကို တစ်သိန်းကျပ်တန်ပစ္စည်း အလှူခံတော်မူပါရန် ရိုသေစွာ လျှောက်ထားတယ်။ ဆရာတော်ဘုရားကြီးကလည်း ဆုတွေ ပေးတော်မူတယ်။ ဒါနဲ့ ဒကာကြီးက ဆရာတော်ဘုရားကြီး ဆုတွေ ပေးတာ ငွေတစ်သိန်းလှူလို့နဲ့တူတယ်လို့ တွေးမိသတဲ့။ ဒါနှင့် ရက် သတ္တပါတ် အနည်းငယ်ကြာတဲ့အခါမှာတော့ အဲဒီဒကာက ဝတ္ထု ငွေငါးကျပ်ကို စနစ်တကျ ကပ္ပိယနဲ့ လျှောက်ထားပြီး အရင် အတိုင်းပဲ လှူဒါန်းပြန်သတဲ့။ "အရှင်ဘုရား ငါးကျပ်တန် အပ်စပ် ပစ္စည်းကို အရှင်ဘုရားအလိုရှိတော်မူတဲ့အခါမှာ ကပ္ပိယထံ အလှူ ခံတော်မူပါဘုရား" လို့လည်း ရိုရိုသေသေ လျှောက်ထားပြန်သတဲ့။

Dr.အောင်သူ ။ ။ ဆရာတော်ဘုရားကြီးက ဆုပေးပါသလား ဘုရား။

ဦးဇင်း ။ ။ ဆရာတော်ဘုရားကြီးက အရင်ဆုပေးတဲ့ အတိုင်းပဲ ပြည့်ပြည့်စုံစုံပေးတော်မူသတဲ့။

ဦးဇင်းMA ။ ။ ငါးကျပ်တန်ပစ္စည်း လှူဒါန်းတဲ့အခါမှာ ပေးတဲ့ဆုနဲ့ တစ်သိန်းတန်ပစ္စည်း လှူဒါန်းတဲ့ အခါမှာ ပေးတဲ့ဆုခြင်း အတူတူပဲလားဘုရား။

ဦးဇင်း ။ ။ အင်း . . မှန်တယ်။ ဆရာတော်ဘုရားကြီးမှာ တစ်သိန်းရယ် ငါးကျပ်ရယ် ခွဲခြားသတ်မှတ်မှု မရှိဘူးဆိုတဲ့သဘောကို ဒီမှာအထူးနားလည်ကြရမှာဖြစ်တယ်။

Dr.အောင်သူ ။ ။ မှန်ပါဘုရား။ နားလည်သလို ရှိပါတယ်ဘုရား။

ဦးဇင်း ။ ။ ဒကာ၊ ဒကာမတွေရဲ့ စေတနာ၊ သဒ္ဓါတရားကို ငဲ့ကွက်ပြီးတော့မှ ကပ္ပိယမှတဆင့် စနစ်တကျ

အလှူခံတာသာလျှင်ဖြစ်တယ်။ ဒီနေရာမှာ တစ်သိန်းရယ်၊ ငါးကျပ်ရယ် မှတ်သားမှု မရှိဘူးလို့ နားလည်စေချင်ပါသေးတယ်။

ဦးဇင်းMA ။ ။ အားကျစရာပဲဘုရား။ ငွေဟာ အန္တရာယ်များလွန်းလို့ မြတ်စွာဘုရားက အခုလို မထိတွေ့ မဆက်ဆံရဘူးလို့မှာကြားတာ ထင်တယ်ဘုရား။

ဦးဇင်း ။ ။ ရဟန်းက ရွှေ၊ ငွေ အပ်လို့ရှိရင် ကာမဂုဏ်ငါးဖြာ (မိန်းမ) လည်း အပ်ပြီတဲ့ ဦးဇင်း။*၁

ဒါကြောင့် ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးမှ ဒေါင်းတံဆိပ်ပါတဲ့ ဒင်္ဂါးတွေသုံးတဲ့ခေတ်က "ပျိုတို့မောင် ဝါဝါဝတ်ကို ဒေါင်းခွပ်ချည်လေး"*၂ လို့ ဒေါင်းမေတ္တာစာ ရေးသားဆုံးမတော်မူခဲ့ဖူးတယ်။

Dr.အောင်သူ ။ ။ ဆရာတော်ဘုရားကြီးများရဲ့ ဩဝါဒကို နာကြားရတော့ ကြည်ညိုမဆုံးပါဘုရား။

ဦးဇင်း ။ ။ ကောင်းပါပြီ။ ပို၍ ကြည်ညိုရအောင် ကျေးဇူးတော်ရှင် မြောင်းမြဆရာတော်ဘုရားကြီးရဲ့ အကြောင်း ပြောပြဦးမယ်လေ။

ဦးဇင်းMA ။ ။ မြောင်းမြဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိစာအုပ်ကို ဖတ်ဖူးတယ် ဘုရား။

ဦးဇင်း ။ ။ ကောင်းပါတယ်။ အဲဒီ စာအုပ်ထဲကပါပဲ။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မြောင်းမြဆရာတော်ဘုရားကြီးထံပါးကို နိုင်ငံတော်အစိုးရက ဆွမ်းဆန်တော် လှူခိုင်းလို့ သာသနာရေးဦးစီးအရာရှိက လာလှူဒါန်းတာတဲ့။

Dr.အောင်သူ ။ ။ ဆွမ်းဆန်အိတ်တွေ ကားနဲ့တင်လာပြီး လှူတာလားဘုရား။

ဦးဇင်း ။ ။ မဟုတ်ဘူး။ ငွေစက္ကူတွေကို စာအုပ်ကြားထဲ ညှပ်လာပြီးတော့မှ လာလှူတာ။

Dr.အောင်သူ ။ ။ သူက ဆရာတော်ကို ဘယ်လိုလျှောက်ထားသလဲ ဘုရား။

---

*၁-ပထမဘာဏဝါရ၊ သတ္တသတိကက္ခန္ဓက စူဠဝဂ္ဂပါဠိ။ ( နှာ - ၄၉၅ )

*၂-ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံ၊ ဆရာတော်ဘုရားကြီး၏ ဒေါင်းဋီကာ။

ဦးဇင်း ။ ။"ဆွမ်းဆန်တော် လာလှူတာပါ ဘုရား" လို့ လျှောက်တယ်။ ဒီတော့ ဆရာတော်ဘုရားကြီးက "လှူပေါ့" လို့ အမိန့် ရှိတော်မူတယ်။ သူက စာအုပ်ကြားထဲက ငွေစက္ကူတွေကို ထုတ်ပြီးတော့မှရှေ့တိုးပြီး ကပ်မယ်လုပ်တယ်လေ။

Dr.အောင်သူ ။ ။မှားပြီပေါ့ ဘုရား။

ဦးဇင်း ။ ။ဟုတ်တယ် ဒကာ။ ဒါကြောင့် ဆရာတော်ဘုရားကြီးက သာသနာရေး အရာရှိကို "ဘာလဲ မင်းက ငါ့ကို ဘယ်လိုဘုန်းကြီးမှတ်လို့လဲ၊ မင်းကငါ့ကို အပါယ်ချမလို့လား၊ ယူသွားမင်းပိုက်ဆံ တို့ငွေအလှူမခံဘူး" လို့ အမိန့်ရှိလိုက်တယ်။

Dr.အောင်သူ ။ ။သာသနာရေး အရာရှိကလည်း လွဲကုန်ပြီ ဘုရား။

ဦးဇင်း ။ ။ဟုတ်တယ် ဒကာ။ ပြီးမှ သာသနာရေးအရာရှိက သတိရဟန်တူတယ်။ သတိရတော့မှ အပ်စပ်အောင် လျှောက်ထားပြီး ကပ္ပိယလွှဲခဲ့တဲ့ သာဓက တစ်ခု ရှိတယ်[*၁]၊ ဒါကြောင့် ငွေစက္ကူနဲ့ ပတ်သက်လာရင် ဒကာ၊ ဒကာမတွေ လှူဒါန်းတဲ့နေရာမှာ အလွန်ပဲသတိထားပြီး အပ်စပ်အောင် လျှောက်ထားသင့်တယ်။

ဦးဇင်းMA ။ ။ငွေစက္ကူနဲ့ ပတ်သက်ပြီး ရဟန်းတွေမှာလည်း မှားနိုင်တာပေါ့ ဘုရား။

ဦးဇင်း ။ ။မှားတတ်တယ်။ လူထွက်တဲ့အထိ မှားတတ်တယ်။ သာဓကတစ်ခု ပြောဦးမယ်။ မြတ်စွာဘုရားရှင် လက်ထက်တော်အခါကာလက ရဟန်းငယ်တစ်ပါး ငွေအသပြာတစ်ရာ ရလိုက်တာ လူထွက်ချင်စိတ်ကို ဖြစ်သွားရောဗျာ။

ဦးဇင်းMA ။ ။ရဟန်းက ငယ်ငယ်လေးလား ဘုရား။

ဦးဇင်း ။ ။စာမှာတော့ ရဟန်းငယ်လို့ပဲပြတယ်။ သူငွေတစ်ရာရပုံက ဒီလို။ သူ့ခမည်းတော်ကြီး မသေ

---

*၁-ဝိသုဒ္ဓါရုံ မြောင်းမြဆရာတော်နှင့်ဗုဒ္ဓမြတ်စွာသာသနာ (နှာ-၄၁၃)

ခင် သပိတ် သက်န်းဖိုး အသပြာတစ်ရာကို ဘထွေးဆီ အပ်နှံထားခဲ့တယ်။ ဒါနှင့်သူက "အသပြာတစ်ရာနှင့်ဆိုရင် ငါအသက်မွေးလို့ရပြီပေါ့" လို့ စိတ်ကူးယဉ်တော့သတဲ့။

Dr.အောင်သူ ။ ။ ငွေမရှိခင်က စိတ်ကူးယဉ်စရာမရှိတော့ လူထွက်ချင်စိတ် ပေါက်မှာမဟုတ်ဘူး ဘုရား။

ဦးဇင်း ။ ။ မှန်တယ်။ သူ့လက်ထဲမှာ ငွေအသပြာတစ်ရာ မရှိခင်တုန်းက လူထွက်ချင်စိတ် မပေါက်သေးဘူး။ အခုအသပြာတစ်ရာလည်း ရှိလာရော လူထွက်ချင်စိတ် ပေါက်သွားတယ်။ သာသနာဝေါဟာရနှင့်တော့ သာသနာမှာ ငြီးငွေ့တယ်လို့ ခေါ်ရတယ်။ ဒါနှင့်ပဲ မြတ်စွာဘုရားရှင် ထံတော်ပါးကို ခေါ်သွားကြတော့ ဘုရားရှင်က "ဘာဖြစ်လို့ လူထွက်ချင်ရတာတုံး အသက်မွေးဝမ်းကြောင်း တစ်စုံတစ်ခုကောရှိရဲ့လား" လို့ မေးတော်မူတော့ "ရှိပါတယ်ဘုရား တပည့်တော်မှာ ငွေအသပြာ ရှိတယ်"တဲ့။ "ငွေဘယ်လောက်ရှိသလဲ"လို့ မေးတော်မူတော့ "ငွေတစ်ရာရှိပါတယ်ဘုရား" တဲ့။ ဒါနဲ့ မြတ်စွာဘုရားက ကျောက်စရစ်ခဲ လေးတွေ ယူခဲ့ပါဦးလို့ သူ့ကိုခိုင်းလိုက်တယ်။ မြတ်စွာဘုရားရှင်က ပဥ္စင်းငယ်ရဲ့ရှေ့မှာ ကျောက်စရစ်ခဲတွေကို ပုံပြီးတော့မှ ဟောဒီမှာ အသပြာငါးဆယ်ကတော့ ရှေးဦးအိမ်ထောင် ပစ္စည်းပစ္စယတွေအတွက်ကို ဖယ်ပေးတော်မူပါတယ်။ ပြီးတော့မှ နှစ်ဆယ့်လေး အသပြာကို နွားနှစ်ကောင်အတွက်ကို ဖယ်ပေးတော်မူတယ်။ ခုနှစ်ဆယ့်လေးအသပြာ ကုန်သွားပြီနော်။ ဒါနဲ့ "ချစ်သားတဲ့ ထွန်တုန်းဝယ်ဖို့၊ ထယ်ဝယ်ဖို့၊ ပေါက်တူးဝယ်ဖို့၊ ပဲခွပ်ဝယ်ဖို့၊ ပုဆိန်ဝယ်ဖို့၊ ပဲမျိုးစေ့ဝယ်ဖို့၊ ဖရုံမျိုးစေ့ ဝယ်ဖို့၊ ဘူးမျိုးစေ့ ဝယ်ဖို့၊ သခွားမျိုးစေ့ဝယ်ဖို့၊ စပါးမျိုးစေ့ဝယ်ဖို့၊ ပြောင်းဖူးမျိုးစေ့ ဝယ်ဖို့ရာ ရှိသေးတယ်။ ဝယ်စရာက အများကြီး ကျန်သေးတယ်တဲ့။ အဲဒီတော့ ချစ်သားရဲ့ အသပြာတစ်ရာက ဘာမှမလုပ်လောက်တော့ဘူးတဲ့။"*၁

---

*၁-အနဘိရတဘိက္ခုဝတ္ထု၊ ခုဒ္ဒကနိကာယ၊ ဓမ္မပဒဋ္ဌကထာ ဒုတိယတွဲ။ ( နှာ - ၁၅၅ )

Dr.အောင်သူ ။ ။ သူ သတိသံဝေဂ ရပြီလား ဘုရား။
ဦးဇင်း ။ ။ ဘုရားရှင်နဲ့ တွေ့လို့သာပေါ့။ သူသတိ သံဝေဂ ရပြီး သာသနာတော်မှာ မြဲသွားတာ ဒကာ။
ဦးဇင်းMA ။ ။ သာသနာမှာမြဲဖို့ ငွေကိုရှောင်ကျဉ်ပြီး လိုက်နာပါ့မယ်ဘုရား။
ဦးဇင်း ။ ။ ငွေကို ရှောင်ကျဉ်ရုံနဲ့ မပြီးသေးဘူး ဦးဇင်း။ ဒါလေးလည်း ဆောင်ထားပါဦးဘုရား။ "ပစ္စည်းမာတု ဤနှစ်မှုကား ဘိက္ခုသေမင်းဓါးနှစ်စင်းတည်း" တဲ့။
ဦးဇင်းMA ။ ။ မှတ်သားပါ့မယ် ဘုရား။ လိုက်နာပါ့မယ်ဘုရား။
Dr.အောင်သူ ။ ။ ဒါဆိုရင် ရဟန်းတစ်ပါးကို ဘတ်စ်ကားခ မလျှောက်ထားရင်ကော ဘတ်စ်ကား ဘယ်လိုစီးရမလဲဘုရား။
ဦးဇင်း ။ ။ ဒါကလွယ်ပါတယ်။
ဦးဇင်းMA ။ ။ ဘုန်းကြီးဆိုရင် ကားခမပေးဘဲ စီးရသလားဘုရား။
ဦးဇင်း ။ ။ ကားခမပေးဘဲ စီးရင် တန်ဘိုးအလိုက်အာပတ် အဆင့်ဆင့် သင့်နိုင်ပါတယ်ဘုရား။
Dr.အောင်သူ ။ ။ ဟုတ်သားပဲ၊ ဒါဆို ဝိနည်းလေးစားတဲ့ ဆရာတော် သံဃာတော်များ ခရီးသွားချင်ရင် ဘယ်လို လုပ်ရမလဲဘုရား။
ဦးဇင်း ။ ။ အပ်စပ်တဲ့ပစ္စည်းကို ကားခအဖြစ် စီမံပေးရတယ်။
Dr.အောင်သူ ။ ။ အပ်စပ်တဲ့ပစ္စည်းဆိုတာ ဘာလဲ ဘုရား။
ဦးဇင်း ။ ။ ရဟန်းကိုင်ကောင်းတဲ့ ဖယောင်းတိုင်၊ ဆပ်ပြာခဲ၊ ဘောလ်ပင်၊ သွားတိုက်ဆေး၊ သွား ပွတ်တံ၊ ဘလိတ်ဓါး စသည်ကို ကားခအစား စွန့်တာပါပဲ။
Dr.အောင်သူ ။ ။ အံ့သြစရာပဲ။ အဲဒီလိုပေးရင်လည်း ခရီးသွားဖြစ်သားပဲဘုရား။ သပိတ်ထဲ အဲဒါတွေကို ထည့်

သွားရမှာပေါ့နော် ဘုရား။

ဦးဇင်း ။ ။ ထည့်ထားရပါတယ်။ ခုလို အသေးစိတ်သိရှိ လိုက်နာတတ်ဖို့က ဥပဇ္ဈာယ်ဆရာထံပါး ငါးဝါ နေပြီး လေ့လာရပါတယ် ဒကာ။

## ၁၇။ ရဟန်းသံဃာများ မကိုင်ကောင်း၊ မထိကောင်းတဲ့ အရာတွေဆိုတာ ဘာတွေပါလဲ

ဦးဇင်းMA ။ ။ ဒါဆိုရင် မကိုင်ကောင်း၊ မထိကောင်းတဲ့အရာက ငွေပဲလား ဘုရား။

ဦးဇင်း ။ ။ ရဟန်းမကိုင်ကောင်းတဲ့ အနာမာသဝတ္ထု (၁၀) မျိုးရှိပါတယ်ဦးဇင်း။ အဲဒါကတော့ (၁) ရွှေရယ်၊ (၂) ငွေရယ်၊ (၃) ပုလဲရယ်၊ (၄) မြရယ်၊ (၅) ကြောင် မျက်ရွဲ၊ (၆) ခရုသင်း၊ (၇) ကျောက်သလင်း၊ (၈) သန္တာ၊ (၉) ပတ္တမြား၊ (၁၀) ပတ္တမြားပြောက်တွေပါပဲ။ ပြီးတော့ လူမ၊ နတ်မ၊ တိရစ္ဆာန် မရယ် သုံးခုနဲ့ပတ်သက်တဲ့ အသုံးအဆောင်ပစ္စည်းတွေ မကိုင်ကောင်းဘူး။ ပြီးတော့ ရတနာတွေ ၊ စပါးမျိုးတွေ၊ အသီးအရွက်တွေ၊ ပြီးတော့ စစ်သည်၊ ခိုးသား၊ ဓားပြ၊ မုဆိုးတံငါတွေရဲ့ လက်နက်တွေ ပိုက်ကွန် တွေ၊ သူတို့ရဲ့ဘဏ္ဍာတွေကိုလည်းပဲမကိုင်တွယ်ကောင်းပါဘူး။*၁

ဦးဇင်းMA ။ ။ အဲဒါတွေ ကိုင်တွယ်လို့ရှိရင် ဘာအာပတ် သင့်ပါသလဲဘုရား။

ဦးဇင်း ။ ။ အဲဒါတွေ ကိုင်တွယ်မိရင် ဒုက္ကဋ်အာပတ်သင့် ပါတယ်။ အယုတ်ဆုံးအားဖြင့် မာတုဂါမပုံလေး ဆွဲထားတဲ့ ဖောင်တိန်၊ စာအုပ်၊ ပေတံကို တောင်မကိုင်ကောင်း ဘူး။ မကိုင်မဖြစ်ရင်တော့ အဲဒီပုံကို ခြစ်ပြစ်၊ ဖျက်ပြစ်ရပါမယ်။

Dr.အောင်သူ ။ ။ ရဟန်းတွေက ဒါဆိုရင် အလှူခံစားဖို့ပဲ ရှိတာ ပေါ့နော်ဘုရား။

---

*၁-ကာယသံသဂ္ဂသိက္ခာပဒဝဏ္ဏနာ၊ သံဃာဒိသေသကဏ္ဍ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ။ ( နှာ - ၁၂၉ )

ဦးဇင်း ။ ။ ရဟန်းဘဝက အလှူခံရပ်တည်ပြီးတဲ့ အခါကျ တော့ ဝိပဿနာ ဓုရ၊ ဂန္ထဓုရတို့ကို ဆောင်ရွက် ဖို့ပဲရှိတယ်။

ဦးဇင်းMA ။ ။ ဝိပဿနာဓုရ၊ ဂန္ထဓုရကို လုပ်နိုင်ဖို့အတွက်ကို အလှူခံပြီး ဘဝရပ်တည်ရမှာပေါ့ ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ဘဝသံသရာက လွတ်မြောက်ရေး အတွက်သာလျှင် ဘဝရပ်တည်ရတာပါ။

## ၁၈။ အကပ်မခံရသေးတဲ့ ဆွမ်း၊ ဆွမ်းသပိတ်ကို ရဟန်းက ထိမိကိုင်မိရင် ဘယ်လိုအပြစ်ဖြစ်ပါသလဲ

ဦးဇင်း ။ ။ မထိကောင်းတာ နောက်သာဓကေ တစ်ခုရှိသေး တယ်။ နဘူးကျောင်းဆရာတော်ဘုရားကြီးရဲ့ တောရကျောင်းကို မြို့က ဒကာ၊ ဒကာမတွေ ဆွမ်းလာလောင်းကြ တယ်လေ။

Dr.အောင်သူ။ ။ သြော်. . အဲဒါကတော့အခါအားလျှော်စွာ လာ လောင်းတတ်တယ် ထင်တယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ အခါအားလျှော်စွာလာပြီး လောင်း တတ်ပါတယ်။ အဲဒီနေ့က ဆရာတော် ဘုရား ကြီးရဲ့ သပိတ်ကို ဒကာတွေက ယူထားပြီးတော့မှ သပိတ်ထဲ ဆွမ်း၊ ဆွမ်းဟင်းတွေလောင်းပြီး လက်ထဲကို ကပ်ဖို့ပါပဲ၊ အဲဒီ အချိန်လေး မှာ အခြေအနေတစ်ခု အပြောင်းအလဲ ဖြစ်သွားတယ်။

Dr.အောင်သူ။ ။ ဘာများပါလဲ ဘုရား။

ဦးဇင်း ။ ။ ဓမ္မာစရိယအောင်ပြီးမှ ကင်ဆာရောဂါဖြစ် နေရှာတဲ့ ဂိလာနရဟန်းတစ်ပါးလည်း ဆရာ တော်ဘုရားကြီးကို ဖူးမြင်ချင်လို့ မြို့က ဒါယကာများနှင့် ကြွလာပြီး တော့ ဆရာတော့် သပိတ်ကိုယူပြီး ဆရာတော်ဘုရားကြီးလက်ထဲ ရိုရိုသေသေကပ်လိုက်ပါတယ်။

ဦးဇင်းMA ॥ ॥ အဲဒီရဟန်းကိုကော ဘယ်သူကပ်သလဲဘုရား။

ဦးဇင်း ॥ ॥ အဲဒါပေါ့၊ အဲဒီရဟန်းကို ဘယ်သူမှ မကပ်ရသေးဘူး။ ဒကာ၊ ဒကာမတွေက သပိတ်ပြင်ပြီးခါရှိသေးတယ်၊ အဲဒီအချိန်မှာ ဝင်ယူပြီး ကပ်လိုက်တာကိုး။

Dr.အောင်သူ ॥ ॥ မကပ်ကောင်းဘူးလားဘုရား။

ဦးဇင်း ॥ ॥ ဒီဟာ ရဟန်းက ကပ်ဖို့နေနေသာသာ အဲဒီအကပ်မခံရသေးတဲ့ အာမိသဆွမ်း စသည်တို့ကို ရဟန်းရဲ့လက်နဲ့တောင် မထိကောင်းဘူး။ ရဟန်းကထိမိရင် အဲဒီ ရဟန်းက မဘုဉ်းပေးရဘူး။ တကယ်လို့ နေရာရွှေ့ပြီ ဆိုရင်တော့ တစ်သာသနာလုံးမှာရှိတဲ့ ဘယ်သံဃာမှ မဘုဉ်းပေး ကောင်းတော့ဘူး။*၁

Dr.အောင်သူ ॥ ॥ ဥပဒေက ပြင်းထန်လှချေလား ဘုရား။

ဦးဇင်း ॥ ॥ ဘုရားဥပဒေလေ ဒကာကြီး။

Dr.အောင်သူ ॥ ॥ ဦးဇင်းက သပိတ်ကိုမပြီးတော့မှ ဆရာတော်ကြီးလက်ထဲကိုလှူလိုက်တော့ သပိတ်ကနေရာရွှေ့သွားပြီပေါ့ဘုရား။

ဦးဇင်း ॥ ॥ ဟုတ်တယ်၊ ရွှေ့သွားပြီ၊ အဲဒါနဲ့ ဆရာတော်ဘုရားကြီးက "ဦးဇင်း ဒီသပိတ်အကပ်ခံပြီးပြီလား" လို့ မေးတော်မူတယ်။ အားလုံးက ဘာဖြေရမယ်မှန်း မသိတော့ဘူး။ ဒါနှင့် "မကပ်ရသေးဘူး ဘုရား" လို့ပဲ ဒကာ၊ ဒကာမတွေက ဖြေကြတယ်။

Dr.အောင်သူ ॥ ॥ ဆရာတော်ဘုရားကြီးက သပိတ်ကို ခံယူလိုက်သလား ဘုရား။

ဦးဇင်း ॥ ॥ ဒါက မအပ်စပ်တော့ဘူးလေ။ ခုနကဘုရားဥပဒေကို ဒကာကြီး မှတ်မိမှာပေါ့။

Dr.အောင်သူ ॥ ॥ မှန်လှပါဘုရား။ တစ်သာသနာလုံးမှာရှိတဲ့ ဘယ်သံဃာမှ မသုံးဆောင် ကောင်းတော့ဘူး

*၁- ပဋိဂ္ဂါဟနိဒ္ဒေသ၊ ခုဒ္ဒသိက္ခာ ဘာသာဋီကာ။ ( နှာ - ၁၆၆၊ ၁၆၈ )

လို့ဆိုတာ တပည့်တော် မှတ်သားမိပါတယ်ဘုရား။

ဦးဇင်း ။ ။ အေး. . ဟုတ်ပြီ။ အဲဒီလိုဖြစ်သွားပြီ။ ဒီထဲမှာ ရှိတဲ့ ဆွမ်းတွေ ဆွမ်းဟင်းတွေက ဘယ်သံဃာမှ ဘုဉ်းပေး သုံးဆောင်ခွင့် မရှိတော့ဘူး၊ မအပ်စပ်တော့ဘူး။

Dr.အောင်သူ ။ ။ ဒါ တော်တော်ကို ကြီးကျယ်တဲ့ ပြဿနာ တစ်ခုပဲ ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ် သိပ်ကြီးကျယ်သွားပြီ ပြီးတော့ ဆရာတော်ဘုရားကြီးက တစ်နေကုန်လုံးမှ တစ်ထပ်တည်း ဘုဉ်းပေးတော်မူတာ။

Dr.အောင်သူ ။ ။ ဟာ. . . ဒါကို ဒီတစ်ထပ်ထဲ ဘုဉ်းပေးမယ့် ဆွမ်းကခုလို မအပ်စပ်ဘူးဆိုတော့ ဘယ်လိုဖြစ်ပြီလဲဘုရား။

ဦးဇင်း ။ ။ အဲ. . အဲဒါဟာ မှတ်သားစရာလည်းကောင်းတယ်။ စိတ်မကောင်းစရာလည်းဖြစ်သွားတယ်။

Dr.အောင်သူ ။ ။ မှန်ပါဘုရား။

ဦးဇင်း ။ ။ ဆရာတော်ဘုရားကြီးက သပိတ်ကို မယူပြီးတော့ နှုတ်ခမ်းကကိုင်ပြီး ပရိတ်သတ်ရှေ့မှာပဲ သွန်လိုက်ပြီး ကျောင်းထဲကို သပိတ်အလွတ်နဲ့ပဲ ကြွသွားတော်မူတယ်။

Dr.အောင်သူ ။ ။ ဟာ. . . ဘာဘုဉ်းပေးလိုက်သလဲဘုရား။

ဦးဇင်း ။ ။ ဘာမှ မဘုဉ်းပေးရတော့ဘူးလေ။ ရေပဲဘုဉ်းပေးတော့တာပေါ့။

Dr.အောင်သူ ။ ။ ဟာ. . အလွန်အံ့ဩစရာကောင်းတဲ့ အဖြစ်ပဲဘုရား။ ဒါက စိတ်ဆိုးလို့တော့ မဟုတ်ဘူးနော်ဘုရား။

ဦးဇင်း ။ ။ အဲဒါကို နားမလည်လို့ရှိရင် ဆရာတော်ကြီး စိတ်ဆိုးသွားပြီလို့ ထင်စရာရှိတယ်။ ဆရာတော်ဘုရားကြီး စိတ်ဆိုးတာမှ မဟုတ်တာ။ မအပ်စပ်တဲ့ ပစ္စည်းမို့လို့ ခုလိုဆောင်ရွက်ရတာလေ။

Dr.အောင်သူ ။ ။ ဩော်. . ဟိုတုန်းက တပည့်တော် သံဃာတော်များကိုမြင်တဲ့အမြင်နဲ့ ခုအမြင် မတူတော့ဘူး ဘုရား။ ဒီလိုဘုရားရဲ့ ဥပဒေကို တိတိကျကျလိုက်နာပြီး နေတဲ့ သံဃာတော်တွေရဲ့ အကြောင်းကို ကြားရတဲ့အခါမှာ အလွန်ပဲ အံ့ဩမိပါတယ် ဘုရား။ ကြည်ညိုစိတ်လည်း ပိုလာပါတယ် ဘုရား။ ဒီလို သံဃာတော်များနဲ့ ပတ်သက်ပြီးတော့မှ အပြောအဆို၊ အပြုအမူဆင်ခြင်ပါ့မယ်ဘုရား။ ကြည်ညိုစရာကောင်းလိုက်တာဘုရား။ သာဓကများရှိရင် နာကြားပါရစေဘုရား။

## ၁၉။ ရှင်ဘုရင် ဆွမ်းပင့်တာနဲ့ ဆင်းရဲသား ဆွမ်းပင့်တာ ဦးစားပေး ထူးခြားပါသလား

ဦးဇင်း ။ ။ အင်း. . . ထင်ရှားတဲ့ သာဓကတစ်ခုကတော့ ပထမ ရွှေကျင်ဆရာတော်ဘုရားကြီးကို တစ်နေ့ကျတော့ မင်းတုန်းမင်းကြီးက မှူးကြီးမတ်ကြီး တစ်ယောက်လွှတ်ပြီး ဘုရင့်နန်းတော်ကို ဆွမ်းဘုဉ်းပင့်စေတယ်။ ကျောင်းရောက်သွားတော့ ဆရာတော်ဘုရားကြီးက သက်န်းရုံနေပြီး သပိတ်အိတ်ကလေးနဲ့ သပိတ်ကို အနားချထားတယ်။ ဒါနဲ့ မှူးကြီးမတ်ကြီးကလည်း ထိုင်ပြီးတော့မှ "မင်းဧကရာဇ်က ဆွမ်းဘုဉ်းပင့်လျှောက်ပါတယ်ဘုရား"လို့ ရိုရိုသေသေ လျှောက်ထားလိုက်တယ်။ ဆရာတော်ကြီးက ဘာမှမမိန့်ဘူးတဲ့။ သက်န်းရုံနေတာပဲ။ သက်န်းလည်းရုံပြီးရော သပိတ်ကလေးလွယ်ပြီးတော့ ထွက်သွားတယ်။ ဘာမှမမိန့်ဘူး။ မှူးကြီးမတ်ကြီးကလည်း စဉ်းစားတယ်။ ဘယ်နှယ့်လဲ ငါ့လည်းဘာမှမမိန့်ဘူး။ ဆရာတော်ကြီးဟာ ရှင်ဘုရင်က ပင့်ခိုင်းတာတောင်မှ ဘာတစ်ခွန်းမှ မပြောဘဲ ကြွသွားတယ်။ ဘယ်များကြွမှာပါလိမ့်မလဲလို့ နောက်ယောက်ခံလိုက်သွားသတဲ့။

Dr.အောင်သူ ။ ။ တစ်ခြားကပင့်ထားတာရှိလို့လား ဘုရား။

ဦးဇင်း ။ ။ အင်း. နားထောင်ဦးလေ။ အဲဒီမှာ ဆရာတော် ဘုရားကြီးရဲ့နောက်ကို နောက်ယောင်ခံပြီး တော့မှ မျုးကြီးမတ်ကြီးကလည်း လိုက်သွားတော့ လယ်ကြို လယ်ကြားတွေကို ဖြတ်ပြီးတော့မှ တောထဲက လယ်တဲလေး တစ်လုံးပေါ်ကို ကြွသွားပြီး အဲဒီတဲမှာ ဆွမ်းဘုဉ်းပေးတော်မူတယ်။ ဒါကို ဖူးခဲ့ရတဲ့ မင်းမှုထမ်းက ရှင်ဘုရင်ကို ဖြစ်စဉ်အခြေအနေ အသေးစိတ်ကို လျှောက်ထားပြီးတဲ့ အခါကျတော့ လယ်တဲ ကလေးမှာ ဆွမ်းဘုဉ်းပေးနေတာကို ဖူးတွေ့ခဲ့ရကြောင်း နိဂုံးချုပ် လျှောက်ထားတယ်။ ရှင်ဘုရင်က "ငါလိုဘုရင်တစ်ပါးက ဆွမ်းဘုဉ်းပင့်တာတောင် အရေးစိုက်တဲ့ ဘုန်းကြီးမဟုတ်ဘူး။ ဆင်းရဲ ချမ်းသာမရွေး ရှေးဦးစွာပင့်တဲ့သူကို ဦးစားပေးတာပဲ" လို့ အားရပါးရ လက်သီး လက်မောင်းတန်းပြီး ပြောပါသတဲ့။

Dr.အောင်သူ ။ ။ ရှင်ဘုရင်ပင့်တဲ့ဆွမ်းတောင်မှ မကြွဘဲ ဦးစွာ ပင့်တဲ့သူ ရှိတဲ့အတွက်ကြောင့် ကြွသွားတာပေါ့ ဘုရားနော်။ ဒါလည်း ဘုရားဥပဒေပဲလားဘုရား။*၁

ဦးဇင်း ။ ။ မှန်ပါတယ်။ ရှင်ဘုရင်ပင့်တဲ့ဆွမ်းရယ်၊ လယ်သမားပင့်တဲ့ဆွမ်းရယ် မခွဲခြားပါဘူး။

Dr.အောင်သူ ။ ။ မှတ်သားစရာကောင်းပါတယ်ဘုရား။ အံ့သြစရာပါပဲ။*၂

## ၂၀။ အသေးယယ်ဆုံးဖုန်မှုန့် ဆွမ်းသပိတ်ထဲကျရင် အကပ်ပျက်တယ်ဆိုတာ ဟုတ်ပါသလား

Dr.အောင်သူ ။ ။ နောက်ပြီးတော့ ဘုရားတပည့်တော် နားမလည်တာတစ်ခုက ဘုန်းကြီး ဆွမ်းဘုဉ်းပေးတဲ့အခါမှာ ဖုန်မှုန့်တွေကို သတိပြုရမယ်။ ဖုန်မှုန့်တွေ မြူမှုန်တွေကျရင် အကပ်ပျက်တယ်ဆိုတာ တပည့်တော် သဘောမပေါက်သေးဘူး။

*၁-စာရိတ္တသိက္ခာပဒ၊ အစေလကဝဂ္ဂ၊ ပါစိတ္တိယပါဠိ။ ( နှာ - ၁၃၃ )
*၂-ဝိသုဒ္ဓါရုံ မြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ။ ( နှာ - ၄၉၆ )

အမှုန်တွေဆိုတာက လေထုထဲ အမြဲရှိနေတာပဲဘုရား။

ဦးဇင်း ။ ။ အသေးဆုံး အမှုန်က ရထရေဏုမှုန်ခေါ်တယ်။ နားလည်အောင်ပြောရရင်တော့ နွားလှည်းတို့ ကားတို့ မောင်းသွားတဲ့အခါမှာ ထတဲ့မြူမှုန်လေး တစ်မှုန်ပါပဲ။ ဒီမှာ မှတ်သားစေချင်တာက အသေးငယ်ဆုံးဆိုတာ ရထရေဏုမှုန် ပဲ ဖြစ်တယ်။ သူ့ထက်ငယ်တဲ့ အဏုမြူ ပရမာ အဏုမြူတွေ ဆွမ်းထဲကျရင်တော့ အကပ်မပျက်ပါဘူး။

Dr.အောင်သူ ။ ။ ဒါဆို ဘုရားဥပဒေက အတော်တိကျတာပဲ ဘုရား။

ဦးဇင်း ။ ။ အေး. . . ဟုတ်တယ်။ တိကျတယ်။ ဒါကြောင့် ဆွမ်းဘုဉ်းပေးတော့မယ်၊ ဒါမှမဟုတ် သံဃာ တော်များ ဆွမ်းခံကြွတဲ့အချိန်မှာ တံမျက်စည်းလှည်းတာတွေ၊ ဖျာတွေကို အကြမ်းပတမ်းကိုင်ပြီး ခါတာတွေကို မလုပ်ကောင်း ဘူး။ ပြီးတော့ ဆွမ်းဝိုင်းမှာ ဆွမ်းဘုဉ်းပေးနေတဲ့ အခါမှာလည်းပဲ ဒကာတွေက ဆွမ်းဟင်းတွေ၊ ဆွမ်းဇလုံတွေ ဘာတွေကို ရွှေ့တဲ့ အခါမှာဖြစ်စေ၊ လှမ်းပေးတဲ့အခါမှာ အကပ်ခံပြီးသားပေါ်ကနေပြီး တော့မှ ဖြတ်ကျော်ပြီး မပေးသင့်ဘူး။ ရဟန်းသံဃာတော်များ ဘက်ကလည်းပဲ ဆွမ်းဘုဉ်း ပေးနေတဲ့လက်နဲ့ ဆွမ်းဇလုံ စတာတွေ ကို အကပ်မခံကြပါဘူး။

Dr.အောင်သူ ။ ။ ဟာ. . အများကြီးတိကျတာပဲ ဘုရား။

ဦးဇင်း ။ ။ ကျန်သေးတယ်။ အဲဒီလို ဆွမ်းဘုဉ်းပြီးလို့ လက် ဆေးပြီးတဲ့အခါမှာ လက်သုတ်ပုဝါနဲ့ မသုတ် ရဘူး။ သင်္ကန်းကို လည်းမကိုင်ရဘူး။ အဲဒါ ကိုင်လိုက်ရင် အမှုန့် ကလေးတွေ လက်မှာ ကပ်ပါတတ်တယ်။ ဒါကြောင့် အချိုပွဲ ဘုဉ်း ပေးဖို့ရာ လက်ကို တစ်ခါစင်ကြယ်အောင် ထပ်ဆေးမှပဲဖြစ်မယ်။ နို့မဟုတ်ရင် ဖုန်တွေနဲ့ အာမိသတွေ ကပ်ငြိပြီးတော့ ပါးစပ်ထဲကို ရောက်သွားလို့ရှိရင် အာပတ်သင့်တတ်တယ်။ ဒါကြောင့် သံဃာတွေ ဆွမ်းဘုဉ်းရင်အနားမှာ လက်ဆေးခွက်၊ ထွေးခံရှိဖို့ အရေးကြီးတယ်။

Dr.အောင်သူ ။ ။ဆွမ်းဘုဉ်းတော့လည်းပဲ အာပတ်သင့်တတ်တာကိုးဘုရား။
ဦးဇင်း ။ ။သင့်တတ်တယ်။ ဒါယကာတွေ သတိထားရမယ့်ကိစ္စတစ်ခု ဖြစ်ပါတယ်။
Dr.အောင်သူ ။ ။အဲဒီလို ဖုန်မှုန့်တွေကျသွားရင် ဘာလုပ်ရသလဲဘုရား။
ဦးဇင်း ။ ။အဲဒီလိုကျတယ်လို့ သံသယဖြစ်လို့ရှိရင် ပြန်ပြီးတော့ အကပ်ခံရတယ်။ အကပ်ခံမှသာလျှင်

ဒါက အပ်စပ်တော့တာကိုး။ ဒါကြောင့် စောစောကထဲက ဖုန်မှုန့်တွေ မဝင်နိုင်အောင်လို့ ကြိုတင်ပြီးတော့မှ စီမံထားတာ။ သတိထားတာ ပိုပြီးတော့ အဆင်ပြေတယ်လေ။*၁

Dr.အောင်သူ ။ ။ဟာ ဘုရားရဲ့ ဥပဒေတော်တွေဟာ တကယ်ကို အံ့သြစရာကောင်းအောင် တိကျ လှပါတယ်။

Dr. အောင်သူ လျှောက်ထားစဉ် ဦးဇင်းMA ဆွမ်းခံပြန်ရောက်ရှိလာပါသည်။ ယနေ့ ဆွမ်းခံအပြန် နောက်ကျနေဟန် တူပါသည်။

## ၂၁။ ရဟန်းက နေ့ဖို့ညစာ သိုမှီးရင် အာပတ်သင့်တယ်ဆိုတာ ဟုတ်ပါသလား။

ဦးဇင်းMA။ ။ဒီနေ့မနက် ဆွမ်းခံတဲ့အခါမှာ ဒကာမကြီးက ငှက်ပျောသီးတစ်ဖီး လှူလိုက်တယ်ဘုရား။

ဆရာတော်ဘုရားထံပါးကိုလည်း လှူဒါန်းဖို့ လျှောက်ခဲ့ပါသေးတယ်။
ဦးဇင်း ။ ။ငှက်ပျောသီးတစ်ဖီးမှာ ငှက်ပျောသီးအလုံးပေါင်း ဘယ်နှစ်လုံးလောက်ပါမလဲ ဦးဇင်း။
ဦးဇင်းMA ။ ။တပည့်တော်စိတ်ထင် (၁၅) လုံးလောက်ပါမယ်ထင်တယ်ဘုရား။ ငှက်ပျောသီးက ဝဝကြီးတွေ

ပါဘုရား။

*၁-ဒန္တပေါနသိက္ခာပဒဝဏ္ဏနာ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတျာဒိအဋ္ဌကထာ။ (နှာ - ၁၁၁)

ဦးဇင်း ။ ။ အကပ်ခံပြီးရင် အဲဒီ ငှက်ပျော်သီးတွေ အားလုံးကို ဒီနေ့နေ့လည် မွန်းမလွဲခင်မှာ အပြီးဘုဉ်းပေးရမယ်ဘုရား။

ဦးဇင်းMA ။ ။ အကုန်လုံးတော့ မကုန်နိုင်ဘူးဘုရား။

ဦးဇင်း ။ ။ မနက်ဖြန်မနက်အတွက် သိမ်းထားပြီးတော့မှ မဘုဉ်းကောင်းတော့ဘူး။

ဦးဇင်းMA ။ ။ အဲဒီလိုဘုဉ်းပေးရင် အာပတ်သင့်သလားဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ် ဦးဇင်း။

ဦးဇင်းMA ။ ။ ဘယ်အာပတ်လဲ ဘုရား။

ဦးဇင်း ။ ။ ပါစိတ် အာပတ်သင့်တယ်။ နေ့လွဲပြီးတော့မှ ခံယူမိလို့ရှိရင်တော့ ခံယူလိုက်တာနဲ့ ဒုက္ကဋ်အာပတ်သင့်တယ်။*၁

ဦးဇင်းMA ။ ။ ဒါဆိုဒီနေ့ ငှက်ပျောသီးက အများကြီးပိုသွားတော့မယ်ဘုရား။

ဦးဇင်း ။ ။ အဲဒါကို သံယောဇဉ်ဖြစ်လို့ မရဘူးဦးဇင်း။ သံယောဇဉ်ဖြစ်နေရင် အာပတ်သင့်တော့မယ်။ တကယ်လို့ နောက်နောင် ဒကာကြီးတွေ လှူဒါန်းမယ် ဆိုရင်တော့ တစ်မနက်ကို တစ်လုံးလောက် နှစ်လုံးလောက် လှူဒါန်းရင် ပိုကောင်းတာပေါ့ဘုရား။

ဦးဇင်းMA ။ ။ မယ်တော်ကြီးကလည်း ငှက်ပျောသီးလှလှ ဝယ်ရတုန်း လှူတာဖြစ်လိမ့်မယ်ဘုရား။

ဦးဇင်း ။ ။ သူ့ဘက်ကတော့ လှူဒါန်းလိုက်တဲ့ ကိစ္စပြီးပြီ။ မိမိဘက်က တာဝန်ပဲရှိတာပေါ့။ အဲဒီလို အကပ်ခံပြီးတော့မှ သိုမှီးမထားကောင်းဘူး။ ကပ္ပိယ စသူတွေကို အာလယပြတ် စွန့်လွှတ်လိုက်ရတယ်ဘုရား။

ဦးဇင်းMA ။ ။ အဲဒါကို မစားတော့ဘူးလို့ မငဲ့မကွက် စွန့်ပစ်ရမှာလားဘုရား။

---

*၁-သန္နိဓိကာရကသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတ္တိယပါဠိ။ (နှာ-၁၁၆)

ဦးဇင်း ။ ။ ဟုတ်တယ်. . ဟုတ်တယ်. . မငဲ့ မကွက်ကိုစွန့် လွှတ်လိုက်ရမယ်။ အဲဒါဆိုရင် ကပ္ပိယပိုင် ပစ္စည်းဖြစ်သွားပြီ။

ဦးဇင်းMA ။ ။ ဒါဆိုရင် သူတို့မနက်ဖြန် ပြန်လှူရင် ရမလား ဘုရား။

ဦးဇင်း ။ ။ အဲဒီလို ပြန်လှူရင် ကောင်းမှာပဲလို့ မျှော်တဲ့ စိတ်က အာလယမပြတ်ဘူးလို့ ခေါ်တယ်။

ဦးဇင်းMA ။ ။ ဥပမာပေါ့ ဘုရား။ တကယ်လို့ သူတို့ပိုင်ပစ္စည်း အနေနဲ့ လှူဒါန်းရင်တော့ ရသလား ဆိုတာကို လျှောက်ထားမိတာပါဘုရား။

ဦးဇင်း ။ ။ အဲဒါတော့ လှူဒါန်းခွင့်ရှိပါတယ်။ ကပ္ပိယ အနေနဲ့ နောက်ရက်မှာပဲ ဖြစ်ဖြစ်၊ နောက် (၃) ရက်၊ (၅) ရက်မှာပဲ ဖြစ်ဖြစ် ဘယ်နှစ်ရက်ကြာမှပဲ လှူဒါန်း၊ လှူဒါန်း သူတို့ပိုင်ပစ္စည်း တွေ လှူဒါန်းတာကတော့ သူတို့ ကုသိုလ်ရဖို့ပဲ ရှိပါတယ်။ အပြစ် မရှိပါဘူး။

ဦးဇင်းMA ။ ။ ဒါဆိုလို့ရှိရင် မယ်တော်ကြီးကို အဲဒီလိုမကုန် နိုင်တဲ့ ပစ္စည်းကို တစ်ရက်စာလောက်ပဲလှူဒါန်း ရင်ပိုကောင်းတဲ့အကြောင်း တပည့်တော် အသိပေးလိုက်မယ် ဘုရား။

ဦးဇင်း ။ ။ ကောင်းပါတယ်။ ငှက်ပျောသီးတင်မကဘူး ဦးဇင်း။ ကျန်တဲ့အစားအစာအားလုံး ဒီအတိုင်း ပဲဘုရား။ အစားအစာအားလုံးက ဒီနေ့အကပ်ခံပြီးမှ သိုမှီးထားလို့ ရှိရင် အဲဒါဟာ အာပတ်သင့်တယ်နော်။

ဦးဇင်းMA ။ ။ မှန်ပါ့ဘုရား။ တပည့်တော် ဆင်ခြင်ပါ့မယ် ဘုရား။ ဒီကနေ့လည်း ငှက်ပျောသီးကို ကုန် သလောက် ဘုဥ်းပေးပြီးတော့မှ ကျန်တာကိုလည်းပဲ အာလယ ပြတ်စွန့်လိုက်ပါ့မယ် ဘုရား။

ဦးဇင်း ။ ။ အကောင်းဆုံးပါပဲ။ အဲဒါ ဘုရားဥပဒေတော်

အတိုင်းညီညွတ်ပါပြီဘုရား။ ဒကာကြီးလည်း ဆေးရုံမှာ ဂိလာနရဟန်းတွေအတွက် ဆောင်ရွက်ဖို့ ဗဟုသုတ ရတာပေါ့။

## ၂၂။ ဂိလာနရဟန်းများ ညစာ ဘုဉ်းပေးကောင်းပါသလား

Dr.အောင်သူ ။ ။ မှန်လှပါဘုရား။ တပည့်တော်ဆက်ပြီး လျှောက်ပါဦးမယ်ဘုရား။ ဒါပေမယ့် ဆေးရုံမှာ မြင်နေကျကတော့ တစ်မျိုးပဲ ဘုရား။ ဂိလာနအနေနဲ့ ညစာတွေ ဘာတွေ ဘုဉ်းပေးသုံးဆောင် ကောင်းပါသလား ဘုရား။

ဦးဇင်း ။ ။ ဒါကတော်တော်ခက်တယ်။ သာသနာ့ဥသျှောင် မြောင်းမြဆရာတော်ဘုရားကြီးရဲ့ စာဖတ်ဖူးတယ်။ "ဆေးရုံတက်တဲ့ ဘုန်းကြီးတွေ ညစာကျွေး၊ နွားနို့ကပ်ကြတာ ဘယ်ကောင်းလေတော့မလဲ" တဲ့။ တစ်ခါကတော့ ဒကာထိန်ဝင်းက ဘုန်းကြီးတစ်ပါးဆေးရုံတက်လို့ လူနာလည်း သတင်းမေးရင်း ပို့စရာရှိတာလည်း ပို့ရင်း သွားလိုက်တာ သံဃာတွေကိုထားတဲ့အခန်းမှာ တာဝန်ကျတဲ့ ကုလားလေးက "အကိုကြီး အကိုကြီး ထမင်းယူခဲ့ရမလား" ဒီလိုမေးတယ်တဲ့။ ဒါနဲ့ ဒကာထိန်ဝင်းက "ဟဲ့ ညနေဘက်ကြီး ဘယ်ကလာ ဘုန်းကြီးက" ဆိုတော့ "သြော်. . အကိုကြီးကလည်း ဘုန်းကြီးတွေ ညနေတိုင်းစားနေကြမို့လို့ ကျွန်တော်ပို့ပေးနေရတာပဲ"တဲ့။*၁ အမှန်က သာသနာအဆုံးအမကို နားမလည်လို့ပါ။ ဒါမစားကောင်းပါဘူး။ အဲဒါဒကာတွေ၊ ဒကာမတွေ ဝိနည်းနားမလည်တာလည်း ပါတယ်။

Dr. အောင်သူ။ ။ တပည့်တော်တို့ ဆေးရုံမှာလည်း သိပ်ကြီးကျယ်တဲ့ ရောဂါမဟုတ်တဲ့ ဂိလာနလည်း ဘုဉ်းပေးနေတာကို တွေ့နေရတာပဲဘုရား။ တပည့်တော်လည်း တစေ့တစောင်း ကြုံနေတွေ့ နေရတယ်ဘုရား။ ဂိလာနသံဃာတော်ကို

*၁-ဝိသုဒ္ဓါရုံ မြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ၊ ဒုတိယအကြိမ်၊ ၁၉၉၈။(နှာ-၅၀၇)

စောင့်ရှောက်ဖို့လိုက်လာကြတဲ့ ဦးဇင်းတွေကလည်းပဲ ညစာစား ကြတာပါပဲ။

ဦးဇင်း ။ ။ အင်း ဒါကိုတော့၊ အင်း ဒါလေး တစ်ခုတော့ နားထောင်ကြည့်ဦးပေါ့လေ။

Dr.အောင်သူ ။ ။ မှန်လှပါဘုရား။ မှန်လှပါဘုရား။ တပည့်တော် စိတ်ဝင်စားပါတယ် ဘုရား။

ဦးဇင်း ။ ။ ညောင်လေးပင် တောရဆရာတော်ဘုရားကြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို တက်ရောက် ကုသတဲ့အခါ လေငန်းရောဂါကြောင့် အင်အားကုန်ခမ်းချိနဲ့နေပြီး ညနေစောင်း အချိန်ကျတဲ့အခါ ပိုလို့ပင်ပမ်းတာကြောင့် ဆရာဝန် သမားတော်ကြီးများက ဆရာတော်ဘုရားကြီးအား လက်ဖက်ရည် တို့ ကော်ဖီ၊ ဆန်ပြုတ်၊ စွတ်ပြုတ်တွေ ညနေပိုင်းမှာ ဘုဉ်းပေးသုံး ဆောင်ပါရန် လျှောက်ထားတောင်းပန်ကြပါတယ်။

Dr.အောင်သူ ။ ။ ဆရာတော်ဘုရားကြီးကို ဆရာဝန်ကြီးတွေက အသက်ရှည်ရှည် နေစေချင်တာကြောင့် လျှောက်ထားတောင်းပန် တာပါဘုရား။

ဦးဇင်း ။ ။ ဟုတ်ပါလိမ့်မယ်။ ဒါကြောင့် ဆရာတော်ဘုရား ကြီးက စာရွက်တစ်ရွက်တောင်းပြီးတော့ စာရေးပေးတော်မူတယ်။ "နိုင်ငံတော်အစိုးရ၏ အမှုထမ်းများသည် အစိုးရ၏ ဥပဒေများကို တစ်သွေမတိမ်း လိုက်နာကျင့်ကြံ ကြရ တယ်။ မြတ်ဘုရားတပည့်များဖြစ်ကြတဲ့ သာသနာ့ဝန်ထမ်း ရဟန်း သာမဏေများလည်း ဘုရားရှင်၏ ဝိနည်းဥပဒေတော်ကို လိုက်နာ ရပေမယ်" တဲ့။[*၁] ဆရာတော်ဘုရားကြီးက ဘုရား ဥပဒေတော်ကို အသက်စွန့်ပြီး လိုက်နာတော်မူခဲ့ပါတယ်။

Dr.အောင်သူ ။ ။ သြော်. . ကြည်ညိုစရာ ကောင်းလိုက်တာ ဘုရား။ အံ့သြစရာပါပဲ။ အသက်နှင့်သီလကို လဲသွားတာပဲဘုရား။ များသောအားဖြင့် ဒကာ၊ ဒကာမတွေက

---

*၁-ဝိသုဒ္ဓိမဂ်အရသာ၊ ညောင်လေးပင်တောရတိုက် ပဓာနနာယကဆရာတော်ဦးအရိယမထေရ် သတ္တမအကြိမ် (၂၀၀၅)။

ဒါကိုမသိလို့ မှားနေကြတာ စေတနာအမှားပါဘုရား။
ဦးဇင်း ။ ။ ဟုတ်တယ်။ ဒကာ၊ ဒကာမတွေ ထဲထဲဝင်ဝင် သိသူရှားလှတယ် ဒကာ။

## ၂၃။ မာတုဂါမများကြောင့် ရဟန်းသံဃာတော်တို့မှာ ဘယ်လို အာပတ်တွေ သင့်တတ်ပါသလဲ

ဦးဇင်းMA ။ ။ မာတုဂါမကြောင့် ရဟန်းသံဃာတော်များမှာ ဘယ်လိုအာပတ်တွေ သင့်တတ်ပါသလဲဘုရား။
ဦးဇင်း ။ ။ မာတုဂါမကြောင့် ပါရာဇိက အာပတ်လည်း သင့်နိုင်တယ်။ သံဃာဒိသိသ်အာပတ်လည်း သင့်နိုင်တယ်။ ထုလ္လစ္စည်းအာပတ်လည်း သင့်နိုင်တယ်။ ပါစိတ် အာပတ်လည်း သင့်နိုင်တယ်။ ဒုက္ကဋ်အာပတ်လည်း သင့်နိုင်တယ်။
ဦးဇင်းMA ။ ။ အာပတ်တွေအကုန်လုံး သင့်နိုင်ပါသော်လည်း ဒကာမတွေနဲ့ ဆက်ဆံနေရတာပဲဘုရား။
ဦးဇင်း ။ ။ အရှင်အာနန္ဒာက သာသနာ့နောင်ရေးကို မျှော်တွေးပြီး မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံခါနီးမှာ လျှောက်ထားခဲ့တာရှိတယ်။
ဦးဇင်းMA ။ ။ မာတုဂါမနဲ့ ပတ်သက်တာလားဘုရား။
ဦးဇင်း ။ ။ မှန်ပါတယ်။ မာတုဂါမများနဲ့ စပ်လျဉ်းပြီး လျှောက်တာပါ။ 'ရှင်တော်မြတ်ဘုရားတဲ့ တပည့်တော်တို့ မာတုဂါမများနှင့် စပ်လျဉ်းပြီး ဘယ်လိုများ ပြုကျင့်ရမလဲလို့' လျှောက်ထားပါတယ်။ 'မြတ်စွာဘုရားရှင်' က 'အာနန္ဒာ မတွေ့ရ၊ မမြင်ရအောင် ကျင့်သုံးရမယ်' လို့ မိန့်တော်မူပါတယ်။ တစ်ခါထပ်ပြီး အရှင်အာနန္ဒာက 'မြတ်စွာဘုရား တွေ့မြင်ခဲ့ရင်ကော ဘယ်လိုကျင့်သုံးရပါမလဲ' လို့ မေးလျှောက်ပြန်ပါတယ်။ 'အာနန္ဒာ၊ စကားမပြောဘဲနေရမယ်'လို့ မိန့်တော်မူပါတယ်။ ဆက်လက်ပြီးတော့မှ 'ရှင်တော်ဘုရား၊ မလွှဲမရှောင်သာ စကားပြော

ရတဲ့အခါကျတော့ ဘယ်လိုကျင့်သုံးရမလဲ’ လို့ မေးလျှောက်တဲ့အခါမှာတော့ မြတ်စွာဘုရားရှင်က ‘အာနန္ဒာ အမေရင်း၊ အစ်မရင်းကဲ့သို့ သတိထားပြီးမှ ပြောရမယ်’ လို့ မိန့်တော်မူခဲ့ပါတယ်။*၁

ဦးဇင်းMA ။ ။ ဘုရားရှင်ရဲ့သင်ကြားမှုက တိုသော်လည်း ထိရောက်လှပါတယ် ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ ရဟန်းတော်များကို မာတုဂါမ တွေက ဆွမ်းတွေလောင်းကြတယ်။ ပစ္စည်းလေးပါး ထောက်ပံ့ လှူဒါန်းကြတယ်။ ဒါတွေကို သုံးဆောင်ပြီးတော့ သံသရာက လွတ်မြောက်တဲ့အထိလည်း ကျေးဇူးများပါတယ်။ ကျေးဇူးများခဲ့တဲ့ သာဓကတွေ ယနေ့ရော၊ အတိတ်သာသနာ့သမိုင်းမှာပါ ရှိခဲ့ပါတယ်။ ဒါပေမဲ့ မာတုဂါမနှင့် ဆက်ဆံရေးမှာ အပ္ပမာဒ သတိ မဦးစီးဘဲ ပမာဒမောဟ လွှမ်းမိုးရင်တော့ ဒုက္ကဋ်အာပတ်ကစပြီး ဂရုအာပတ်ထိ သင့်နိုင်ပါတယ်။

ဦးဇင်းMA ။ ။ မှန်လှပါဘုရား။ တပည့်တော် နောင်ရော အခုပါ ပမာဒမဖြစ်ဘဲ အပ္ပမာဒသတိဖြင့် ဆင်ဆင်ခြင်ခြင်နေပါ့မယ်ဘုရား။

MA ကျောင်းသား မောင်သီဟကျော် ရဟန်းဝတ်ပြီး နောက်ပိုင်းတွင် သူ၏ဖခင် Dr.အောင်သူလည်း ကျောင်းသို့ အရောက်များသကဲ့သို့ ဝမ်းကွဲအစ်ကိုတော်စပ်သူ ကွန်ပျူတာ တက္ကသိုလ်ကျောင်းသားလည်း ကျောင်းသို့ လာလေ့ရှိပါသည်။ ဦးဇင်းMA၏ မယ်တော်ကြီးကမူ ရံဖန်ရံခါသာ လာလေ့ရှိပြီး လျှောက်ထားစရာတို့ကို သူ့ဦးဇင်းလေး ဆွမ်းခံလမ်း၌ပင် လျှောက်ထားလေ့ ရှိပါသည်။

ယခုအခါတွင်လည်း သားဦးဇင်း ဘွဲ့နှင်းသဘင် အခမ်းအနားကို တက်ရောက်ရေးအတွက် မကြာခဏတိုက်တွန်းလျှောက်ထားသည့်အပြင် ဘွဲ့နှင်းသဘင်အခမ်းနား မတိုင်ခင် ဗိုလ်ကေဆံပင် ဖြစ်ရေးအထိ လျှောက်ထားခဲ့ဟန်တူပါသည်။

---

*၁-အာနန္ဒပုစ္ဆာကထာ၊ မဟာပရိနိဗ္ဗာနသုတ္တ၊ မဟာဝဂ္ဂပါဠိ။ ( နှာ - ၁၁၆ - ၁၁၇ )

ယနေ့ သူ၏တူ ကွန်ပျူတာတက္ကသိုလ် ကျောင်းသားကို မယ်တော်ကြီးမှ သားရဟန်းကျောင်းတွင် ချိတ်ဆွဲရန် ပြက္ခဒိန်တစ်ခု လှူဒါန်းလိုက်ပါသည်။ ပြက္ခဒိန်ကိုကြည့်၍ ဆံပင်ရှည်မည့် ကာလကို တွက်နိုင်ရန်ဖြစ်သကဲ့သို့ လူထွက်မည့်ရက်ကို မမေ့နိုင်ရန်လည်း ဖြစ်ဟန်တူပါသည်။

ကွန်ပျူတာ တက္ကသိုလ်ကျောင်းသားသည် မိမိထံ ရောက်လာရာ ဦးချပြီးမှ ပြက္ခဒိန် အလိပ်ကြီးကို ပြပါသည်။ မယ်တော်ကြီးမှ သားရဟန်းကို ပြက္ခဒိန်လှူဒါန်းသည့် အကြောင်းကိုလည်း လျှောက်ထားလာပါသည်။

## ၂၄။ ရဟန်းသံဃာတော်တို့အား မလှူကောင်းတဲ့ဒါန (၁၀)ပါးဆိုတာ ဘာတွေများပါလဲ

ဦးဇင်း ။ ။ မောင်ကျောင်းသားရဲ့ ပြက္ခဒိန်မျက်နှာဖုံးက ရဟန်းသံဃာတွေနဲ့ မအပ်စပ်ဘူး။

ကွန်ပျူတာ ။ ။ ပြက္ခဒိန်တွေကတော့ မင်းသမီးပုံတွေ၊ မင်းသားပုံတွေ၊ စုံတွဲပုံတွေပဲများတယ်ဘုရား။ အဲဒါတွေကရောင်းကောင်းတာကိုးဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်။ အဲဒါတွေက မာတုဂါမပုံတွေနဲ့မို့ ဘုန်းကြီးကျောင်းနှင့် မသင့်တော်ဘူး။

ကွန်ပျူတာ ။ ။ မင်းသမီးရုပ်ပုံက မလုံ့တလုံ မဟုတ်ပါဘူးဘုရား။ လုံလုံခြုံခြုံပါဘုရား။ ပါတိတ်ထမီကြော်ငြာတာနဲ့တူပါ တယ်ဘုရား။ ခြေလုံခေါင်းလုံပါတယ် ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်။ လုံခြုံပေမဲ့ ဒါမျိုးကို သံဃာအား မလှူကောင်းဘူး။

ကွန်ပျူတာ ။ ။ မလှူကောင်းတာက အရက်တို့ အဆိပ်တို့ပဲ မဟုတ်ဘူးလားဘုရား။

ဦးဇင်း ။ ။ အဒါနဝတ္ထုလို့ခေါ်တဲ့ မပေးမလှူကောင်းတဲ့

ဝတ္ထု (၁၀) မျိုးရှိတယ်။

ကွန်ပျူတာ ။ ။ တပည့်တော်သိတာ နှစ်မျိုးသုံးမျိုးပဲသိတယ် ဘုရား။ အဲဒီထဲ ပြက္ခဒိန်တော့ မပါဘူး။

ဦးဇင်း ။ ။ နှစ်မျိုးသုံးမျိုးတော့မကဘူး မောင်ကျောင်းသား၊ ( ၁၀ ) မျိုးရှိတယ်။ ပြက္ခဒိန် မလှူကောင်းတာ မဟုတ်ဘူး။ မာတုဂါမပုံပါလို့ မလှူကောင်းဘူးလို့ ပြောတာပါ။ မလှူကောင်းတဲ့ (၁၀) မျိုးဆိုတာက - ၁။သမဇ္ဇဒါန (အငြိမ့်ဇာတ်ပွဲ အလှူ) ၂။မဇ္ဇဒါန (သေရည်သေရက်အလှူ) ၃။ ဣတ္ထိဒါန (မိန်းမ အလှူ) ၄။ဥသဘဒါန (နွားလား၊ မြင်းလားအလှူ) ၅။ စိတ္တကမ္မဒါန (ကာမဂုဏ်ကို နှိုးကြွစေသော ပန်းချီဆေးရေးအလှူ) ၆။ သတ္ထဒါန (လက်နက်ခဲယမ်း မီးကျောက်အလှူ) ၇။ဝိသဒါန (အဆိပ်အလှူ)၊ ၈။ သင်္ခလိကဒါန (လက်ထိပ်၊ သံခြေကျင်းအလှူ) ၉။ ကုက္ကုဋသူ ကရဒါန(ကြက်၊ ဝက်၊ သားကောင်အလှူ) ၁၀။ တုလာကူဋမာန ကူဋဒါန (ချိန်စဉ်းလဲ၊ တင်းစဉ်းလဲ၊ မမှန်သောအလေး၊ တင်း တောင်း၊ ချိန်ခွင်အလှူ) တို့ဖြစ်ပါတယ်။ *၁

ကွန်ပျူတာ ။ ။ အဲဒီ(၁၀)ပါးမှာ ပြက္ခဒိန်ပုံတွေက ဘယ်အလှူ ထဲမှာပါသလဲဘုရား။

ဦးဇင်း ။ ။ အဲဒီ(၁၀)ပါးမှာ နံပတ်(၅)မြောက်စိတ္တကမ္မ ဒါန ကာမဂုဏ်ကို နှိုးကြွစေသော ပန်းချီ ဆေးရေး အလှူထဲမှာ မာတုဂါမ ပုံတွေပါတယ်။ ဒါကြောင့် မလှူကောင်းဘူး မောင်ကျောင်းသား၊ ဆပ်ပြာ၊ သွားပွတ်တံ၊ ခဲတံမှာ မာတုဂါမပုံတွေ ပါရင် ဖျက်ပစ်ပြီးမှ လှူရတယ်။ နို့မဟုတ်ရင် မအပ်စပ်တော့ဘူး။

ကွန်ပျူတာ ။ ။ ဒါဆို တပည့်တော် အန်တီ့ကိုပြောပြီး တခြား ပြက္ခဒိန်တစ်ခုနဲ့ အစားထိုးပြီး ဦးဇင်းကို လှူဒါန်းပါ့မယ်ဘုရား။

ဦးဇင်း ။ ။ ကောင်းပါတယ်။ ကောင်းပါတယ်။

---

*၁-ဝေသန္တရပဥှ၊ အနုမာနပဥှ၊ မိလိန္ဒပဥှပါဠိ။ ( နှာ - ၂၇၀ )

## ၂၅။ ရဟန်းသံဃာတော်များ မဘုဉ်းပေးကောင်းတဲ့ အသားကြီး (၁၀) မျိုးဆိုတာဘာပါလဲ

ကွန်ပျူတာ ။ ။ မလှူကောင်းတဲ့ဝတ္ထု (၁၀)ပါး သိရပါပြီ ဘုရား။ မစားကောင်းတဲ့ အသားလည်း(၁၀)မျိုး ရှိတယ် ဆိုတာ ဦးဇင်းMA ကမိန့်တယ်ဘုရား။ ဘာတွေလဲလို့ တပည့်တော် မေးလျှောက်တဲ့အခါမှာတော့ သူလည်း တိတိကျကျတော့ မပြောတတ်ဘူး။ လူသား၊ ခွေးသားနှင့်မြွေသားလည်းပါတယ်ဆို တာ တပည့်တော် မှတ်မိတယ်ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်။ ရဟန်းတွေ မစားကောင်းတဲ့ အသား (၁၀)မျိုးရှိတယ်။ ၁။ ဆင်သား ၂။ မြင်း သား ၃။ ကျားသား ၄။ လူသား ၅။ အောင်းသား ၆။ ခွေးသား ၇။ မြွေသား ၈။ ဝံသား ၉။ ခြင်္သေ့သား ၁၀။ကျားသစ်သားတဲ့*၁ အရိုး၊ အရေ၊ အသား၊ အသွေး၊ အမွေးတို့ပါ မသုံးရ ရှောင်ရ ပါတယ်။

ကွန်ပျူတာ ။ ။ ဘာဖြစ်လို့ မသုံးဆောင်ရတာလည်းဘုရား။

ဦးဇင်း ။ ။ ဘာဖြစ်လို့လည်းဆိုရင် လူသားကတော့ ဇာတ် တူသားဖြစ်တဲ့အတွက်ပါပဲ။

ကွန်ပျူတာ ။ ။ ခွေးသား၊ မြွေသားကျတော့ကော ဘုရား။

ဦးဇင်း ။ ။ ခွေးသားတို့ မြွေသားတို့ကျတော့ ရွံ့ရှာစရာ ကောင်းတာပေါ့။

ကွန်ပျူတာ ။ ။ ဆင်သား၊ မြင်းသားလို့ လူတွေစားတာ နည်း ပါတယ်ဘုရား။

ဦးဇင်း ။ ။ ဆင်သားတို့၊ မြင်းသားတို့ကျတော့မင်းရဲ့ အသုံး အဆောင် ရတနာတွေဖြစ်တဲ့အတွက် မစား ကောင်းဘူးတဲ့။ ပြီးတော့ ခြင်္သေ့သားတို့၊ ကျားတို့၊ အောင်းသားတို့၊ ဝံသားတို့၊ ကျားသစ်သားတို့ကျတော့ တောကျောင်း ဘုန်းကြီး တွေကတောထဲ မှာနေကြရတာဆိုတော့ ဘေးရန်များမှာစိုးလို့

*၁-မနုဿမံသ ပဋိက္ခေပကထာ၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။ ( နှာ - ၃၁၀ )
ဟတ္ထိမံသာဒိပဋိက္ခေပကထာ၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။ ( နှာ - ၃၁၂ )

မြတ်စွာဘုရား ညွှန်ကြားတော်မူထားတာပါ။

## ၂၆။ သက်သတ်လွတ် ကိစ္စသိချင်ပါတယ်

ကွန်ပျူတာ ။ ။ ဒါဆိုရဟန်းသံဃာတော်များ သက်သတ်လွတ် စားတာကောင်းတာပေါ့ ဘုရား။

ဦးဇင်း ။ ။ သက်သတ်လွတ် စားဖို့ကိုတော့ မြတ်စွာဘုရား ညွှန်ကြားတော်မူထားတာမရှိဘူး မောင်ကျောင်းသား။*၁

ကွန်ပျူတာ ။ ။ တပည့်တော် စာတစ်ခုထဲမှာတော့ အရှင်ဒေဝဒတ်က သက်သတ်လွတ်စားဖို့ အတွက် လျှောက်ထားခဲ့တဲ့ အကြောင်း မှတ်သားဖူးတယ်ဘုရား။

ဦးဇင်း ။ ။ ဟုတ်ပါတယ်။ အရှင်ဒေဝဒတ်က မြတ်စွာဘုရားသာသနာမှာရှိတဲ့ ရဟန်းသံဃာတော်တွေ အားလုံးသက် သတ်လွတ်စားဖို့အတွက် လျှောက်ထားခဲ့ဖူးတယ်။ ဒါပေမဲ့ မြတ်စွာဘုရားက သက်သတ်လွတ်စားလို သူများလည်း စားပါစေ။ မစားလို သူများလည်း မစားပါစေနဲ့လို့ မိန့်တော်မူပါတယ်။*၂

ကွန်ပျူတာ ။ ။ ဒါဆို ပဓာနကို ဘယ်လိုနားလည်ရမလဲဘုရား။

ဦးဇင်း ။ ။ ပဓာနကတော့ မြင်သား၊ ကြားသား၊ ယုံမှားသားပါပဲ။ မြင်သား၊ ကြားသား၊ ယုံမှားသားကို ရဟန်း မစားကောင်းဘူး။*၃

ကွန်ပျူတာ ။ ။ အဲဒီမြင်သား၊ ကြားသား၊ ယုံမှားသားဆိုတာ ဘယ်လိုအသားမျိုးပါလဲဘုရား။

ဦးဇင်း ။ ။ မိမိကို လောင်းလှူမယ့်ဆွမ်းအတွက် ကြက်ငှက်စတာကို သတ်လေသလားလို့ မြင်ရရင်

---

*၁-အာမဂန္ဓသုတ္တာ၊ စူဠဝဂ္ဂ၊ သုတ္တနိပါတပါဠိ။ ( နှာ - ၃၁၆-၃၁၇ )

*၂-သံဃဘေဒသိက္ခာပဒ၊ သံဃာဒိသေသကဏ္ဍ၊ ပါရာဇိကပါဠိ။ ( နှာ - ၂၆၄ )

*၃-သံဃဘေဒသိက္ခာပဒ၊ သံဃာဒိသေသကဏ္ဍ၊ ပါရာဇိကပါဠိ။ ( နှာ - ၂၆၄ )

ဒါမှမဟုတ် မိမိဆွမ်းအတွက် သတ်လေသလားလို့ ကြားရရင်၊ ယုံမှား သံသယဖြစ်ရင် အဲဒါကို မဘုဉ်းပေးကောင်းဘူး။

ကွန်ပျူတာ ။ ။ အဲဒါကို တပည့်တော် စိတ်ထဲသိပ်မရှင်းဘူး ဘုရား။

ဦးဇင်း ။ ။ ဒါဆို ဥပမာနဲ့ နားထောင်ကြည့်ပေါ့။ တောထဲမှာ သီတင်းသုံးနေတဲ့ ရဟန်းတစ်ပါးအနေနဲ့ တောထဲမှာရှိတဲ့ တဲတွေကို ဆွမ်းခံကြွသွားတော့ သပိတ်ထဲ ကြက်သားဟင်း ပါလာတယ် ဆိုပါစို့။ ရဟန်းကစဉ်းစားရပါတယ်။ 'ဈေးလည်း မနီးဘူး ကြက်တွေလည်းပဲ တဲအောက်မှာ မြင်မိတယ်။ ငါ့ဖို့များသတ်ပြီး ချက်လေရော့သလား' ခုလိုသံသယရှိရင် အဲဒါ ယုံမှားသားလို့ ခေါ်တယ်။ မစားကောင်းတော့ဘူး။ သေသေချာချာ မြင်ရင်တော့ အဲဒါဘယ် စားကောင်းတော့မလဲ။ မိမိအတွက် သတ်ဖို့ကို ပြင်ဆင်နေတာတွေ၊ ပြောဆိုနေတာတွေ တစ်ခုခုကြား မိရင်လည်း မစားကောင်းဘူးပေါ့။

ကွန်ပျူတာ ။ ။ သြော် ဒါကိုမြင်သား၊ ကြားသား၊ ယုံမှားသားလို့ မှတ်ယူရတာကိုးဘုရား။

ဦးဇင်း ။ ။ ဒါထက်ကျယ်ပြန့်တာ ရှိသေးတယ်။ ဈေးထဲမှာ ငါးအရှင်တွေ ဝယ်ကြတာရှိတယ်။ အဲဒီငါး အရှင်တွေကိုဝယ်ပြီး ဒီနေ့တော့ ဦးဇင်းလေး ဆွမ်းခံကြွမှာမို့ လောင်းလိုက်ဦးမယ်ဆိုပြီး ငါးအရှင်တွေ ဘုန်းကြီးအတွက် ရည်ရွယ်ကာသတ်ပြီး ချက်လို့ရှိရင် အဲဒါ ဥဒ္ဒိဿကတမံသ ဖြစ်တယ် မစားကောင်းဘူး။ ရည်ညွှန်းသား ဖြစ်သွားပါတယ်။

(ကွန်ပျူတာကျောင်းသားမှ အသားကြီး (၁၀) မျိုး၊ သက်သတ်လွတ်ကိစ္စတို့ကို လျှောက်ထားနေစဉ်မှာပင် ဦးဇင်းMA သည် ဆွမ်းခံရာမှ ပြန်ကြွလာပြီး ခြေထောက်ဆေး၊ သပိတ်ကို ဘုရားဆွမ်းတော်တင်ပြီးနောက် သက်န်းလက်ကတော့ ထိုးကာ ရောက်ရှိလာပြီး နားထောင်နေရာမှ)

ဦးဇင်းMA ။ ။ အရှင်ဘုရား အဲဒီကိစ္စအတွက် အာပတ်တွေက

ဘယ်လို သင့်နိုင်ပါသလဲဘုရား။

ဦးဇင်း ။ ။ အာပတ်တွေက အသားကြီး(၁၀) မျိုးအနက်က လူသားကိုစားမိရင်တော့ ထုလ္လစ္စဉ်းအာပတ်သင့်တယ်။ ကျန်တဲ့အသားတွေကတော့ ဒုက္ကဋ်အာပတ်သင့်တယ်*၁

ဦးဇင်းMA ။ ။ ဒါဆိုရင် လောင်းလှူတဲ့ အသားကို ဘာအသားပါလဲဆိုတာ ဆင်ခြင်သုံးသပ်ရမှာပေါ့နော် ဘုရား။

ဦးဇင်း ။ ။ ဟုတ်ပါတယ်။ တွေ့မြင်နေကျ အသားမျိုးဆိုရင်တော့ မေးမြန်းစုံစမ်းနေစရာ မလိုပါဘူး။ မတွေ့ဘူးတဲ့ အသားဖြစ်ရင်၊ ဒါမှမဟုတ် မသေချာရင်တော့ မေးပြီးဘုဉ်းပေးတာ ပိုကောင်းပါတယ်။ မစဉ်းစားမဆင်ခြင်ဘဲနဲ့၊ သတိမထားဘဲနဲ့ ဘုဉ်းပေးလိုက်လို့ရှိရင် အာပတ်သင့်တတ်တယ်။

ဦးဇင်းMA ။ ။ ဘယ်အာပတ်ပါလဲ ဘုရား။

ဦးဇင်း ။ ။ ဒုက္ကဋ်အာပတ်ပါပဲ။

ကွန်ပျူတာ ။ ။ ဘုရားတပည့်တော် တစ်ခုတွေးမိတယ် ဘုရား။ မေးလျှောက်ခွင့်ပြုပေးပါ။ မှားရင်လည်း ခွင့်လွှတ်ပေါ့ဘုရား။

ဦးဇင်း ။ ။ အေး ခွင့်လွှတ်ပါတယ်။ မေးလျှောက်သင့်တာ မေးလျှောက်ပါ။ မေးလျှောက်ပါ။

## ၂၇။ ကြက်ဥ၊ ဘဲဥက မြင်းသား၊ ကြားသား၊ ယုံမှားသား ဖြစ်နိုင်ပါ့မလား

ကွန်ပျူတာ ။ ။ ကြက်ဥတို့ ဘဲဥတို့ ဘုဉ်းပေးတာကျတော့ အာပတ်သင့်ပါသလား ဘုရား။

ဦးဇင်း ။ ။ ကြက်ဥ၊ ဘဲဥတို့ကိုတော့ အကောင်အသက်ရှိတယ်လို့ ယူကြတာပဲ။ ရဟန်းအတွက် သက်

*၁-မနုဿမံသပဋိက္ခေပကထာ၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။ ( နှာ - ၃၁၀ )

သက်ရည်ရွှယ်ပြီးတော့မှ ပြုတ်တာ၊ ကြော်တာဆိုလို့ရှိရင်တော့ အဲဒါဟာ ရည်ညွှန်းသားထဲမှာ ပါသွားနိုင်တယ်။ ဒါကြောင့် မြင်သား ဒိဋ္ဌ၊ ကြားသား သုတ၊ မဟုတ်ရင်တောင်မှ ပရိသင်္ကိတ ကတော့ လွတ်ဖို့ အကြောင်းမရှိဘူး မောင်ကျောင်းသား။*၁

ဦးဇင်းMA ။ ။တပည့်တော်ရဲ့ မယ်တော်ကြီးလည်း တစ်ခါတရံ ဆွမ်းဟင်းလောင်းဖို့ အဆင်မပြေ ဖြစ်နေရင် ကြက်ဥကြော် လောင်းလိုက်တာပဲဘုရား။

ဦးဇင်း ။ ။ဟုတ်တယ်။ ဒါက ဆွမ်းခံရဟန်းအတွက်ပဲ ကြော်တာ၊ ပြုတ်တာဆိုရင်တော့ ရည်ညွှန်းသားဖြစ်သွားပြီ။ အကောင်ပေါက်နိုင်တဲ့ ကြက်ဥတို့ ဘဲဥတို့ဆိုရင် ဒါက အပြစ်ဖြစ်ပါတယ်။ ဘာအပြစ်လဲဆိုရင် အကောင်အဖြစ်ကို မရောက်ရရှာဘဲနဲ့ မိမိကြောင့်သေသွားရတာကိုး။ ရှေးတုန်းက သီဟိုဠ်ကျွန်းမှာ ရဟန်းတွေက ကြက်ဥဘဲဥ မစားကြဘူးလို့ ဆိုတယ်။ အားလုံးကလည်း မစားကောင်းဘူးလို့အယူရှိကြတယ်လို့ ဖတ်ရတယ်။*၂

ကွန်ပျူတာ ။ ။တချို့ဥကတော့ ဓါတ်ဥလို့လည်း ပြောကြပါတယ်ဘုရား။ အကောင်မပေါက်ဘူးလို့ ယူဆကြပါတယ်။

ဦးဇင်း ။ ။အင်း သေချာပေါက် အကောင်မပေါက်ဘူးဆိုရင်တော့ ဒါက အပြစ်ဖြစ်ဖို့မရှိပါဘူး။ အကောင်မပေါက်ဘူးဆိုတဲ့ အနေနဲ့ယူဆမိပြီးတော့မှ ပြုတ်မယ် ကြော်မယ်ဆိုရင်တော့ ဒါက သက်ရှိအကောင်ဖြစ်ရင်တောင်မှ ပါဏာတိပါတကံ မထိုက်ဘူးလို့ဆိုရမှာပဲ။ ဘာကြောင့်လဲဆိုရင် ပါဏာတိပါတကံ ထိုက်စေတဲ့ အင်္ဂါ (၅) ပါးထဲမှာ ပါဏသညိတာဆိုတဲ့ အင်္ဂါအရ သတ္တဝါလို့ အမှတ်မရှိတာရယ် ပြီးတော့ ဝဓကစိတ္တံအရ သေစေလိုတဲ့ စေတနာ မပါတဲ့အတွက်ကြောင့်ပါပဲ*၃

*၁-ပဥ္စဝတ္ထုယာစနကထာ၊ သံဃဘေဒကက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ။ ( နှာ - ၃၅၉ )
*၂-မဟာစည်ဆရာတော်ဘုရားကြီး၏ သလ္လေခသုတ် တရားတော်ကြီး။
*၃-စူဠသီလဝဏ္ဏနာ၊ ဗြဟ္မဇာလသုတ္တ၊ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ။ ( နှာ - ၆၉ )

ဦးဇင်းMA ။ ။ အခုလို သိလိုက်ရတော့ ကြက်ဥ ဘဲဥက မြင်သား၊ ကြားသား၊ ယုံမှားသားထဲမှာ ပါသလို ခံစားရတယ်ဘုရား။

ဦးဇင်း ။ ။ အင်း ဒီလိုကိစ္စမှာတော့ ရှေးရှေးဆရာ တော်ကြီးများရဲ့ အဆုံးအဖြတ်တိုင်းဆိုလို့ရှိရင် ရဟန်းက 'သံသယရှိရင် မသုံးဆောင်တာ အကောင်းဆုံးပါပဲ' တဲ့။ သို့သော် မိမိအတွက်ကို ရည်ညွှန်းတာမဟုတ်ဘဲနဲ့ စျေးဆိုင် ကနေပြီးတော့မှ ကြော်ပြီးသား၊ ပြုတ်ပြီးသား လောင်းလှူတာမျိုး ဆိုရင်တော့ အပြစ်လွတ်တာပေါ့။ အစွန်းသုံးပါး လွတ်တယ်လို့ ခေါ်တယ် ဦးဇင်း။

ကွန်ပျူတာ ။ ။ မုန့်ဟင်းခါးဆိုင်က ကြက်ဥပြုတ်ထားတာတွေ ခေါက်ဆွဲဆိုင်က ပြုတ်ထားတာတွေကျတော့ အစွန်းအားလုံး လွတ်တာပေါ့နော်ဘုရား။

ဦးဇင်း ။ ။ အဲ ဒါကတော့ ဒီရဟန်းအတွက်ကို ရည်ညွှန်းပြီးတော့မှ ပြုတ်ထားတာ မဟုတ်ဘူးလေ။ သူ့လုပ်ငန်းသဘောအရ သူ့ဟာသူပြုတ်ထားတာပဲ။ အဲဒီဆိုင်ကနေပြီးတော့မှ တစ်စုံတစ်ယောက်သောသူက ကြက်ဥပြုတ်၊ ကြက်ဥကြော် စသည်တို့ကို ဝယ်ပြီးတော့မှ လှူဒါန်းတာကတော့ သံသယဖြစ်စရာ မလိုအပ်ပါဘူး။ အဲဒါကတော့ မိမိကို ရည်ညွှန်းပြီးတော့မှ သတ္တဝါသေတယ်လို့ စဉ်းစားစရာအကြောင်းမှ မရှိတာ။

ဦးဇင်းMA ။ ။ ဆိုင်ကလား၊ အိမ်ကလား ဆိုတာကို သိဖို့က အခက်အခဲရှိလှပါတယ်ဘုရား။

ဦးဇင်း ။ ။ ဒါကြောင့် ဒကာ၊ ဒကာမတွေမှာ ဗဟုသုတရှိမှဖြစ်မယ်။ သူတို့က လျှောက်မှသိရမှာ။

ဦးဇင်းMA ။ ။ မသိနားမလည်လို့ မလျှောက်ထားရင်တော့ ကြက်ဥ၊ ဘဲဥ၊ ဟင်းကပ်လာရင်လည်း စဉ်းစားကြည့်ပြီး မေးမြန်းသင့်ရင် မေးမြန်းရမှာပေါ့နော် အရှင်ဘုရား။

ဦးဇင်း ။ ။ မေးမြန်းစုံစမ်းတာကတော့ အကောင်းဆုံးပါပဲ။

သံသယရှင်းတာပေါ့။ ဆွမ်းတစ်ထပ်၊ ဟင်းတစ် ခွက်ကလေးနှင့် သို့လော သို့လော စိတ်ထဲမှာ မဖြစ်တာ အကောင်းဆုံးပါပဲ။ အာပတ်ကို ဂရုဘက်ကနေယူရင် အသင့်တော်ဆုံးပဲ ဦးဇင်း။*၁

## ၂၈ ။ သံဃာတော်များကို ကပ်ပြီးသား ဆွမ်းသပိတ် ဆွမ်းဟင်းခွက်တို့ကို ကိုင်ကောင်း၊ ထိကောင်း ပါသလား။

ကွန်ပျူတာ ။ ။ အဲဒီလို သံသယကင်းရှင်းတဲ့ ဆွမ်း၊ ဆွမ်းဟင်းများ သံဃာတော်ကိုကပ်ပြီးလို့ရှိရင် အဲဒီ ခွက်တွေကို ထိတဲ့အခါမှာ အပြစ်များဖြစ်တတ်ပါသလား ဘုရား။

ဦးဇင်း ။ ။ ဆွမ်း၊ ဆွမ်းဟင်းစတာတွေကို သံဃာတော်များကို ဆက်ကပ်ပြီးတဲ့အခါမှာ သံဃာတော်များက ပြန်မစွန့်မချင်း အကပ်မပျက်ပါဘူး။*၂

ကွန်ပျူတာ ။ ။ အဲဒီလို ဆက်ကပ်ပြီးတော့မှ မကိုင်ကောင်းဘူးလို့လည်း ကြားဖူးနေတယ်ဘုရား။

ဦးဇင်း ။ ။ ဆက်ကပ်ပြီးတဲ့နောက်မှာ မကိုင်ကောင်းဘူးဆိုတာမရှိပါဘူး။ ဒါပေမဲ့ ကိုင်တဲ့လူရဲ့လက်မှာ ပေကျံနေတာ တစ်ခုခုရှိလို့ရှိရင်တော့ အဲဒါတွေကပ်ပြီးသား ပန်းကန်ထဲကို ကျသွားရင် အကပ်ပျက်တတ်တာပေါ့။

ဦးဇင်းMA ။ ။ ပေကျံနေတယ်ဆိုတာ ဘယ်လိုပါလဲဘုရား။

ဦးဇင်း ။ ။ လက်ထဲမှာ မြူတွေ၊ ဖုန်တွေ၊ ပေကျံနေတာတွေနဲ့ ခွက်တွေသွားကိုင်မိတာမျိုးကို ဆိုလိုတာပါ။ ဟင်း၊ ဟင်းခွက်တွေကို ရွှေ့ပေးတာတွေ ဘုဉ်းပေးသုံးဆောင်စေလိုတဲ့ စေတနာနှင့် ဇွန်းတွေ ရွှေ့ပြောင်း တပ်ပေးတာတွေ သံဃာတော်များရဲ့ ပန်းကန်ထဲကို ခူးထည့်ပေးတာတွေက အကပ်ပျက်ဖို့ အကြောင်းမရှိပါဘူး။

*၁-ဘူတဂါမဝိနိစ္ဆယကထာ၊ ဝိနယသင်္ဂဟဋ္ဌကထာ။ ( နှာ - ၇၉ )
*၂-ဝိနီတဝတ္ထုဝဏ္ဏနာ၊ ပဌမပါရာဇိက၊ ပါရာဇိက အဋ္ဌကထာ။ ( နှာ - ၂၄၁ )

ကွန်ပျူတာ ။ ။ တပည့်တော်တို့ အစဉ်အလာအားဖြင့် ကတော့ အဲဒီလိုကပ်ပြီးသား ပစ္စည်းတွေကို ကိုင်ရင် အပြစ်ဖြစ်တယ်ပဲ သိထားတယ်ဘုရား။ ဒါဆိုတပည့်တော်တို့ သိတဲ့အသိတွေ မှားနေတာပေါ့နော်ဘုရား။

ဦးဇင်း ။ ။ ဟုတ်ပါတယ်။ ဒါကို တဖြည်းဖြည်း လေ့လာပြီးတော့မှ ပြုပြင်ရပါမယ်။ အမှန်သိလိုက်ရတော့ အမှားပြင်ပြီးသား ဖြစ်သွားတာပေါ့ မောင်ကျော်ငြင်းသား။

## ၂၉။ စားပွဲကို 'မ' ပြီး ကပ်ရတာက ဘာကြောင့်ပါလဲ

ကွန်ပျူတာ ။ ။ ကပ်တဲ့အခါမှာ စားပွဲကို 'မ' ရတာရှိသေးတယ်။ ဒါကဘာဖြစ်လို့ 'မ' ရတာလဲ ဘုရား။

ဦးဇင်း ။ ။ သံဃာတော်များကို ကပ်တဲ့နေရာမှာ အင်္ဂါငါးပါး ရှိပါတယ်။ အဲဒါလေး သိထားရင်ပိုပြီးကောင်းတယ်။ ၁။ ရှေးရှုဆောင်ခြင်း၊ ၂။ရဟန်းနဲ့ နှစ်ထောင့်ထွာဟတ္ထပါသ်အတွင်းကိုရောက်ခြင်း။ ၃။စားပွဲပေါ်တင်ပြီးတော့မှ ကပ်ရင် ဆွမ်း၊ ဆွမ်းဟင်းစသည်နှင့်တကွ စားပွဲဟာ အားအလယ်အလတ်ရှိတဲ့ ယောကျ်ားက မြှောက်ချီနိုင်တဲ့ စားပွဲဖြစ်ခြင်း။ ၄။ ကိုယ်၊ ကိုယ်နှင့် စပ်တဲ့ဝတ္ထုတို့ဖြင့် ဆက်ကပ်ခြင်း၊ ၅။ ရဟန်းသံဃာကလည်း ကိုယ်၊ ကိုယ်နှင့်စပ်တဲ့ ဝတ္ထုတို့ဖြင့် ခံယူခြင်းလို့ အင်္ဂါငါးပါးရှိတယ်။ အဲဒီ ငါးပါးနဲ့ညီဖို့အတွက် အင်္ဂါ (၃)၊ (၄)၊ (၅) အရ စားပွဲကို မပြီးကပ်ရတာပဲဖြစ်ပါတယ်။[*၁]

*၁-ဒန္တပေါနသိက္ခာပဒ၊ ဘောဇနဝဂ်၊ ပါစိတ္တိယပါဠိ။ ( နှာ - ၁၂၁ )

## ၃၀။ ရဟန်းသံဃာတော်များ အကပ်မခံဘဲနဲ့ သုံးဆောင်ကောင်းတဲ့ အရာရှိပါသလား

ဦးဇင်းMA ။ ။ အကပ်မခံရသေးဘဲနဲ့ သုံးဆောင်ကောင်းတဲ့ ပစ္စည်းလည်း ရှိပါသေးတယ်လို့ မှတ်သားမိဖူးတယ်ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်၊ ဟုတ်တယ်၊ ရှိတယ်။ အကပ်မခံရဘဲနဲ့ သုံးဆောင်ကောင်းတဲ့ ပစ္စည်းကတော့ ရေနှင့်ဒန်ပူ (သွားတိုက်တံ)တွေပါပဲ။*၁ အဲဒါတွေကတော့ အကပ်ခံစရာ မလိုဘဲနဲ့ သုံး ဆောင်နိုင်တယ်။ ကျန်တာအားလုံးကတော့ လက်ရောက်အကပ်ခံ ပြီးတော့မှပဲ သုံးဆောင်လို့ရပါတယ် မကျန်းမာတဲ့ ရဟန်းအတွက် ထောပတ်၊ ဆီဦး၊ ဆီ၊ ပျားရည်၊ တင်လဲတွေကို တော့ရက်သတ္တ (၇)ရက် အပိုင်းအခြားထားပြီး သိုးမှီးသိမ်းဆည်းပြီး ဘုဉ်းပေး သုံးဆောင်နိုင်ပါသေးတယ်။*၂

ဦးဇင်းMA ။ ။ အကပ်ခံစရာမလိုဘူးပေါ့ဘုရား။

ဦးဇင်း ။ ။ ဒီနေ့အကပ်ခံထားပြီးရင် (၇)ရက်စေ့တဲ့အထိ အကပ်ခံစရာမလိုတာပါ။

Dr. အောင်သူသည် သူ့သား ရဟန်းဖြစ်ပြီး နောက်ပိုင်း ဆေးရုံမှခွင့်တစ်လခန့်ယူ၍ ကျောင်း၌ပင် ကပ္ပိယအဖြစ် ဆောင်ရွက်ကာ အနေများပါသည်။ တရားလည်းအားထုတ်ပြီး ရံဖန် ရံခါလည်း တရားစာအုပ်များ ဖတ်ရှုကာ မရှင်းမလင်းသည်များကို လျှောက်ထားမေးမြန်းသည့်အပြင် ရံဖန်ရံခါလည်း သူ၏ အယူအဆများကိုလည်း တင်ပြလျှောက်ထားလေ့ရှိပါသည်။ ရံခါ၌ လည်း ခေတ်ပညာတတ်တို့၏ ဉာဉ် Intelectual sence အတိုင်း သာသာနာတော်ကို သဒ္ဓါနှင့်ပညာမျှတစွာ မမြင်ဘဲ ဖြစ်နေတတ်သည်။ မိရိုးဖလာ ဗုဒ္ဓဘာသာအများစုမှာ သဒ္ဓါလွန်၍သာ မြင်လေ့ရှိတတ်ပါသော်လည်း သူကဲ့သို့ ခေတ်ပညာတတ်တို့ကမူ ပညာလွန်

*၁-ဒန္တပေါနသိက္ခာပုဒ်၊ ဘောဇနဝဂ်၊ ပါစိတျာဒိအဋ္ဌကထာ။ ( နှာ - ၁၀၉ )
*၂-ဘေသဇ္ဇသိက္ခာပုဒ်၊ ပတ္တဝဂ်၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ။ ( နှာ - ၃၆၃ )

၍လည်း မြင်တတ်ကြပါသည်။ ထို့ကြောင့် Dr.အောင်သူ ရံခါ မေးမြန်းလာသော မေးခွန်းများမှာ “သာသနာစိတ်နည်းလိုက်တာ” ဟု အပြစ်တင် မစောဘဲ “ဗုဒ္ဓသာသနာကို သူကဲ့သို့သော ခေတ်ပညာတတ်များက ဒီလိုလည်းမြင်တတ်သေးသကိုး” လို့ နှလုံးသွင်း စေချင်ပါသည်။

## ၃၁။ ဒကာက ပစ္စည်းလေးပါး လျှောက်ထားရင် အလိုရှိသလောက်ကို အလှူခံလို့ရပြီလား

Dr.အောင်သူ ။ ။ ဒကာကပစ္စည်းလေးပါး ဖိတ်ကြားထားရင် ရဟန်းဘက်က လျှောက်ထားပြီးတာနဲ့ ချက်ချင်း အလှူခံခွင့် ရှိပါသလားဘုရား။

ဦးဇင်း ။ ။ ဒကာကဖိတ်ကြားထားရင်တော့ ရဟန်းက အလှူခံခွင့် ရှိပါတယ်။

Dr.အောင်သူ ။ ။ ချက်ချင်းအလှူခံရင် ဒကာငြိုငြင်နိုင်တယ် ဘုရား။ တပည့်တော် ငြိုငြင်ဖူးတယ်။

ဦးဇင်း ။ ။ မှန်ပါတယ်။ ဖြစ်တတ်ပါတယ်။

Dr.အောင်သူ ။ ။ ပစ္စည်းလေးပါး အလှူခံဖို့ လျှောက်ထားသူထံ ကတော့ ပစ္စည်းအားလုံး အလှူခံလို့ရပြီလား ဘုရား။ ပစ္စည်းအမျိုးမျိုးပေါ့ဘုရား။

ဦးဇင်း ။ ။ အဲဒါလည်း ခက်တော့ခက်သားပဲ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးထဲမှာ မပါဝင်တာတွေ လည်း ရှိသေးတာကိုး။

Dr.အောင်သူ ။ ။ ဟုတ်တယ် အရှင်ဘုရား။ အဲဒီလေးမျိုးထဲ မပါဝင်တာကျတော့ အလှူခံပုဂ္ဂိုလ်အနေနဲ့ ဘယ်လိုလုပ်ရမလဲဘုရား။

ဦးဇင်း ။ ။ သာဓကေတစ်ခုပြောပြရဦးမယ်။ ဆရာတော် ဘုရားတစ်ပါး ဝါဆိုနေတုန်း တစ်နေ့မှာ တံစက်

မြိတ်အောက် မိုးရေခံထားတဲ့ ရေအိုးက ဆွမ်းခံအပြန် ခြေထောက်ဆေးရင်း ကွဲသွားတယ်။

Dr.အောင်သူ ။ ။ တောထဲမှာလား ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်။ တောရကျောင်းတစ်ကျောင်းမှာ သီတင်းသုံးတုန်းကပါ။

Dr.အောင်သူ ။ ။ ပစ္စည်းလေးပါး လျှောက်ထားတဲ့ ဒကာကော ရှိပါသလား။

ဦးဇင်း ။ ။ အဲဒါပြောမလို့ပါပဲ။ ပစ္စည်းလေးပါး လျှောက်ထားတဲ့ ဒကာမကြီးတစ်ယောက်တော့ ရှိတယ်။

သို့သော် ဆရာတော်ဘုရား အယူအဆက အဲဒီဒကာမကြီး လျှောက်ထားတာက ဆွမ်းရယ်၊ သင်္ကန်းရယ်၊ ကျောင်းရယ်၊ ဆေးရယ်၊ ပစ္စည်းလေးပါးပဲ ပါတယ်တဲ့ ရေအိုးမပါဘူးတဲ့။

Dr.အောင်သူ ။ ။ ဟာ စဉ်းစားစရာပဲဘုရား။ ဟုတ်တယ် အလှူခံဖို့ လျှောက်တာ ရေအိုးမပါမိဘူး။

ဦးဇင်း ။ ။ အဲတော့ ရေအိုးပါအောင်ဆိုလည်းပဲ ရေအိုးရော၊ ရေစစ်ရော၊ ရေခွက်ရော၊ ကရွတ်ခွေရော၊ ရေပုံးရော၊ ကြိုးရော အလှူခံပစ္စည်းတွေ ရွတ်နေရင်လည်း တစ်နေကုန်ရွတ်လို့ မဆုံးနိုင်တော့ဘူး။

Dr.အောင်သူ ။ ။ အဲဒီလိုရွတ်ပြပြီး လျှောက်ထားရရင်လည်း ဒကာကငြိုငြင်လိမ့်မယ်ဘုရား။ အလှူခံတဲ့ ပစ္စည်းတွေများရင် တစ်ချို့ဒကာက ငြိုငြင်တတ်တယ် ဘုရား။

ဦးဇင်း ။ ။ အင်း --- ဟုတ်တယ်။ ဝိနည်းလေးစားတဲ့ ဆရာတော်သံဃာတော်များကတော့ "တပည့်တော်၏ အထံ၌ ပစ္စည်းလေးပါးနှင့်တကွ လိုအပ်ရာရာ အပ်စပ်သော ပစ္စည်းများကို အလိုရှိသောအခါ အလှူခံတော်မူပါ ဘုရား။ ဝေယျာဝစ္စကိုလည်း စေခိုင်းတော်မူပါ ဘုရား" လို့ လျှောက်ထားရင်ပိုပြီး ပြည့်စုံတယ်လို့ ဆုံးဖြတ်ပေးတော်မူကြပါတယ်။

Dr.အောင်သူ ။ ။ ဟာ --- ဒါတော်တော် ကောင်းတဲ့ဆုံးဖြတ်ချက်ပဲဘုရား။ ဒါဆိုလို့ရှိရင် လိုအပ်ရာရာထဲမှာ

က ပစ္စည်းအားလုံး အကျုံးဝင်သွားတာပေါ့ဘုရား။

Dr.အောင်သူ ॥ ॥ ပစ္စည်းလေးပါး လျှောက်ထားပြီး မိမိမလှူဒါန်းနိုင်တဲ့ တန်ဖိုးကြီးတာကြီးကို အလှူခံရင် ကော ဘုရား။

ဦးဇင်း ॥ ॥ အင်း--- ဒီမှာလည်း သိထားစရာတွေရှိ သေးတယ် ဒါယကာကြီး။ ပစ္စည်းလေးပါးတော့ လျှောက်ထားပြီး သူ့မှာက လှူဖွယ်ဝတ္ထုပစ္စည်း ပြည့်စုံရဲ့လား။ သဒ္ဓါတရားရော ရှိရဲ့လား ဆိုတာကို ဆင်ခြင်ရဦးမယ်လေ။ တန်ဖိုးကြီးလွန်းလို့ မနိုင်ရင်လည်း မနိုင်ဝန်ဖြစ်ကြောင်း တောင်းပန်လျှောက်ထားခွင့်ရှိပါတယ်။ ဒါယကာမှာ အပြစ်မဖြစ်ပါဘူး။

Dr.အောင်သူ ॥ ॥ ဒါကိုတပည့်တော် စဉ်းစားနေတာဘုရား။ တစ်ခါက တပည့်တော် အိမ်ကိုဆွမ်းခံကြွတဲ့ ဦးဇင်းတစ်ပါးကို ကြည်ညိုတာနဲ့ ပစ္စည်းလေးပါး လျှောက်လိုက်မိတာဘုရား။ နောက်ရက်တော့ ဂျပန်ရေဒီယို ကက်ဆက်တစ်လုံးတဲ့ အလှူခံတယ်ဘုရား။ အဲဒါက ဈေးကြီးလွန်းတယ် ဘုရား။ တရုတ်ကက်ဆက်ဆိုရင်တော့ တော်သေးတယ်။ တပည့်တော်လည်း ဘာလုပ်ရမှန်းမသိဘဲ ဖြစ်သွားတယ်။ နောက်တော့လည်း အကြည်ညို သဒ္ဓါတရား ပျက်သလိုဖြစ်သွားတာပေါ့ဘုရား။ အတော် အလိုကြီးတဲ့ ကိုယ်တော်ပဲလို့ ထင်မိတယ်။

ဦးဇင်း ॥ ॥ နောက်တော့ကော ဘယ်လို ဖြစ်သွားသလဲ။

Dr.အောင်သူ ॥ ॥ အမှန်အတိုင်း လျှောက်ထားရရင် တပည့်တော်နောက်ပိုင်း ဆွမ်းတောင် မလှူဖြစ်တော့ပါဘူး ဘုရား။ ရက်ရက် စက်စက် အလှူခံလို့ စိတ်ပျက်သွားတယ်ဘုရား။

ဦးဇင်း ॥ ॥ စာမှာပြတာ တစ်ခုရှိတယ်။ ဘယ်လောက်သဒ္ဓါတရားရက်ရောတဲ့ အလှူရှင်ဖြစ်ဖြစ်တဲ့ ရက်ရက်ရောရော အလှူခံပုဂ္ဂိုလ်နှင့်တွေ့ရင် လူမပြောနှင့် တိရစ္ဆာန်တောင်မှ သဒ္ဓါတရား ပျက်တတ်သတဲ့ ဒကာကြီး။*၁ ဒကာ့

*၁-မဏိကဏ္ဌဇာတက အဋ္ဌကထာ (၂)။ ( နှာ - ၂၅၇ )
ကုဋိကာရသိက္ခာပဒ၊ သံဃာဒိသေသကဏ္ဍ၊ ပါရာဇိကပါဠိ။ ( နှာ - ၂၂၀ )

မှာ အဲဒီတုန်းက ပစ္စည်းမရှိလို့လား၊ သဒ္ဓါတရား မရှိတော့လို့လား။

Dr.အောင်သူ ။ ။ အဲဒါခက်တဲ့ မေးခွန်းပဲဘုရား။ ပစ္စည်းတော့ ရှိပါတယ် ဘုရား။ လှူဒါန်းနိုင်စွမ်းပါတယ်။ ဒါပေမဲ့ သဒ္ဓါတရား ပျက်သွားတယ်လို့ ပြောရမလားပဲ ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်။ အဲဒါ သာဓကပဲ။ ဒါကြောင့်ရဟန်း တစ်ပါးကို ပစ္စည်းလေးပါး လျှောက်ထားသော် ငြားလည်းပဲ အလှူရှင်တို့ရဲ့ ပစ္စည်းရှိမှု အတိုင်းအတာ၊ သဒ္ဓါ တရား အတိုင်းအတာ ဒါကိုချိန်ဆရသေးတယ်။

ဦးဇင်းMA ။ ။ မချိန်ဆမိဘဲ အလှူခံရင်ရော ဘုရား။

ဦးဇင်း ။ ။ မုန်းတတ်တယ်တဲ့ ဦးဇင်း။

Dr.အောင်သူ ။ ။ ဟုတ်တယ် ဘုရား မုန်းတတ်တယ်။

ဦးဇင်း ။ ။ သာဓကရှိတယ် ဘုရားလောင်း အဋ္ဌသေန သတို့သားရသေ့ရဟန်းပြုပြီး ဟိမဝန္တာတော မှာနေပါတယ်။ တစ်ခုသောကာလမှာ မင်းဥယျာဉ်တော်ကို ကြွ ရောက် သီတင်းသုံးတော့ ရှင်ဘုရင်ကကြည်ညိုပြီး အလိုရှိရာရာ ပစ္စည်းအလှူခံဘို့အကြောင်း အကြိမ်ကြိမ်လျှောက်ထားပေမဲ့လည်း ဘာမှ အလှူမခံဘူးတဲ့။ ဒါကြောင့် ရှင်ဘုရင်က ဘာကြောင့် အလှူ မခံတာပါလဲလို့ မေးလျှောက်တော့မှ "အသင်မင်းကြီး တောင်းတဲ့ သူကို ပေးလှူရတဲ့သူက ငြိုငြင်တတ်သလို၊ တောင်းတိုင်းမရရင် လည်း တောင်းသူက ပေးလှူသူကို ငြိုငြင်တတ်တယ်တဲ့။ ဒါကြောင့် ငြိုငြင်ခြင်းကို အလိုမရှိလို့ မတောင်းတာအလှူမခံတာပါတဲ့"*၁ ဦးဇင်း။

## ၃၁။ အလှူရှင်ရဲ့ သဒ္ဓါတရားနဲ့ အလှူပစ္စည်းတို့ ဆက်စပ်မှုကို အလှူခံပုဂ္ဂိုလ်က ဆန်းစစ်ဖို့ လိုပါသေးသလား။

Dr.အောင်သူ ။ ။ ပစ္စည်းနဲ့ သဒ္ဓါတရားကို ဘယ်လိုချိန်ဆရပါ သလဲဘုရား။

*၂-ဇာတကပါဠိ (ပ) တွဲ။ ( နှာ - ၁၆၁ )

ဦးဇင်း ။ ။ နံပတ် (၁) က ပစ္စည်းရှိတယ်၊ သဒ္ဓါတရား မရှိဘူး။ ဒါကတစ်မျိုး။ နံပတ် (၂) က ပစ္စည်း လည်းရှိတယ်၊ သဒ္ဓါတရားလည်းရှိတယ်။ ဒါကတစ်မျိုး နှစ်မျိုးရှိပြီ။

Dr.အောင်သူ ။ ။ နှစ်မျိုးနှစ်စားရပါပြီဘုရား။

ဦးဇင်း ။ ။ နံပါတ် ( ၃ ) က ပစ္စည်းတော့ မရှိဘူး၊ သဒ္ဓါ တရားတော့ရှိတယ်၊ ဒါကတစ်မျိုး။ နံပါတ် (၄) က ပစ္စည်းလည်းမရှိဘူး၊ သဒ္ဓါတရားလည်းမရှိဘူး။ ခုလို လူလေးမျိုး လေးစားက ရဟန်းတစ်ပါးကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးနှင့် လိုအပ်ရာရာ အလှူခံပါလို့ လျှောက်ထားတယ်ဆိုပါစို့။ ရဟန်းက ပစ္စည်းရှိတယ်၊ သဒ္ဓါတရားမရှိဘူးဆိုတဲ့ ပုဂ္ဂိုလ်ထံပါးက နေပြီးတော့ မှ အနည်းငယ်ပဲ အလှူခံရမယ်။ ပစ္စည်းတော့မရှိဘူး။ ဒါပေမဲ့ သဒ္ဓါတရားတော့ရှိတယ်။ သူ့ဆီကလည်း မကြာခဏ အလှူခံ ဖို့လျှောက်ထားလာရင် အနည်းငယ်မျှ အလှူခံပြီး ချီးမြှောက် ပေးရမယ်။

Dr.အောင်သူ ။ ။ ပစ္စည်းရော သဒ္ဓါတရားပါ မရှိတဲ့ ပုဂ္ဂိုလ်ဆီက အလှူမခံရဘူးလား ဘုရား။

ဦးဇင်း ။ ။ မကြာမကြာလည်း လျှောက်ထားလာရင် သူ့ကို ချီးမြှောက်တဲ့အနေနဲ့ ကုသိုလ်ဖြစ်ဖို့ အနည်း ငယ်မျှတော့ အလှူခံပေးရမယ်။

Dr.အောင်သူ ။ ။ ဒါဆိုလို့ရှိရင် ပစ္စည်းလည်းရှိတယ်၊ သဒ္ဓါတရား လည်းရှိတဲ့ သူဆီကကျတော့ကော အများကြီး အလှူခံလို့ရပြီလားဘုရား။

ဦးဇင်း ။ ။ ပစ္စည်းလည်းရှိတယ်၊ သဒ္ဓါတရားလည်းရှိတဲ့ ပုဂ္ဂိုလ်ကအမြဲအလှူခံဖို့လည်း လျှောက်ထား တယ်ဆိုရင် သူ့ဆီကနေအများကြီး အလှူခံဖို့ မြတ်စွာဘုရား ခွင့်ပြုထားတာ မရှိဘူး။ မိမိအသုံးကို လိုက်ပြီးတော့မှ လိုအပ် သလောက်ပဲ အလှူခံရမယ်တဲ့ ဒကာကြီး။

Dr.အောင်သူ ။ ။ ဟာ. . သိပ်ကောင်းတာပဲ ဘုရား။ ဒီလိုသာ

အလှူခံလို့ရှိရင် တပည့်တော်တို့အနေနဲ့ ဘယ်သဒ္ဓါတရား ပျက်ပါ့မလဲဘုရား။

ဦးဇင်း ။ ။ လှူဒါန်းမှုနဲ့ ပတ်သက်လို့ သိစရာ ကျန်သေးတယ် ဒကာကြီး။

Dr.အောင်သူ ။ ။ သိပါရစေ ဘုရား။

ဦးဇင်း ။ ။ စာပေမှာ ( ၄ ) ချက်လာပါတယ်။

၁။ လှူဖွယ်ပစ္စည်းများတယ်၊ အလှူရှင်က နည်းနည်းပဲ လှူချင်တယ်ဆိုရင် နည်းနည်းပဲ အလှူခံရမယ်တဲ့။

၂။ လှူဖွယ်ပစ္စည်းများတယ်၊ အလှူရှင်ကလည်း များများလှူချင်တယ်ဆိုရင် မိမိအတွက် မျှတရုံပဲ အလှူခံရမယ်။

၃။ လှူဖွယ်ပစ္စည်းက နည်းတယ်။ အလှူရှင်ကလည်းနည်းနည်းပဲ လှူချင်ရင် နည်းနည်းပဲ အလှူခံရမယ်။

၄။ လှူဖွယ်ပစ္စည်းကတော့ နည်းတယ်၊ အလှူရှင်က များများလှူချင်ရင် မျှတရုံပဲ အလှူခံရမယ်တဲ့ဗျာ။*၁

Dr.အောင်သူ ။ ။ အလှူခံပုဂ္ဂိုလ်က ဒါဆိုရင်တော့ ကြည်ညိုစရာကောင်းလိုက်တာ ဘုရား။

ဦးဇင်း ။ ။ ဒါကြောင့် ရဟန်းသံဃာတော်များ အလှူခံတယ်ဆိုတာက ပျားပိတုန်းများ ပန်းပွင့်တွေပေါ်မှာ ဝတ်ရည်စုပ်သလိုမျိုးတဲ့။

Dr.အောင်သူ ။ ။ ဥပမာက ကောင်းတယ်ဘုရား။

ဦးဇင်း ။ ။ ပျားပိတုန်း ဝတ်ရည်စုပ်တဲ့အခါမှာ သူတို့ အလိုရှိတဲ့ ပန်းဝတ်ရည်စုပ်ယူသော်လည်းပဲ ပန်းပွင့်ပျက်စီးမသွားဘူး။ အဲဒီလို ဒကာ၊ ဒကာမထံ ပစ္စည်းလေးပါးသုံးဆောင်ခံစားတဲ့အခါမှာလည်း သူတို့ရဲ့ သဒ္ဓါတရားကို ထိခိုက်ပျက်စီးမသွားအောင် အလှူခံရမယ်ဗျာ။*၁

Dr.အောင်သူ ။ ။ ဒါကိုတော့ ဘုရားတပည့်တော် အလွန်သဘောကျပြီး ကြည်ညိုပါတယ်ဘုရား။

---

*၁-သန္တောသနိဒ္ဒေသ၊ ခုဒ္ဒါသိက္ခာဘာသာဋီကာ။ ( နှာ - ၅၆၇ )

ဦးဇင်း ။ ။မြတ်စွာဘုရား ဩဝါဒတွေဟာ အားလုံး ကြည်ညိုစရာတွေကြီးပဲလေ။

## ၃၂။ မာတုဂါမများအနေနှင့် ရဟန်းသံဃာတော်များရဲ့ သင်္ကန်း၊ နေရာထိုင်ခင်း မျက်နှာသုတ် ပုဝါတွေကို လျှော်ကောင်းပါသလား။

ဦးဇင်းMA ။ ။မနေ့က ဆရာတော်ဘုရား ခရီးကြွသွားတုန်း မယ်တော်ကြီးကျောင်းကို လာသွားသေးတယ်ဘုရား။

ဦးဇင်း ။ ။လူထွက်ဖို့ လာလျှောက်ပြန်တာလား။

ဦးဇင်းMA ။ ။လူထွက်ဖို့လည်း လျှောက်တယ်ဘုရား။ ဒါပေမဲ့ ရက်လိုပါသေးတယ်ဘုရား။ တပည့်တော်လည်း ရဟန်းဝတ်နဲ့ နေချင်သေးတယ်ဘုရား။ ပြီးတော့ ဆွမ်းခံသွားရင်း၍ ပေထားတဲ့ သင်းပိုင်ရယ်၊ နေရာထိုင်ခင်းရယ်နှင့် မျက်နှာသုတ်ပုဝါတို့ကို လျှော်ဖို့ အိမ်ယူသွားပြန်တယ်ဘုရား။

ဦးဇင်း ။ ။အဲဒါဘာဖြစ်လို့လဲ။

ဦးဇင်းMA ။ ။တပည့်တော် စိတ်ထဲ မာတုဂါမက ရဟန်းရဲ့ သင်္ကန်းကို လျှော်တယ်ဆိုတော့ အပြစ်များ ဖြစ်မလားလို့ တွေးမိလို့ပါဘုရား။

ဦးဇင်း ။ ။မာတုဂါမများအနေနဲ့ သင်္ကန်းမလျှော်ရဘူး ဆိုတာတော့ စာထဲမရှိပါဘူး။

ဦးဇင်းMA ။ ။တပည့်တော် ဝိနည်းစာအုပ်ထဲမှာ ဘိက္ခုနီမက ရဟန်းသင်္ကန်းကို မလျှော်ရဘူးဆိုတာ ဖတ်မိတယ်ဘုရား။

ဦးဇင်း ။ ။ဒီခေတ်က ဘိက္ခုနီမမှ မရှိတော့တာပဲ။ ဒါပေမဲ့ စာမှာကဆွေမျိုးမတော်တဲ့ ဘိက္ခုနီမကိုသင်္ကန်း

ဖွတ်လျှော်မခိုင်းရဘူးဆိုတဲ့ သိက္ခာပုဒ်တော့ ရှိပါတယ်[*၁]

ဦးဇင်းMA ။ ။ ဒါဆိုလို့ရှိရင် မယ်တော်ကြီး သင်္ကန်းအဟောင်းကိုလျှော်တာ အာပတ်မသင့်ဘူးပေါ့ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ဘိက္ခုနီမကို လျှော်ခိုင်းရင် နိဿဂ္ဂိပါစိတ်နဲ့ ဒုက္ကဋ်အာပတ်သင့်တယ်။[*၂] အခုဟာက မယ်တော်ကြီးအနေနဲ့ လျှော်တာကတော့ အရှင်ဘုရားမှာ အာပတ်သင့်ဖို့အကြောင်း မရှိပါဘူး။ လျှော်ပေးတဲ့ ဒကာမကြီးမှာ ကုသိုလ်ဖြစ်ဖို့ပဲ ရှိပါတယ်။

ဦးဇင်းMA ။ ။ သင်္ကန်းကိုဆပ်ပြာမှုန့်နဲ့ ဒီလိုပဲလျှော်သင့်သလားဘုရား။

ဦးဇင်း ။ ။ သစ်ခေါက်ဆိုးထားတဲ့ သင်္ကန်းဆိုရင်တော့ အဲသလိုလျှော်လိုက်ရင် သစ်ခေါက်တွေ အကုန်လုံးပြယ်သွားတယ်။ သင်္ကန်းတွေကို ခြေထောက်နှင့် နင်းပြီးတော့ အဝတ်ထုတဲ့ဒုတ်နဲ့ ရိုက်ပြီးတော့မှ မလျှော်သင့်ဘူးပေါ့။ သင်္ကန်းခေါက်တဲ့ အခါမှာလည်း အလယ်မှာ ခေါက်ရိုးမကျိုးစေဖို့ လက်လေးသစ်၊ လက်လေးသစ် ဘယ်ညာခွာပြီး ခေါက်သင့်တယ်။[*၃]

ဦးဇင်းMA ။ ။ ဘုရားဥပဒေက ကြည်ညိုစရာကောင်းအောင် စေ့စပ်တိကျလိုက်တာ အံ့သြစရာပါပဲ ဘုရား။

## ၃၄။ ရဟန်းသံဃာတော်တို့ရဲ့ အာပတ်နှင့် လူတို့ရဲ့ ဥပုသ်ဟာ အရုဏ်တက်ချိန်နှင့် ဘယ်လိုဆက်စပ်ပါသလဲ။

ဦးဇင်းMA ။ ။ အရုဏ်မတက်ခင်၊ အာရုဏ်တက်ပြီလို့ ယူဆပြီးတော့မှ ဆောင်ရွက်ဖွယ် ကိစ္စတွေကို ဆောင်ရွက်မိတယ်ဆိုရင် အာပတ်သင့်တတ်တယ်လို့တော့ မှတ်သားဖူးပါတယ်ဘုရား။ ဘယ်အာပတ်များ သင့်နိုင်ပါသလဲဘုရား။

*၁-ပုရာဏစီဝရသိက္ခာပဒ၊ စီဝရဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ။ ( နှာ - ၃၀၇ )
*၂-ပုရာဏစီဝရသိက္ခာပဒ၊ စီဝရဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ။ ( နှာ - ၃၀၇ )
*၃-ဥပဇ္ဈာယဝတ္တကထာ၊ မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိ။ ( နှာ - ၅၉ )

ကွန်ပျူတာ ။ ။ တပည့်တော်လည်း ဥပုသ်တော့စောင့်ခဲ့တယ် ဘုရား။ တစ်ခါက ဥပုသ်စောင့်တာ ဆာလို့ ည (၁၂) နာရီကျော် ထပြီး ထမင်းစားတယ် ဘုရား။ အခု ဦးဇင်းMA က အရုဏ်တက်မှ စားရမယ်။ မဟုတ်ရင် ဥပုသ်ကျိုးတယ်လို့ ပြောပြတယ်ဘုရား။ တပည့်တော် တစ်ခါတလေမှ ရှားရှားပါးပါး စောင့်တဲ့ ဥပုသ်ကျိုး ကုန်ပြီလား မသိတော့ပါဘူး ဘုရား။

Dr.အောင်သူ ။ ။ ဟုတ်တယ်။ ဘုရားတပည့်တော် အဲဒါလေး မေးလျှောက်မလို့ပဲ ဘုရား။ အရုဏ်တက်တာနဲ့ နေ့တစ်နေ့ ကူးပြောင်းမှုဟာ ဘယ်လိုများ ဆက်စပ်ပါသလဲ ဘုရား။

ဦးဇင်း ။ ။ အင်း . . မေးခွန်းတွေက အရုဏ်နဲ့ပတ်သက် တာပဲလား။ အရုဏ်ကို အင်္ဂလိပ်လို့ Dawn Time လို့ခေါ်တယ်။ ဗုဒ္ဓယဉ်ကျေးမှုအရ တစ်နေ့တာရဲ့ အဆုံးနှင့် နောက်နေ့ရဲ့အစကို ပိုင်းခြားပေးတာက အဲဒီ Dawn Time က စည်းခြားပေးပါတယ်။

Dr.အောင်သူ ။ ။ တစ်နေ့တာရဲ့အဆုံးက ညသန်းခေါင် မဟုတ် ဘူးလား ဘုရား။

ဦးဇင်း ။ ။ ကမ္ဘာပေါ်မှာတော့ တစ်နေ့တာရဲ့ အဆုံးကို ညသန်းခေါင်နဲ့ သတ်မှတ်တယ်။ ဘုရား သာသနာမှာကျတော့ ညသန်းခေါင်နဲ့ မတိုင်းတာဘူး။ မနက် အရုဏ်တက်ချိန်နဲ့ တိုင်းတာရပါတယ်။

ဦးဇင်းMA ။ ။ အဲဒါဆိုလို့ရှိရင် နောက်တစ်နေ့မနက် မိုးလင်း မှပဲ နေ့ကူးတဲ့ သဘောပေါ့ ဘုရား။

ဦးဇင်း ။ ။ ဟုတ်ပါတယ်။ ဟုတ်ပါတယ်။

ကွန်ပျူတာ ။ ။ ဒီနေ့ တနင်္လာနေ့ပါ ဘုရား။ တနင်္လာနေ့က ည (၁၂) နာရီထိုးရင်လည်း တနင်္လာနေ့ပဲ နောက်နေ့ အရုဏ်တက်မှ အင်္ဂါနေ့ဖြစ်တော့မှာလား ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။

Dr.အောင်သူ။ ။ ကမ္ဘာပေါ်မှာကျတော့ အဲဒီလို မဟုတ်ဘူးဘုရား။

တနင်္လာနေ့က အခုညသန်းခေါင် (၁၂)နာရီ ထိုးလိုက်တာနဲ့ အင်္ဂါ ဖြစ်သွားပြီဘုရား။

ဦးဇင်း ။ ။မှန်ပါတယ်။ ဒါက တစ်ကမ္ဘာလုံးက သဘောတူပြီး International date line အရသတ်မှတ်ထားတဲ့ကိစ္စပါ။ ညသန်းခေါင် (၁၂) နာရီထိုးရင် အင်္ဂါနေ့ကို ပြောင်းပြီး ဗုဒ္ဓသာသနာမှာက အင်္ဂါနေ့ ဘယ်အချိန်မှ ရောက်မလဲ ဆိုရင် မနက်အရုဏ်တက်မှရောက်မယ်။ ဒါလေးအရင်ဦးဆုံး နားလည်မှ ပိုကောင်းမယ်။

ကွန်ပျူတာ ။ ။တပည့်တော်တို့ ဥပုသ်စောင့်ရင် မနက်ဖြန်မနက် အရုဏ်တက်ပြီးမှပဲ စားလို့ရတော့မှာလို ဖြစ်နေတယ်ဘုရား။

ဦးဇင်း ။ ။ဟုတ်တယ် အရုဏ်တက်မှပဲ စားရပါမယ်။ ညသန်းခေါင်ကျော်ရင် စားလို့ရတယ်ဆိုတာ မဟုတ်ပါဘူး။

ကွန်ပျူတာ ။ ။ဒါဆို တပည့်တော် ရှားရှားပါးပါး စောင့်ရတဲ့ ဥပုသ်တွေ ပျက်ပါပြီဘုရား။

ဦးဇင်း ။ ။အင်း အရင်ကတော့ ပျက်ခဲ့ပြီ နောင်မပျက်အောင် နေရမှာပေါ့။

ဦးဇင်းMA ။ ။ဒါဆိုလို့ရှိရင် သံဃာတော်များမှာက အရုဏ်ကြောင့် ဘာအာပတ် ဘယ်လိုသင့်နိုင်ပါသလဲ ဘုရား။

ဦးဇင်း ။ ။သံဃာတော်များအတွက်တော့ ကျယ်ဝန်းပါတယ်။

Dr.အောင်သူ ။ ။သိပါရစေဘုရား။

ဦးဇင်း ။ ။သိပါရစေဆိုတော့ ဝါဆိုတာကနေ ပြောပြမယ်။

ဦးဇင်းMA ။ ။တပည့်တော်လည်း ဝါဆိုဦးမှာပေါ့ ဘုရား။

ကွန်ပျူတာ ။ ။နောက်မှ ဝါဆိုတာပေါ့ ဦးဇင်းလေးရယ်။

ဦးဇင်း ။ ။ဝါဆိုတဲ့ရဟန်းက ဝါတွင်းမှာ အရုဏ်မတက်သေးခင်အရုဏ်တက်ပြီလို့ ယူဆပြီးတော့မှ

ကျောင်းဝင်းအပြင်ဘက်ကို ကြွသွားခိုက် အရုဏ်တက်သွားလို့ရှိရင် ဒုက္ကဋ်အာပတ်သင့်ပြီး ဝါကျိုး ဝါပြတ်တယ်။*[၁]

ဦးဇင်းMA ။ ။ ကျောင်းဝင်းအပြင် ထွက်သခိုက် အရုဏ်တက်မှ ဝါကျိုးသွားတာပဲ့ ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်။ နိဿယည်း ဉပဇ္ဈာယ်ယူပြီးတော့မှ နိဿယည်း ဆရာနဲ့အတူတူ သီတင်းသုံးနေတဲ့ ရဟန်းအနေနဲ့ ဆိုလို့ရှိရင်လည်း အရုဏ်မတက်ခင် ဆရာရှိရာ ကျောင်းဝင်းအပြင်ကို ကြွသွားတုန်း အရုဏ်တက်သွားရင် နိဿယည်းငြိမ်းပြီ။*[၂] ကျန်သေးတယ် အရုဏ်မတက်သေးခင် ယာဝကာလိက အာဟာရတွေကို စားသုံးမိရင် ရဟန်းမှာ သုဒ္ဓပါစိတ် အာပတ်သင့်တယ်။*[၃]

Dr.အောင်သူ ။ ။ အရုဏ်က အတော်ကြီးကိုပဲ ကျယ်ဝန်းသား ဘုရား။

ဦးဇင်း ။ ။ ကျန်သေးတယ်။ ပရိဝါသ်မာနတ်ကျင့်တဲ့ ရဟန်း။ အရုဏ်မတက်ခင် အရုဏ်တက်ပြီ ဆိုပြီးတော့မှ ပရိဝါသ် မာနတ် ချထားခဲ့လို့ရှိရင် အဲဒါ ညဉ့်ပျက်သွားပြီ။ ရတ္တိစ္ဆေဒဖြစ်ပြီ*[၄] တိစီဝရိတ်ဆောင်ထားတဲ့ ရဟန်းက သင်္ကန်းနဲ့ အရုဏ်မတက်ခင် ကင်းလို့ရှိရင်လည်း အာပတ်သင့်တယ်။*[၅]

ဦးဇင်းMA ။ ။ ဩော်. . . ဒါဆို တပည့်တော်တို့ အရုဏ်နဲ့ ပတ်သက်လာလို့ အထူးဂရုစိုက်ရမှာပဲ ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ နောက်ထပ်သိသင့်တာကတော့ ရှင်သာမဏေတွေ ဥပုသ်သည်တွေ အရုဏ်မတက်ခင်စားလို့ရှိရင် သီလပျက်ပါတယ်။ ပန်းနံ့သာလိမ်းလို့ရှိရင်လည်း သီလပျက်ပါတယ်။

---

*၁-ရတ္တိစ္ဆေဒဝိနိစ္ဆယ၊ မဟာဝါဘာသာဋီကာ။ ( နှာ - ၁၄ )
*၂-နိဿယနိဒ္ဒေသ၊ ခုဒ္ဒသိက္ခာဘာသာဋီကာ။ ( နှာ - ၃၁၃ )
*၃-ဝိကာလဘောဇနသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ။ ( နှာ - ၁၁၆ )
*၄-ဥဒေါသိတ သိက္ခာပဒဝဏ္ဏနာ၊ နိဿယဂ္ဂိယကဏ္ဍ၊ ပါရာဇိကအဋ္ဌကထာ။ (နှာ-၂၃၇)
*၅-ဥဒေါသိတ သိက္ခာပုဒ်၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကဏ်ဘာသာဋီကာ။ ( နှာ - ၂၅၇ )

Dr.အောင်သူ ။ ။မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ကြီးက အရုဏ်တက်ချိန်နဲ့ အလွန်ပဲ ပတ်သက်ပြီး အလွန်ပဲ ဆက်စပ်တာကိုး ဘုရား။

ဦးဇင်း ။ ။ဟုတ်တယ်။ ဆက်စပ်တယ်။ ဒါ့ကြောင့်ပဲ အရုဏ်တက်ချိန်ကို အထူးဂရုပြုရပါတယ်။

Dr.အောင်သူ ။ ။ဒါဆိုရင် တပည့်တော်တို့ ရပ်ကွက်က ဆွမ်းလောင်းအသင်းတွေလည်းပဲ အရုဏ်တက်တဲ့ ချိန်ကို ဂရုပြုသင့်တာပေါ့ဘုရား။

ဦးဇင်းMA ။ ။ဟုတ်သားပဲ။ ဆွမ်းလောင်းအသင်းတွေက အရုဏ်မတက်ခင် ဆွမ်းလောင်းလို့ရှိရင် ရဟန်း သံဃာတွေမှာ အာပတ်သင့်နိုင်တာပေါ့ ဘုရား။

Dr.အောင်သူ ။ ။မှန်ပါဘုရား။ တပည့်တော်တို့ အမှတ်မထင် မှားနေကြတာ ဘုရား။ ဝါတွင်းဆိုရင် ရံခါည (၃) နာရီ (၄) နာရီ လောက်ကစပြီး ဆွမ်းလောင်းကြတာ မှတ်မိ တယ်ဘုရား။

ကွန်ပျူတာ ။ ။ဘုရားတပည့်တော်တို့ ရပ်ကွက်ထိပ် ဆွမ်းလောင်း ဇမ္ဗူရုံကလည်း ဝါတွင်းတိုင်း မနက်(၄း၀၀)နာရီ မှာ 'သံဃာတော်များ ဆွမ်းခံကြွတော်မူပါဘုရား' လို့ အသံချဲ့စက် နှင့် လျှောက်ထားလေ့ရှိတယ်ဘုရား။

ဦးဇင်း ။ ။မနက်(၄း၀၀)နာရီ အရုဏ်တက်တယ်ဆိုတာကို တော့ ဆန်းစစ်ဖို့ လိုပါလိမ့်မယ်။

Dr.အောင်သူ ။ ။မှန်ပါဘုရား။ ဘယ်လိုဆန်းစစ်ရမှာပါလဲဘုရား။

ဦးဇင်း ။ ။ဒါက အမှားတွေ ကြာလာတော့ အမှန်လို ဖြစ် နေတယ် ဒကာဆရာဝန်ကြီးရေ။

ဦးဇင်းMA ။ ။တပည့်တော်တို့ ဘယ်လိုများ အမှားကြာလာ တာပါလဲဘုရား။

ဦးဇင်း ။ ။နေမထွက်မီ တစ်နာရီအလိုမှာ အရုဏ်တက် တယ်လို့ ဋီကာကျမ်းတစ်ခုကပြပါတယ်။ အဲဒီ

ဋီကာက (AD 1648) ခုလောက်က ရေးသားခဲ့တဲ့ ကျမ်းပါ။

ဦးဇင်း MA ။ ။ ဘယ်သူရေးသား ပြုစုတာပါလဲဘုရား။

ဦးဇင်း ။ ။ အင်းဝခေတ် သာလွန်မင်းတရားကြီးလက်ထက် (AD 1578-1650) အရှင်မုနိန္ဒဃောသ တိပိဋကာ လင်္ကာရ ရာဇာဂုရု ကျမ်းပြုအကျော် တောင်ဖီလာ ဆရာတော်ဘုရား စီရင်တော်မူတဲ့ ဝိနယလင်္ကာရဋီကာကျမ်းပါ။ အဲဒီကျမ်းထဲမှာ 'ဧက ဃဋိကာ မတ္တေန'လို့ ဖော်ပြပါတယ်။ ဆိုလို တာက နေမထွက်မီ တစ်နာရီအလိုလောက်မှာ အရုဏ်တက်တယ် လို့ ဆိုလိုတာပါပဲ။ အဲဒီကျမ်းကို ခုနပြောခဲ့တဲ့ (AD 1648) ခုလောက်က ရေးခဲ့တာလို့ သတိပြုရပါမယ်။

Dr.အောင်သူ ။ ။ အဲဒီတုန်းက မြန်မာနိုင်ငံမှာ ဘယ်လိုနာရီတွေ သုံးခဲ့သလဲဆိုတာ အရင်စဉ်းစားရမှာပါဘုရား။ ဘုရားတပည့်တော် မှတ်မိသလောက်ဆိုရင်တော့ အခုလိုစက္ကန့် ခြောက်ဆယ် တစ်မိနစ်၊ မိနစ်ခြောက်ဆယ် တစ်နာရီ၊ (၂၄)နာရီ တစ်ရက်ဆိုတဲ့ နာရီမရှိသေးတာတော့ ဧကန်သေချာတယ်ဘုရား။

ဦးဇင်း ။ ။ ဘာဖြစ်လို့ ဧကန်အပိုင်လျှောက်နိုင်တာလဲ ဒကာကြီး။

Dr.အောင်သူ ။ ။ ဒီနာရီတွေ မြန်မာနိုင်ငံကို စရောက်ရှိလာတာ က မင်းတုန်းမင်းလက်ထက်(AD 1852-1878) ကပါ။ အဲဒီတုန်းက မြန်မာနိုင်ငံကို နာရီရောက်ရုံပဲ ရောက်သေး တာ။ မသုံးကြသေးဘူး။ (AD-1885) ခုနှစ် မြန်မာတစ်နိုင်ငံလုံးကို အင်္ဂလိပ်တွေ ကျူးကျော်အုပ်ချုပ်တဲ့အချိန်က စပြီးမှသာ စက် နာရီတွေ တစ်စ တစ်စ အသုံးပြုလာတာပါဘုရား။

ကွန်ပျူတာ ။ ။ ဒါဆိုရင်တစ်ခြားနာရီတစ်မျိုးများ ရှိပါသေးလား ဘုရား။

ဦးဇင်း ။ ။ မြန်မာနိုင်ငံမှာ ရှေးအစဉ်အလာကတည်းက သုံးလာခဲ့တဲ့ နာရီ ရှိပါသေးတယ်။

ဦးဇင်းMA ။ ။ အဲဒီနာရီက တစ်နေ့မှာ ဘယ်နှစ်နာရီ ရှိပါ သလဲဘုရား။

ဦးဇင်း ။ ။ အဲဒီနာရီက တစ်နေ့မှာ နာရီ (၆၀) ရှိပါတယ်။

Dr.အောင်သူ ။ ။ တင်ပါဘုရား။ သတိရပြီဘုရား။ ညပဟိုရ်တို့ နေ့ပဟိုရ်တို့နဲ့ ယူတာဘုရား။ နန်းတော်မှာ အချိန်မှတ် စာရေးထားပြီး ပဟိုရ်စည်တီးရတယ်လို့ အဖွားက ပြောပြဖူးတယ်ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ် . . . ။ နေ့ပဟိုရ်၊ ညပဟိုရ်တို့နဲ့ ယူရပါတယ်။ နေ့ပဟိုရ်(၃၀)နာရီ၊ ညပဟိုရ် (၃၀)နာရီလို့ ယူတယ်။ မြန်မာလအလိုက် နေ့နာရီ၊ ညနာရီ အချိန်ကွာဟတာ ရှိပါသေးတယ်။

ကွန်ပျူတာ ။ ။ ဒါဆိုရင် နာရီ(၆၀)မှ တစ်ရက်ဆိုတဲ့နည်းက တစ်မျိုး၊ (၂၄)နာရီမှ တစ်ရက်ဆိုတဲ့နည်းက တစ်မျိုး၊ နှစ်မျိုး ဖြစ်သွားပြီဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ပြဿနာရဲ့ အရင်းခံက အဲဒီမှာ စတာပါ။

Dr.အောင်သူ ။ ။ မှန်ပါဘုရား။ ဒါဆိုရင် ကျမ်းစာအုပ်ကပြတဲ့ နေမထွက်ခင် တစ်နာရီအလိုလို့ဆိုတဲ့ဟာဘယ်နာရီကို ယူရမှာလဲ ဘုရား။

ဦးဇင်း ။ ။ အဲဒါ . . . ပြဿနာပါပဲ။

ဦးဇင်းMA ။ ။ တပည့်တော်တို့ နေမထွက်မီ တစ်နာရီကို အခုသုံးနေတဲ့ တစ်ရက်ကို(၂၄)နာရီနဲ့ ယူတာနဲ့ တစ်ရက်နာရီ(၆၀) ယူတာဟာ ကွာဟမှုအများကြီးရှိနိုင်တယ်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ အကြီးအကျယ်ကို ကွာဟပါတယ်။ နာရီ(၆၀)တစ်ရက်နှင့် (၂၄)နာရီတစ်ရက် ယူထားတာဆိုတော့ နာရီနှစ်ခုကို ညှိနှိုင်းပေးရမှာလေ။ သချ်ာနှင့်ညှိလေ။ မြန်မာ(၆၀)နာရီမှာ စက်(၂၄)နာရီရှိတယ်။ မြန်မာ (၁)နာရီမှာ စက်နာရီ ဘယ်လောက်ရှိမလဲ။ အဲဒါ တွက်ရမယ်။

ဦးဇင်းMA ။ ။ မြန်မာ (၆၀)နာရီမှာ အင်္ဂလိပ် (၂၄)နာရီ

ရှိတယ်။ မြန်မာ(၁)နာရီမှာ အင်္ဂလိပ်နာရီ ဘယ်လောက်ရှိသလဲဆိုတော့ နည်းမယ်။ နည်းရင်အများအောက် ဖြစ်သွားမယ်။ (အင်္ဂလိပ် ၂၄/မြန်မာ ၆၀)

ဦးဇင်း ။ ။'အင်း. . . ဟုတ်ပြီ။ အဖြေရတဲ့ထိ တွက်ပါလေ ဦးဇင်း'။

ကွန်ပျူတာ ။ ။(၆၀)နာရီက (၂၄)နာရီကို စားရမှာဆိုတော့ (၂၄)နာရီကို မိနစ်ဖွဲ့လို့ မရဘူးလားဘုရား။

ဦးဇင်း ။ ။ရပါတယ်။ (၂၄)နာရီကို မိနစ်ဖွဲ့ပါ။

ကွန်ပျူတာ ။ ။ဒါဆိုလို့ရှိရင် အင်္ဂလိပ် ၂၄နာရီ×၆၀မိနစ်/ မြန်မာ ၆၀နာရီ = ၂၄ မိနစ်

ဦးဇင်းMA ။ ။ဟာ. . . ဒါဆိုလို့ရှိရင် (၂၄)မိနစ်ပဲ အဖြေ ထွက်တယ်ဘုရား။

Dr.အောင်သူ ။ ။ဟုတ်ပြီ။ မြန်မာ (၁)နာရီမှာ အင်္ဂလိပ် စက် နာရီက (၂၄)မိနစ်ပဲ ရှိတာပေါ့ဘုရား။

ဦးဇင်း ။ ။မှန်ပါတယ်။ မြန်မာ (၁)နာရီမှာ ခုသုံးနေတဲ့ အင်္ဂလိပ် စက်နာရီက (၂၄) မိနစ်ပဲရှိပါတယ်။

Dr.အောင်သူ ။ ။တပည့်တော် သဘောပေါက်ပါပြီဘုရား။

ဦးဇင်း ။ ။ကောင်းပါပြီ။ နေမထွက်မီ (၁)နာရီအလိုဆိုတဲ့ စကားကို ပြန်ကောက်ကြရအောင်။

Dr.အောင်သူ ။ ။မှန်ပါဘုရား။ တပည့်တော် ရှင်းပါပြီဘုရား။ မြန်မာနာရီနဲ့ ယူမှသာလျှင် သဘာဝကျမယ် ဘုရား။ ဘာလို့လဲဆိုတော့ ဒီကျမ်းစာရေးခဲ့တဲ့ (AD 1648) ခုနှစ် မှာ စက်နာရီကို မြန်မာနိုင်ငံမှာ သုံးမှ မသုံးသေးတော့ စက်နာရီကို တောင်ဖီလာဆရာတော်ဘုရားကြီး ညွှန်းပြီးတော့ ရေးတော်မူတာ လုံးဝကို မဖြစ်နိုင်ပါဘူးဘုရား။ မြန်မာနာရီကို ယူမှပဲ သဘာဝကျ ပါမယ်ဘုရား။

ဦးဇင်း ။ ။မှန်ပါတယ်။ မြန်မာနာရီကိုပဲ ညွှန်းရပါမယ်။ နေမထွက်မီစက်နာရီနှင့် (၂၄)မိနစ်မှာ အရုဏ်

တက်တယ်ဆိုတာ ယူရပါမယ်။ စက်နာရီနှင့် (၁)နာရီ (၆၀)မိနစ် ယူရင်တော့ တက်တက်စင် လွဲပြီပေ့ါ။

ဦးဇင်းMA ။ ။ နေထွက်ချိန်ကို သိရရင် (၂၄)မိနစ် နှုတ်လိုက်ရုံပဲပေ့ါဘုရား။

Dr.အောင်သူ ။ ။ နေထွက်ချိန်တိကျရင် သိပ်တိကျတဲ့ အရုဏ်တစ်ချိန်ကို ရပါပြီဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ဒီနေ့ နေထွက်ချိန်ဘယ်လောက်ရှိသလဲ? ဇယားကြည့်ကြပါဦး။

ဦးဇင်းMA ။ ။ အင်္ဂလိပ်လို မတ်လ (၁)ရက်ဆိုတော့ ပျဉ်းမနားမှာ မနက်(၆)နာရီ(၂၅)မိနစ်မှာ နေထွက်ပါမယ်

ဘုရား။

Dr.အောင်သူ ။ ။ ဒါဆိုရင် ၆နာရီ ၂၅မိနစ်ထဲက (၂၄)မိနစ် နှုတ်တော့ (၆နာရီ ၁မိနစ်)မှာ အရုဏ်တက်တယ်

ဘုရား။ ဒါသိပ်ကို သဘာဝကျသွားပြီဘုရား။ နားလည်ပါပြီဘုရား။

ကွန်ပျူတာ ။ ။ ဒါဆိုရင် တိကျတဲ့နေထွက်ချိန်ကို ဘယ်လိုရမလဲဘုရား။

ဦးဇင်း ။ ။ ဦးဇင်း နဘူးကျောင်းဆရာတော်ဘုရားကြီးထံပါးမှာ သီတင်းသုံးခဲ့စဉ်တုန်းက ဆရာတော် ဘုရား

ကြီးက 'နေထွက်ချိန်ကို မြန်မာလနဲ့ ယူလို့ရှိရင်တဲ့ မြန်မာလက ဝါထပ်နဲ့ သွားရတဲ့ အတွက်ကြောင့် သိပ်ပြီးတော့ တိကျမှုမရှိဘူး။ အင်္ဂလိပ်လတွေနဲ့ပြတဲ့ ဇယားတွေ ပြက္ခဒိန်တွေကတော့ ပိုပြီးတော့ တိကျမှုရှိတယ်။ ဒါကြောင့် ကိုယ်တော် စွမ်းနိုင်သားပဲ။ ဒါလေးတွေ ဆောင်ရွက်ပါလား။ သာသနာအတွက် အကျိုးများပါတယ်လို့ မိန့်တော်မူခဲ့ဖူးလို့ ဆယ်စုနှစ်ကြာမျှ ကိန်းဂဏန်းသင်္ချာစုဆောင်းပြီး ရက်ပေါင်းတစ်ထောင်ကျော်ကြာ မျက်မြင်နှင့်တိုက်စုံ စစ်ဆေးပြီးတော့ ခရစ်သက္ကရာဇ် (၂၀၀၀)ပြည့်နှစ် ဝါဆိုဦးက 'ကမ္ဘာသုံးပြက္ခဒိန် လအလိုက် အရုဏ်တက်ချိန်'စာအုပ် တစ်အုပ်ကို ရေးခဲ့ဖူးပါတယ်။ အဲဒီ စာအုပ်မှာ တစ်နှစ်လုံးရဲ့ ခရစ်လတွေနဲ့ နေထွက်ချိန်

ကို လတ္တီကျူ လောင်ဂျီကျူအရ ဖော်ပြပေးထားပါတယ်။

Dr.အောင်သူ ။ ။ စာအုပ်ကိုမြင်ဖူးတယ်ဘုရား။ အဲဒီတုန်းက ခုလို အရေးပါမှန်း မသိခဲ့ဘူးဘုရား။

ဦးဇင်း ။ ။ ပြီးတော့ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးကလည်းပဲ 'ဒီနေထွက်ချိန် နာရီတွေကို မြန်မာလနဲ့ ကိန်းသေမှတ်ထားရင် မဖြစ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ မြန်မာလက ဝါထပ်ပြီးကာစမှာ အချိန်မမှန်ဘူး။ တစ်နှစ်မှာ (၁၁)ရက်လောက်စောစောပြီးလာတယ်။ သုံးနှစ်လောက်မှာ ပထမဝါဆို တစ်လလုံး ပယ်ပြီ ဒုတိယဝါထပ်ရတယ်။ ဒါကြောင့် မြန်မာလနဲ့ဆိုရင် နေထွက်ချိန် အတိကျယူထားလို့ မဖြစ်ပါဘူး။ ယခုအခါမှာ ကမ္ဘာသုံးလတွေနဲ့ နေထွက်ချိန်ဇယားတွေ ရှိတယ်။ အဲဒီ ဇယားတွေက ပိုပြီးတိကျပါတယ်' လို့ မိန့်တော်မူဖူးပါတယ်။

ဦးဇင်းMA ။ ။ ဆရာတော်ဘုရားကြီးများ ဉာဏ်ပညာကြီးကျယ်တော်မူပါတယ်ဘုရား။

ဦးဇင်း ။ ။ အမျှော်အမြင်ကြီးမားတော်မူကြပါတယ်။

ဦးဇင်းMA ။ ။ နေထွက်ချိန်အတိအကျရလို့ရှိရင် အဲဒီနေထွက်ချိန်မှာ (၂၄)မိနစ်ကို နှုတ်လိုက်ရင်တပည့်တော်တို့ အရုဏ်တက်ချိန်ကို မပင်မပန်းပဲရနိုင်တာပေါ့ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်၊ နေထွက်ချိန်မှာ (၂၄)မိနစ် နှုတ်လိုက်လို့ရှိရင် တိကျတဲ့ အရုဏ်တက်ချိန်ကို အခက်အခဲမရှိပဲနဲ့ ရနိုင်ပါတယ်။ 'ကမ္ဘာသုံးပြက္ခဒိန်လအလိုက် အရုဏ်တက်ချိန်'စာအုပ်ကိုလည်းပဲ ဒါယကာတွေက အပ်အပ်စပ်စပ် ဓမ္မဒါနပြု လှူဒါန်းခဲ့တာလည်း အုပ်ပေါင်းထောင်နဲ့ ချီပါပြီ။ အခုထိလည်း ဒါယကာများက ဓမ္မဒါန ပြုနေစဲပါပဲ။

Dr.အောင်သူ ။ ။ အဲဒီဓမ္မဒါနကို ဘယ်လိုအလှူခံရမလဲဘုရား။

ဦးဇင်း ။ ။ ကောင်းကင်ကြယ် နက္ခက်ကြည့်နည်းပညာနှင့်လူတိုင်းအတွက် 'ကမ္ဘာသုံးပြက္ခဒိန်လအလိုက် နေဝင် နေထွက် အရုဏ်တက်ချိန်ဇယား'စာအုပ်ကို သံဃာတော်

များမှ ရန်ကင်းတောင်ကို တိုက်ရိုက် အလှူခံလို့လဲရနိုင်ပါတယ်။ ပြီးတော့ ရန်ကုန်မြို့ ရန်ကင်းတောင်စာစဉ်ကို အလှူခံလို့ရှိရင်လည်း လှူဒါန်းနေလျှက်ပါပဲ။

Dr.အောင်သူ ။ ။ အဲဒီ ဇယားရဲ့ အကျဉ်းချုပ်ကို ဒီမှာ ဖော်ပြပေးနိုင်ရင် ကျေးဇူးများမယ်ထင်တယ်ဘုရား။

ဦးဇင်း ။ ။ ကောင်းပါတယ်။ အကျဉ်းချုပ်ပြီး ဖော်ပြပေးတာပေါ့။ ဦးဇင်းရဲ့ တွက်ချက်မှုက GMT နှင့် MST အချိန်တွေပေါ်မူတည်ပြီး တွက်ချက်ထားတဲ့အပြင် မြို့ပေါင်း (၃၀၆)မြို့ရဲ့ လတ္တီကျူ နဲ့ လောင်ဂျီကျူအရ Different time တွေပြထားပေးတဲ့အပြင် ကမ္ဘာ့နိုင်ငံပေါင်း (၂၄)နိုင်ငံရဲ့ international time chart ပါ ဖော်ပြပေးထားပါတယ်။

Dr.အောင်သူ ။ ။ ခုလိုဆိုရင်တော့ အရုဏ်တက်ချိန်နဲ့စပ်လျဉ်းပြီး ဘာမှကို သံသယဝင်စရာ ငြင်းချက်ထုတ်စရာ မရှိအောင်ကို တိကျသွားပါပြီဘုရား။

မှတ်ချက် ။ ။ နောက်ဆက်တွဲ (က)၊ နောက်ဆက်တွဲ (ခ)၊ နောက်ဆက်တွဲ (ဂ)၊ နောက်ဆက်တွဲ (ဃ) များဖြင့် ဖော်ပြထားပါသည်။

## ၃၅။ ရဟန်းသံဃာတော်တို့ကို သူငယ်ချင်းပေါင်း မပေါင်းရဘူးဆိုတာ ဘာကြောင့်လဲ

ဦးဇင်းMA ၏ ဝမ်းကွဲညီ ကွန်ပျူတာတက္ကသိုလ် ကျောင်းသားသည် ဦးဇင်းMA အတွက် စားဆေး၊ ထိုးဆေးများ ဆက်ကပ်ရန် ကျောင်းသို့ ညနေပိုင်း ရောက်ရှိလာပါသည်။ ဦးဇင်းလေးသီတင်းသုံးရာကျောင်းကိုသွားပြီး ဆက်ကပ်ဖွယ်ရာများကို ဆက်ကပ်ပြီးနောက်တွင် မနက်ဖန်မနက် မုန့်ဟင်းခါးစားကြွရန် ဒကာမကြီးက လျှောက်လိုက်ကြောင်းလာရောက် လျှောက်ထားပါသည်။

ဦးဇင်း ။ ။ မောင်ကျောင်းသား၊ ရဟန်းသံဃာကို အဲဒီလို မပင့်ဖိတ်ကောင်းဘူး။

ကွန်ပျူတာ ။ ။ ဘယ်လို ပင့်ဖိတ်ရမလဲ ဘုရား။

ဦးဇင်း ။ ။ အပ်စပ်အောင်ပင့်ဖိတ်လျှောက်ထားရတယ်။

ကွန်ပျူတာ ။ ။ တပည့်တော် အပ်စပ်အောင်ဆိုတာ နားမလည်ပါဘူးဘုရား။

ဦးဇင်း ။ ။ အင်း . . . ဒါဆိုလည်းပဲ မှတ်ထားဦးပေါ့။ ရဟန်းသံဃာကို ပင့်လျှောက်မယ် ဆိုလို့ ရှိရင် ထိခြင်း (၅) ဖြာနဲ့ ကန်တော့ရတယ်။ ပြီးလို့ရှိရင် ဆောင့်ကြောင့်ထိုင်ပြီးတဲ့ အခါကျတော့ 'မနက်ဖြန် တပေါင်းလဆန်း (၅) ရက်နေ့မှာ တပည့်တော်ရဲ့ အန်တီက မွေးနေ့ပွဲအတွက် မုန့်ဟင်းခါးဆွမ်းလောင်းလှူပါမယ်ဘုရား။ ဒါကြောင့် ကျောင်းရှိ သံဃာအားလုံးကြွရောက်ချီးမြှင့် ပေးတော်မူပါဘုရား' လို့ အပ်စပ်အောင် လျှောက်ရတယ်။ 'မုန့်ဟင်းခါးစားကြွပါ' လို့ လျှောက်တာ မအပ်စပ်ဘူး။

ကွန်ပျူတာ ။ ။ မှန်ပါ့ဘုရား၊ မှန်ပါ့ဘုရား။ တပည့်တော်က သူငယ်ချင်းပြော ပြောသလို ဖြစ်သွားတာ တောင်းပန်ပါတယ်ဘုရား။

ဦးဇင်း ။ ။ ခွင့်လွှတ်ပါတယ်။ သံဃာကို မုန့်ဟင်းခါးဆွမ်း၊ ခေါက်ဆွဲဆွမ်း၊ ဆွမ်းဘုဉ်းပေးပါဘုရား အဲဒီလို လျှောက်ရတယ်။ သာရေးကိစ္စတွေမှာ ဆိုလို့ရှိရင် မင်္ဂလာဦးဆွမ်း၊

အိမ်တက်မင်္ဂလာဆွမ်း အဲဒီလို လျှောက်ထားရတယ်။

ကွန်ပျူတာ ။ ။ နာရေးကိစ္စကျတော့ရော ဘုရား။

ဦးဇင်း ။ ။ 'သင်္ချိုင်းကုန်းကို မသာပို့ကြွပါဘုရား'၊ 'မသာ အိမ်ကို ကြွပါဘုရား'၊ ' လူသေတဲ့ အိမ်ကို ကြွပါ ဘုရားလို့' မလျှောက်ရဘူး။ 'အသုဘရှု ကြွတော်မူပါဘုရား' 'မြေချ တရားတော် ချီးမြှင့်ပေးရန် ကြွတော်မူပေးပါဘုရားလို့' အဲလို လျှောက်ရတယ်။

ကွန်ပျူတာ ။ ။ တပည့်တော် မှတ်ထားပါ့မယ်ဘုရား။ ဦးဇင်း လေးကိုလည်း ရိုရိုသေသေ လျှောက်ပါ့မယ် ဘုရား။

ဦးဇင်း ။ ။ ကောင်းပါတယ်။ ခုလိုလျှောက်ထားလို့ သံဃာ တော်များအိမ်ကိုကြွလာရင် ကြိုဆိုပင့်ဆောင် ပြီးတော့ ခြေများကို အဝတ်ပုဆိုးနဲ့ သုတ်ပေးရတယ်။ သံဃာတော် များ သီတင်းသုံးဖို့ရာ အဝတ်အခင်း သပ်သပ်ရပ်ရပ်ခင်းပြီး ပင့်ရတယ်။ မြတ်စွာဘုရားရှင် ရဟန်းသံဃာတော်များ မကြွရောက် သင့်တဲ့ ဒါယကာအိမ် (၉) မျိုးကို ဟောတော်မူထားတာရှိတယ် မောင်ကျောင်းသား။*၁

ကွန်ပျူတာ ။ ။ ရဟန်းသံဃာမကြွသင့်တဲ့ ဒါယကာအိမ်ကို သိပါရစေဘုရား။

ဦးဇင်း ။ ။ ၁။ သံဃာတော်ကို မြတ်မြတ်နိုးနိုး ခရီးဦး မကြို ဆိုတဲ့ ဒါယကာအိမ်၊ ၂။ သံဃာတော်ကို မြတ် မြတ်နိုးနိုး ရှိမခိုးတဲ့အိမ်၊ ၃။ သံဃာတော်ကို မြတ်မြတ်နိုးနိုး နေရာ မပေးတဲ့ အိမ်၊ ၄။ ထင်ရှားရှိတဲ့ လှူဖွယ်ပစ္စည်းကို လျှို့ဝှက်တဲ့ ဒါယကာအိမ်၊ ၅။ လှူဖွယ်ဝတ္ထုအများကြီး ရှိပါလျှက် နည်းနည်း ပါးပါးပဲ လှူတဲ့ဒါယကာ အိမ်၊ ၆။ မွန်မြတ်တဲ့ လှူဖွယ်ဝတ္ထုပစ္စည်း ရှိပါလျက်နဲ့ မကောင်းတဲ့ လှူဖွယ်ဝတ္ထုကို လှူဒါန်းတဲ့ ဒါယကာ အိမ်၊ ၇။ သံဃာကို ရိုရိုသေသေ မပေးလှူဘဲ မရိုမသေ ပေးလှူတဲ့

*၁-ကုလသုတ္တ၊ နဝကနိပါတ၊ အင်္ဂုတ္တရပါဠိ။ ( နှာ - ၁၉၂ )

ဒါယကာအိမ်၊ ၈။ တရားနာယူဖို့ သံဃာတော်များထံ မဆည်းကပ်တဲ့အိမ်၊ နောက်ဆုံးတစ်ချက်က ၉။ သံဃာတော်မြတ်ထံက တရားနာဖို့ စိတ်မဝင်စားတဲ့ ဒါယကာအိမ်တွေပါပဲ။

ကွန်ပျူတာ ။ ။ ဘုရားရှင်က သားရဟန်းသံဃာတော်များအတွက်အများကြီး ဂုဏ်သိက္ခာရှိတဲ့ သံဃာ့အဖွဲ့အစည်းအဖြစ် မြင်လိုတော်မူတာပဲဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ ရဟန်းသံဃာများနဲ့ လမ်းမှာဆုံလို့ရှိရင်လမ်းဖယ်ပေးရတယ် မောင်ကျောင်းသား။ ဒါကဗုဒ္ဓယဉ်ကျေးမှု Buddhist Culture ပဲ။

ကွန်ပျူတာ ။ ။ လမ်းဖယ်ပြီး ရှိခိုးဦးချရမှာလား ဘုရား။

ဦးဇင်း ။ ။ မှန်တယ်။ လမ်းဖယ်ပြီး လမ်းဘေးမှာ ရှိခိုးဦးချရဖို့ မတတ်သာရင် ဖိနပ်ချွတ်ပြီး လက်အုပ်ချီပြီးရပ်သင့်တယ်။

ကွန်ပျူတာ ။ ။ Buddhist Culture ဟာ Myanmar Culture ပေါ့နော်ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။

ကွန်ပျူတာ ။ ။ ဦးဇင်းMAနဲ့တပည့်တော်က သူငယ်ချင်းလည်းဖြစ်၊ ညီအစ်ကိုလည်းဖြစ်တော့ တစ်ခါ တစ်ရံရယ်မောစရာ၊ ပြောင်စရာ၊ လှောင်စရာပြောဖြစ်တယ်ဘုရား။

ဦးဇင်း ။ ။ ရဟန်းသံဃာတော်များကို ပြောင်လှောင် ပျက်ရယ်ပြုတာမျိုး လုံးဝမပြုကောင်းဘူး။ အဲဒါအလွန်သတိထားရတယ်။ အဲဒီလို ပြောင်လှောင်တဲ့အတွက်ကြောင့် ဘဝသံသရာမှာ ဒုက္ခရောက်ခဲ့တဲ့ သာဓကတွေ အများကြီးရှိတယ်။ (ထိုစဉ် ဦးဇင်းMA ရောက်ရှိနေသည်မှာ အတော်ပင်ကြာမြင့်နေပြီ ဖြစ်ပါသည်)

ဦးဇင်းMA ။ ။ အဲဒီလို ပြောင်လှောင်တဲ့ အတွက်ကြောင့်ဖြစ်တဲ့ဆိုးကျိုး သာဓကများရှိရင် ဗဟုသုတမှတ်သားချင်ပါတယ်ဘုရား။

ဦးဇင်း ။ ။ ရှိခဲ့တာပေါ့။ ခုဇ္ဇုတ္တရာဟာ ဘဝတစ်ခုမှာတုန်းက သူ့အိမ်ကို ဆွမ်းခံကြွတဲ့ ပစ္စေကဗုဒ္ဓါက ခါးနည်းနည်းကုန်းတော့ ပစ္စေကဗုဒ္ဓါ ပြန်ကြွသွားတဲ့အခါမှာ ရွှေခွက်ကို သပိတ်ကြီးပိုက်သလို ပိုက်ပြီးတော့မှ ခါးကိုကုန်းကုန်း ကွကွ လုပ်ပြီး 'တို့မထေရ်ကြီးက ဒီလိုဟဲ့' 'တို့ဦးဇင်းက ဒီလိုဟဲ့' 'တို့ကိုယ်တော်ကြီးက လမ်းလျှောက်တာ ဒီလိုဟဲ့' လို့ လှောင်ပြောင်ခဲ့ဖူးတာလေ။ ပြီးခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀) ကျော်က ဗုဒ္ဓမြတ်စွာဘုရားရှင်ရဲ့ သာသနာမှာကျတော့ ခါးကုန်းကြီး ဖြစ်သွားတယ်။ အဲဒါ သာဓကတစ်ခုပါပဲ။*[၁]

ကွန်ပျူတာ ။ ။ တပည့်တော် သဘောပေါက်ပါပြီဘုရား။ နောက်နောင် ဘယ်သံဃာတော်ကိုပဲ ဖြစ်ဖြစ် အဲသည်လို စခြင်း၊ ပြောင်ခြင်း၊ ပျက်ရယ်ပြုခြင်းကို မပြုမိအောင် တပည့်တော် အထူးဆင်ခြင်ပါ့မယ်ဘုရား။

ဦးဇင်း ။ ။ သာဓုပါဗျာ။ သာဓု သာဓု။ ရဟန်းသံဃာကို သူငယ်ချင်းပေါင်း မပေါင်းဖို့ ရှေးဆရာတော်များကလည်း သတိပေးဖူးတာရှိတယ်။ ရဟန်းသံဃာကို ဆရာတစ်ပါးလိုပဲ ဆက်ဆံတာ အပြစ်ကင်းပါတယ်။

ကွန်ပျူတာ ။ ။ တပည့်တော် လိုက်နာပါ့မယ်ဘုရား။ သိစရာရှိသေးရင်လည်းဆုံးမသင်ကြား ပေးတော်မူပါဘုရား။

ဦးဇင်း ။ ။ တစ်ခုသတိရတာက ရဟန်းသံဃာများရဲ့ အသုံးအဆောင် ပစ္စည်းတွေဟာ အိမ်ရာထူထောင်နေကြတဲ့ ဒကာတို့အတွက် စေတီထိုက်တယ်။ ဒါကြောင့် ရဟန်းအသုံး အဆောင်စတာတွေကို ကိုင်တွယ်အသုံးပြုတဲ့ နေရာမှာ မရိုမသေ လုံးဝမပြုကောင်းပါဘူး မောင်ကျောင်းသား။*[၂]

---

*၁-ခုဇ္ဇုတ္တရာ၊ သာမာဝတီဝတ္ထု၊ သတ္တမဝဂ္ဂ၊ ဧကကနိပါတ၊ အင်္ဂုတ္တရအဋ္ဌကထာ။ (နှာ-၃၂၁)
သာမာဝတီဝတ္ထု၊ အပ္ပမာဒဝဂ္ဂ၊ ဓမ္မပဒအဋ္ဌကထာ (ပ) နှာ ။ ( နှာ - ၁၄၄ )
*၂-ဝိနီတဝတ္ထုဝဏ္ဏနာ၊ တတိယ၊ ပါရာဇိကကဏ္ဍ၊ အဋ္ဌကထာ။ ( နှာ - ၆၇ )

## ၃၆။ ရဟန်းခံနေစဉ်မှာ သိမ်နယ်နိမိတ်ထဲကို ဒကာ၊ ဒကာမများ ဝင်ခွင့်ရှိပါသလား။

Dr.အောင်သူ ။ ။ သားရဟန်းခံတုန်းက တပည့်တော်တို့ သိမ်ထဲဝင်ပြီး ကြည့်ချင်တာဘုရား။

ဦးဇင်း ။ ။ ဘာကိုကြည့်ချင်တာလဲ။

Dr.အောင်သူ ။ ။ သိမ်ထဲမှာ ရဟန်းသံဃာတွေ ဘာတွေဘယ်လိုလုပ်ပြီး ရဟန်းဖြစ်ကြရသလဲ ဆိုတာမြင်ချင်တာပါဘုရား။ အဲဒါကို သိမ်ကျောက်တိုင် နယ်နိမိတ်ထဲဝင်ရင် အပြစ်ဖြစ်မှာဆိုးလို့ တပည့်တော်တို့ မဝင်ခဲ့ကြဘူးဘုရား။

ဦးဇင်း ။ ။ ကံဆောင်နေတဲ့ ရဟန်းတော်များရဲ့ နှစ်တောင့်ထွာဟတ္ထပါသ်အတွင်းကိုတော့ မဝင်ရဘူးလေ။

Dr.အောင်သူ ။ ။ မှန်ပါ့ဘုရား။ တပည့်တော်တို့ သိမ်သမုတ်ထားတဲ့ ကျောက်တိုင်စည်းဝိုင်းရဲ့ နှစ်တောင့်ထွာဟတ္ထပါသ်အပြင်မှာ နေနေကြပါတယ်ဘုရား။

ဦးဇင်း ။ ။ သိမ်နယ်နိမိတ်ကျောက်တိုင်ရဲ့ နှစ်တောင့်ထွာဟတ္ထပါသ်ကို ဆိုလိုတာ မဟုတ်ဘူး။ ကံဆောင်နေတဲ့ သံဃာတော်များရဲ့ အစွန်ဆုံးကနေပြီးတော့ နှစ်တောင့်ထွာ ဟတ္ထပါသ်ထဲကို ဒါယကာ၊ ဒါယိကာမအပါအဝင် ဝဇ္ဇနီယပုဂ္ဂိုလ်များ မဝင်ကြရဘူး။

Dr.အောင်သူ ။ ။ ဩော် . . တပည့်တော်က သိမ်နယ်နိမိတ်ကျောက်တိုင်ရဲ့ စည်းဝိုင်းအပြင်မှာ နေရမယ်လို့ထင်ထားတာဘုရား။

ဦးဇင်း ။ ။ အဲလိုမဟုတ်ပါဘူး။ အဲတစ်ခုတော့ရှိတယ်။ သိမ်ကျောက်တိုင် နယ်နိမိတ်အတွင်းကိုတော့ ကံဆောင်နေကြတဲ့ သံဃာတော်များမှအပ တခြားရဟန်းကတော့ ကံဆောင်သခိုက် ဝင်ခွင့်မရှိပါဘူး။

Dr.အောင်သူ ။ ။ ဒါဆိုလို့ရှိရင် သိမ်ထဲကံဆောင်နေတဲ့ သံဃာတော်များရဲ့ ဟတ္ထပါသ်အပြင်ထိ ဝင်ပြီးတော့ ဒကာ၊ ဒကာမတွေကလည်း ကံဆောင်နေတဲ့ကိစ္စကို ကြည်ညို

နိုင်တာပေါ့ဘုရား။

ဦးဇင်း ။ ။ကြည့်ညိုခွင့် ရှိပါတယ်။ အဲဒါဘာမှ ကံမပျက်ပါဘူး။ ဘာအာပတ်မှလည်း မသင့်ပါဘူး။

## ၃၇။ ဆွေ ( ၇ ) ဆက် မျိုး ( ၇ ) ဆက်ဆိုတာ သိချင်ပါတယ်

Dr.အောင်သူ ။ ။ဆွေမျိုးဉာတိဆီကတော့ ရဟန်းသံဃာများက အလှူခံကောင်းတယ်လို့ တပည့်တော်မှတ်သား မိဖူးပါတယ်ဘုရား။

ဦးဇင်း ။ ။မှန်ပါတယ်။

Dr.အောင်သူ ။ ။ဆွေမျိုးဉာတိကို ဆွေ(၇)ဆက်လို့လည်း ပြောပါတယ်ဘုရား။

ဦးဇင်း ။ ။မှန်ပါတယ်။

Dr.အောင်သူ ။ ။ဆွေခုနှစ်ဆက်ကို ဘယ်လိုနားလည်ရပါမလဲဘုရား။

ဦးဇင်း ။ ။သြော် . . ဆွေ ( ၇ ) ဆက်ကို သိချင်တာလား။ ဆွေ ( ၇ ) ဆက်က ၁။ ဘ ၂။ဘိုး ၃။ ဘေး ၄။ ဘီ ၅။ ဘင် ၆။ ဘောင် ၇။ ဘော အဲဒါ အထက် (၇)ဆက်လို့ ခေါ်တယ်။ အောက် (၇)ဆက် ရှိသေးတယ်။

Dr.အောင်သူ ။ ။သိပါရစေဘုရား။

ဦးဇင်း ။ ။၁။ သား ၂။ မြေး ၃။ မြစ် ၄။ တီ ၅။ တွတ် ၆။ ကျွတ် ၇။ ဆတ် ဒါက အောက် (၇) ဆက်လို့ ခေါ်တယ်။ အဲဒီ အဘိုးထဲမှာတော့ အမိဘက်က အဘိုး၊ အဘွားတွေလည်း ထည့်ပေါ့။ သားမှာတော့ သမီးလည်းထည့်ပေါ့။ အဲဒီ အပေါ် (၇) ဆက်၊ အောက် (၇) ဆက်ထဲ မပါတဲ့ ပုဂ္ဂိုလ်ကို အညာတိက ဆွေမျိုးမတော်သူလို့ ခေါ်တာပဲ။ အဲဒီထဲမှာ အကျုံးဝင်တဲ့ ပုဂ္ဂိုလ်က ဉာတိလို့ ခေါ်ပါတယ်။*၁

*၁-ပုရာဏစီဝရသိက္ခာပဒ၊ စီဝရဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ။ ( နှာ - ၃၀၇ )

Dr.အောင်သူ ။ ။ အဲဒီထဲမှာ ရဟန်းမဖြစ်ခင် လူ့ဘဝက မယား တွေ၊ လင်တွေ ဘက်ကပါ ပါလာတဲ့ အမျိုးတွေ ကရော အကျုံးမဝင်ဘူးလား ဘုရား။

ဦးဇင်း ။ ။ ဝိနည်းအရကတော့မယားနဲ့ မယားဘက်က ပါဝင်တဲ့ အမျိုးတွေတော့ ဆွေမျိုးစာရင်းထဲမှာ မပါဘူးဒကာ။

## ၃၈။ နှစ်တောင့်တစ်ထွာ ဟတ္ထပါသ်ကို ဘယ်လိုတိုင်းရပါသလဲ

ကွန်ပျူတာ ။ ။ အကပ်ခံတဲ့နေရာမှာ ဟတ္ထပါသ်အတွင်းဆိုတာ မှတ်သားဖူးပါတယ်ဘုရား။ အဲဒါဘယ်လို အဓိပ္ပါယ်ပါလဲ ဘုရား။ ပါဠိနားမလည်လို့ပါဘုရား။

ဦးဇင်း ။ ။ ဟတ္ထပါသ်ဆိုတာက နှစ်တောင့်တစ်ထွာ အတွင်းကို ရောက်တာကို ဆိုလိုတာပါ။

ဦးဇင်းMA ။ ။ နှစ်တောင့်တစ်ထွာဆိုတာ (၃)ပေကျော်ပေါ့ နော်ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်။ (၃) ပေကျော် အတွင်းကို ရောက် လာရမယ်။ တစ်တောင်မှာက(၁)ပေခွဲ ရှိတယ်။ နှစ်တောင်ဆိုတော့ (၃)ပေ၊ တစ်ထွာက (၉)လက်မဆိုတော့ (၃)ပေ နဲ့ (၉)လက်မရှိတယ်။ ဒါပေမဲ့ တိုင်းနည်းနားလည်ဖို့ လိုသေးတယ်။

ကွန်ပျူတာ ။ ။ ဘယ်လိုနားလည်ရပါမလဲ ဘုရား။

ဦးဇင်း ။ ။ ကပ်တဲ့သူရဲ့ လက်နဲ့ခံယူတဲ့လူရဲ့ လက်မှတစ်ပါး တစ်ခြားသော အဦးဆုံး အင်္ဂါကနေ စပြီးတော့ တိုင်းရပါတယ် မောင်ကျောင်းသား။

ကွန်ပျူတာ ။ ။ ရဟန်းနဲ့ လှူဒါန်းသူရဲ့ လက်တွေကနေပြီး မတိုင်းရဘူးပေါ့ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ် ရဟန်းကထိုင်နေရင် သက်န်းရဲ့ အနောက်ဘက်တင်ပါး အစွန်းကနေပြီးတော့မှ

ကပ်လှူသူရဲ့လက်ကို တိုင်းရတယ်။

ဦးဇင်းMA ။ ။ ရပ်နေရင်ရော ဘုရား။

ဦးဇင်း ။ ။ ဖနောင့်စွန်းကနေပြီးတော့မှ တိုင်းရတယ်။ အဲဒီလို အနောက်ဘက်အစွန်းကနေပြီးတော့မှ တိုင်းယူရတော့ အတော်လေးရှေ့ကိုဝင်မှ နှစ်တောင့်တစ်ထွာ ဟတ္ထပါသ်အတွင်း ရောက်နိုင်တယ်။*[၁]

## ၃၉။ လူဒါယကာ၊ ဒါယိကာမများ ကျောင်းဝင်းထဲ ဖိနပ်စီးကောင်း ပါသလား။

Dr.အောင်သူ ။ ။ အခုခေတ် အချို့ကျောင်းဝင်းတွေမှာ ဖိနပ်စီး ခွင့်ပြုတယ်ဘုရား။ တချို့ကျောင်းတွေက စီးခွင့် မပြုဘူးဘုရား။ အဲဒါဘယ်လို အကျိုးအပြစ်များရှိပါသလဲဘုရား။

ဦးဇင်း ။ ။ လူတွေဖိနပ်စီးတာနဲ့ ပတ်သက်လာလို့ပြတဲ့ ဘုရားဟော ပါဠိတော်မှာ အထူးမရှိပါဘူး။ အဋ္ဌကထာမှာလည်း အထင်ရှားတော့ မရှိဘူး။

ဦးဇင်းMA ။ ။ ရဟန်းတော်များအတွက် ရှိပါသလားဘုရား။

ဦးဇင်း ။ ။ ဖိနပ်နဲ့ ကျောင်းအိပ်ရာနေရာ နင်းရင် ဒုက္ကဋ် အာပတ်သင့်တယ်လို့ ပြပါတယ်။*[၂]

ကွန်ပျူတာ ။ ။ ဗိမ္ဗိသာရမင်းကြီး ခြေထောက်ခါးခွဲခံရတာ ကျောင်းဝင်းထဲမှာ ဖိနပ်စီးလို့လို့ တပည့်တော် မဂ္ဂဇင်းတစ်ခုမှာ ဖတ်ဖူးတယ်ဘုရား။

ဦးဇင်း ။ ။ အဲဒါကို လူတွေက ပြောကြတယ်။ အမှန်က တော့ ဗိမ္ဗိသာရမင်းကြီး ခြေဖဝါးခါးခွဲခံရပြီး နတ်ရွာစံတယ်ဆိုတာက ရှေးရှေးဘဝက စေတီရင်ပြင်မှာ ဖိနပ်စီး ပြီး သွားခဲ့ဖူးလို့လို့ပြပါတယ်။ နောက်တစ်ခုက ရဟန်း သံဃာတော် များထိုင်ဖို့ ခင်းထားတဲ့အခင်းကို ခြေမဆေးဘဲ ပေကျံနေတဲ့ ခြေ

*၁-ပဋိဂ္ဂါဟနိဒ္ဒေသ၊ ခုဒ္ဒသိက္ခာဘာသာဋီကာ။ ( နှာ - ၁၆၁ )
*၂-အညတြပရိဘောဂ ပဋိက္ခေပါဒိ၊ သေနာသနက္ခန္ဓက စူဠဝဂ္ဂပါဠိ။ ( နှာ - ၃၂၉ )

ထောက်နဲ့ နင်းသွားဖူးတဲ့ အတွက်ကြောင့်လို့ဆိုတယ်။ အဲဒီနေရာမှာ အထူးသတိထားစရာက စေတီရင်ပြင်လို့ပြတယ်။*၁ ဘုန်းကြီးကျောင်းလို့တော့ စာမှာမပြပါဘူး။

Dr.အောင်သူ ။ ။ သံဃာတော်များထိုင်ရန် ခင်းထားတဲ့ ကော်ဇောပေါ်ကို ခြေမဆေးဘဲနဲ့ နင်းတဲ့အတွက်ကြောင့် ခြေဖဝါး ဓားခွဲခံရတယ်ဆိုတာက တော်တော်သဘာဝကျပါတယ်ဘုရား။

ဦးဇင်း ။ ။ အဲဒါ စဉ်းစားဖို့ကောင်းပါတယ်။ ဖိနပ်လည်း မစီးဘူး။ ခြေလည်းမဆေးဘဲနဲ့ ကျောင်းပေါ်ရောက်ပြီးတော့မှ နင်းတာဟာ တော်တော်တာဝန်လေးတယ်။ သူတို့ပြန်ရင် ဘုန်းကြီးတွေကိုယ်တိုင် သန့်ရှင်းရေးလုပ်ရတယ်။

ကွန်ပျူတာ ။ ။ တင်ပ့ါဘုရား။ ကျောင်းတွေက ပါကေးတွေခင်းထားတယ်။ ပေါ်လစ်တွေတင်ထားတယ်။ အချို့ကျောင်းတွေမှာလည်း အလွန်တန်ကြေးရှိတဲ့ ဘယ်ဂျီယန်ကော်ဇောတွေ ခင်းထားတဲ့အပေါ်မှာ ဖိနပ်မစီးဘဲ ပေပွနေတဲ့ ခြေထောက်မဆေးဘဲနဲ့ နင်းလို့ကတော့ ပျက်စီးတာပေ့ါဘုရား။ ဒါက ဓားခွဲခံရနိုင်မယ် ထင်တယ်။

ဦးဇင်း ။ ။ ဟုတ်တယ်။ သူတို့က နင်းပြီးပြန်သွားပြီ။ ခြေထောက်ကညစ်ပတ်တော့ ကော်ဇောတွေ ကြမ်းပြင်တွေပေါ်မှာ ခြေဖဝါးရာကြီးက ထင်းကနဲကို ကျန်ရစ်ခဲ့တယ်။ အဲဒါကို အမြင်မတော်တဲ့ သံဃာတော်များက အမြန်ဆုံးသန့်ရှင်းရေး လုပ်ရပါတယ်။

Dr.အောင်သူ ။ ။ ဒကာ၊ ဒကာမများရဲ့ မဆင်ခြင်မှုကြောင့် သံဃာတော်များအနေနဲ့ လူတွေရဲ့ ခြေမှုန့်တွေကို အဲဒီလို သန့်ရှင်းရေးလုပ်နေရရင် တာဝန်လေးတာပေ့ါ ဘုရား။

ဦးဇင်း ။ ။ အဲဒီတာဝန်လေးတာက ဖိနပ်မစီးခဲ့ကြလို့ ခြေထောက်မဆေးကြလို့ပါပဲ။

ဦးဇင်း:MA ။ ။ နောက်ဆိုရင် တပည့်တော်လာပြီး သန့်ရှင်းရေး

---
*၁-ရာဇာမစ္စကထာ၊ သာမညဖလသုတ္တ၊ သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ။ ( နှာ - ၁၂၆ )

လုပ်ပါ့မယ် ဘုရား။

ဦးဇင်း ။ ။ အဲဒါကြောင့် တောင်မြို့ဆရာတော်ဘုရားကြီးက အဲဒီလို ခြေထောက်မဆေးဘဲနဲ့ ကော်ဇောတွေ၊ ဖယောင်းပုဆိုးတွေ၊ ကြမ်းတွေပေါ်မှာ ခြေရာထင်အောင်နင်းမှပဲ ဓားခွဲခံရမှာလို့ ဩဝါဒပေးတော်မူဖူးတယ်။*၁

ဦးဇင်းMA ။ ။ ရဟန်းသံဃာတွေနဲ့ ပတ်သက်တာကျတော့ ဖိနပ်မစီးရတာ ရှိပါသလား ဘုရား။

ဦးဇင်း ။ ။ ရှိပါတယ်။ ခရီးသွား အာဂန္တုရဟန်းတွေက အခြားကျောင်းတိုက်ကို ဝင်လို့ရှိရင် ဖိနပ်ချွတ်ခြင်းစတဲ့ အာဂန္တု ဝတ်ကပြုကို ပြုရတယ်။ အဲဒီဝတ်ကိုပဲ ထောက်ပြီးတော့မှ ဘုန်းကြီး ကျောင်းတွေမှာ လူတွေဖိနပ်မစီးရော့သလားလို့ တွေးစရာ ဖြစ်တယ်။*၂

ဦးဇင်းMA ။ ။ နောက်တစ်ခုကတော့ မိထွေးတော် ဂေါတမီ မြတ်စွာဘုရားထံ ဘိက္ခုနီပြုရေးအတွက် သွားတဲ့အခါမှာ ဖိနပ်မပါဘူးလို့ ဖတ်ရတယ်ဘုရား။

ဦးဇင်း ။ ။ ဦးဇင်း ဟုတ်တယ်။ မြတ်စွာဘုရားကို ရိုသေသောအားဖြင့်နန်းတွင်းသူတွေက နန်းတော်ကထွက်ကတည်းက ဖိနပ်မစီးဘူးလို့ စာမှာလာပါတယ်။

Dr.အောင်သူ ။ ။ အဲဒါက မြတ်စွာဘုရား ကျောင်းဝင်းထဲရောက်လို့မစီးတာလား ဘုရား။

ဦးဇင်း ။ ။ ကျောင်းနဲ့မဆိုင်ပါဘူး။ နန်းတော်က ထွက်သွားကတည်းက ဖိနပ်မစီးတာပါ။

ကွန်ပျူတာ ။ ။ ဖိနပ်မစီးတာဟာ အရိုအသေပေးတဲ့ သဘောများဖြစ်နေသလား ဘုရား။

ဦးဇင်း ။ ။ ဟုတ်တယ်။ ဒါကအရိုအသေပေးတဲ့ သဘောမျိုးဖြစ်တယ်။ ဒါကြောင့် ကျောင်းဝင်းထဲမှာမှမဟုတ်ဘူး။ လမ်းမှာ သံဃာတော်များနှင့်ဆုံမိရင် ဖိနပ်ကိုချွတ်ပြီး

*၁-တောင်မြို့ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ။
*၂-အာဂန္တုကဝတ္တကထာ၊ ဝတ္တက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ။ ( နှာ - ၃၇၄ )

အရိုအသေပြုတာ ကောင်းပါတယ်။ ဒါဗုဒ္ဓယဉ်ကျေးမှု၊ မြန်မာ့ယဉ်ကျေးမှုပါပဲ။ မဟာစည်ဆရာတော် ဘုရားကြီးကတော့ "လမ်းမှာ အရိုအသေပြုတဲ့ ပုဂ္ဂိုလ်တွေကို သံဃာက "ဖိနပ်စီးပါ ခွင့်ပြုပါတယ်" လို့ ပြောရင်စီးခွင့် ရှိပါတယ်။ အဲဒီလိုပဲ ကျောင်းတိုက်အတွင်းမှာလည်း ရဟန်းတော်တွေက ခွင့်ပြုထားတယ်ဆိုရင် ဖိနပ်စီးခွင့် ရှိပါတယ် အပြစ်ဖြစ်စရာအကြောင်း စာပေမှာလဲ မတွေ့ရဘူးလို့" မိန့်တော်မူပါတယ်။*၁

Dr.အောင်သူ ။ ။ ဒါဆိုလို့ရှိရင် ကျောင်းပေါ်တက်တဲ့အခါမှာ ကျောင်းရဲ့ကြမ်းတွေ ကော်ဇောတွေ မညစ်ပေဖို့ ခြေရာတွေမတင်ဖို့အတွက်က ပဓာနလို့ တပည့်တော် နှလုံးသွင်းမိပါတယ် ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ အဲဒါမှသာလျှင် သေနာသနဝတ်ကို ရိုသေရာလည်းရောက်တယ်။ ဖိနပ်စီး လိုကလည်းစီး၊ မစီးလိုကလည်း မစီးနဲ့။ ဒါပေမဲ့ ကျောင်းပေါ် ရောက်တဲ့အခါမှာတော့ ကျောင်းပိုင်ပစ္စည်းတွေ မညစ်ပေဖို့အတွက် ဂရုစိုက်တာက ပိုပြီးတော့ ရိုသေရာရောက်ပါတယ် ဒကာ။

Dr.အောင်သူ ။ ။ သင့်မြတ်လှပါတယ် ဘုရား။

ဦးဇင်း ။ ။ သာဓကတစ်ခုတော့ ပြောပြပါဦးမယ်။

Dr.အောင်သူ ။ ။ သာဓကနဲ့ ဆိုတော့ ပိုမှတ်မိပါတယ်ဘုရား။

ဦးဇင်း ။ ။ ကောင်းပါပြီ။ မြောင်းမြဆရာတော် ဘုရားကြီး တစ်ခါက မြောင်းမြဆိပ်ကမ်းကနေပြီးတော့ တစ်မိုင်လောက်ဝေးတဲ့ ပဋ္ဌာနတာရုံကျောင်းကို နေ့လည် (၁၂) နာရီ လောက်မှ ခြေလျင်ကြွတော်မူတယ်။ လမ်းမှာရင်းနှီးတဲ့ ဒကာတစ်ယောက်ကတွေ့တော့ လက်အုပ်ချီပြီး "ဘုန်းတော်ကြီးဘုရား ဒီလောက်တောင်ပူနေတာပဲဘုရား။ ဖိနပ်စီးရင်လည်း အပ်လောက်ပါပြီဘုရား။ ဖိနပ်စီးပြီး ကြွသင့်ပါတယ်ဘုရား။ ဆရာတော်ဘုရားကျန်းမာရေးထိခိုက်နေပါဦးမယ်"လို့ လျှောက်ထားတာ ဆရာတော်ဘုရားကြီးက "ဘုန်းတော်ကြီးက ဖိနပ်စီးရင် ဦးဇင်း ကိုရင်များက

*၁-မဟာစည်ဆရာတော်ဘုရားကြီး၏ ထူးခြားသော အတွေးအမြင်များ။ ( နှာ - ၁၁၂ )

လန်ချား၊ ဆိုက်ကားစီးလာလိမ့်မယ်” လို့ မိန့်ကြားပြီး ကျောင်းကို ကြွမြဲအတိုင်း ကြွသွားတော်မူပါတယ်။*၁

## ၄၀။ အလှူခံပုဂ္ဂိုလ်ကို ဘယ်လိုအင်္ဂါတွေနှင့် စီစစ်ပြီး ရွေးချယ်ရမလဲ။

Dr.အောင်သူ ။ ။ တပည့်တော်တို့ အလှူခံပုဂ္ဂိုလ်ကို ဘယ်လိုများ ရွေးချယ်ပြီးကိုးကွယ်ရမလဲ ဘုရား။

ဦးဇင်း ။ ။ အလှူခံပုဂ္ဂိုလ်ရွေးတဲ့ နေရာမှာတော့ ဘုရားကို လှူဒါန်းပူဇော်ရင် မြတ်စွာဘုရားရှင်ရဲ့ အရဟံ အစရှိတဲ့ ဂုဏ်တော်တွေကိုတတ်သိသမျှ နှလုံးသွင်းပြီးတော့မှ လှူဒါန်းတာ အကောင်းဆုံးပဲ။

Dr.အောင်သူ ။ ။ မှန်လှပါဘုရား။

ဦးဇင်း ။ ။ သံဃာတွေကို လှူဒါန်းလို့ရှိရင်လည်း သံဃာ တို့ရဲ့ သုပ္ပဋိပန္နောအစရှိတဲ့ ဂုဏ်တော်တွေကို နှလုံးသွင်းပြီး လှူတာအကောင်းဆုံးပါပဲ။ ပုဂ္ဂိုလ်ကို လှူဒါန်းမယ် ဆိုရင် အဲဒီအလှူခံ ပုဂ္ဂိုလ်ရဲ့သီလ အစရှိတဲ့ ဂုဏ်တွေကို ပူဇော်ပြီး တော့မှ လှူဒါန်းတာ အကောင်းဆုံးပါပဲ။

Dr.အောင်သူ ။ ။ မှန်ပါဘုရား။ ဒါဆိုလို့ရှိရင် အခုလို သာသနာ တော်မှာ အမြင်မတော်တဲ့ အခြေအနေတွေ ရဟန်းသံဃာများဘက်က ဖြစ်တာကို တပည့်တော်တို့ ဘယ်လိုများ သဘောထားရမလဲဘုရား။

ဦးဇင်း ။ ။ အင်း. . ဒါကိုလည်းပဲ ရှေးကျင်သာသနာမှာ ထင်ရှားတဲ့ ဘုန်းတော်ကြီးဦးသီလ ထေရုပ္ပတ္တိ ထဲမှာ ဒီစကားလေး မှတ်သားနိုင်ရင် ကောင်းပါတယ်။ ‘ဟဲ့ငတိုး ရှင်ဘုရင်ကြီး တစ်ပါးမှာ သားတော်နှစ်ပါးရှိတယ်။ အကြီးကတရား ရှိတယ်။ ခင်သူ ကြင်သူတွေများတယ်။ အငယ်က တရားမရှိဘူး။ မုန်းတီးသူများတယ်။ အဲဒီလူယုတ်မာ မင်းသားလေးကို လက်နဲ့ သွားလုပ်ရင် ဘယ်လိုဖြစ်မလဲ။’ ‘သူ့အဖေ ရှင်ဘုရင်ကြီးက

*၁-ဝိသုဒ္ဓါရုံ မြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ။ ( နှာ - ၁၇၈ )

လက်ဖြတ်ပါလိမ့်မယ်ဘုရား’ ‘ဒါဖြင့် ခြေနှင့် ကျောက်ကန်ရင်ကော’ ‘ ခြေဖြတ်ခံရပါမယ်ဘုရား ’ ‘ဆဲရေးတိုင်းထွာရင်ကော’ ‘ လျှာဖြတ်၊ အာဖြတ်ခံရပါမယ်ဘုရား ’ ‘အေး အေး မင်းတို့ ဒီလိုသိရင်တော် ပြီ။ ဘုရားရှင်ရဲ့ သားတော်တွေအပေါ်မှာလဲ မင်းတို့ သတိထား တတ်ရောပေါ့’ လို့ မိန့်တော်မူပါတယ်။

Dr.အောင်သူ ။ ။ တပည့်တော် နားလည်ပါပြီဘုရား။ မြတ်စွာ ဘုရားရှင်ရဲ့ သားရဟန်းတွေကို တပည့်တော် ဘုရားအလိုတော်ကျ ဆည်းကပ်တတ်အောင် ကြိုးစားပါ့မယ်ဘုရား။

ဦးဇင်း ။ ။ မြတ်စွာဘုရားရှင်က ပစ္စည်းလေးပါးလှူဒါန်းတဲ့ ဒကာ၊ ဒကာမတို့ရဲ့ ဒါနအကျိုး ကြီးကျယ်မြင့် မြတ်ဖို့အတွက် ရဟန်းသီလကို ဖြည့်ကျင့်ကြဖို့နှင့် မိမိရဲ့စိတ် သန္တာန်ကို ဝိပဿနာကမ္မဋ္ဌာန်း ထုံမွှမ်းထားဖို့ မကြာမကြာ ဩဝါဒ ပြုတော်မူတယ်။*၁

Dr.အောင်သူ ။ ။ ဒါကအလှူခံပုဂ္ဂိုလ်ရဲ့ တာဝန်ပေါ့ ဘုရား။

ဦးဇင်း ။ ။ မှန်ပါတယ်။ အလှူရှင်ဒကာရဲ့တာဝန်ကလည်း ရှိပါသေးတယ်။ လှူဒါန်းတဲ့နေရာမှာ မလှူဒါန်း ခင်ဝမ်းမြောက်ဝမ်းသာရှိရမယ်။ လှူဒါန်းဆဲနဲ့ လှူဒါန်းပြီးလည်း ဝမ်းမြောက်ဝမ်းသာ ရှိရမယ်တဲ့။*၂

Dr.အောင်သူ ။ ။ မှတ်သားစရာပါပဲ ဘုရား။

ဦးဇင်း ။ ။ မှတ်သားပါဦး။ ကျန်သေးတယ်။ ဘယ်အလှူပဲ ဖြစ်ဖြစ် လှူဒါန်းရင် စိတ်ပါလက်ပါ လှူဒါန်းရမယ်တဲ့။ ကိုယ်တိုင် လက်နှင့်လှူဒါန်းရမယ်။ ကံ ကံရဲ့ အကျိုးကို အပြည့်အဝ ယုံကြည် ပြီး လေးလေးစားစား လှူဒါန်းရမယ်တဲ့ ဒကာကြီး။*၃

Dr.အောင်သူ ။ ။ မှတ်သားစရာပါပဲ ဘုရား။

ဦးဇင်း ။ ။ မှတ်သားရုံမက လိုက်နာရမှာပါဗျာ။

Dr.အောင်သူ ။ ။ ခုလိုသိရတော့ လိုက်နာပါ့မယ်ဘုရား ကျေးဇူး များလှပါတယ် ဘုရား။

---

*၁-အာကင်္ခသုတ္တ၊ အာကင်္ခဝဂ္ဂ၊ ဒသကနိပါတ၊ အင်္ဂုတ္တရပါဠိ။ ( နှာ - ၃၆၁ )
*၂-ဆဠင်္ဂဒါနသုတ္တ၊ ဆက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ။ ( နှာ - ၂၉၅ )
*၃-ဝေလာမသုတ္တ၊ နဝကနိပါတ၊ အင်္ဂုတ္တရပါဠိ။ ( နှာ - ၁၉၅ )

## ၄၁။ ကျောင်းဆရာ ဆရာမများနှင့် တပည့် ကိုရင်တို့ ဘယ်လိုဆက်ဆံသင့်ပါသလဲ။

Dr.အောင်သူ ။ ။ သာသနာနဲ့ ပတ်သက်လာလို့ ဗဟုသုတတွေလည်း အများကြီးရပြီ ဘုရား။ လျှောက်ထားချင်သေးတာတစ်ခုက စာသင်ခန်းတစ်ခန်းမှာ ဦးပဥ္စင်းငယ်နှင့် သာမဏေတွေအပါအဝင် ယောကျ်ားကလေး မိန်းကလေးတွေကို ဆရာမတစ်ယောက်က စာသင်ပေးနေတာကို တွေ့ရဖူးတယ် ဘုရား။ အဲဒီသင်္ကန်းဝတ်ထားတဲ့ တပည့်တွေကို စာသင်ပေးနေရတာဆိုတော့ အပြစ်များ ဖြစ်နိုင်မလားလို့လဲ တွေးမိတယ် ဘုရား။

ဦးဇင်း ။ ။ ဦးပဥ္စင်း၊ ကိုရင်တွေကိုပညာသိစေ၊ တတ်စေလိုတဲ့စေတနာနဲ့ သင်ပေးနေတာတော့အပြစ်ဖြစ်ဖို့ ဘာမှအကြောင်းမရှိပါဘူး။ ကုသိုလ်တိုးဖို့သာလျှင်ရှိပါတယ်။

Dr.အောင်သူ ။ ။ ဘုရားတပည့်တော်ရဲ့ ညီမက ကျူရှင်ဆရာမဆိုတော့ ဒါကမြင်ရလို့ လျှောက်မိတာပါ ဘုရား။ တစ်ခါတရံ ဆရာဆရာမဆိုတာက ပြောရဆိုရ ငေါက်ရ ရိုက်ရတာတွေရှိမှာပေါ့ဘုရား။ အဲဒါကို ဆိုလိုတာပါ။

ဦးဇင်း ။ ။ အဲဒါကတော့မဖြစ်သင့်ဘူး။ ကောင်းတဲ့စိတ်စေတနာနဲ့ ဖြောင်းဖြပြီးတော့မှပဲ သင်ကြားပေးသင့်တယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒကာကြီး ကြားဖူးမှာပါ။ "မြွေငယ်၊ မီးသေး၊ ရဟန်း၊ မင်းသား" ဤလေးပါးကို ငယ်သေးသည်ဟု မထီမဲ့မြင် မပြုရ" တဲ့ဗျာ။*၁

ဦးဇင်းMA ။ ။ မြွေငယ်၊ မီးသေး၊ ရဟန်း၊ မင်းသားက ဘယ်လိုဖြစ်လို့လဲဘုရား။

ဦးဇင်း ။ ။ အဆိပ်ရှိတဲ့ မြွေကို သေးသေးကလေးဆိုပြီး မထီမဲ့မြင်ပြုလို့ရှိရင် ဘာဖြစ်တတ်သလဲဦးဇင်း။

ဦးဇင်းMA ။ ။ ပေါက်တတ်တယ်ဘုရား။

ဦးဇင်း ။ ။ ပေါက်ရင်သေတတ်တယ်။ မီးကိုလည်းသေးသေးကလေးဆိုပြီး ပေါ့ဆရင်ကော။

---

*၁-ဒဟရသုတ္တ၊ ကောသလသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်ပါဠိ။ (နှာ-၆၈)

ဦးဇင်းMA ။ ။တစ်ရွာလုံး ပြာကျသွားနိုင်တာပေါ့ဘုရား။

ဦးဇင်း ။ ။ဘုရင့်သားကို မင်းသားကလေးဆိုပြီး မထီမဲ့မြင် ပြုလို့ရှိရင် သူ့အဖေ ရှင်ဘုရင်က လက်နဲ့ မထီမဲ့မြင်လုပ်ရင် လက် ကိုဖြတ်လိမ့်မယ်။ ခြေနဲ့မထီမဲ့မြင်လုပ်ရင် ခြေကိုဖြတ်လိမ့်မယ်။ အဲဒီလိုပဲရဟန်းသာမဏေတွေကိုလည်း ငယ်သေးတယ်ဆိုပြီးတော့မှ မထီမဲ့ မြင်လုပ်လို့ရှိရင် ဘုရားရှင်ရဲ့ သားတော်များဖြစ်တဲ့ အတွက်ကြောင့် အပြစ်အလွန်ကြီးလှတယ် ဒကာ။

Dr.အောင်သူ ။ ။သေသေချာချာ မသိလို့ပါဘုရား။ အခုလိုမျိုး သေသေချာချာသိလာရတော့ ဘုရားတပည့် တော် အပြစ်မဖြစ်အောင်နေတတ်တော့မှာပါဘုရား။

ဦးဇင်း ။ ။အပြစ်ကင်းစင်အောင် နေတတ်ဖို့ရာအတွက် ခုလိုလေ့လာမှတ်သားရတယ်ဒကာကြီး။ လေ့ လာမှတ်သားတဲ့ အကျိုးကျေးဇူးက ကြီးကျယ်လှပါတယ်။

## စာဖတ်သူမှ ပေးစာများ

### ဝိနယဝိဒူစာမေးပွဲ ဝင်ရောက်ဖြေဆိုနေသည့် အရှင်ဏ္ဍုဒ္ဓိဇေ၏ စာဖတ်သူမှပေးစာ

ဗုဒ္ဓဘာသာဝင်တိုင်း မသိမနေ၊ သိသင့်သိထိုက်သော အကြောင်းအရာများကို၊ ခေါင်းစဉ်များနှင့်တကွ စကားပြောပုံ လိုရင်းတိုရှင်း ရေးသားတင်ပြထားသည်ကို ဖတ်ရှုရသည့်အတွက် "ကြည်နူးဝမ်းသာမှုနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူမှုတို့" ပြိုင်တူ ခံစားရ မိပါသည်။

ရဟန်းသံဃာဟူသည် ဒါယကာ၊ ဒါယိကာမများ အပေါ် မှီခို၍ အသက်မွေးရသည့် "ပရူပဇီဝိကဝ" ပုဂ္ဂိုလ်ဖြစ်သည့် အားလျော်စွာ ထိုဒကာ၊ ဒကာမများ၏ တရားဓမ္မ၊ ဗဟုသုတ အသိဉာဏ်၊ အမြင်မှန်ရရှိရန်အတွက် သွန်သင်ဆုံးမ၊ ဩဝါဒ ပေးရန် တာဝန်ရှိသူလည်းဖြစ်လေသည်။ ထိုသို့ တာဝန်ရှိသည် နှင့်အညီ ဤစာရေးသူ အရှင်မြတ်က သာသနာတော်နှင့် စပ်၍ ဗုဒ္ဓဘာသာဝင်များ၊ ဗုဒ္ဓရှင်တော်အလိုကျ သာသနာတော်ကို နည်းမှန်၊ လမ်းမှန် ဆည်းကပ်ကြည်ညိုတတ်ရန် ညွှန်းထားသည့် အတွက် မိမိတို့၏ မှားယွင်းနေသော အပြုအမူ ဆောင်ရွက်ချက် များကို သိရှိရပြီး ပြုပြင်ခွင့် ရကြပေလိမ့်မည်။ ထိုသို့ ပြုပြင် နိုင်သဖြင့် သာသနာတော်နှင့် ကြုံကြိုက်ရကျိုး အပြည့်အဝ ရရှိကြ ပေလိမ့်မည်။ ဗုဒ္ဓဘာသာဝင်များကိုယ်စား "ကြည်နူးဝမ်းသာ" ဖြစ်မိပါသည်။

"အနာဂတေ သာသနံ လဇ္ဇီ ရက္ခိဿတိ" ဟူသော စကား နှင့်အညီ အနာဂတ်သာသနာတော်ကို စောင့်ရှောက်ကြမည့် လဇ္ဇီသူမွန်ရဟန်းတော်များ၏ ကိုယ်စား သာသနာတော်အတွက် ဆောင်ရွက်သင့် ဆောင်ရွက်ထိုင်သော တာဝန်တစ်ရပ်ကို

သာသနာ့ကျေးဇူး၊ သံဃာ့ကျေးဇူး၊ ဒကာ ဒကာမများ ကျေးဇူးများကိုဆပ်သော အနေအားဖြင့် မိမိစွမ်းနိုင်သမျှ "အုပ်တစ်ချပ် သဲတစ်ပွင့်" တတ်နိုင်ခဲ့လေပြီဟု တွေးမိသဖြင့် စာရေးသူအတွက် "ဂုဏ်ယူဝမ်းမြောက်မှု" ဖြစ်ခဲ့ရပါသည်။

ထို့ကြောင့်ပင် ဤစာမူကို ဖတ်ရှုအပြီး "ကြည်နူးဝမ်းသာမှုနှင့် ဂုဏ်ယူဝမ်းမြောက်မှု" တို့ ပြိုင်တူခံစားရမိပါသည်ဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။

**ဂါရဝထားလျက်**
**ဣန္ဒိမေဓ**

## ဒေါက်တာအေးအေးညွန့် ( ကထိက ) ၏ ပေးစာ

ဤစာအုပ်ကို ဖတ်ရှုရသဖြင့် သာသနာတော်၏ အသက်ဖြစ်သော ဝိနည်းအကြောင်းကို တစ်စေ့တစ်စောင်း သိခွင့် ရသောအခါ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တိုင်းသည်လည်း၊ ရဟန်း သံဃာများနှင့် ဆက်ဆံရသည့်အခါ သတိထားရမည့် အချက်များကို သေချာစွာသိရှိကြလျှင် ကောင်းလေစွဟု တွေးထင်မိပါသည်။

ငယ်ငယ်တုန်းအခါကာလ အဘိုး၊ အဘွား၊ အဖေ၊ အမေများ ဦးဆောင်၍ အိမ်တွင် ဆွမ်းအလှူ ဆပ်ကပ်လှူဒါန်းခဲ့သည်များကိုလည်း ပြန်လည်မြင်ယောင်ခဲ့မိပါသည်။ ထိုအချိန် ကာလလူကြီးများပြောခဲ့ကြပါသည် ရဟန်းသံဃာများကို စားပွဲနှင့်ဆွမ်းဆပ်ကပ်လှူဒါန်းပြီးပြီဆိုရင် “ဘာမှမတို့၊ မထိ၊ မကိုင်ရဘူး” ဟု အမှတ်မထင် ပြောကြားခဲ့ကြသည်ကို ပြန်လည်အမှတ်ရမိပါသည်။ အဲဒီအချိန်ကာလက နားမလည်ခဲ့ပါ။ သတ်မှတ်ချက် တစ်ခုအဖြစ်သာ ခံယူမှတ်သားခဲ့မိပါသည်။

ဘာသာတရားနှင့် စပ်လျဉ်းသော မိမိ၏ အမှားများကိုပြုပြင်ရန်အမှန်ဖြစ်အောင် ခံယူကျင့်သုံးလာနိုင်ခဲ့သဖြင့် အလွန်ပင် ကျေနပ်ဝမ်းမြောက်မိပါသည်။ ထို့အတူပင် စာဖတ်ပရိတ်သတ်သည်လည်း ဤစာအုပ်ကို ဖတ်မိကြပြီး ဝိနည်းပိုင်းဆိုင်ရာ အချက်အလက်များကို သေချာစွာ သဘောပေါက်ခံယူလာနိုင်ကြပြီး အမှားများကင်းနိုင်ကြပါစေဟု ဆုတောင်းဆန္ဒပြုမိပါသည်။

ဤစာအုပ်ကို ပြုစုရေးသားသူ၊ ဆရာတော်ဘုရား သည်လည်းကိုယ် စိတ် နှစ်ဖြာ ကျန်းမာချမ်းသာ၍ သာသနာတော် ၏အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သပါသည်။

**ဒေါက်တာအေးအေးညွန့်**
**ကထိက**

**သတ္တုသုတေသနဌာနမှ ဒုတိယညွှန်ကြားမှူး၏ ပေးစာ**

ဤစာအုပ်သည် ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သည့်စာအုပ်ဖြစ်သည်ဟု လက်ခံယုံကြည်ပါသည်။ သာသနာတော်၏ အသက်သည် ဝိနည်းဖြစ်သည့်အတွက် နက်နဲသိမ်မွေ့သည့် ရဟန်း ဝိနည်းကုဋ္ဌေပေါင်းကိုးထောင်ကျော်ကို လူတို့အနေနှင့် သိဖို့မလွယ်ကူပါ။

ဤစာအုပ်က လူတို့နှင့်သက်ဆိုင်သော ဝိနည်းအချို့ကို ရှင်းလင်းစွာဖော်ပြပေးသည့်အတွက် ဖတ်ရသူများအနေနှင့် အလွန်ကျေးဇူးများလှပါသည်။ ထို့ပြင် တချို့အရပ်များတွင် လွဲမှားသော ဘာသာရေးအယူအဆများကို ပြုပြင်နိုင်ရန် ဤစာအုပ်က လမ်းညွှန်ပေးနိုင်ပါလိမ့်မည်။

ပမာအားဖြင့်ပြရလျှင် အရပ်ထဲမှ ဝါတွင်းဆွမ်းလောင်း အသင်းများအနေဖြင့် နံနက် (၃) နာရီ (၄) နာရီမှစပြီး အရုဏ် မတက်ခင် ဆွမ်းလောင်းလှူခြင်း တစ်ခုပါဝင်ပါသည်။ လောင်းလှူသည့် လူပုဂ္ဂိုလ်များအနေဖြင့် မလောင်းလှူသင့်သည့် အချိန်မှာ လောင်းလှူသည့် သဘောမျိုးဖြစ်သည့်အတွက် သပ္ပုရိသ ဒါနမဖြစ်သလို သံဃာများအတွက်လဲ အာပတ်သင့်နေ၏။ သို့ပါ၍ ဤစာအုပ်မှပေးသော ဗဟုသုတသည် ထိုသို့မဖြစ်ရလေအောင် သတိထားပြုပြင်နိုင်ပြီး၊ ဆရာဒကာတို့၏ အကျိုးကို တိုးပွားအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်မိပါသည်။

**ခင်ယုဆွေ**
**ဒုတိယညွှန်ကြားရေးမှူး**
**သတ္တုသုတေသနဌာန**

## မန္တလေးဆေးတက္ကသိုလ်မှ လက်ထောက်ကထိက (ဓါတုဗေဒဌာန) ၏ ပေးစာ

"ဒုလ္လဘရဟန်းဝတ်ပြီး တရားအားထုတ်မှ မြတ်တယ်" လို့ ယုံကြည်ချက်ပြင်းပြနေပါလျှက် သိက္ခာချတဲ့အခါမှာ ပြီးပြည့်စုံဖို့ အရေးကြီးကြောင်း ပထမဦးဆုံး ရှင်းလင်းပေးချက်က အင်မတန် အရေးတကြီးသိသင့်တယ်လို့ ခံယူမိပါတယ်။

ကိုရင်ငယ်များ မုန့်ဖိုးအလှူခံတာ၊ ကိုရင် ဦးဇင်းငယ်များ ခရီးဝေးသွားရန် ကားခအလှူခံတာ၊ ကျမ်းစာအုပ်များဝယ်ရန် ငွေ အလှူခံတာတို့ကို နေ့စဉ်မြင်နေ ကြုံနေရတဲ့ ဗုဒ္ဓဘာသာဝင် တစ်ဦး ဦးဟာ ဒီစာအုပ်ကို "မိမိတို့အတွက် လိုက်နာစရာတွေကြီး ပါကလား" ဆိုတဲ့ သဘောနဲ့ဖတ်ရှုမိပါက ကိုရင်ငယ်ကို ဝတ္ထုငွေ မလှူဒါန်းတော့ဘဲ မုန့်ကို ကိုယ်တိုင်ကပ်လှူနိုင်ပြီး ကားလက် မှတ်ကို ကိုယ်တိုင်ဝယ်ယူ လှူဒါန်းမှာဖြစ်ပါတယ်။ ဒါ့ပြင် ကျမ်း စာအုပ် လှူပါလို့ အလှူခံလာတဲ့ စာသင်သား ရဟန်းသံဃာတော် များ ကိုလည်း ငွေမလှူဒါန်းတော့ဘဲ လိုအပ်တဲ့ ကျမ်းစာအုပ်ကို ကိုယ် တိုင်လှူဒါန်းမှာအပြင် "အရှင်ဘုရား နောင်တွင် အလိုရှိရာ ကို အလှူခံတော်မူပါဘုရား" လို့ လျှောက်ထားတတ်လာမှာပါ။

ဒီစာအုပ်ကို နှစ်နှစ်ကာကာ ဖတ်ရှုမှတ်သား လေ့လာတဲ့ သူတိုင်း သီလသာသနာတော်ကို စောင့်စည်းလိုစိတ်လျှော့ပါးနေတဲ့ ရဟန်းသံဃာများကို မိမိရဲ့ လိမ္မာပါးနပ်တဲ့ ကာယကံမှု၊ ဝစီကံမှုနှင့် ရဟန်းသံဃာများရဲ့ သာသနာတော်ကို စောင့်ရှောက်လိုစိတ် ပိုမို တောက်ပြောင်လာအောင် စွမ်းနိုင်ပါလိမ့်မည်။ သာသနာကို စောင့် ရှောက်နေတဲ့ ရဟန်းသံဃာတော်တို့လည်း ချမ်းချမ်းသာသာ သာသနာတော်ကို စောင့်ရှောက်နိုင်စေရန် ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ ကူညီပေးနိုင်လာလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ယခုလို

သိရှိအောင်လည်း လေ့လာစေလိုပါတယ်။ ရဟန်းတော်များရဲ့ ဝိနည်း ဟာ ဗုဒ္ဓဘာသာဝင်များအနေနှင့် လေ့လာမှတ်သားစရာ တစ်ခုလို့လည်း သဘောထားစေချင်ပါတယ်။ ဒီစာအုပ်က ဝိနည်းကို လူတို့နှင့် မိတ်ဆက်ပေးထားတဲ့ စာအုပ်လို့ ခံယူမိပါတယ်။

**မော်မော်သန်း**
**ဗုဒ္ဓအဘိဓမ္မာ (ရိုးရိုး) သုံးဆင့်အောင်**
**ဗုဒ္ဓအဘိဓမ္မာ (ဂုဏ်ထူးဆောင်) သုံးဆင့်အောင်**
**လ/ထ ကထိက၊ ဓါတုဗေဒဌာန၊ ဆေးတက္ကသိုလ်**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ
## လက်ထောက်ညွှန်ကြားရေးမှူး၏ ပေးစာ

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်ကျင့်ခဲ့ပြီးမှ ဘုရားအဖြစ်ကို ရောက်တော်မူလာမှပေါ်ပေါက်ရသော ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည် ယခုအခါ နှစ်ပေါင်း ( ၂၅၀၀) ကျော် ကာလကြာသည့် တိုင်အောင် တည်တံ့လျှက်ရှိနေပါသည်။ ဤကဲ့သို့ သာသနာတော်ကြီး အဓွန့်ရှည်ကြာတည်တံ့ ခိုင်မြဲရန်အတွက် အင်အားတစ်ရပ်ရှိဖို့ လိုပါသည်။ ထိုအင်အားမှာ ဝိနည်းတရားတော်ပင် ဖြစ်ပေသည်။

ရဟန်းသံဃာများအနေဖြင့် ဝိနည်းတော်ကို အသက်နှင့်လဲ၍ စောင့်ထိန်းနိုင်ရန် အင်အားများစွာ လိုသကဲ့သို့ ဒါယကာ၊ ဒါယိကာမများနေနှင့်လည်း လူတို့သိသင့် သိထိုက်သည့် ဝိနည်းအကြောင်းအရာများကို ယေဘုယျဖြစ်စေ လေ့လာခြင်္ငုံထားမိရန် အလွန်အရေးကြီးပေသည်။

ယခုကဲ့သို့ လူတို့နှင့် သက်ဆိုင်သည့် ရဟန်းဝိနည်းများစာအုပ်ကို ဖတ်ရှုမိခြင်းဖြင့် မိမိတို့၏ နှလုံးသားတွင် ရဟန်းသံဃာများနှင့် လျှုဒါန်းဆည်းကပ်သည့်အခါ လိုက်နာရမည့် အချက်များ၊ အင်္ဂါရပ်များကို တွေ့ရှိရပါသည်။ ရဟန်းသံဃာများနှင့် ဆက်ဆံရာတွင်လည်း ကုသိုလ်တိုးပွားစေရန် အကုသိုလ် လျှော့ပါးစေရန် ဒါယကာ၊ ဒါယိကာမများမှ ဆောင်ရန်၊ ရှောင်ရန်များကို ဖော်ပြထားသဖြင့် အလွန်ကျေးဇူးကြီးမားသည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်၏ သာသနာတော်ကြီး အဓွန့်ရှည်ကြာတည်တံ့ခိုင်မြဲရေးအတွက် ဝိနည်းတော်နှင့်အညီ နေထိုင်ကျင့်ကြံ

သွားမည့်ရဟန်းသံဃာကောင်းများ ပေါ်ထွက်လာရေးနှင့် သာသနာတော် ရေရှည်တည်တံ့ခိုင်မြဲနေစေရေးအတွက် "ဒါယကာ၊ ဒါယိကာမ များဖက်မှ လူတို့နှင့် ဆိုင်သည့် ဝိနည်းများကို လေ့လာဆည်းပူးထားသင့်ကြောင်း အထူးပင် တိုက်တွန်းအပ်ပါသည်။

**သီတာညွှန့်**
**လက်ထောက်ညွှန်ကြားရေးမှူး**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

# ကျမ်းညွှန်း

| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၁ | ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု။<br>ကျမ်းညွှန်း - ပဌမမဟာသင်္ဂီတိကထာ၊ နိဒါနကထာ၊<br>သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ။ (နှာ-၁၂)<br>ပဌမမဟာသင်္ဂီတိကထာ၊ ဗာဟိရနိဒါနကထာ။<br>ပါရာဇိကကဏ္ဍအဋ္ဌကထာ။ (နှာ-၁၁) | ၂၄ |
| ၂ | ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော။<br>ကျမ်းညွှန်း - တထာဂတပစ္ဆိမဝါစာ၊ မဟာပရိနိဗ္ဗာနသုတ္တ၊<br>မဟာဝဂ္ဂပါဠိ။ (နှာ-၁၂၆-၁၂၇) | ၂၅ |
| ၃ | သာဂါရာ အနဂါရာ စ၊ ဥဘော အညောညနိဿိတာ။<br>ကျမ်းညွှန်း - ဗဟုကာရသုတ္တ၊ စတုက္ကနိပါတ၊ ဣတိဝုတ္တကပါဠိ။<br>(နှာ-၂၇၀) | ၂၆ |
| ၄ | ရဟန်းဖြစ်ရန် အင်္ဂါ ( ၅ ) ပါး<br>ကျမ်းညွှန်း - မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ-၁၁၉-၁၂၆)<br>နှင့် ပဒဘာဇနီယဝဏ္ဏနာ၊ ပဌမပါရာဇိက၊<br>ပါရာဇိကကဏ္ဍအဋ္ဌကထာ။ (နှာ-၂၀၈)<br>ဦနဝီသတိဝဿသိက္ခာပုဒ်၊ သပ္ပဏကဝဂ်၊<br>သုဒ္ဓပါစိတ်၊ ပါတိမောက်ဘာသာဋီကာ။ (နှာ-၃၂၄) | ၃၀ |
| ၅ | ရဟန်းသိက္ခာချ အင်္ဂါ ( ၆ )ချက်<br>ကျမ်းညွှန်း - သန္ထတဘာဏဝါရ၊ ပဌမပါရာဇိက၊<br>ပါရာဇိကပါဠိ။ (နှာ-၂၉-၃၄)<br>ပဌမပါရာဇိကအခန်း၊<br>ပါတိမောက်ဘာသာဋီကာ။ (နှာ-၃၈) | ၃၀ |
| ၆ | သိက္ခာချ လူဝတ်လဲတာ သေချာအောင်ကတော့. . . ။<br>ကျမ်းညွှန်း - ပါရာဇိကနိဒ္ဒေသ၊ ခုဒ္ဒသိက္ခာဘာသာဋီကာ။ (နှာ-၁၁) | ၃၂ |
| ၇ | မာတုဂါမကို ကိုင်ရင်၊ ဆွဲရင်၊ ဆိတ်ရင်၊ နမ်းရင်<br>(အာမသနာ၊ ပရာမသနာ . . . ဆုပန်)<br>ကျမ်းညွှန်း - ပဒဘာဇနီယ၊ ကာယသံသဂ္ဂသိက္ခာပဒ၊<br>သံဃာဒိသေသကဏ္ဍ၊ ပါရာဇိကပါဠိ။ (နှာ-၁၇၄) | ၃၂ |
| ၈ | ကာယသံသဂ္ဂအင်္ဂါ ( ၅ )ပါး။<br>ကျမ်းညွှန်း - ကာယသံသဂ္ဂသိက္ခာပဒဝဏ္ဏနာ၊<br>သံဃာဒိသေသကဏ္ဍ၊<br>ကင်္ခါဝိတရဏီအဋ္ဌကထာ။ (နှာ-၁၂၉) | ၃၃ |

## ကျမ်းညွှန်း


| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၉ | မိခင်ကို မိခင်အချစ်နဲ့ သွားကိုင်ရင် (မာတုယာ မာတုပေမေန အာမသိ။ . . . ဒုက္ကဋဿာတိ)<br>ကျမ်းညွှန်း - ဝိနီတဝတ္ထု၊ ကာယသံသဂ္ဂသိက္ခာပဒ၊ သံဃာဒိသေသကဏ္ဍ၊ ပါရာဇိကပါဠိ။ (နှာ-၁၈၄) | ၃၃ |
| ၁၀ | မာတုဂါမက ရဟန်းကို လာထိကိုင်ရင် မသာယာရဘူး။ သာယာရင်လည်း (နိစ္စလဿ ဟိ စိတ္တေန သာဒိယတောပိ အနာပတ္တိ)<br>ကျမ်းညွှန်း - ကာယသံသဂ္ဂသိက္ခာပဒ၊ သံဃာဒိသေသကဏ္ဍ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ(ဒု)။ (နှာ-၁၃၂) | ၃၄ |
| ၁၁ | သုသာန်၊ အမှိုက်ပုံမှ အဝတ်ကို သက်န်းပြုလုပ်ရင် . . . (ပံသုကူလစီဝရံ နိဿာယ ပဗ္ဗဇ္ဇာ)<br>ကျမ်းညွှန်း - စတ္တာရော နိဿယာ၊ မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ-၁၃၃)<br>ပံသုကူလိကင်္ဂကထာ၊ ဓုတင်္ဂနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ။ (နှာ-၆၀) | ၃၉ |
| ၁၂ | အမျိုးသမီး အသုံးအဆောင်ကို မထိကောင်း၊ မကိုင်ကောင်း။ (ရတနာနိတ္ထိရူပါနိ၊ ဧညမိတ္ထိပသာခန်)<br>ကျမ်းညွှန်း - ပကိဏ္ဏကနိဒ္ဒေသ၊ ခုဒ္ဒသိက္ခာဘာသာဋီကာ။ (နှာ-၄၂၅) | ၃၉ |
| ၁၃ | ဆံပင်ကို ထိလိုက်တာနဲ့ အာပတ်သင့်။ (အင်္ဂါ ၅ပါး)<br>ကျမ်းညွှန်း - ကာယသံသဂ္ဂသိက္ခာပဒဝဏ္ဏနာ သံဃာဒိသေသကဏ္ဍ၊ ကင်္ခါဝိတရဏီအဋ္ဌကထာ။ (နှာ-၁၂၉) | ၄၀ |
| ၁၄ | တစ်မိုးတစ်ရံထဲမှာ လူ သာမဏေနှင့် သုံးညပဲအိပ်ခွင့်ရှိတယ်။<br>ကျမ်းညွှန်း - သဟသေယျသိက္ခာပဒ၊ မုသာဝါဒဝဂ္ဂပါစိတ္တိယပါဠိ။ (နှာ-၂၇) | ၄၃ |
| ၁၅ | ပါရာဇိကလောက်တဲ့ အငယ်ဆုံးသတ္တဝါတွေ<br>ကျမ်းညွှန်း - ပဌမပါရာဇိက၊ ပဒဘာဇနီယဝဏ္ဏနာ ပါရာဇိကကဏ္ဍအဋ္ဌအထာ။ (နှာ-၂၂၄) | ၄၅ |
| ၁၆ | မာတုဂါမနှင့် တစ်မိုးတစ်ရံထဲ ညအိပ်မိရင် အာပတ်သင့်တယ်<br>ကျမ်းညွှန်း - ပါစိတ္တိယကဏ္ဍ၊ မုသာဝါဒဝဂ္ဂ၊ ပရိဝါပါဠိ။ (နှာ-၆၂) | ၄၅ |
| ၁၇ | ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ဘုရားကြီး သီလကို မိမိအသက်နှင့် လဲတော်မူ<br>ကျမ်းညွှန်း - Dr.မင်းတင်မွန်၏ သပြေကန်ဆရာတော်ဘုရားကြီး။ (နှာ-၂၄၅) ၁၉၉၉၊ မြမွန်ရတနာစာပေ | ၄၉ |

# ကျမ်းညွှန်း


| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၁၈ | မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ ဩဝါဒစကား<br>ကျမ်းညွှန်း - တောင်မြို့မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ တစ်ဘဝသံသရာ။ | ၅၀ |
| ၁၉ | ရဟန်းပစ္စည်း မိဘများကို ပေးကောင်း။<br>(မာတာပိတူနံ တာဝ ဟရိတွာပိ . . ဒါတုံ ဝဋ္ဋတိ။<br>ကျမ်းညွှန်း - ကုလဒူသကသိက္ခာပဒဝဏ္ဏနာ၊ သံဃာဒိသေကဏ္ဍ။ ပါရာဇိကကဏ္ဍအဋ္ဌကထာ။ (နှာ-၂၀၉) | ၅၂ |
| ၂၀ | သဒ္ဓါဒေယျဝိနိပါတ။ (န စ ဘိက္ခဝေ သဒ္ဓါဒေယျံ ဝိနပါတေတဗ္ဗံ)<br>ကျမ်းညွှန်း - ပစ္ဆိမဝိကပ္ပနုပဂစီဝရာဒိကထာ၊ စီဝရက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ-၄၁၂) | ၅၂ |
| ၂၁ | ရဟန်းပိုင်ပစ္စည်း သူခိုး ခိုးရင်။ (ပရိက္ခာရံ ဟရန္တေ ဒိသွာ. . န ဝဋ္ဋတိ)<br>ကျမ်းညွှန်း - ပကိဏ္ဏကဝိနိစ္ဆယကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ။ (နှာ-၄၃၃) | ၅၆ |
| ၂၂ | သူ့လက်ထဲရောက်သွားရင် သူ့ပစ္စည်းပါပဲ။<br>ကျမ်းညွှန်း - ဒုတိယပါရာဇိက၊ ပဉ္စဝီသတိအဝဟာရကထာ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ။ (နှာ-၂၆၆) | ၅၈ |
| ၂၃ | ရဟန်းကတောင်းကောင်း ပေးကောင်းသည့် ပုဂ္ဂိုလ်လေးမျိုး။<br>ကျမ်းညွှန်း - တစ်ဘဝသာသနာ၊ အရှင်ဇနကာဘိဝံသ။ (နှာ-၃၈၆) | ၅၈ |
| ၂၄ | ပဏ္ဍုက်၊ မိန်းမ၊ ဥဘတောဗျည်း ( ၃ ) ယောက်မှ တစ်ပါး ခုံတန်းရှည်မှာ ရဟန်းထိုင်ကောင်း။<br>(ဌပေတွာ ပဏ္ဍကံ မာတုဂါမံ . . . သဟ ဒီဃာသနေ နိသီဒိတုန္တိ။)<br>ကျမ်းညွှန်း - တတိယဘာဏဝါရ၊ သေနာသနက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ။ (နှာ-၃၂၀) | ၆၀ |
| ၂၅ | ကားထဲမှာ အမျိုးသမီးနှင့် ရဟန်းတစ်ပါးတည်း ဖြစ်နေရင်<br>(မာတုဂါမေန သဒ္ဓိံ ဧကော ဧကာယ ရဟော နိသဇ္ဇံ ကပ္ပေယျ၊ ပါစိတ္တိယံ)<br>ကျမ်းညွှန်း - ရဟောနိသဇ္ဇ သိက္ခာပဒ၊ အစေလကဝဂ္ဂ၊ ပါစိတ္တိယပါဠိ။ (နှာ-၁၃၀) | ၆၃ |
| ၂၆ | ဂိလာန မဟုတ်လျှင် လှည်း၊ ဆိုက်ကား မစီးကောင်း။<br>(အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ယာနန္တိ။)<br>ကျမ်းညွှန်း - ယာနာဒိပဋိက္ခေပ၊ စမ္မက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ-၂၈၀) | ၆၃ |

## ကျမ်းညွှန်း

| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၂၇ | မြေကိုရဟန်းက တူးဆွတိုင်း။ တူးဆွတိုင်း အာပတ်သင့်။<br>(ပဟာရေ ပဟာရေ ပါစိတ္တိယံ)<br>ကျမ်းညွှန်း - ပထဝီခဏနသိက္ခာပုဒ်၊ မုသာဝါဒဝဂ်၊<br>ပါစိတျာဒိအဋ္ဌကထာ။ (နှာ-၂၁) | ၆၄ |
| ၂၈ | သိသည်ဖြစ်စေ မသိသည်ဖြစ်စေ အာပတ်သင့်<br>ကျမ်းညွှန်း - ဝိမတိဝိနောဒနီဋီကာ၊ သမထက္ခန္ဓကအဖွင့်၊<br>သာရတ္ထဒီပနီဋီကာ | ၆၄ |
| ၂၉ | သံဃာဒိသိသ် အာပတ် ဖုံးလွှမ်းလျှက် လူထွက်ပြီး ရဟန်းပြန်ဝတ်လျှင်<br>အာပတ်ဆက်သင့်သည်။<br>(တဿ ဘိက္ခဝေ၊ ဘိက္ခုနော ပုရိမသ္မိံ စ ပစ္ဆိမသ္မိံ စ အာပတ္တိက္ခန္ဓေ)<br>ကျမ်းညွှန်း - မာနတ္တသတ၊ သမုစ္စယက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ။ (နှာ-၁၅၉) | ၆၅ |
| ၃၀ | ဒေသနာကြားပြီးရင် အာပတ်ပြေသော်လည်း ကျူးလွန်တဲ့ ကံအပြစ်<br>ကတော့ အဟောသိကံမဖြစ်။<br>ကျမ်းညွှန်း - သာရတ္ထဒီပနီဋီကာ။ သမထက္ခန္ဓကအဖွင့် | ၆၆ |
| ၃၁ | သတ္တဝါ အကြီးအငယ်ကိုလိုက်ပြီး အပြစ်ကြီးအပြစ်အသေးကွာ။<br>ကျမ်းညွှန်း - ကာယကံသုံးပါး၊ ပါကဋ္ဌာနကံ (၄) ပါး၊<br>သဂြိုဟ်ဘာသာဋီကာ။ (နှာ-၃၅၇) | ၆၆ |
| ၃၂ | ဆံပင်လက်နှစ်သစ်ရှည် (သို့) နှစ်လထားခွင့်ပြု။ (အနုဇာနာမိ ဘိက္ခဝေ<br>ဒုမာသိကံ ဝါ ဒုဝင်္ဂုလံ ဝါတိ။)<br>ကျမ်းညွှန်း - ခုဒ္ဒကဝတ္ထုနိ၊ ခုဒ္ဒဝတ္ထုက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ။ (နှာ-၂၄၂) | ၆၈ |
| ၃၃ | ရဟန်းက ရွှေ ငွေ မခံယူရဘူး။ မသာယာရဘူး။<br>(ဇာတရူပရဇတံ ဥဂ္ဂဏှေယျ ဝါ ဥဂ္ဂဏှာပေယျ ဝါ<br>ဥပနိက္ခိတ္တံ ဝါ သာဒိယေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။)<br>ကျမ်းညွှန်း - ရူပိယသိက္ခာပုဒ်၊ ကောသိယဝဂ်၊ နိဿဂ္ဂိယကဏ္ဍ၊<br>ပါရာဇိကပါဠိ။ (နှာ-၃၄၅) | ၆၉ |
| ၃၄ | ရဟန်းက ရွှေ ငွေနဲ့ ရောင်းဝယ်တဲ့ သဘောမပြုရဘူး။<br>(နာနပ္ပကာရကံ ရူပိယသံဝေါဟာရံ သမာပဇ္ဇေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ)<br>ကျမ်းညွှန်း - ရူပိယသံဝေါဟာရ သိက္ခာပုဒ်၊ ကောသိယဝဂ်၊<br>နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ။ (နှာ-၃၄၇) | ၇၀ |
| ၃၅ | ဒုတိယသင်္ဂါယနာတင်ခဲ့ရတဲ့ အကြောင်းထဲမှာ ရဟန်းများ<br>ရွှေ ငွေကိုင်တာပါဝင်။<br>ကျမ်းညွှန်း - ပဉ္စမဘာဏဝါရ၊ သတ္တသတိကက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ။<br>(နှာ-၄၉၁) ၄င်းအဋ္ဌကထာ။ (နှာ-၁၃၄) | ၇၀ |

# ကျမ်းညွှန်း

| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၃၆ | ရဟန်းက ဘယ်ပရိယာယ်နှင့်မှ ရွှေငွေကို မရှာမှီးရဘူး။<br>(န တွေဝါဟံ ဘိက္ခဝေ ကေနစိ ပရိယာယေန ဇာတရူပရဇတံ သာဒိတဗ္ဗံ ပရိယေသိတဗ္ဗန္တိ ဝဒါမိ)<br>ကျမ်းညွှန်း - ပဉ္စဂေါရသာဒိအနုဇာနနာ၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ-၃၄၂)<br>- ပဌမဘာဏဝါရ၊ သတ္တသတိက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ။ (နှာ-၄၉၁) | ၇၂ |
| ၃၇ | ရဟန်းကလာဘ်လာဘ စိတ်ဝင်စားလာရင် ဆန်ကွဲတစ်ဆုပ်ကြောင့် လိမ်ညာဖို့ ဝန်မလေးတော့ဘူး။<br>ကျမ်းညွှန်း - သုဝဏ္ဏပါတိသုတ္တ နိဒါနဝဂ္ဂသံယုတ္တပါဠိ။ (နှာ-၄၃၀) ၎င်းအဋ္ဌကထာ။ (နှာ-၁၉၃) | ၇၂ |
| ၃၈ | သိမ်သမုတ်ပွဲ<br>ကျမ်းညွှန်း - ဂန္ဓာရုံဘုံကျော်ဆရာတော် ဘဒ္ဒန္တဓမ္မဝိလာသ၏ သုံးပွင့်ဆိုင်မေတ္တာ။ (နှာ-၇၉) | ၇၄ |
| ၃၉ | ရဟန်းက ရွှေငွေအပ်ရင် ကာမဂုဏ်ငါးဖြာ (မိန်းမ)လည်းအပ်ပြီ။<br>ကျမ်းညွှန်း - ပဌမ ဘာဏဝါရ၊ သတ္တသတိကက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ။ (နှာ-၄၉၅) | ၇၇ |
| ၄၀ | ပျိုတို့မောင် ဝါဝါဝတ်ကို ဒေါင်းခွပ်ချည်လေး။<br>ကျမ်းညွှန်း - ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ ဒေါင်းဋီကာ။ | ၇၇ |
| ၄၁ | သာသနာမှာ မပျော်တဲ့ရဟန်း။<br>ကျမ်းညွှန်း - အနဘိရတဘိက္ခုဝတ္ထု၊ ခုဒ္ဒကနိကာယ၊ ဓမ္မပဒဋ္ဌကထာ၊ ဒုတိယတွဲ။ (နှာ-၁၅၅) | ၇၉ |
| ၄၂ | အနာမာသ ဝတ္ထု (၁၀) မျိုးနှင့် ရဟန်း မကိုင်တွယ်ကောင်းတဲ့ ဝတ္ထုများ (သုဝဏ္ဏရာဇတမုတ္တာဒိမယံ ပန အနာမာသမေဝ. .)<br>ကျမ်းညွှန်း - ကာယသံသဂ္ဂသိက္ခာပဒဝဏ္ဏနာ သံဃာဒိသေသကဏ္ဍ၊ ပါရာဇိကကဏ္ဍ အဋ္ဌကထာ။ (နှာ-၁၂၉) | ၈၁ |
| ၄၃ | ရဟန်းက အကပ်မခံရသေးတဲ့ အာမိသဆွမ်း စသည်ကို မထိကောင်းဘူး။<br>(ဒုရုပစိဏ္ဏေ ရဇောကိဏ္ဏေ၊ အထုဂ္ဂဟပဋိဂ္ဂဟေ)<br>ကျမ်းညွှန်း - ပဋိဂ္ဂါဟနိဒ္ဒေသ၊ ခုဒ္ဒသိက္ခာဘာသာဋီကာ။ (နှာ-၁၆၆ - ၁၆၈) | ၈၃ |

# ကျမ်းညွှန်း

| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၄၄ | ဆွမ်းဦး မပယ်ရကြောင်း (နိမန္တိတော သဘတ္တော သမာနော ပုရေဘတ္တံ၊ ဝါ ပစ္ဆာဘတ္တံဝါ)<br>ကျမ်းညွှန်း - စာရိတ္တသိက္ခာပဒ၊ အစေလကဝဂ္ဂ၊ ပါစိတ္တိယပါဠိ။ (နှာ-၁၃၃) | ၈၆ |
| ၄၅ | သပိတ်ထဲ ဖုန်မှုန့်တွေ ကျရောက်လာရင် အာပတ်သင့်တတ်တယ်။ (သစေ ပိဏ္ဍာယ စရန္တဿ ရဇံ ပတတိ . . . ဂဏှာတော ဝိနယဒုက္ကဋံ)<br>ကျမ်းညွှန်း - ဒန္တပေါနသိက္ခာပဒဝဏ္ဏနာ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတျာဒိအဋ္ဌကထာ။ (နှာ-၁၁၁) | ၈၈ |
| ၄၆ | ရဟန်းက စားစရာများကို သိုမှီးမထားကောင်း။ (သန္နိဓိကာရကံ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ခါဒေယျ ဝါ . . . )<br>ကျမ်းညွှန်း - သန္နိဓိကာရကသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယ ကဏ္ဍ၊ ပါစိတ္တိယပါဠိ။ (နှာ-၁၁၆) | ၈၉ |
| ၄၇ | ဂိလာန ရဟန်းနှင့်ညစာ<br>ကျမ်းညွှန်း - ဝိသုဒ္ဓါရုံ မြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ၊ ဒု-ကြိမ်၊ ၁၉၉၈။ (နှာ-၅၀၇) | ၉၁ |
| ၄၈ | ညောင်လေးပင်တောရ ဆရာတော်ဘုရားကြီး၏ နောက်ဆုံးဆုံးမစာ။<br>ကျမ်းညွှန်း - ဝိသုဒ္ဓိမဂ်အရသာ၊ ညောင်လေးပင်တောရတိုက် နာယက ဆရာတော် ဦးအရိယမထေရ် သတ္တမအကြိမ် (၂၀၀၅) | ၉၂ |
| ၄၉ | အရှင်အာနန္ဒာမှ မာတုဂါမနှင့် ပတ်သက်ပြီး ဘုရားရှင် ပရိနိဗ္ဗာန်မပြုမီ မေးလျှောက်ပုံ (ကထံ မယံ ဘန္တေ မာတုဂါမေ ပဋိပဇ္ဇာမာတိ)<br>ကျမ်းညွှန်း - အာနန္ဒပုစ္ဆာကထာ၊ မဟာပရိနိဗ္ဗာနသုတ္တ၊ မဟာဝဂ္ဂပါဠိ။ (နှာ-၁၁၆-၁၁၇) | ၉၄ |
| ၅၀ | အဒါန (၁၀) ပါး။ (သမဇ္ဇဒါနံ၊ မဇ္ဇဒါနံ. . . )<br>ကျမ်းညွှန်း - ဝေဿန္တရပဉှ၊ အနုမာနပဉှ၊ မိလိန္ဒပဉှပါဠိ။ (နှာ-၂၇၀) | ၉၆ |
| ၅၁ | မစားအပ်သော အသားကြီး (၁၀) မျိုး<br>ကျမ်းညွှန်း - မနုဿမံသပဋိက္ခေပကထာ၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ-၃၁၀)<br>ဟတ္ထိမံသာဒိပဋိက္ခေပကထာ၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ-၃၁၂) | ၉၇ |
| ၅၂ | သက်သတ်လွတ် (ဧသာမဂန္ဓော န ဟိ မံသ ဘောဇနံ ) ၉၈<br>ကျမ်းညွှန်း - အာမဂန္ဓသုတ္တ၊ စူဠဝဂ္ဂ၊ သုတ္တနိပါတပါဠိ။ (နှာ-၃၁၆-၃၁၇) | |

# ကျမ်းညွှန်း

| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၅၃ | သက်သတ်လွတ် စားလိုသူ စားပါစေ။ မစားလိုသူလည်း မစားပါစေနဲ့။ (ယော မစ္ဆမံသံ ခါဒေယျ၊ ဝဇ္ဇံ နံ ဖုသေယျ )<br>ကျမ်းညွှန်း - သံဃဘေဒသိက္ခာပဒ၊ သံဃာဒိသေသကဏ္ဍ၊ ပါရာဇိကပါဠိ။ (နှာ-၂၆၄) | ၉၈ |
| ၅၄ | မြင်သား၊ ကြားသား၊ ယုံမှားသား (အဒိဋ္ဌံ အသုတံ အပရိသင်္ကိတံ)<br>ကျမ်းညွှန်း - သံဃဘေဒသိက္ခာပဒ၊ သံဃာဒိသေသကဏ္ဍ၊ ပါရာဇိကပါဠိ။ (နှာ-၂၆၄) | ၉၈ |
| ၅၅ | လူသားစားရင်း ထုလ္လစ္စဉ်း။ (ဘိက္ခဝေ မနုဿမံသံ ပရိဘုဉ္ဇိ တဗ္ဗံ၊ . . . . ထုလ္လစ္စယဿ)<br>ကျမ်းညွှန်း - မနုဿမံသပဋိပက္ခေပကထာ၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ-၃၁၀) | ၁၀၀ |
| ၅၆ | မြင်သား၊ ကြားသား၊ ယုံမှားသား။ (အဒိဋ္ဌံ အသုတံ အပရိသင်္ကိကံ)<br>ကျမ်းညွှန်း - ပဉ္စဝတ္ထုယာစနကထာ၊ သံဃဘေဒက၊ စူဠဝဂ္ဂပါဠိ။ (နှာ-၃၅၉) | ၁၀၁ |
| ၅၇ | အကောင်ပေါက်နိုင်တဲ့ ကြက်ဥ၊ ဘဲဥဆိုရင် မိမိကြောင့်အကောင် အဖြစ်မရောက်ရတော့<br>ကျမ်းညွှန်း - မဟာစည်ဆရာတော်ဘုရားကြီး၏ သလ္လေခသုတ် တရားတော်ကြီး။ | ၁၀၁ |
| ၅၈ | ပါဏာတိပါတကံ ထိုက်စေသော အင်္ဂါ (၅) ပါး။ (ပါဏော၊ ပါဏသညိတာ. . . )<br>ကျမ်းညွှန်း - စူဠသီလဝဏ္ဏနာ။ ဗြဟ္မဇာလသုတ္တ၊ သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ။ (နှာ-၆၉) | ၁၀၁ |
| ၅၉ | အာပတ်ကို ဂရုဘက်ယူတာ အကောင်းဆုံး (ဂရုကလဟုကေသု ဂရုကေ ဌာတဗ္ဗံ)<br>ကျမ်းညွှန်း - ဘူတဂါမဝိနိစ္ဆယကထာ။ ဝိနယသင်္ဂဟဋ္ဌကထာ။ (နှာ-၇၉) | ၁၀၃ |
| ၆၀ | ရဟန်းအား အကပ်ခံပြီးသော ဆွမ်းအာမိသစသည်ကို ပြန်မ စွန့်မချင်း အကပ်မပျက်။ (စွန့်၊ ချ၊ ပေး၊ လု၊ မစ္စု၊ လိင်ပြန်)<br>ကျမ်းညွှန်း - ဝိနီတဝတ္ထုဝဏ္ဏနာ၊ ပဌမပါရာဇိက၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ။ (နှာ-၂၄၁) | ၁၀၃ |
| ၆၁ | အကပ်မြောက် အင်္ဂါ ( ၅ ) ပါး<br>ကျမ်းညွှန်း - ဒန္တပေါနသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ။ (နှာ-၁၂၁) ဒန္တပေါနသိက္ခာပဒဝဏ္ဏနာ၊ ဘောဇနဝဂ္ဂ၊ ပါစိတျာဒိအဋ္ဌကထာ။ (နှာ-၁၀၉) | ၁၀၄ |

## ကျမ်းညွှန်း

| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၆၂ | ရေနှင့်ဒန်ပူ အကပ်မခံဘဲ သုံးဆောင်ကောင်း။<br>(အာဟာရေတိ အညတြဥဒကဒန္တပေါနာ)<br>ကျမ်းညွှန်း - ဒန္တပေါန သိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ။<br>(နှာ-၁၂၁) | ၁၀၅ |
| ၆၃ | ထောပတ်၊ ဆီ၊ ပျားရည်စသည်ကို (၇)ရက် သိုမှီးသိမ်းဆည်းနိုင်။<br>(သပ္ပိ နဝနီတံ တေလံ မဓု ဖာဏိတံ )<br>ကျမ်းညွှန်း - ဘေသဇ္ဇသိက္ခာပဒ၊ ပတ္တဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊<br>ပါရာဇိကပါဠိ။ (နှာ-၃၆၃) | ၁၀၅ |
| ၆၄ | အတိုင်းအရှည်ထက် ပိုအလှူခံလျှင် တိရစ္ဆာန်တောင်မှ သဒ္ဓါတရားပျက်။<br>ကျမ်းညွှန်း - မဏိကဏ္ဍဇာတက အဋ္ဌကထာ (၂)။ (နှာ-၂၅၇)<br>ကုဋိကာရသိက္ခာပဒ၊ သံဃာဒိသေသကဏ္ဍ၊<br>ပါရာဇိကပါဠိ။ (နှာ-၂၂၀) | ၁၀၈ |
| ၆၅ | ယာစကော အပ္ပိယော ဟောတိ . . .<br>ကျမ်းညွှန်း - ဇာတကပါဠိ (ပထမတွဲ) (နှာ-၁၆၁) | ၁၀၉ |
| ၆၆ | အတိုင်းအရှည်သိပြီး အလှူခံရမည်။<br>(အလှူခံပုဂ္ဂိုလ်နှင့် အလှူဒါယကာ)<br>ကျမ်းညွှန်း - သန္တောသနိဒ္ဒေသ၊ ခုဒ္ဒသိက္ခာဘာသာဋီကာ။ (နှာ-၅၆၇) | ၁၁၁ |
| ၆၇ | ပျားပိတုန်းတွေ ပန်းဝတ်ရည်စုပ်ယူသလို အလှူခံရမယ်။<br>(ယထာပိ ဘမရော ပုပ္ဖံ၊ ဝဏ္ဏဂန္ဓမဟေဌယံ)<br>ကျမ်းညွှန်း - သာသနာပဋ္ဌာန၊ ပဋိနိဒ္ဒေသဝါရ၊ နေတ္တိပါဠိ။ (နှာ-၁၅၉) | ၁၁၁ |
| ၆၈ | ဘိက္ခုနီမကို သက်န်းမလျှော်ခိုင်းကောင်း<br>(အညာတိကာယ ဘိက္ခုနိယာ ပုရာဏစီဝရံ . . . . )<br>ကျမ်းညွှန်း - ပုရာဏစီဝရသိက္ခာပဒ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ။<br>(နှာ-၃၀၇) | ၁၁၃ |
| ၆၉ | သင်္ကန်းခေါက်နည်း။<br>(စီဝရံ သဃံရန္တေန စတုရင်္ဂုလံ ကဏ္ဏံဥဿာရေတွာ . . . )<br>ကျမ်းညွှန်း - ဥပဇ္ဈာယဝတ္တကထာ၊ မဟာခန္ဓက၊<br>မဟာဝဂ္ဂပါဠိ။ (နှာ-၅၉) | ၁၁၃ |
| ၇၀ | အရုဏ်မတက်ခင် အရုဏ်တက်ပြီထင်ပြီး ကျောင်းဝင်းအပြင်<br>ထွက်သွားတဲ့ ရဟန်း<br>ကျမ်းညွှန်း - ရတ္တိစ္ဆေဒဝိနိစ္ဆယ၊ မဟာဝါဘာသာဋီကာ။ (နှာ-၁၄) | ၁၁၆ |

# ကျမ်းညွှန်း


| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| ၇၁ | နိဿယယည်းငြိမ်းခြင်း<br>ကျမ်းညွှန်း - နိဿယနိဒ္ဒေသ၊ ခုဒ္ဒသိက္ခာဘာသာဋီကာ။ (နှာ-၃၁၃) | ၁၁၆ |
| ၇၂ | အရုဏ်မတက်ခင်အထိ ယာဝကာလိက သုံးဆောင်မိရင်<br>(သန္နိဓိကာရကံ ခါဒနီယံ ဝါ . . . )<br>ကျမ်းညွှန်း - ဝိကာလဘောဇန သိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊<br>ပါစိတ္တိယပါဠိ။ (နှာ-၁၁၆) | ၁၁၆ |
| ၇၃ | ပရိဝါသ်မာနတ်ကျင့်တဲ့ ရဟန်းနှင့် အရုဏ်<br>ကျမ်းညွှန်း - ရတ္တိစ္ဆေဒဝိနိစ္ဆယ၊ မဟာဝါဘာသာဋီကာ။ (နှာ-၁၄) | ၁၁၆ |
| ၇၄ | တိစီဝရိတ် သက်န်းနှင့် အရုဏ် (ယာဝ အရုဏုဂ္ဂမနာ သယန္တိ၊<br>စီဝရဋ္ဌနိဿဂ္ဂိယံ ဟောတိ)<br>ကျမ်းညွှန်း - ဥဒေါသိတ သိက္ခာပဒ ဝဏ္ဏနာ၊ နိဿဂ္ဂိယကဏ္ဍ၊<br>ပါရာဇိကကဏ္ဍအဋ္ဌကထာ။ (နှာ-၂၃၇)<br>ဥဒေါသိတ သိက္ခာပုဒ် နိဿဂ္ဂိယကဏ္ဍ၊<br>ပါရာဇိကဏ်ဘာသာဋီကာ။ (နှာ-၂၅၇) | ၁၁၆ |
| ၇၅ | ရဟန်းသံဃာများ မကပ်ရောက်သင့်သော ဒါယကာအိမ် (၉) မျိုး<br>(နဝဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတံ ကုလံ အနုပဂန္တွာ. . )<br>ကျမ်းညွှန်း-ကုလသုတ္တ၊ နဝကနိပါတ၊ အင်္ဂုတ္တရပါဠိ။ (နှာ-၁၉၂) | ၁၂၅ |
| ၇၆ | ပစ္စေကဗုဒ္ဓကို ပြောင်လှောင်ခဲ့လို့ ခါးကုန်းနေရတာ<br>ကျမ်းညွှန်း - ခုဇ္ဇုတ္တရာ၊ သာမာဝတီဝတ္ထု၊ သတ္တမဝဂ္ဂ၊<br>ဧကကနိပါတ၊ အင်္ဂုတ္တရအဋ္ဌကထာ။ (နှာ-၃၂၁)<br>- သာမာဝတီဝတ္ထု၊ အပ္ပမာဒဝဂ္ဂ၊<br>ဓမ္မပဒအဋ္ဌကထာ။ (ပ) (နှာ-၁၄၄) | ၁၂၇ |
| ၇၇ | ရဟန်းသံဃာတော်ပစ္စည်း စေတီထိုက်လို့ လူပုဂ္ဂိုလ်များမသုံးကောင်း<br>ကျမ်းညွှန်း - ဝိနီတဝတ္ထုဝဏ္ဏနာ၊ တတိယပါရာဇိက<br>ပါရာဇိကကဏ္ဍအဋ္ဌကထာ။ (နှာ-၆၇) | ၁၂၇ |
| ၇၈ | ဆွေ (၇) ဆက်၊ မျိုး (၇) ဆက် (မာတိတော ဝါ ပိတိတော<br>ဝါ ယာဝသတ္တမာ . . )<br>ကျမ်းညွှန်း - ပုရာဏစီဝရ သိက္ခာပဒ၊ စီဝရဝဂ္ဂ၊<br>နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ။ (နှာ-၃၀၇) | ၁၂၉ |
| ၇၉ | နှစ်တောင့်ထွာ ဟတ္ထပါသ်တိုင်းနည်း<br>ကျမ်းညွှန်း - ပဋိဂ္ဂါဟနိဒ္ဒေသ၊ ခုဒ္ဒသိက္ခာဘာသာဋီကာ။ (နှာ-၁၆၁) | ၁၃၁ |
| ၈၀ | ဘိနပ်နှင့် ကျောင်းအိပ်ရာနေရာနင်းရင် ဒုက္ကဋ်။ (န ဘိက္ခဝေ<br>အလ္လေဟိ ပါဒေဟိ. . . ) | ၁၃၁ |

## ကျမ်းညွှန်း


| စဉ် | အကြောင်းအရာနှင့် ကျမ်းညွှန်း | စာမျက်နှာ |
|---|---|---|
| | ကျမ်းညွှန်း - အညတြပရိဗ္ဗာဇက ပဋိက္ခေပါဒိ၊<br>သေနာသနက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ။ (နှာ-၃၂၈) | |
| ၈၁ | ဗိမ္ဗိသာရမင်းကြီး စေတီရင်ပြင်ပေါ် ဘိနပ်စီးခြင်းကြောင့်<br>ခြေထောက်ဓါးခွဲခံရခြင်း<br>ကျမ်းညွှန်း - ရာဇာမစ္စကထာ၊ သာမညဖလသုတ္တ၊ သီလက္ခန္ဓ<br>ဝဂ္ဂအဋ္ဌကထာ။ (နှာ-၁၂၆) | ၁၃၂ |
| ၈၂ | ခြေထောက်မဆေးဘဲ ကော်ဇောတွေ၊ ကြမ်းခင်းပေါ်တွေ နင်းမိလျှင်. . . | ၁၃၃ |
| | ကျမ်းညွှန်း - တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏<br>တစ်ဘဝသာသနာ။ | |
| ၈၃ | အာဂန္တုရဟန်း အခြားကျောင်းထဲဝင်လျှင် ဘိနပ်ချွတ်ရ။<br>(ဥပဟန ဩမုဉ္စိတွာ နိစံ . . . )<br>ကျမ်းညွှန်း - အာဂန္တုကဝတ္တကထာ၊ ဝတ္တက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ။ (နှာ-၃၇၄) | ၁၃၃ |
| ၈၄ | မဟာစည်ဆရာတော်ဘုရားကြီး၏ ဘိနပ်စီးခြင်းအပေါ်ဩဝါဒ<br>ကျမ်းညွှန်း - မဟာစည်ဆရာတော်ဘုရားကြီး၏<br>ထူးခြားသော အတွေးအမြင်များ။ (နှာ-၁၁၂) | ၁၃၄ |
| ၈၅ | မြောင်းမြဆရာတော်ဘုရားကြီးနှင့် ဖိနပ်စီးခြင်းအကြောင်း<br>ကျမ်းညွှန်း - ဝိသုဒ္ဓါရုံ မြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ<br>(နှာ-၁၇၈) | ၁၃၅ |
| ၈၆ | အလှူဒါယကာတို့ရဲ့ ဒါနအကျိုး၊ မြင့်မြတ်ဖို့ ရဟန်းက<br>ဝိပဿနာထုံမွမ်းထား . . .<br>(သီလေသွေ့ဝဿ ပရိပူရကာရီ . . ဝိပဿနာယ သမန္နာဂတော<br>ဗြူဟေတာ သုညာဂါရာန်)<br>ကျမ်းညွှန်း - ဆဋ္ဌဂ်ဒါနသုတ္တ၊ ဆက္ကနိပါတ၊ အင်္ဂုတ္တရပါဠိ။ (နှာ-၂၉၅) | ၁၃၆ |
| ၈၇ | အလှူခံပုဂ္ဂိုလ်ရဲ့ အင်္ဂါ (၃) ပါးနှင့် အလှူရှင်ရဲ့ အင်္ဂါ (၃) ပါး<br>(ဋ္ဌဓာတိက္ခဝေ ဒါယကဿ တီကာဂ်ါနိ ဟောန္တိ ပဋိဂ္ဂါဟ ကိနံတိကာဂ်ါနိ)<br>ကျမ်းညွှန်း - ဝေလာမသုတ္တ၊ နဝကနိပါတ၊<br>အင်္ဂုတ္တရပါဠိ။ ( နှာ - ၁၉၅ ) | ၁၃၆ |
| ၈၈ | လှူဒါန်းရင် စိတ်ပါလက်ပါလှူရမယ်။ ကိုယ်တိုင်လက်နှင့်လှူရမယ် . . .<br>ကျမ်းညွှန်း - ဝေလာမသုတ္တ၊ နဝကနိပါတ၊ အင်္ဂုတ္တရပါဠိ။ (နှာ-၁၉၅) | ၁၃၆ |
| ၈၉ | မြွေငယ်၊ မီးသေး၊ ရဟန်း၊ မင်းသား အမြဲလေးစားပါ<br>ကျမ်းညွှန်း - ဒဟရသုတ္တ၊ ကောသလသံယုတ္တ၊ သဂါထာဝဂ္ဂ<br>သံယုတ္တပါဠိ။ (နှာ-၆၈) | ၁၃၇ |

## ကိုးကားမှီငြမ်းပြုကျမ်းများ


၁ ပါရာဇိကပါဠိ

၂ ပါစိတ္တိယပါဠိ

၃ မဟာဝဂ္ဂပါဠိ

၄ စူဠဝဂ္ဂပါဠိ

၅ သဂါထာဝဂ္ဂသံယုတ္တပါဠိ

၆ အင်္ဂုတ္တရပါဠိ

၇ က္ကတိဝုတ္တကပါဠိ

၈ နေတ္တိပါဠိ

၉ သုတ္တနိပါတပါဠိ

၁၀ မိလိန္ဒပဥှာပါဠိ

၁၁ ပါရာဇိကကဏ္ဍအဋ္ဌကထာ

၁၂ ပါစိတျာဒိအဋ္ဌကထာ

၁၃ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ

၁၄ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ

၁၅ ဝိနယသင်္ဂဟအဋ္ဌကထာ

၁၆ မဏိကဏ္ဍဇာတကအဋ္ဌကထာ

၁၇ မဟာဝါဘာသာဋီကာ

၁၈ ခုဒ္ဒသိက္ခာဘာသာဋီကာ

၁၉ ပါတိမောက်ဘာသာဋီကာ

၂၀ သင်္ဂြိုဟ်ဘာသာဋီကာ

၂၁ သာရတ္ထဒီပနီဋီကာ

၂၂ စလင်းဝိနည်းဂဏ္ဌိသစ်ကျမ်း (ပ၊ ဒု၊ တ)
သာသနာရေးဦးစီး (၁၉၉၆)

၂၃ ဝိနယသင်္ဂဟပန်းကုံး (ပထမတွဲ) ပန်းကုံးဆရာတော်

၂၄ ဝိနယပုစ္ဆာ ဝိသဇ္ဇနာကျမ်း၊ ထိမ်တောဆရာတော်၊
သာသနာရေးဦးစီး (၁၉၈၂)

၂၅ ညောင်လေးပင်တောရကျောင်း ဝိနည်းမှတ်စုလက်ာအဖြေ၊
အသောကာရုံကျောင်းတိုက် နာယကထေရ် (၂၀၀၀) ပြည့်။

၂၆ ဝိနည်းဥပဒေတော်ကြီး၊ အရှင်ဩဘာသ၊
တတိယအကြိမ် (၁၉၉၅)

၂၇ ရဟန်းကျင့်ဖွယ် နှစ်ရာ့နှစ်ဆယ်ခုနှစ်သွယ်၊
(သာသနာရေးဦးစီး ၁၉၉၈)

၂၈ ဝိသုဒ္ဓိမဂ် အရသာ၊ ညောင်လေးပင်တောရတိုက်၊
နာယကဆရာတော်၊ သတ္တမကြိမ် (၂၀၀၀)

၂၉ သလ္လေခသုတ်တရားတော်။ မဟာစည်ဆရာတော်ဘုရားကြီး

၃၀ အခြေပြု ပဌာန်းကျမ်း၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး

၃၁ ဝိသုဒ္ဓါရုံ မြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ၊
ပန်းကုံးဆရာတော်

၃၂ ပိဋကတ်လမ်းညွှန် ( ပ၊ ဒု၊ တ )၊ ဦးသီဟဗလ
သာသနာရေးဦးစီး (၂၀၀၆)

၃၃ မဟာစည်ဆရာတော်ဘုရားကြီး၏
ထူးခြားသောအတွေးအမြင်များ၊ သာမဏေကျော်

၃၄ ဘာသာရေးပြဿနာများ ( ၁ မှ ၅ ) ရဝေထွန်း
ပါရမီစာပေ (၂၀၀၄)

၃၅ ကပ္ပိယကောင်းတစ်ယောက်၊ သာသနာရေးဦးစီး။

၃၆ ပတ္တမြားဆရာတော်ဘုရား ပြုစုတော်မူသည့်
အရုဏောဒယ ဝိနိစ္ဆယကျမ်း။

၃၇ နေပြည်တော် လယ်ဝေး ထန်းတပင်တောရဆရာတော်ဘုရား
ပြုစုတော်မူသည့် အရုဏဂ္ဂကာလဝိနိစ္ဆယကျမ်း။

၃၈ သန်လျင်မြို့ အရုဏသုတေသန ဆရာတော်ဘုရားများ ပြုစုတော်
မူသည့် အရုဏတ္ထပဋိကာဠီကာကျမ်း။

၃၉ The ordination procedure and some vinaya rules by
Chanmyay Sayadaw. Thailand 1997.

၄၀ The initiation of novicehood and the ordination of
monkhood in the Burmese Buddhist culture by
Sao Htun Hmat Win B.A Hons.; M.A.; A.M.; S.R.F
( Harvard ) Rangoon Burma 1936.

## ရန်ကင်းတောင်စာစဉ်မှ ထုတ်ဝေပြီးစာအုပ်များ

၁။ ဝိပဿနာသင်ပုန်းကြီးဖတ်စာ၊ အခြေခံအဆင့် (ပထမပိုင်း)၊ — ပဉ္စမအကြိမ်
၂။ ဝိပဿနာသင်ပုန်းကြီးဖတ်စာ၊ အခြေခံအဆင့် (ဒုတိယပိုင်း)၊ — တတိယအကြိမ်
၃။ ဝိပဿနာသင်ပုန်းကြီးဖတ်စာအခြေခံအဆင့် (တတိယပိုင်း)၊ — တတိယအကြိမ်
၄။ ကောင်းကင်ကြယ်နက္ခတ်ကြည့်နည်းပညာနှင့် လူတိုင်းအတွက် နေထွက်၊ နေဝင်နှင့် အရုဏ်တက်ချိန်ပြဇယား — ဆဋ္ဌမအကြိမ်
၅။ ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ(ပထမပိုင်း) — စတုတ္ထအကြိမ်
၆။ ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ(ဒုတိယပိုင်း) — စတုတ္ထအကြိမ်
၇။ ဥရောပယောဂီ၏ ကိုယ်တွေ့ဝိပဿနာ(တတိယပိုင်း) — တတိယအကြိမ်
၈။ ဥရောပယောဂီ၏ဘဝနိဂုံး အပိုင်း (၁) — ပထမအကြိမ်
၉။ ထေရဝါဒဗုဒ္ဓဘာသာဝင်တိုင်းသိသင့်သည့် လူတို့နှင့်သက်ဆိုင်သော ရဟန်းဝိနည်း(အပိုင်း–၂) — ဒုတိယအကြိမ်
၁၀။ ဖွံ့ ဖြိုးတိုးတက်နေသည့် လူ့ဘောင်အတွက် ဝိပဿနာတရားနှင့် နေ့စဉ်ဘဝ — ဒုတိယအကြိမ်
၁၁။ ဝိပဿနာလူငယ်စကားဝိုင်း (အပိုင်း–၁) — တတိယအကြိမ်
၁၂။ ဝိပဿနာလူငယ်စကားဝိုင်း (အပိုင်း–၂) — ပထမအကြိမ်
၁၃။ တရားအားထုတ်သူအဆင့် ဝိပဿနာသင်ပုန်းကြီးဖတ်စာ (ပထမပိုင်း) — တတိယအကြိမ်
၁၄။ တရားအားထုတ်သူအဆင့် ဝိပဿနာသင်ပုန်းကြီးဖတ်စာ (ဒုတိယပိုင်း) — ဒုတိယအကြိမ်
၁၅။ တရားအားထုတ်သူအဆင့် ဝိပဿနာသင်ပုန်းကြီးဖတ်စာ (တတိယပိုင်း) — ဒုတိယအကြိမ်
၁၆။ ဤခရီးနီးလာပါသည် — တတိယအကြိမ်
၁၇။ ပဉ္စာနန္တရိယကံနှင့် ပါရာဇိကပါတကံတို့အကြောင်း — တတိယအကြိမ်
၁၈။ အခွန်လွတ်သာသနာ့မြေဂရန်နှင့် ဝိသုံဂါမဗဒ္ဒသိမ် မြေဂရန် မင်းအစိုးရထံ လျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ — ဒုတိယအကြိမ်
၁၉။ **Vipassanā Primary Text Book**
**Elementary Level Part (I)**

## ရန်ကင်းတောင်စာစဉ်မှ ဆက်လက်ထုတ်ဝေမည့်စာအုပ်

၁။ ဥရောပယောဂီ၏ဘဝနိဂုံး အပိုင်း (၂)
၂။ ဆဋ္ဌမအာရုံကို ဝိပဿနာပညာဖြင့် ချဉ်းကပ်လေ့လာခြင်း

**ဝိနည်း အပိုင်း (၁) အတွက်**